

ဘာသာရေးနှင့်ကာကွယ်ဝန်

၏

ဗန္ဓုလ ကျော်းစာ

ရုပသိဒ္ဓိဘာသာဋီကာ

ပဝါရုပသိဒ္ဓိကို နိဿယအဓိပ္ပါယ် စုံလင်စွာ တန်ဆာ

ဆင်ဆာသည်ဖြင့် ဆိုင်ရာ စာမေးပွဲများအတွက်

တာဝန်ယူပါ၏ဖြစ်သည်။

ဆရာလုံး-နံပါတ်-၁၀-ဒီရုံ-စု-ချို

မဏ္ဍဝေး

[illegible]

နိဒါန်း အခြို

ဂုရုဝေါ သိဒ္ဓတ္ထပါ မေ, သိဒ္ဓိပုတ္တာသ သာသနေ၊
နမိတ္ဝာ တေ ကရိဿာမိ, ဗျာဝျာနံ ဆပသိဒ္ဓိယာ။

သိဒ္ဓိပုတ္တာသ – ပါရမီတော်စု, ပေါင်းကာပြု၍, သမ္ဗညုဉာဏ်, ရောင်လှို့ ကဲမောက်, သိဒ္ဓိမဟေါက်တော်မှ ပြုပြီးသော မြတ်ဘုရား၏၊ သာသနေ-ဂန္ထဝိပဿနာ, သင့်ရာဝန်ထမ်း, ရဟန်းတို့သဲ့, နေသွင့်ရောသည့်, သိက္ခာ ဒုရပ်, သာသနာဘော်မြတ်၌၊ မေ ဂုရုဝေါ-ငါ၏ စိတ်တွင်, ကျေးဇူးရှင်ဟု, အစဉ်ထင်ရှား, ဆရာတော် ဘုရားတို့သည်၊ သိဒ္ဓတ္ထပါ-ရှင်ရှာ ခဲ့ခဲ့၊ ကြိုးအားသွန်သင်ပြင့်, တဝန်သီးသီး, ပြီးစီးသော သဘော ရှိကြပေကုန်၏၊ တော်-ထို မြတ်ဘုရားနှင့်, တရားဟော်ဟာ, မြတ်ဆရာတို့ကို၊ [သိဒ္ဓိပတ္တာ-အရ ဘုရားကို ယူသဖြင့် တရား သံဃာကိုလည်း အဝိနာ ဘာဝ နည်းဖြင့် ယူပြီး ဖြစ်သည်။] နမိတ္ဝာ – ကုမ်းပြီး လွယ်ကြောင်း, ဆုမွန်ကောင်းကို, တောင်းကာရည်ဖူး, ရှိခိုးဉူး၍၊ ရူပသိဒ္ဓိယာ-ရူပသိဒ္ဓိ, မည်ရှိထင်ရှား, အများခေတ်သုံး, ဗျာကရဏ်း၏၊ ဗျာဝျာနံ–နိဿယည်းအဓိပ္ပါယ်, ခပ်လွယ်လွယ်ဖြင့်, အကျယ်ဆိုရာ, ဘာသာဋီကာကို၊ ကရိဿာမိ – ဆရာသီးသီး, နည်းစုံမှီး၍, အပြီး တည်ထွင်, စီရင်ပေအံ့ သတည်း။

ရူပသိဒ္ဓိ ။ ။ ကစ္စည်းကျမ်းကို ဖွင့်ကြသော ဋီကာတို့တွင် ဤရူပသိဒ္ဓိ ကျမ်းသည် ယခု ခေတ်၌ အဲများဆုံး အသုံးခံရသော ကျမ်းစာ ဖြစ်၏၊ များစွာသော ပုဒ်ပါဠိတို့၏ ရှုပ်ခေတ်အသီးအသီးကို ပြီးလွယ်စေနိုင်သောကြောင့် "ပဒရူပသိဒ္ဓိ" ဟူသော နာမည်နှင့် လိုက်လျောပေရကား ထိုသို့အများဆုံး အသုံးခံနိုင် လောက်သော ဂုဏ်နှင့်လည်း ပြည့်စုံပါပေသည်၊ မိမိကား ဤကျမ်းကို ၁၄ နှစ်သား အရွယ်ကပင် လေ့လာခဲ့၍ အထက်တန်းပါဠိတော် အဋ္ဌကထာ များကို လေ့လာသည့်အခါ ဤကျမ်းစာနှင့် ဓာတ်ထွေသင်္ဂဟကို မကြာမကြာ ကြည့်ရှု၍ သဒ္ဒါဆိုင်ရာ ပုဒ်ပါဠိအတွက် ဇာဗေါပြုခဲ့ရသည့်ပြင် အကြမ်းပေါင်း များစွာ ပို့ချအပ်ပြီးသော ကျမ်းစာလည်း ဖြစ်ပါသည်။

ကျမ်းပြုပုဂ္ဂိုလ် ။ ။ ဤ ရူပသိဒ္ဓိကျမ်းကို စီရင်သော ပုဂ္ဂိုလ်သည် နိဂုံး၌ လာသော "ဒီပင်္ကရာချဒ္ဓမိလဝသုမတိ ဒီပလဒ္ဓပွကာသော" စသည်ကို ထောက်၍ ဇာနဒ္ဒီယ တောင်ပိုင်းဒေသတို ဖြစ်သည်ဟုဂုဏ်း ဤကျမ်းကို ပြုခိုက်၌ကား သီဟိုဠ်ကျွန်း ဗာလာဒိစ္စကျောင်းတိုက် စူဠဗာမဏိကမ္မကျောင်းတိုက် ၂ ရပ်ကို အုပ်စိုးလျက် အရှင် "ဗုဒ္ဓပိုယ" ဟု ထင်ရှားသော ကျမ်းတတ် ဆရာတော် တပါး ဖြစ်သည် ဟုဂုဏ်း ခန့်မှန်းနိုင်ပေသည်၊ သီဟိုဠ်ကျွန်းယ ထင်ရှားသော အရှင်အာနန္ဒာ၏တပည့် ဟု ဆိုသဖြင့်လည်း အရှင်ဗုဒ္ဓပိုယ၏ ဆရာသည် မူလဋီကာ ကျမ်းပြုဆရာ အရှင်အာနန္ဒာ ဖြစ်တန်ရာ၏၊ ထို အရှင်အာနန္ဒာကား အနှင် မဟာဗုဒ္ဓဃောသ၏ နောက် အလွန်မကြာသော ကာလ၌ ထင်ရှားသော ဆရာတော် ဖြစ်ပေသည်၊ သို့ဖြစ်လျှင် အရှင် ဗုဒ္ဓပိုယလည်း သာသနာသကရာဇ် ၉၀၀ ကျော်ကျော် ကပင် ကျမ်းပြုပုဂ္ဂိုလ်အများ ထင်ရှားသော ကာလ၌ ဖြစ်ပေါ်သော ဆရာတော်တပါး ဟု မှန်းဆဘွယ် ရှိသည်။

ဘာသာဋီကာ။ ။ မည်သည့် ကာလ မည်သည့် ပုဂ္ဂိုလ် ဂိုရင်သည်ဖြစ်စေ ယခု ခေတ်၌ ထင်ရှားနေသော ကျမ်းစာတစောင်ကို ယခုခေတ်ပုဂ္ဂိုလ်တို့ လက်ခံနိုင်လောက်သော အဖွင့်ဟုဆို ဘာသာဋီကာဖြင့် တုန်ဆာဆင်ပေးဘို့ တခေတ်မှာ မိဒံဘာဝန်လည်း ဖြစ်ခဲ့ရကား ဆိုရွယ်သိဒ္ဓိကျမ်းစာကို နိဿယအဓိပ္ပါယ် စုံလင်စွာတန်ဆာဆင်၍ "ရူပသိဒ္ဓိ ဘာသာဋီကာ" ဟူသော အမည်ဖြင့် ဖွင့်ပြခဲပအံ့။

ရေးသားပုံ အစီအစဉ်။ ။ ယခုကာလ၌ ပါဠိတချက် မြန်မာတချက် တွဲဘက်ထားသည်ကို "နိဿယ" ဟု ခေါ်ဆိုကြ၏၊ သို့သော် "နိဿယ" ဟူသည်မှာ ဆိုင်ရာကျမ်း၏ အနက်အဓိပ္ပါယ်ကို နားလည်လွယ်ရုံ အဓိပ္ပြုရသောကျမ်းစာမျိုးသာဖြစ်သို့က်၏၊ ထို့ကြောင့် ဤဘာသာဋီကာဝယ် နိဿယအခက်းဌ သူတ်အနက်ကို လုံးဝ ပြုလိမ့်မည် မဟုတ်၊ ထိုသူတ်နက်ကို အခြေပြုသဒ္ဒါဋ္ဌ ပြထားပြီး ဖြစ်၏၊ ဥတ္တိဋ္ဌလည်း လွယ်ကူသော ပုဒ်များ-ကစ္စည်းဝတ္ထိနှင့် ထပ်တူကျသော ပုဒ်များကို အနက်မပေးဘဲ ချန်လှပ်၍ ကစ္စည်း နိဿယ၏ တာဝန် ဟု သဘောထားရတော့မည်၊ အဓိပ္ပါယ်ခက်းဌ ရူပသိဒ္ဓိနှင့်တိုက်ရိုက်သက်ဆိုင်သော အဓိပ္ပါယ်များကို ထင်ရှားအောင်ဖွင့်ပြ၍ ဗဟုသုတအဖြစ်ဖြင့် မှတ်သား ရမည့် အချို့အဓိပ္ပါယ်များနှင့် ကစ္စည်းကျမ်းဌ တိုက်ရိုက်ပါဝင်သော အဓိပ္ပါယ်များကိုမူ ကစ္စည်း ဘာသာဋီကာ၏ တာဝန် ဟု သဘောထား၍ ရှောင်ရှား သွားရပလိမ့်မည်၊ ဤသို့လျှင် ကျယ်ဝန်းစွာသော ရူပသိဒ္ဓိကို နိဿယ အဓိပ္ပါယ် စုံအောင် ခင်း၍ ကျမ်းရင်းစာသား၏ အဓိပ္ပါယ်များ မကြွင်းစေဘဲ ကျဉ်းကျဉ်းနှင့် ပြီးစီးအောင် ကြိုးလေးစွာ သတိဆောင်၍ စိစဉ်ထားပါသည်။ [ဤ ရူပသိဒ္ဓိ ဘာသာဋီကာ မရိုက်ရသေးမိုပင် ကစ္စည်း ဘာသာဋီကာကို စိစဉ်ပြီးပါပြီ။]

ရူပသိဒ္ဓိလေ့လာသင့်သူ။ ။ ဤ ရူပသိဒ္ဓိကို ပို့ချမည်ဟု ကြိုလျှင် တပည့်ဖြစ်သူမှာ ရှေးဦးစွာ သုတ်စဉ် သုတ်နက် သုဘ်အဓိပ္ပါယ် တသုတ်လျှင် တရုပ်တွက်နှင့် နာမ်ဂိုဏ်း အာချာတ် ဂိုဏ်းများကို နှုတ်တွက်ရပြီးသူ ဖြစ်အောင် ကြိုးစား စေသင့်သေး၏၊ ရှင်းပြပါဦးအံ့။

ရူပသိဒ္ဓိဌ် လိုက်ပုဒ်များကို ပြထား၏၊ သုတ်စဉ် မရသေးလျှင် မည်သည့် သုတ်မှ မည်သည့်ပုဒ် လိုက်လာသည် ဟု မသိ, တမင်သာ ပြောရလျှင်လည်း အချိန် ကျန့်ကြောသလော် အဓိပ္ပါယ်အသားမပါ၊ ထို့ကြောင့် အလိုလိုနားလည်ပြီးဖြစ်အောင် သုတ်စဉ်ကို ရစေရမည်။

ထို့ပြင်—သုတ်နက်လောက်မျှ မရသေးလျှင် သုတ်–သုတ်အဖွင့် (ဝုတ္တိ) ကို အနက် ချပေးနေရသဖြင့် အချိန်ကြာသလောက် ခရီးမရောက်၊ သုတ်နက် ရပြီးလျှင်ကား ထို အားလုံးကို အနက်မချရတော့သဖြင့် အချိန်ကုန်သက်သာသည်။

သုတ်အဓိပ္ပါယ်မျှ သိပြီးသူမှာလည်း အဓိပ္ပါယ် မခက်ချာဌ် အထူး မပြောရတော့ဘဲ ဘပည့်ရော ဆရာပါ လွန်စွာ သက်သာ၍ လျင်မြန်စွာ ပေါက်ရောက်ပါလိမ့်မည်။

တသုတ်လျှင် တရှဒ်ကျပြီးနေသူကား ရွှေပသိဒ္ဓိဥ္ စကျယ်ဝန်းစွာပြထားသော ရုပ်များကို နည်းပြရုံမျှဖြင့် အကုန်ပြီးနိုင်ပါလိမ့်မည်။

နာမ်ဂိုဏ်း အာချာတ်ဂိုဏ်းများကို ရခဲ့သူမှာ ကျယ်ဝန်းစွာသော နာမ် အာချာတ် ၂ ခဏ်းကို လျင်မြန်စွာလွန်မြောက်၍ ရွှေပသိဒ္ဓိဘကျမ်းလုံးကို လ အနည်းငယ်ဖြင့် ပေါက်နိုင်ပါသည်။.... ထို့ကြောင့် သုတ်စဉ် စသည်ကို မရခဲသူအား ရွှေသိဒ္ဓိကို ချဒါပါလျှင် "ပိုးသာကုန် မောင်ပုံစောင်းမတာဘ်" ဖြစ်လိမ့်မည်ကို ကြိုဘင်၍ သဘိပ္ပါယ်ပါကုန်။

ဤနိဒါန်းမှာ ။ ဤရွှေပသိဒ္ဓိကို ဘုရှစ်သားက တက်ခဲ့၍ အကြိမ်များစွာ ပို့ချပြီး ဖြစ်သော်လည်း ကျမ်းစာတစ်စောင်ဖြစ်အောင် ဖွင့်ပြရာ၌ကား တာဝန် မခံ့လှသေးပါ၊ ချာသကိုဂုဏ်း ပါဠိခတ္တာ အဋ္ဌကထာ ဋီကာများကိုဆုံး မှတ်မမှားစေ-ကလာပ် (ကာတန္တ)၊ ဟူသော သက္ကတသဒ္ဒါများနှင့် ထောမနိဓိ အဘိဓါန်ကိုဂုဏ်း အထူးအားဖြင့် မောဂ္ဂလ္လာန် စာကိုယ်နှင့် နိဿယသစ်ကိုဂုဏ်း များစွာကြည့်ရှု မှီငြမ်းပြု၍ ရေးသားရပါသည်၌၊ သက္ကတကို မလေ့လာရသေးလျှင်ဂုဏ်း မောဂ္ဂလ္လာန်နိဿယသစ် မထွက်ပေါ် သေးလျှင်ဂုဏ်း ပါဠိဗဟုသုတ မျှဖြင့် ဤရွှေပသိဒ္ဓိကို မဖွင့်ဝံ့ပါ၊ ထို့ကြောင့်ပင် ပါဠိဗဟုသုတဖြင့် ဖြစ်နိုင်လောက်သော သင်္ဂြိဟ် ဘာသာဋီကာစသည်ကို ဥူးစွာ ရေးသား၍ ယခုအချိန်ကျမှ ဤသဒ္ဒါဆိုင်ရာ ဘာသာဋီကာကို ရေးသားရခြင်းဖြစ်ပါသည်၊ ဤသို့ သာသနာဝင်ကျမ်းစာတစောင် ဖြစ်အောင် အထူးဂရုစိုက်ကာ စီစဉ်ထားပါသော်လည်း မိမိညွှာဏ်၏ မနှံ့စပ်မှု သတိကင်းမှုများကြောင့် ချို့ယွင်းချက်များ မကင်းတန်ရာခဲသးပါ၊ ထို ချို့ယွင်းချက်များကိုကား ပညာရှိတို့ ပြင်ဆင်၍ ရွှစ်ကြပါကုန်။

ယဒိ ဥတ္တံ အယုတ္တေတ္ထ, ပမာဒေန ဘမေန ဝါ၊
ဝစော မယာ ဒယာဝန္တော, သန္တော သံသေါဓယန္တု၊ တံ။

ဗ္ဂြေ-ဤဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယဥ်း၌၊ ပမာဒေန-သတိကင်းပေါ့, မေ့လျော့ခြင်းကြောင့်သော်ဂုဏ်း၊ ဘမေနဝါ- စိတ်စက်ချော်ချား, လွှင့်ပါးခြင်းကြောင့်သော်ဂုဏ်း၊ အယုတ္တံ – ဖေါက်ပြန်ချို့ယွင်း, ယုဇ္ဇိကင်းသော၊ ယံ ဝစော – အကြင်စကားကို၊ မယာ–ငါသည်၊ ယဒိ ဥတ္တံ – အကယ်ရေးသား, ဆိုမှားအပ်မိအံ့၊ တံ ဝစော-ထိုသို့မှားလတ်, စကားရပ်ကို၊ ဒယာဝန္တော-ကရုဏာမှု, မေတ္တာပြု၍, ရွှလေ့ရှုထ, ရှိတော်မူကြကုန်သော၊ သန္တော–အဘိဇ္ဈာကင်း, ဇူသာရှင်း၍, ဝမ်းတွင်းစိတ်ခကောင်းသူတော်အပေါင်းတို့သည်၊ သံသောဓယန္တု–မိမိစိရှင်, ကျမ်းအသွင်သို့, ပြင်ဆင်ပြုကာ ရှုနိုင်ကြပါစေသတည်း။

၁၃၀၅-ခု၊
ပြာသိုလ

အရှင်ဇနကာဘိဝံသ

ရူပသဒ္ဒ
ဘာသာဋီကာ

ဂန္ထာရမ္ဘော = ကျမ်းဂန် စတည်ခြင်း။

(က) အာဟံ - ငါသည်၊ ဝိသဒ္ဓသဒ္ဒမ္မ သဟဿဒီဓိတိံ - အထူးသဖြင့် စင်ကြယ်သော ပရိယတ္တိ သဒ္ဒမ္မတည်း ဟူသော အထောင် မကသော ရောင်ခြည်ရှိးတာ်မူထသော၊ သုဗဒ္ဒသမ္မောဓိယုဂန္ဓရောဒိတံ - ကောင်းစွာ သိအပ် ရအပ်သော သဗ္ဗညုတဉာဏ် တည်းဟူသော ယုဂန္ဓိ၊ ရံ်တောင် ထက်၌ ပေါ်ထွက်တော် မူလာပေထသော၊ တိဗုဒ္ဓခေတ္တောက ဒိဝါကရံ် - သုံးပါးသော ဗုဒ္ဓခေတ်၌ တဆူထည်းသော နေမင်းဖြစ်တော်မူပေထသော၊ သဓမ္မသံဃံ - တရားသံဃာနှင့်တကွဖြစ်တော်မူသေး၊ ဇိနံ - မြတ်စွာဘုရား ကို၊ သိရသာ - ဥုးခေါင်းဖြင့်၊ အဘိဝန္ဒိယ - အထူးအားဖြင့် ရှိခိုးပြီး၍၎င်း၊

အနုသန္ဓေ။ ။ ကျမ်းဥုးအစ၌ ပဏာမမင်္ဂလာ ရှေသွားရှိသော သည်းစသည်ကို ပြတော်မူလိုသော အရှင်ဗုဒ္ဓပိယ ဆရာတော်သည် "ဝိသဒ္ဓ သဒ္ဓမ္မ သဟဿဒီဓိတံ" အစ ရှိသော ဂါထာနှစ်ရပ်ကို မိန့်တော်မူအပ်၏၊ ၎င်းတို့၏ အဓိပ္ပါယ်ကား — "ဝိသဒ္ဓ သဒ္ဓမ္မ သဟဿဒီဓိတံ" - စသော ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားသံဃာနှင့် တကွ ဖြစ်သော ဘုရားရှင်ကို၎င်း အရှင် ကစ္စည်းထေရ်ကို၎င်း ရှိခို ပြီ၍ ပဒရူပသိဒ္ဓိကျမ်းကို စီရင်ပေအံ့" မူလို၊ ဤဂါထာ၌ "ဇိနံ အဘိဝန္ဒိယ - ဘုရားကံ့ ရှိခိုးပြီ၍" စသော ၂ ပုဒ် ၃ ပုဒ် ပေါင်း၍ သိအပ်သော သမုဒါယတ္ထ (အပေါင်းအနက်), တပုဒ်စီ ခွဲ၍ သိအပ်သော အဝယဝတ္ထ (အစိတ်အစိတ်အနက်) ဟု အနက် ၂ မျိုးရှိရာ ပါဠိဋီကာတော်၌ သမုဒါယတ္ထကို ရှေးဥုးစွာ ဖွင့်လေ့ ရှိသော်လည်း မြန်မာလူမျိုးတို့ အတွက်မှာ တပုဒ် တပုဒ်၏ အနက်ကို သိတို့က သာ၍ အရေးကြီးသေးကြောင့် ဤ ဘာသာဋီကာ၌ အဝယဝတ္ထကိုသာ ရှေးဥုးစွာ ဖွင့်ပြပေအံ့၊ [ဤ အဝယဝတ္ထ၌ ဝိဂြိဟ်နက်ခေါ် သဒ္ဒါနက်နှင့် အဓိပ္ပါယ်နက်များ ပါဝင်သည်၊ ယခုကာလ နိဿယနက်များလည်း အဝယဝတ္ထချည်းသာ၊ သညာနိမိတ်စသော အနက်များကား သမုဒါယတ္ထတည်း။]

အလင်္ကာရဂုဏ်။ ။ "ဝိသဒ္ဓသဒ္ဓမ္မ" စသော ဤဂါထာသည် အလင်္ကာရဂုဏ် တော်တော်စုံအောင် ပွေစီထားသော ဂါထာဖြစ်၏၊ အလင်္ကာရ ဂုမ်းအလို အားဖြင့်

(ခ) ကစ္စာယနံ - ကစ္စာယန မည်တော်မူသော၊ အာစရိယံစ - ဆရာကိုလည်း၊ နမိတ္ထ-ရှိခိုးပြီး၍၎င်း၊ ကစ္စာယန ဂေါ္တနာဒိံ - ကရွှဲညီးကျမ်း, ကစ္စညီးကျမ်း၏ အဖွင့်ဖြစ်သော ချာသအစရှိသောကျမ်းကို၊ နိသာယ-မိ၍၊ ဗာလပ္ပတောစတ္ထံ - စာသင်ငယ်တို့ သိလွယ်ဘို့ အကျိုးငှါ၊ ဥဇုံ-

သမာသ်ပုဒ်ရှည်လျား များပြားစွာ ပါလျှင် သြဇာဂုဏ် ရှိ၏၊ ထို့ကြောင့် ဤဂါထာဒွ်ဖ သမာသ်ပုဒ်များစွာ ပါဝင်အောင် စီထား၏၊ ဥပမာပြု၍ ပြရာဝယ် ဥဖ၁ာနှင့် ဥပမေယျကို မခွဲခြားဘဲ တသားထည်း ထင်ရလောက်အောင် ရုပ်ပုံသဏ္ဌာန် အတုလုပ်၍ ဖြခြင်းကို ရူပကအလင်္ကာ ဟု ခေါ်၏၊ ဤဂါထာဒွ်လည်း ဘုရားရှင် စသည်ကို နေမင်းပုံသဏ္ဌာန် စသည်ဖြင့် ပြထားသည်၊ ထင်ရှားစေအံ့ — ဘုရားရှင်သည် နေမင်းနှင့် တူ၏, ပရိယတ္တိတရားတော်ကား နေရောင်နှင့်တူ၏, သဗ္ဗညုတဉာဏ်တော်မှာယုဂန္ဓိ(ရတောင်နှင့် တူ၏၊ ဗုဒ္ဓခေတ် သုံးပါးကား " ဥကျွန်းလင်းခိုက်, တကျွန်းမိုက် " နှင့် အညီ နေရောဲ်လင်းရာ ဥကျွန်းနှင့် တူပေသည်၊ ဤသို့ ဥပမာန ဥပမေယျ ခွဲခြား၍ ရကောင်းပါသော်လည်း မခွဲခြားဘဲ ဘုရားရှင်ကို နေမင်း, တရားတော်ကိုနေရောင်, သဗ္ဗညုတဉာဏ်တော်ကို ယုဂန္ဓိ(ရတောင်, ဗုဒ္ဓခေတ် ဥပါးကို ဥကျွန်း ဟု ရုပ်ပုံပြု၍ ပြထားပေသည်။

ဝိသုဒ္ဓသဒ္ဓမ္မသဟဿဒီဓိတိံ — သဟဿသဒ္ဒါသည် ဤနေရာ၌ တထောင်တိတိကို မဟော, တထောင်မက (အများ) ဟူသော အနက်ကို ဟောသော အနေကသဒ်္ဓါတည်း၊ ဒီဓိတိသဒ္ဒါလည်း " အရောင် " အနက်ဟောတည်း၊ နေဟော ပရိယာယ်တွင် ပါသော "သဟဿရံသိ"နှင့် "သဟဿဒီဓိတိ " မှာ သဘောတူ၍၊ ဘုရားရှင်၏ ပရိယတ်တရား တော်များသည် ကိလေသာ အညစ်အကြေး ကင်းသဖြင့် အထူး သန့်ရှင်းရကား ဝိသုဒ္ဓ ဂုဏ်ရှိ၏၊ ကေတ္တာနည်း-နာနတ္တနည်း စသော, နိတ္ထာနည်း- နေယျတ္ထာနည်း ဟော နည်း အမျိုးမျိုးဖြင့် ဆန်းကျယ်များပြားသောကြောင့် အထောင်မက များလည်းများ၏၊ အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်နိုင်သောကြောင့် အရောင်နှင့်လည်း တူ၏၊ ထို့ကြောင့် ဘုရားတည်း ဟူသော နေမင်းကို"ဝိသုဒ္ဓသဒ္ဓမ္မသဟဿဒီဓိတိ"ဟု ချီးကျူးတော်မူပေသည်။

သုဗုဒ္ဓသမ္ဗောဓိယုဂန္ဓရောဒိတံ— [" ယုဂန္ဓရ+ဥဒိတံ"-ထွက်ပေါ်လာသည်။]| သမ္ဗောဓိအရ အရဟတ္တ မဂ်ညာဏ်ကို ကောက်သောနည်း , သဗ္ဗညုတ ညာဏ်တော်ကို ကောဲသောနည်းဟု ပါဠိဋီကာ၌ နှစ်နည်းပြု၏၊ ဤ၌ သဗ္ဗညုတဉာဏ်ကိုသာ ပြတော့မည်၊ အရဟတ္တမဂ်ဉာဏ် ရသည်နှင့် တပြိုင်နက် သဗ္ဗညုတညာဏ်ကိုလည်း ရပြီး ပိုင်ပြီးဖြစ်သော ကြောင့် "သုဗုဒ္ဓ-ကောင်းစွာ သိအပ် ရအပ်" ဟု အနက်ပေးသည်၊ ထို သဗ္ဗညုတညာဏ် သည်ပင် အခြားဉာဏ်တို့ထက် ထူးကဲ သာလွန်ရကား တောင်စဉ် ၇ ထပ်တွင် အမြင့်ဆုံး ယုဂန္ဓိ(ရတောင်အလား မေားမေားစွင့်စွင့်မြင့်သကဲ့သို့ ရှိပေ၏၊ ထိုသဗ္ဗညုတညာဏ်ယုဂန္ဓိ(ရတောင်ထိပ်သို့ ရောက်သည့်အခါက မှောလေးကဋ္ဌ သဗ္ဗညုဗုဒ္ဓအဖြစ်ဖြင့် နေမင်းနှင့်တူစွာ ပေါ်ထွက်တော် မူလေး၏၊ ထို့ကြောင့်"သုဗုဒ္ဓသမ္ဗောဓိ ယုဂန္ဓရောဒိတံ"ဟု ချီးကျူးရပြန်ပေသည်။

ဖြောင့်မတ်သော၊ (ဝါ-မှုသသုတ်စဉ်, တမျိုးပြင်၍, ရုပ်မြင်စရာ, သုတ်စဉ်ပြဿဖြင့်, ဖြောင့်မတ်ဖွစွာသော၊)ဗျတ္တံ-ထင်ရှားပေါ်လွင်သော၊ (ဝါ-ရုပ်တည်၍ထား, ပြီးပုံများဖြင့်, ထင်ရှားပေါ်လွင်သော) သုဘဿံ-ကောင်းသော အာခဏ်းရှိသော၊ (ဝါ-သန္ဓိလိဂ်, စသည်ဆုဆု , တူရာပေါင်းစပ်, ကောင်းမြတ်သော အာခဏ်းရှိသော၊)ပဒရုပသိဒ္ဓိ-ပဒရုပသိဒ္ဓိ မည်သော ကျမ်းကို၊ (ဝါ-နာမ်အာချာတ်, နိပါတ် ဥပသာ, ၎ဖြာသော ပုဒ်ကြိုးတို့၏ ရုပ်ပြီးရာ ပြီးကြောင်း၏ အဖြာ်ကြောင့် ပဒရုပသိဒ္ဓိ မည်သော ကျမ်းကို၊) ကရိသဲ-ပြုပေအုံ။ [၍ " ကရိသံ " ကြိယာကို ကြည့်၍ " အဟံ " ဟု ထည့်ခဲ့သည်။]

တိဗုဒ္ဓခေတ္တကဒိဝါကရံ — တိ+ဗုဒ္ဓခေတ္တ=၃ပါး+ဗုဒ္ဓခေတ်၊ (ဇာတိခေတ်-အာဏာခေတ် - ဝိသယခေတ် ၃ပါးကို ဆိုလိုသည်၊) ဧကဒိဝါကရ-တဆူထည်းသော နေမင်း၊ ဤတောင်ကျန်း၌ မွန်းတိချိန်ဝယ် အချောကျန်း၌ ညနေပိုင်းအချိန် အနေဝံကျန်း၌ နံနက်ချိန် ဖြစ်သောကြောင့် ပကတိ နေရောင်သည် ၃ ကျန်းသုံး၌ တပြိုင်နက် ထွန်းလင်းစေနိုင်သကဲ့သို့ ဗုဒ္ဓနေမင်း၏ တံခိုးအာဏာ ဉာဏ်တော်အရှိန်အဝါလည်း ခေတ် ၃ ဖြာ၌ တပြိုင်နက် ပျံနှံနိုင်သည်၊ ဘုရားအလောင်း ဘွားတော်မူလျှင်ပင် ဇာတိခေါ်ခေါ် စကြာဝဠာတသောင်း တုန်လှုပ်ရခြင်းဖြင့် ဇာတိခေတ်၌ တံခိုးတော်ပျံနှံပုံ, ရတနာ့သုတ် စသော အမိန့် အာဏာတော်၏ စကြာဝဠာ ကုဋေတသိန်း ဟူသော အာဏာခေတ်၌ ပျံနှံတော်မူပုံ , သဗ္ဗညုတညာဏ်တော်၏ အနန္တ စကြာဝဠာ ဟူသော ဝိသယခေတ် (အာရုံပြုနိုင်ရာနယ်) ပျံနှံနိုင်ပုံများဖြင့် ခေတ် ၃ ပါးလုံး၌ ပျံနှံနိုင်ပုံကို သိခဲ့လေ၊ ထို့ကြောင့် " တိဗုဒ္ဓခေခံတ္တကဒိဝါကရံ" ဟု ချီးကြူးတော် မူပြန်သည်။ [" တိဗုဒ္ဓခေတ္တ-၌၊ ဧကဒိဝါကရံ-သေဒ " ဟု ၂ ပုဒ် ခွဲနိုင်သော်လည်း သမာသ်ပုဒ် ရှည်လျားမှု ဩဇာဂုဏ် ရသောကြောင့် တသမာသ်ထည်း ပေးလိုက်သည်။]

ဇိနံသဓမ္မသံဃံ — [ဇိနံအရမာရိဂါးပါးအောင်ပုံကို ကစ္စည်းဒိုကာ-ဇိနဝစနယုတ္တိဟိ သုတ်အဖွင့်၌ ပြထားသည်၊ သ=တက္ခ+ဓမ္မသံဃ=တရားသံဃာ] " တရားသံဃာနှင့် တက္ခဖြစ်သော ဘုရားကို ရှိခိုးပြီး၍ " ဟု ဆိုသဖြင့် " ကျမ်းဆရာသည် တရားနှင့် သံဃာကိုလည်း ရှိခိုး၏ " ဟု သိသာပြီ၊ [" အဘိဝန္ဒိယ-ရှိခိုးပြီး၍ ' ဟု အကိတ်ရှိခိုးမှုကို ပြဿဖြင့် ပစ္စုပ္ပန် ရှိခိုးဆဲကိုလည်း မှန်းဆ၍ သိနိုင်ကြောင်း - " အဘိဝန္ဒာမိ-ရှိခိုးပါ၏ " ဟု ပစ္စုပ္ပန် ရှိခိုးဆဲ ကြိယာကို ထည့်လိုက ထည့်နိုင်ကြောင်းကို သဂြိဟ်ဘာသာဋီကာ ပဏာမဂါထာ အဖွင့်၌ ပြခဲ့ပြီ။]

ကစ္စာယနဿ စရိယံ နမိတ္ဝာ—ဤရုပသိဒ္ဓိကျမ်းသည် ကစ္စည်းကျမ်း (သဒ္ဒါကြိုး) ကို မှီ၍ စီရင်အပ်သော ကျမ်းဖြစ်၏၊ ထို့ကြောင့် မိမိမှီရာကစ္စည်းကျမ်းကို ပြုစီရင်သော အရှင်ကစ္စည်း ဆရာတော်ကိုလည်း ရှိခိုးလိုသောကြောင့် " ကစ္စာယနဿ စရိယံ နမိဘ္ဝာ " ဟု မိန့်တော်မူသည်၊ ဤ၌ " နမိတ္ဝာ" ဟု လာပြန်သောကြောင့် " အဘိဝန္ဒိယ-ရှိခိုးပြီး၍ဂင်း" ဟု

သမုစ္စည်းအနက် "ၚင်း" ဟု ထည့်စွက်ခဲ့သည်၊ ဤ"ကစ္စာယနာစရိယံ"အရ ပါဠိဋီကာ၌ " ဘုရားလက်ထက်ဘော်က တေဒဂ်ရ မဟာသာဝကတွင် အပါအဝင် ဖြစ်သော အရှင်မဟာကစ္စည်းထေရ် " ဟု ဖွင့်ပြထား၏၊ သို့သော် ဤကျမ်းက မဟာသာဝက အရှင်မဟာကစ္စည်း မဟုတ်နိုင်ကြောင်း နာမည်တူ အခြား ကစ္စာယနထေရ်သာ ဖြစ်ထိုက်ကြောင်းကို ကစ္စည်းဘာသာဋီကာ နိဒါန်း၌ ပြထားသည်။]

နိဿာယ ကစ္စာယနဝဏ္ဏနာဒိ— ကစ္စာယန=ကစ္စည်းကျမ်း+ဝဏ္ဏနာ=ကစ္စည်းကျမ်း၏ အဖွင့်ဖြစ်သော ချာသကျမ်း၊ အာဒိဖြင့် သန္ဓိနိရုတ္တိကျမ်း စသည်ကို ယူရမည် ဟု ဆိုကြ၏၊ ထို ကျမ်းကား ယခုအခါ မတွေ့အပ်ဘော့ချေ၊ ဤ " နိဿာယ ကစ္စာယန ဝဏ္ဏနာဒိ"" ပါဠိဖြင့် ရူပသိဒ္ဓိကျမ်း၏ မိရာနိဿယကိုၚင်း အတ္ထနောမတိဖြင့် မိဒိထင်ရာကို စိစဉ်မည် မဟုတ်, ရှေးပညာရှိတို့၏ ကျမ်းဟောင်းများကို နည်းမှီး၍ စိစဉ်မည် ဖြစ်ကြောင်း ကိုၚင်း ပြ၏၊ ထိုကဲ့သို့ ပြုသဖြင့် မိမိပညာရှိကြီး ဖြစ်ကြောင်း, မိမိညာဏ်ဖြင့် ကျမ်းဂန်စိရင်နိုင်ကြောင်း စသည်ဖြင့် ဝါကြွားမှု , ကိုယ့်ကိုယ်ကို မြှောက်ပင့်မှု ဟူသော အတ္တုက္ကံသန့် အပြစ်ဒေါသကို ကင်းပစေသည်။

ဗာလပ္ပဗောဓတ္ထံ— ဗာလသဒ္ဒါသည် ဤနေရာ၌ ငယ်ရွယ်သူကို ဟော၏၊ "ငယ်ရွယ်" ဟူရာ၌လည်း သဒ္ဒအရာဝယ် အသိညာဏ် မကြီးကျယ်သေးလျှင် ." အငယ် " ပင်တည်း၊ ထို ငယ်ရွယ်သူများ၏ တတ်သိလွယ်ဘို့ရာ ရူပသိဒ္ဓိကျမ်းကို ပြုမည်–ဟူလို။

ဥဇုံ— ကစ္စည်းသုတ်များ စဉ်ပုံသည့် ရုပ်ပြီးလွယ်ဘို့ကို ပဓာနထား၍ စဉ်ခြင်း မဟုတ်၊ တသုတ်နှင့် တသုယ် လိုက်သင့်သောပုဒ်များ လိုက်၍ လွယ်အောင် စဉ်ထားခြင်း ဖြစ်၏၊ ဤ ရူပသိဒ္ဓိ၌ကား ထို အစဉ်အတိုင်း မဟုတ်ဘဲ ရုပ်ပြီးလွယ်အောင် သုတ်များကို တမျိုး ပြင်၍ စဉ်ထားသည်၊ ဥပမာ–"လောကဂ္ဂ ပဂ္ဂလော" ရုပ်ပြီးအောင် " ၁-ပုဗ္ဗမဓောဒ္ဓိတ, ၂-သရာ သရေ လောပံ, ၃-နယေ ပရံ ယုတ္တေ" ဟု သုတ်များကို တမျိုးစဉ်ထားခြင်းတည်း၊ ဤသို့ ရုပ်ပြီးလွယ်အောင် သုတ်တွေ့ကို တမျိုးစဉ်ထားခြင်းကြောင့် "ဥဇု–ဖြောင့်မတ်သော ကျမ်းဖြစ်သည်" ဟူလို။

ဣတိသုကတ္ထံ— "လောက+အဂ္ဂပုဂ္ဂလော" ဟု ရှေးဦးစွာ ရုပ်တည်ပြ၏၊ ထို့နောက် ဆိုင်ရာသုတ်များကို စဉ်ပြပြီးလျှင် "လောကဂ္ဂ ပုဂ္ဂလော" ဟု ရုပ်ပြီးပုံကိုပြ၏၊ ထိုသို့ ပြထားသဖြင့် ငယ်ရွယ်သူများပင် နားလည်လောက်အောင် (ရုပ်တွက်တတ်လောက်အောင်) " ဣတိ=ထင်ရှားပေါ်လွင်သော ကျမ်း " ဖြစ်သည်၊ ထို့ပြင်-သန္ဓိတခက်း, လိင်(နာမ်) တခက်း=ကာရက တခက်း စသည်ဖြင့်ၚင်း, ထို အခက်းကြီးများတွင်လည်း သညာခက်း သရသန္ဓိခက်း ပဋိသေဓ သန္ဓိခက်း စသည်ဖြင့်ၚင်း , သဘောတူရာ စကားရပ်များကို ပေါင်းစပ်ပြထားခြင်းကြောင့် " သုကတ္ထ = ကောင်းသော အပိုင်းအခက်း ရှိသောကျမ်းလည်း"ဖြစ်သည်။

ကျမ်းပြုပုံ အစီအစဉ် ။ ။ ဤ ဥဇုံ ဣတိ သုကတ္ထံ ပုဒ်တို့ကား " ကရဏပဂ်ကာရ " ဟု ခေါ်သော ကျမ်းပြုပုံ အပြားကို (ကျမ်းပြုပုံ အစီအစဉ်ကို) ပြသော ပုဒ်တို့တည်း၊ [ကရဏ=ကျမ်းပြုပုံ၏+ပကာရ=အပြား၊]ထို့ကြောင့် ဥဇုံစသည်ကို "ဖြောင့်မတ်သော" ဟု ဝိသေသန အနက် မပေးဘဲ " ဥဇုံ - ဖြောင့်မတ်အောင်ၚင်း, ဣတိ-ထင်ရှား ပေါ်လွင်

အောင်ၜင်း, သုကဏ္ဍ – ကောင်းသော အခဏ်းရှိအောင် ၜင်း" ဟု ကြိုယာ ဝိသေသန အနက်ပေး၍ ကရိဿံဒ္ဓါလည်း စပ်နိုင်၏၊ ရူပသိဒ္ဓိကျမ်းကို စီစဉ်ရာဝယ် ဖြောင့်မတ်အောင် ထင်ရှားအောင် ကောင်းသောအခဏ်းရှိအောင် စီစဉ်မည်-ဟူလို။

ပဒရူပသိဒ္ဓိံ။ ။[ရူပ=ရုပ်+သိဒ္ဓိ=ပြီးစီးရာ ပြီးစီးကြောင်း ကျမ်း။] စာအုပ်တို့ဦးတွေ့မြင်ရသော "လောကဂ္ဂ ပုဂ္ဂလော" စသော ပြယုဂ်တို့သည် နှုတ်ဖြင့် ရွတ်အပဲသော အစစ် သဒ္ဒါသံ၏ အတု အရုပ်များသာ ဖြစ်ကြ၏၊ "ပုရိသော" စသည်ဖြင့် ရေးသားအပ်သော အက္ခရာများလည်း အရုပ်များပင်တည်း၊ ထို အရုပ်ဖြစ်သော ပြယုဂ်များကို ဝိဘတ္တန္တ(ဝိဘတ်ဆုံးသော)ပုဒ်အဖြစ်ဖြင့် ပြီးစီးအောင် ပြထားသော ကျမ်းဖြစ်၍ "ရူပ+သိဒ္ဓိ"ဟု ခေါ်၏၊ "ရူပ-အရုပ်"ဟူသည်ကိုပင် ယခုကာလ၌ "ရုဝ်"ဟု ခေါ်ကြ၏၊ ထိုသို့ အရုပ် ပြီးအောင် စီရင်ပြရမည့် အရာကား နာမ်-အာချာတ်-ဥပသာရ-နိပါဘ်အား ဖြင့် ပုဒ် လေးပါးပင်တည်း၊ ထို့ကြောင့် "ပဒ" ဟု ထည့်ရပြန်သည်၊ ဆက်ဉုံးအံ့-ဥပသာရနှင့် နိပါတ်ကို သိကြပြီ၊ အာချာတ်ကား အာချာတ်ကျမ်းလာ ဂန္ထတိစသည် တို့တည်း၊ ထို ဥပသာရ နိပါတ်နှင့် အာချာတ်တို့မှ ကြွင်းသမျှအား လုံးသည် သမာသ်နာမ် တဒ္ဓိတ်နာမ် ကိတ်နာမ် စသည်ဖြင့် နာမ်အမည်ရသော နာမ်ပုဒ်များ ချည်းတည်း၊ ကာရကလည်း နာမ်ဝိဘတ်၏ သတ္တမီနှက်တွေကို ပြသဖြင့် နာမ်ပုဒ်ကိုပြသည်မည်၏ သန္ဓိလည်း နာမ်ပုဒ် စသည်ကို စပ်ပြသဖြင့် ထို ပုဒ်များကို ပြသောအခဏ်းပင် ဖြစ်၏၊ ထို့ကြောင့် "ရူပသိဒ္ဓိ တကျမ်းလုံးသည့် နာမ်စသော ပုဒ်ကြီးလေးပါးကို ပြသော ကျမ်းဖြစ်သည်" ဟု မှတ်၊ ဤကား အဝယဝတ္ထုတည်း၊ ယခုအခါ "သညာ" စသော သမုဒါယတ္ထကို ပြပေအံ့။

သညာ နိမိတ္တံ ကတ္တာစ, ပရိမာဏံ ပယောဇနံ၊
သဗ္ဗာဂမဿ ပုဗ္ဗေဝ, ဝတ္တုံ္ဗ ဝတ္တုမိစ္ဆတာ။

သညာ-ကျမ်း၏အမည်ကိုၜင်း၊ နိမိတ္တံ-ကျမ်းပြုခြင်း၏အကြောင်းကိုၜင်း၊ ကတ္တာစ-ကျမ်းပြု ပုဂ္ဂိုလ်ကိုၜင်း၊ ပရိမာဏံ-ကျမ်း၏ အတိုင်းအရှည်ကိုၜင်း၊ ပယောဇနံ-ကျမ်း၏ အကျိုးကိုၜင်း၊ ဝတ္တုံ-ဆိုခြင်းငှါ၊ ဣစ္ဆတာ – လိုလားသော ကျမ် ပြု ဆရာသည်၊ သဗ္ဗာဂမဿ-အလုံးစုံသော ကျမ်းဂန်၏၊ ပုဗ္ဗေဝ-ရှေးဦး အစဦးပင်၊ ဝတ္တုံ္ဗ-ဆို ဆိုက်၏။

သညာ။ ။နာမည်ကိုမျှ မသိလျှင် "မည်သည့်ကျမ်းကို သင်နေသည်-ပို့ချနေသည်" ဟု ပြောပြတို့ပင် ခဲယဉ်း၏၊ "ဘာကျမ်းစာကို သင်နေသနည်း" ဟု မေးလျှင် "အဝှါကျမ်းစာကို သင်နေသည်" ဟု ဖြေလို့မဖြစ်နိုင်၊ ထို့ကြောင့် နာမည် ခေါ်လွယ်ဘို့ရာ ကျမ်းရင်း စာသားကိုမဆိုခင် သညာကို ပြခွင့်ရှိ၏၊ ထို့သညာကို "ပဒရူပသိဒ္ဓိ" ပါဠိဖြင့် ပြုသည်၊ ဤကျမ်းစာ၏ နာမည်ကား "ပဒရူပသိဒ္ဓိ" တဲ့ ဟူလို၊ ယခုကာသ၌ ပဒကိုဖြုတ်၍ "ရူပသိဒ္ဓိ" ဟု နာမည်ခေါ်သည်။

နိမိတ်။ ။ကျမ်းပြုခြင်း အကြောင်းသည် နိမိတ်မည်၏၊ အကြောင်းရင်းကောင်းမှ အကျိုးကျမ်းစာလည်း ကောင်းနိုင်သောကြောင့် အကြောင်း နိမိတ်ကိုလည်း ပြခွင့်ရှိ၏၊ ထိုအကြောင်းသည် အဇ္ဈတ္တအကြောင်း ဗဟိဒ္ဓအကြောင်းဟု ၂ မျိုးရှိ၏၊ ထိုဘွင် ကရုဏာသည် အဇ္ဈတ္တ အကြောင်း, သောတု အပေါင်းကား ဗဟိဒ္ဓ အကြောင်းတည်း၊ အရှင်ဗုဒ္ဓပိယ ဆရာသည် ကျမ်းပြုဘို့ မကြိုရှယ်မှိ ရှေးဦး ပုဒ်အသီးသီး၀ယ် ရုဝ် မပြီးနိုင်ကြသော

သောတုအပေါင်းကို အပြင်ပဋ္ဌ မြင်ရပေမည်၊ ထိသို့ မြင်ရသည့်အခါ အဘွင်းသန္တာန်၌ သနားကျင်နာ ကရုဏာဖြစ်၍ ဆိုသောတုတို့ ရုပ်ပြီးနိုင်လောက်သော ကျခံးကို စိရင်ရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာပေလိမ့်မည်၊ ထို့ကြောင့် ကျမ်းပြုရခြင်း၏အကြောင်းနိမိတ်သည် ကရုဏာဟူသော အစ္ဆာဇ္ဈာနိမိတ်, သောတုအပေါင်းဟူသော ဗဟိဒ္ဓနိမိတ်အားဖြင့် ၂ပါး ရှိသည်၊ ထိုနိမိတ် ၂ပါးကို "ဗာလပဂ္ဂဗောဓတ္ထံ"ဟု "ဣဝလ"ဟူသော ပုဒ်တစ်တ်ဖြင့် ပြ၏၊ မှန်၏ "ဗာလအရ စာသင်သားကလေးများ"ဟူသော ဗဟိဒ္ဓနိမိတ်ကို တိုက်ရိုက်ပြသဖြင့် ထိုစာသင်သား ကလေးများကို အာရုံပြု၍သော ကရုဏာဟူသော အစ္ဆာဇ္ဈာနိမိတ်ကိုလည်း ကာရုဏ္ဏာပစာရအားဖြင့် ပြနိုင်သည်။

ကတ္တား။ ။ကျမ်းဆရာ၏ ဂုဏ်များ တ်မ်မြုပ် ကွယ့်ပျောက်လောက်ရာ နေ့နေ့ အခါ၌ ကျမ်းစာ၏ ထိုနေ့ခံခေတ်နှင့် သင့်တော်လျင် ထိုကျမ်းစာကို အသုံးပြုသူ ပေါများ၍ မသင့်တော်လျင် အသုံ ပြုသူ နည်းပါးမည် ဖြစ်သော်လည်း ကျမ်းစာထွက်စဲ ပဌမ အချိန်၌မူ ကျမ်းပြုပုဂ္ဂိုလ်က ဂုဏ်ရှိဆင်ရှာ့း အကြည်ညို များလျင် ပုဂ္ဂိုလ်ခင်၍ တရားမင်သူ-ပုဂ္ဂိုလ်မခင်သော်လည်း ထင်ရှားသဖြင့် သူ၏တရားကို ရွှစားလိုသူတို့ ပေါများတတ်လေ ရကား ကျမ်းပြုပုဂ္ဂိုလ် ဟူသော ကတ္တာကိုလည်း ပြခွင့်ရှိ၏၊ ထိုကတ္တာကို "ကရိသဲ" ဟူသော အမှယောဂ ကြိယာဖြင့် ပြ၏-ဟု ပြောဆိုကြသည်၊ သို့ရာ၌ ထိုကြိယာဖြင့် ကျမ်းပြုပုဂ္ဂိုလ်၏နာမည် မထင်ရှားသေးရကား ဝဏ္ဏဇ္ဇံ ဝတ္တုမိစ္ဆတာ"နှင့်အညီ, သဒ္ဒါ စသော ၅ ပါးလုံးကို ဆိုလိုမှ ဆိုနိုင်, မဆိုလိုလျင် မဆိုဘဲလည်း နေနိုင်သော်ကြောင့် မိမိ ကိုယ်ကို မပေါ်ထင်စေလိုသော အရှင် ဗုဒ္ဓပိုယ ဆရာသည် မိမိနာမည်ကို ကျမ်းအစ၌ မထုတ်ပြဘဲ ကျမ်း၏အဆုံး နိဂုံးကျမှ ထုတ်ပြလိမ့်မည်။ [၅၂ ကတ္တာကိုပင် " ပဏာမ သမုဒ္ဒဘန်=ရှိခိုးမှု စေတနာ၏ ဖြစ်ပေါ်ရာ ပုဂ္ဂိုလ် " ဟုလည်း ဆိုကြသေး၏။]

ပရိမာဏ။ ။ကျမ်း၏ ကျဉ်းသောအတိုင်းအရှည် ကျယ်သောအတိုင်းအရှည်သည် ပရိမာဏမည်၏၊ အကျဉ်းကျမ်း ဖြစ်လျင် အကျဉ်းကြိုက်သူတို့ နှစ်သက်၍ အကျယ်ကျမ်း ဖြစ်လျင် အကျယ်ကြိုက်သူတို့ နှစ်သက်မည် ဖြစ်သောကြောင့် မိမိတို့ နှစ်သက်လောက် သောကျမ်း ဟုတ် မဟုတ်ကို သိနှင့်ဘို့ရာ ပရိမာဏကိုလည်း ရှေးဥးစွာ ပြခွင့်ရှိ၏၊ ထိုပရိမာဏကို "သုကတ္တံ"ပါဠိဖြင့် ပြသည်ဟု ကြံသင့်၏၊ ဘာ့ကြောင့်နည်း—"ကောင်းသော အခက်း ရှိသည် " ဟု ဆိုလျင် သန္ဓိဘခက်း နာမ်တခက်း စသည်ဖြင့် အခက်းဖွဲကာ ကျဉ် ကျဉ်းနှင့် ရှင် ရှင်း စိရင်အပ်သော ကျမ်းဟု သိသာသောကြောင့် တည်။

ပယောဇဉ်။ ။ကျမ်း၏အကျိုးကို "ပယောဇဉ်" ဟု ခေါ်၏၊ အကျိုးကိုသိရမှသည်း ထိုကျမ်းနှင့် သက်ဆိုင်သူတို့ အားတက်သရော သင်ယူလိုစိတ် ရှိကြပေမည်၊ ထို့ကြောင့် ပယောဇဉ်ကိုလည်း ကျမ်း၏ရှေးအဘို့က ပြသင့်၏၊ ထိုပယောဇဉ်သည် မူလပယောဇဉ် (တိုက်ရိုက်ရသောအကျိုး) အနုသိဓိ ကပယောဇဉ် (ဆက်သွယ်၍ရသောအကျိုး) ဟု နှစ်မျိုး ရှိ၏၊ [အနု=အစဉ်ဘစိုက် လိုက်၍+သိဓိက=ငြိကပ် ဆက်စပ်သောအကျိုး။] ထိုနှစ်မျိုးတွင် ရူပသိဒ္ဓိကို သင်ခြင်းကြောင့် သဒ္ဒါဆိုင်ရာကို သိမြင်ခြင်းသည် မူလ အကျိုး တည်း၊ ထိုသို့ သဒ္ဒါဆိုင်ရာ သိခြင်းကြောင့် ပါဠိအဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပါယ်ကို သိရခြင်း, သိသည့်အတိုင်း ကျင့်ခြင်း, ကျင့်၍ နတ်ရွာသုဂတိနှင့် နိဗ္ဗာန်အထိ ရရှိနိုင်ခြင်း

ကို့ကား ဆက်သွယ်၍ရသော အကျိုးတည်း၊ ထိုအကျိုးကို "ဗာလပွတော်ဆောင်" ဝယ် "ပဗောဓ"ဟူသော ပုဒ်တစိတ်ဖြင့်ပြသည်၊ [ယခုကာလ၌ စာမေးပွဲအောင်ခြင်း နာမည်ကြီးခြင်း, လာဘ်လာဘ ပေါများခြင်းတို့လည်း အနုသိုကာ အကျိုးဌ၌ ပါဝင် ထိုက်၏၊ သို့ရာဝယ်ထို အကျိုးများကား စာသင်ရာဌ၌ ရည်ရွယ်ထိုက် သောကြောင့် ပယောဇန အရာတွင် သွင်း၍ မပြတော့ချေ။]

အာဘိဓာန်, အာဘိဓေယျ, ပဋိညာဉ်။ ။ပဒရူပသိဒ္ဓိပါဠိဖြင့် သညာက်ပြကြောင်း ဆိုခဲ့ပြီ၊ ဤသညာကိုပင် တချို့အရာ၌ "အာဘိဓာန" ဟုလည်း ခေါ်သေး၏၊ အာဘိဓာန ဟူသည်လည်း အမည်သညာ ပင်တည်း၊ ဤ"ပဒရူပသိဒ္ဓိ" ပါဠိတွင် "ပဒ" ဟူသော ပုဒ်တစိတ်ဖြင့် အာဘိဓေယျကိုလည်းပြ၏၊ အာဘိဓေယျဟူသည် တကျမ်းလုံး၏ အနက်တည်း၊ စာသွေးတွေ ကုယ်ဝန်း များပြား နေသော်လည်း တကျမ်းလုံး၏ ပြလိုရင်း အနှစ်မှာ နာမ်ပုဒ်စသော ပုဒ်ကြီး ၄ပါးပင် ဖြစ်သည်-ဟူလို၊ အာဘိဓေယျတော-တကျမ်းလုံးဖြင့် ဟောအပ်၏၊ (သိစေအပ်၏၊) ဤတ်, အာဘိဓေယျာ-ဓည်၏၊ "ကဒိသံ-ပြုပေအံ့, စိရင်ပေအံ့, စိရင်မည်"ဟု ဆိုသောကြောင့် ဤကရိသံ ပါဠိသည် ပဋိညာဉ်ကို ပြသောစကားတည်း၊ ပဋိညာဉ် ဟူသည်မှာ တောင်းပန်သူ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မိမိပြုမည့်အလုပ်ကို ဝန်ခံပြောဆိုခြင်းပင်တည်း၊ ထိုဝန်ခံပြောဆိုခြင်းကို "ငန်ခံခြင်း=ရေးလာသော်တာဝန်ကို ခံယူခြင်း" ဟု ခေါ်သည်။

အချုပ်မှာ-ဤဝိသုဒ္ဓသဒ္ဓမ္မ စသော ၂၇ ထာဖြင့် ပဏာမ-သညာ(အာဘိဓာန)နိဒ်တ်-ကတ္တား-ပရိမာဏ-ပယောဇဉ်-အာဘိဓေယျ-ကရဏ-ပုဂ္ဂလ-ပဋိညာဉ်တို့ကိုဂုဏ်း, ပဏာမနှင့်စပ်၍ ပဏာမိတမ္မ (ရှိခိုးထိုက်သော ရတနာသုံးပါးနှင့်ဆရာ)-ပဏာမယောတု (ရှိခိုးခြင်း၏ အကြောင်းဖြစ်သော ဝိသုဒ္ဓသဒ္ဓမ္မ သဟဿဒီမိတိ စသော ၎င်း) များ ကိုဂုဏ်း, ရှိခိုးခြင်းကြောင့် ရနိုင်သော အန္တရာယ်ကင်း ကျမ်းပြီးခြင်းဟူသော ပဏာမ ပယောဇဉ်ကို ဂုဏ်း, ပဋိညာဉ်နှင့်စပ်၍ ပဋိညာတမ္မ(ဝန်ခံအပ်သော ရူပသိဒ္ဓိ) ကျမ်း ကို ဂုဏ်း, "ကဒိသံ-ပြုပေအံ့"ဟု ဝန်ခံလိုက်သဖြင့် "သင်တို့နားထောင်ကြ"ဟူသော တိုက်တွန်းမှု ဉယျောဇဉ်ကို ဂုဏ်း, (တိုက်တွန်းခြင်း၏ အကြောင်းဌာန်ကို "ဉယျောဇနပေတု" ဟု ခေါ်၏၊) ဗာလပွတော်ဆောင်ဝယ် "ပဗောဓ" ပုဒ်တစိတ်ဖြင့် သိလွယ်သောဌာန် ဟူသော ဉယျောဇနဟေတု ကိုဂုဏ်း ပြသည် ဟု မှတ်။

[ဆောင်] ဂန္ဆာရမ္ဘ, ထိုဘ်ပြသည့်, ဂါထာ၌ ဂါထာ, အရာရာဝယ်, ဆရာကောက်ရိုး, ဥဒ္ဒါန်းထိုးပိမ့်၊ ရှိခိုးမှုပြ, ပဏာမေတည်း၁၊ ပဏာမိတမ်, ရှိခို အပ်သူ၂၊ ဟေတုမူပေ၍င်း, ရှိခိုးကြောင်းဌာန်၃၊ တဖုံကျိုးအင်, ပယောဇဉ်သာ၄၊ သညာက်ပြ, ဘိဓာနနှင့်၅၊ အဇ္ဈဗာဟိ, နိမိတ်ဒွိဟူ၆၊ ကျမ်ပြုသူထုတ်, ပဏာမ သမုဋ္ဌာန်, စာဖန်ကတ္တား, ခေါ်မှတ်သားလျက်၇၊ဟောနက် ဘိဓေယျ၈၊ ဝိုင်းခြားပြလျှင်, ပရိမာဏတွင်၏၉၊ ပယောဇဉ်စကျိုး, ကျမ်းအကျိုးတည်း၁၀၊ ကျမ်ပြုနည်းပြု, ကရဏ ပကာ၁၁၊ ဝန်ခံပါလျှင်. ပဋိညာဉ်မှတ်၁၂၊ ငန်ခံအပ်ကို, ပဋိညာတမ် ဆိုဘိ၁၃၊ ထိုသည့် ဂန္ဆ, သင်ယူကြဟု, တိုက်တွန်းမှုပင်, ဉယျောဇဉ် သာ၁၄၊ တွန်းရာ တွန်းကြောင်း, ဂုဏ်ပေါင်းအစု, ဟေတုဉယျော-ဇနဟေဝသည်၁၅၊ မှတ်လော တဆဲ့ငါးနက်တည်း။

အဘိဓေယျပယောဇနအဖွင့်

(၁) တတ္ထ - ထိုပဒရုပသိဒ္ဓိကျမ်းဌ်၊ ဖိနသာသနာဓိဂမဿ - ဘုရား သာသနာတော်ကို သိရခြင်း၏၊ အကွရကောသလ္လ မှလာတ္တာ-အကွရ ကောသလ္လဉာဏ် အရင်းခံ ရှိသည်၏ အဖြစ်ကြောင့်၊ တံ - ထို အကွရ ကောသလ္လဉာဏ်ကို၊ သမ္မာဒေတဗ္ဗံ-ပြည့်စုံစေထိုက်၏၊ ဝါ-ပြည့်စုံစေပါ ဥုံးလော၊ ဣတိ - ဤအနက်ကို၊ ဒဿေတုံ - ပြခြင်းငှါ၊ ဣဒံ အဘိဓေယျ ပယောဇနဝါကျံ-ဤ ကျမ်းအနက်၏ အကျိုးပြ "အထ္ထေ အကွရဿညာ တော" ဟူသော ဝါကျကို၊ ဥစ္စတေ-ဆိုအပ်၏။

(၁) တတ္ထ၊ ပေ၊ ဥစ္စတေ — ပဏာမစသည်နှင့်တကွ ပဋိညာဉ်ကို ပြုပြီး၍ ယခု အခါ၌ ပတ်ညာတ ပကရဏာကို ပြတော်မူလိုသော အရှင်ဗုဒ္ဓိပိယ ဆရာသည် "တတ္ထ" စသော ပါဠိကို ဓနှံ၊ [ပတိညာတ=ငနှံခံအပ်သော+ပကရဏာ=ကျမ်း။] တတ္ထကို ဥစ္စ တော်စပ်၊ အထ္ထော အကွရဿညတော ဝါကျကို ကဋ္ဌညိးကျမ်းဌ် ဆိုခဲ့သော်လည်း ဤ ကျမ်းသည် ကစ္စညိးကျမ်းကို မှီ၍ စီရင်အပ်သော ကျမ်းဖြစ်ရကား ထိုကစ္စည် ကျမ်း စကား ကိုပင် ဤရုပသိဒ္ဓိဌ် ထင်၍ ပြသောကြောင့် "တတ္ထ ဇဋံ ဥစ္စတေ=ထိုရုပသိဒ္ဓိဌ် ဤအထ္ထော အကွရဿညတော ဝါကျကို ဆိုအပ်၏" ဟု မိန့်သည်။

အဘိဓေယျပယောဇနဝါကျ။ ၊အထ္ထောအကွရဿညတော ဝါကျကို တချို့က "ပရိဘာသာသုတ်" ဟု ဆိုကြသော်လည်း ရုပသိဒ္ဓိကျမ်းကမူ "သုတ်မဟုတ်သေး, အဘိ ဓေယျ ပယောဇနဝါကျသာ" ဟုဆိုလိုသည်၊ သုတ်အားလုံး၏ရှေ့ဆောင်အပ်သော ဝါကျ ဖြစ်သောကြောင့် "ပုဗ္ဗဝါကျ" ဟု ဆိုသော ဝါဒနှင့် သဘောတူငြင်းဝံသည်း၊ [အဘိဓေယျ= ကျမ်း၏ ဟောနက်ဖြစ်သော အကွရာ(ပုဒ်)၏+ပယောဇန=အကျိုး။] ဆက်ဥုံးအံ့- ကျမ်း၏ ဟောနက်ဖြစ်သော "အဘိဓေယျ" ဟူသည် အကွရာပုဒ်တို့တည်း၊ ထို အကွရာ ပုဒ်တို့၏ အကျိုးကား ပဋိကတော်လာ သဒ္ဒါအရပ်ရင်၏ အနက် အဓိပ္ပါယ်ကို သိရခြင်း တည်း၊ ဤအထ္ထော အကွရဿညတော ဝါကျကလည်း "အနံက် အဓိပ္ပါယ်ကို အကွရာ တို့ဖြင့်သာ သိနိုင်သည်, အကွရာသည် အနက် အဓိပ္ပါယ်ကို သိကြောင်းဖြစ်သည်" ဟု ဆိုသဖြင့် အဘိဓေယျ ခေါ်သော အကွရာပုဒ်တို့၏ အကျိုးကို ထုတ်ဖော်ပြောပြသော ဝါကျဖြစ်ကြောင်း ထင်ရှားသည်။

ဇိနသာသနာ၊ ပေ၊ ဒဿေတုံ — "ဤအထ္ထော အကွရဿညတော ဝါကျကို အဘယ်အကျိုးငှါ ဆိုအပ်သနည်း" ဟု မေးဘွယ် ရှိသောကြောင့် "ဇိနသာသနာ၊ပေ၊ ဒဿေတုံ" ကို မိန့်၊ ဘုရားရှင်၏ သာသနာတော် ၃ ရပ်ကို သိခြင်း၏ အရင်းခံသည် အကွရကောသလ္လဉာဏ်တည်း၊ အကွရာပုဒ်တို့ကို နားလည်သော (အကွရကောသလ္လ) ဉာဏ်ရှိလျှင် ပရိယတ္တိသာသနာ ဟူသော ပိဋကတော်၏ အနက် အဓိပ္ပါယ်ကို သိနိုင်၏၊ ပရိယတ္တိ သာသနာတော်ကို သိလျှင် ပတိပတ် သာသနာ ဟူသော သီလ သမာဓိ ပညာ

အတ္ထော အက္ခရသညာတော ။ ။ [" အတ္ထော အက္ခရသညာတော " ဟူသော ၌ ဝါကျ၏ အနက်ကို မိမိတို့ ရဘူးသော အနက်အတိုင်း ပေးပါ။ နောက်၌လည်း သုတ်များကို အနက်ပေးမည် မဟုတ်၊ ပို့ချသော ဆရာတို့ကမူ နှစ်သက်ရာ သုတ်နက်ကို ထည့်၍ ချကြပါလေ။] လေးကိယ် လောကုတ္တရာဒိဘေဒေါ-လေးကိလောကုတ္တရာ အစရှိသော အပြားရှိသော်၊ . ယောကေးစိ ဝစနတ္ထော - အကြင် အမျှတ်မရှိ အလုံးစုံသော သဒ္ဒါနက်သည်၊ (အတ္ထိ - ရှိ၏၊) သေးသဗ္ဗော-ထို အလုံးစုံသော

သိက္ခာ ၃ ပါးကိုလည်း သိန်၌ ကျင့်နိုင်၏၊ ပတိပတ်ကို ကျင့်လျှင် ပတိဝေ သာသနာ ဟူသော လောကုတ္တရာ တရား ၉ ပါးကိုလည်း ရနိုင်၏၊ ဤသို့လျှင် " သာသနာတော် ၃ ရပ်ကို သိလိုသော အမျိုးသားသမီးများသည် အခြေခံ ဖြစ်သော အက္ခရ ကောသလ္လ ဉာဏ်ကို မိမိသန္တာန်၌ ဖြစ်အောင် ကြိုးစားကြပါဦး " ဟု ပြခြင်း (တိုက်တွန်းခြင်း) ငှါ ဤ အတ္ထော အက္ခရသညာတော ဝါကျကို မိန့်တော်မူသည်။

ဆက်ဦးအုံ— ဝါကျတခုက အနက် အဓိပ္ပါယ်ကို ပြရာ၌ တိုက်ရိုက်ပြခြင်း - သွယ်ဝိုက်၍ ပြခြင်း ဟု ၂ မျိုးရှိ၏၊ ဥပမာ- " ဒါနံ တော ဘောဂဝါ " ဝါကျသည် "ဒါနသည် စည်းစိမ်ဥစ္စာ အကျိုးကို ပေး၏ " ဟူသော အနက်ကို တိုက်ရိုက် ပြ၏၊ " စည်းစိမ်ရှင် ဖြစ်လိုသူသည် ဒါန ပြုပါ " ဟူသော တိုက်တွန်းခြင်း ကိုကား သွယ်ဝိုက်၍ ပြသည်၊ ထို့အတူ အတ္ထော အက္ခရသညာတော ဝါကျလည်း "အနက် အဓိပ္ပါယ်ကို အက္ခရာတို့ဖြင့်သာ သိနိုင်၏ " ဟူသော အနက်ကို တိုက်ရိုက် ပြ၏၊ " သာသနာတော် ၃ ပါးကို သိလိုသူသည် အရင်းခံဖြစ်သော အက္ခရာဝယ် နားလည်သော ဉာဏ်ကို မိမိသန္တာန်၌ ဖြစ်စေပါဦး " ဟူသော တိုက်တွန်းမှု ကိုကား သွယ်ဝိုက်၍ ပြသည်၊ [သမ္မာဒေတပ္ပံ၌ တပ္ပပစ္စည်းကို ပေသာတိသဂ္ဂစသော သုတ်အရ တိုက်တွန်းခြင်း အနက်ဟော ဟု မှတ်၊ ဤ.သမ္မာဒေတပ္ပံ၏ ကတ္တားကိုလည်း နောက်၌ " သမ္မာဒေယျ ဟိတတ္ထိကော " ကို ကြည့်၍ "ဟိတတ္ထိကေန" ဟု ထည့်ပါ။]

လောကိယ ၊ ပေ ၊ ဝစနတ္ထော— " အရိယတေ ဉာယတေ - သိအပ်၏၊ ဇုတိ အတ္ထော - မည်၏ " နှင့် အညီ သဒ္ဒါတခုကို မြင်ရ ကြားရ၍ သိအပ်သော အရာ ဟူသမျှသည် အတ္ထ (အနက်) မည်၏၊ ထို အတ္ထသည် လောကီစိတ် စေတသိက် ရုပ် ဟူသော လောကီယတ္ထ, မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရတ္ထ, ထို အတ္ထ ၂ မျိုးမှ အလွတ် ဖြစ်သော လူ နတ် ဗြဟ္မာ ယောကျ်ား မိန်းမ - စသော အများ ခေါ်ဝေါ်အပ်သော် ဝေါဟာရတ္ထ (ပညတ္တိ အတ္ထ) ဟု ၃ မျိုးရှိ၏၊ လောကီယ လောကုတ္တရာဒိ၌ အာဒိဖြင့် ဤ ဝေါဟာရတ္ထကို ယူပါ၊ မှန်၏ - မုချတ္ထ ဥပစာရတ္ထ, နိတ္ထတ္ထ နေယျတ္ထ, သဒ္ဒတ္ထ အဓိပ္ပါယတ္ထစသည်ဖြင့် အတ္ထတွေ များသော်လည်း ဤလောကီယတ္ထ လောကုတ္တရတ္ထ ဝေါဟာရတ္ထ ၃ မျိုး၌ အားလုံး ပါဝင်ကြ တော့သည်။ [ပညတ္တိအတ္ထနှင့် ဝေါဟာရတ္ထသည် သဘောတူ၏။]

သဒ္ဒါနက်ကို၊ အက္ခရေဟေ၀ - အက္ခရာ တို့ဖြင့်သာ၊ သညာယတော-ကောင်းစွာ သိအပ်၏။

ဟိ - မှန်၏၊ သိထိလ ဓနိတာဒိ အက္ခရ၀ိပတ္တိယံ - သိထိလ၏ ဓနိတ ဖြစ်ခြင်း , ဓနိတ၏ သိထိလ ဖြစ်ခြင်း့ အစရှိသော အက္ခရာ ပျက်ခြင်း သည်၊ (သတိ - ဖြစ်လတ်သော်၊) အတ္ထသ-အနက်၏၊ ဝါ - အနက်ကို၊ ဒုန္ဒယတာ-မသိအပ်သည့်၏ အဖြစ်သည်၊ ၀ါ-မှားမှားယွင်းယွင်း သိအပ်, ခဲယဉ်းစွာ သိအပ်သည်၏ အဖြစ်သည်၊ ဟောတိ - ဖြစ်၏၊ တသ္မာ - ထို့ကြောင့်၊ အက္ခရကောသလ္လံ- အက္ခရကောသလ္လညာဏ်သည်၊ ဗုဒ္ဓ၀စနေ သု-ဘုရား့ပါဠိတော်တို့၌၊ ဗဟူပကာရံ-များသော ကျေးဇူးရှိ၏။

၀စနတ္ထ ။ ။ ဤပြခဲ့လော လောကိယတ္ထ စသည်သည် " ၀စနသ - သဒ္ဒါ၏+အတ္ထော-အနက်တည်း"ဟူသော ဝိဂြိုဟ်အရ "၀စနတ္ထ" မည်၏၊ ချဲ့ဥူးအံ့ — " ပထဝီအာပေါ တေဇော ၀ါယော"ဟူသော သဒ္ဒါသည် ပါဠိ၀စနတည်း၊ " မြေ-ရေ-မီး-လေ " ဟူသော သဒ္ဒါသည် မြန်မာ ၀စနတည်း၊ ခက်မာခြင်း သဘော , ယိုစီးခြင်း သဘော, အပ္ပေဖြစ်သော သဘော, ထောက်ခံခြင်း သဘောတို့ကား ထို၀စနတို့၏ အနက် ဖြစ်သော လောကိယ၀စနတ္ထများ ဖြစ်သည်၊ ဤသို့ စသည်ဖြင့် လောကုတ္တရ ၀စနနှင့် လောကုတ္တရ၀စနတ္ထကိုလည်း, ပုရိသောသည် ပါဠိ၀စန, ယောကျ်းဟူသော စကားသည် မြန်မာ၀စန , ယောကျ်းဖြစ်သည် ပညတ္တိ ၀စနတ္ထ ဟုလည်း သိလော၊ ထို အလုံးစုံသော ၀စနတ္ထကို ရွတ်ဆိုဒန၀် ရေးသားအပ်သော အက္ခရာ ပုဒ်တို့ဖြင့်သာ ကောင်းစွာ သိရှုမှတ်သားရသည်။ [ယောကောစိ ပုဒ်၏ "အလုံးစုံ" အနက် ဟောနိုင်ကြောင်းကို နာမ်ကိုသဒ္ဒါ ရုပ်စဉ်ခဏ်းဌ် တွေ့ရလတံ့။]

သိထိလ ဓနိတာဒိ အက္ခရ၀ိပတ္တိယံ ဟိ — ဤ၀ါကျ၌ ဟိနိပါတ်ကို ဒဋ္ဌီဇောတကကြံ၍ " ဟိ-မှန်၏ " ဟု အနက်ပေးသည်၊ " ယောကောစိ ၊ ပေ ၊ သညာယဘော " ဟု ဆိုခဲ့သော စကားသည် အမှန်ပင်ဖြစ်၏, မှန်ကြောင်းကို " အက္ခရ၀ိပတ္တိယံ " စသော ၀ါကျက ထောံခံသည်- ဟူလို၊ ချဲ့ဥူးအံ့ — သိထိလ ဖြစ်သော ဂ အက္ခရာဖြင့် ရွတ်ဆိုရ, ရေးသားရမည့် အရာ၀ယ် ဓနိတဖြစ်သော ဃ အက္ခရာဖြင့် ရေးသား ရွတ်ဆိုခြင်းသည် အက္ခရာ မှားယွင်း ပျက်စီးခြင်း မည်၏၊ ဥပမာ - " အယံနာဂေါ " ဟု ရွတ်ဆိုရမည့် အရာ၌ " အယံနာဃော " ဟု ရွတ်ဆိုခြင်း မျိုးတည်း၊ ဓနိတဖြင့် ရွတ်ရမည့် အရာ၀ယ် သိထိလဖြင့် ရွတ်ခြင်းလည်း အက္ခရ၀ိပတ္တိတည်း၊ ဥပမာ - " သံဃော " ဟု ရွတ်ရမည့် အရာ၌ " သံဂေါ " ဟု ရွတ်ဆိုခြင်းမျိုးတည်း၊ သိထိလ ဓနိတချင်းသာ မှားယွင်းတတ်သည် မဟုတ်သေး, ဒီဃနှင့် ရဿ , ဂရုနှင့် လဟု, နိဂ္ဂဟိတ်နှင့် ဝိမုတ္တ စသည်တို့လည်း မှားယွင်း တတ်သေး၏၊ " နမောတဿ ဘဂ၀တော အရဟတော " ၌ " အယဟတော " ဟု ရွတ်ဆိုခြင်း သည်ဖြင့် အက္ခရာတလုံးနှင့် တလုံး လွဲမှားခြင်း များလည်း ဝိပတ္တိ၀င်၊ ထို့ကြောင့် သိထိလ ဓနိတာဒိ၌ အာဒိဖြင့် ဒီဃ ရဿချင်း စသော ဝိပတ္တိ

ဇေဋ္ဌ - ဤ အတ္ထော အက္ခရသညာတော ဝါကျ၌၊ ပဒါနိဝိ - ပုဒ်ဘို့ကိုလည်း၊ အက္ခရ သန္နိပါတရုပတ္တာ - အက္ခရာဘို့ ပေါင်းရာ ရုပ်ဘို့၏ အဖြစ်ကြောင့်၊ ဝါ - အက္ခရာအပေါင်း၏ အထည် ကိုယ် ဖြစ်ခြင်းကြောင့်၊ အက္ခရေသွေဝ-အက္ခရာတို့၌ပင်၊ ဆင်္ကန္တိ -သွင်းယူအပ်ကုန်၏။

တဿာ - ထို့ကြောင့်၊ ဟိတတ္ထိဒံကာ - မိမိစီးပွားကို အလိုရှိသောအမျိုးသားသည်၊ ဥဠ္ဠာနာဒိဟိ-ဥဠ္ဠာနအစရှိကုန်သော၊ ပဠ္ဍာဟိ - ငါးပါး

များကို ယူ၊ အချုပ်မှာ - အက္ခရ ဓိပတို့ ဟူသည် ရွက်ဆိုရာ ရေးသားရာတို့၌ အက္ခရာလွှမ်းနေခြင်းပင်တည်း၊ [အတ္ထသဒ္ဒနယတာ-တဿာ အက္ခရကောသလ္လံစသည်ဘို့၏ အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

တွေ၊ပေ၊သင်္ကန္တိ — အက္ခရသမူဟောပဒံ, ပဒသမူဟောဝါကျံ, ဝါကျသမူဟောဂန္ထော=အက္ခရာအပေါင်းသည် ပုဒ်, ပုဒ်အပေါင်းသည် ဝါကျ, ဝါကျအပေါင်းသည် ကျမ်းဂန်" ဟူသည်နှင့်အညီ, ပုဒ်ဟူသည် အက္ခရာတို့ ပေါင်းစုနေသော ရုပ်တမျိုး ဖြစ်၏၊ ဝါ-အက္ခရာတွေ့ ပေါင်းစုထားသော "အထည်ကိုယ်" ဖြစ်၏၊ "ဇဒ်" ဟူသော "ခ" ဟူသော "ဩ" ဟူသော အက္ခရာတို့ ပေါင်းမိလျှင် "ဇဒ္ဓေါ" ဟု ရုပ်သွင်တမျိုး အထည်ကိုယ်တမျိုး ပေါ်လာ၏၊ ဥပမာ-လက် ခြေ နား နှာစသော အင်္ဂါတွေ့ ပေါင်းလိုက်လျှင် "လူ" ဟု ခေါ်ရသော အထည်ကိုယ် ဖြစ်လာသကဲ့သို့တည်း၊ ထို့ကြောင့် "အတ္ထော အက္ခရသညာတော" ဝါကျ၌ "အက္ခရ" ဟူသော် စကားတွင် အပေါင်းဖြစ်သော ပုဒ်များကိုလည်း အရှင်ကစ္စည်းဆရာ သွင်းယူထားသည်-ဟူလို။ [အက္ခရသန္နိပါတ=အက္ခရာတို့ ပေါင်းစုရာဖြစ်သော+ရုပ=ရုပ်၊ ဝါ-အထည်ကိုယ်။] ဤပြခဲ့သော စကားအစဉ်အရ ပုဒ်တို့ဖြင့် အနက်ကို သိရသောကြောင့် "အတ္ထော ပဒသညာတော" ဟု ဆိုဆိုက်သည့် မဟုတ်ပါလော, အဘယ့်ကြောင့် "အတ္ထော အက္ခရသညာတော" ဟု ဆိုပါသနည်းဟု မေးလျှင်, ပုဒ်ဟူသည် အက္ခရာအပေါင်း ဖြစ်ရကား အစိတ် အစိတ် အက္ခရာကို ဆိုလျှင် အပေါင်းဖြစ်သော ပုဒ်တို့လည်း ပါဝင် နှိုင်သောကြောင့် အတ္ထော ပဒသညာတော ဟု မဆိုဘဲ "အတ္ထော အက္ခရသညာတော" ဟုသာ မိန့်တော်မူသည် ဟု ဖြေ။

[ဆောင်] ပုဒ်ဟူသည်မှာ, အက္ခရာပေါင်းကြိတ်, ဖြစ်သည့် ဟိတ်ကြောင့်, အစိတ် အက္ခရ, ဆိုလိုက်ကလျှင်, ပုဒ်ပါဝင်သဖြင့်, အရှင် ကစ္စာန, မိန့်ဝါကျဝယ်, ပဒသညာတော-ဟု မဟောဘဲ, အတ္ထော အက္ခရ, အဆက်ပြသည့်, မြွက်ဟ သညာတောကို တည်း။

တဿာ အက္ခရကောသလ္လံ၊ပေ၊ပဋ္ဌဟိ — ဤ ဂါထာကား စာသင်သားတို့ကို တိုက်တွန်းသော ဥယျောဇဉ် တည်း၊ တဿာ အရ "အက္ခရကောသလ္လံ ဗာဟုပကာရံ ဗုဒ္ဓဝစနေသု" ကို ပြန်စွဲ၊ အက္ခရ ကောသလ္လညာဏ်၏ ဗုဒ္ဓဝစနတို့၌ ကျေးဇူးများခြင်း ဟူသော ထိုအကြောင်းကြောင့် မိမိစီးပွားကို လိုလားသော အမျိုးသားသည်(ပခာနနည်းအားဖြင့် ယောဂကျွေးကို ဆိုသည်၊ အမျိုးသို့မျှားလည်း ပါဝင်၏၊) ဥဠ္ဠာန စသော တပည့်ဝတ်

သော တပည့်ဝတ်ဘို့ဖြင့်၊ ဂုရုံ-ဆရာကို၊ သမ္မာ - ကောင်းစွာ၊ ဥပဋ္ဌဟံ-လုပ်ကျွေးလျက်၊ အက္ခရဓာသလွံ-ကို၊ သမ္မာဒဿ - ပြည့်စုံစေရာ၏၊ ဝါ-ပြည့်စုံစေပါလော။

(၂) တတ္ထ - ထို ပဒရူပသိဒ္ဓိကျမ်းဦး၊ အာဒေါ - အစဖြစ်သော သန္ဓိအရာ၌၊ တာဝ - ရှေးဦးစွာ၊ သဒ္ဒလက္ခဏော - ကစ္စည်း သဒ္ဒါကျမ်း၏ သုတ်၌၊ ဝေါဟာရဝိညာပနတ္ထံ - ခေါ်ဝေါ် သုံးစွဲပုံကို နားလည်စေခြင်း အကျိုးငှါ၊ သညာဝိဓာနံ - နာမည် စိရင်ခဏ်းကို၊ အာရဘိယတေ - အားထုတ်အပ်၏။

၅ ပါးဖြင့် ဆရာကို လုပ်ကျွေးလျက် အက္ခရ ကောသလ္လညာဏ်ကို မိမိသန္တာန်၌ ပြည့်စုံစေပါလော. ပြည့်စုံအောင် ကျိုးဖားပါသေး၊ "တပည့်ဝတ် ကြေလျှင် ဆရာက သဘောကျ၍ အက္ခရကောသလ္လညာဏ် (အခြေခံ) ရအောင် သင်ပြပါလိမ့်မည်"ဟူလို၊ [သမ္မာဒေယျကို"နိပ္ပာဒေယျ-ဖြစ်စေပါ၊လော"ဟု ဖွင့်၏၊ ထို့ကြောင့်"ပြည့်စုံစေခြင်း"ဟူသည် " မိမိ သန္တာန်၌ အက္ခရ ကောသလ္လဉာဏ်ကို ဖြစ်စေခြင်း ပင်တည်း " ဟု မှတ်၊ ဓေယျဝိဘတ်လည်း၊ အဇ္ဈိဋ္ဌ (တိုက်တွန်းခြင်း) အနက်ဟော၏၊ ဤဂါထာနှင့် ရှေ့၌ ပြခဲ့သော "ဇိနသာသနာစိဏမသ၊ပေ၊သမ္မာဒေတဗ္ဗံ" စကားသည် အဓိပ္ပါယ်ကူပင်၊] "ဥဒ္ဓါနာဒိဟိ"၌ အာဒိအရ ဥပဒ္ဓါနစသော ၄ ပါးကို ယူ။

ဥဒ္ဓါနာ ဥပဒ္ဓါနာစ, သုသ္သူသာ ပါရိစရိယာ၊
သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ, ဂုရုံ အာရာဓယေ ဗုဓော။

ဥဒ္ဓါနာ-ဆရာလာသည်ကို မြင်သျှင် နေရာမှ ထခြင်းအားဖြင့်၎င်း၊ ဥပဒ္ဓါနာစ-အနီး မပြတ် ချည်းကပ်တည်နေခြင်း အားဖြင့်၎င်း၊(ဆရာ့ထံ မပြတ်သွား၍ ပြောစရာမေးစရာ ခိုင်းစရာရှိလျှင် ပြောဆို မေးမြန်း စေခိုင်းဘို့ရန် အနီးအပါး၌ နေခြင်း ဆည်းကပ်ခြင်း) သုသ္သူသာ-ယုံယုံ ကြည်ကြည် နာယူခြင်း အားဖြင့်၎င်း၊ (အဆုံးအမကို ယုံကြည်စွာ နာယူခြင်း၊)ပါရိစရိယာ-ပြုစု လုပ်ကျွေးခြင်းအားဖြင့်၎င်း၊ (ဆရာက မခိုင်းသော်ဟေည်း အလိုက်သိစွာ မျက်နှာသစ်ရေ တည်ခြင်း ဒန်ပူကပ်ခြင်း စသည်ဖြင့် လုပ်ကျွေးခြင်း၊) သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ-ရိုသေစွာ အတတ်သင်ခြင်း အားဖြင့်၎င်း၊ (စာသင်သည့်အခါ တတ်လိုသော စိတ်ထားဖြင့် မှတ်မှတ် သားသား သင်ယူခြင်း၊) ဗုဓော - လိမ္မာသော တပည့်သည်၊ ဂုရုံ-ဆရာကို၊ အာရာဓယေ-နှစ်သက်စေရာ၏။ [သိဂ်ါလောဝါဒသုတ်၌ လာသော တပည့်ဝတ် ၅ ပါးပင်တည်း။

ဥဒ္ဓါနာ-ဆရာလာသည်ကို မြင်သျှင် နေရာမှ ထခြင်းအားဖြင့်၎င်း၊ ဥပဒ္ဓါနာစ-အနီး မပြတ် ချည်းကပ်တည်နေခြင်း အားဖြင့်၎င်း၊(ဆရာ့ထံ မပြတ်သွား၍ ပြောစရာမေးစရာ ခိုင်းစရာရှိလျှင် ပြောဆို မေးမြန်း စေခိုင်းဘို့ရန် အနီးအပါး၌ နေခြင်း ဆည်းကပ်ခြင်း) သုသ္သူသာ-ယုံယုံ ကြည်ကြည် နာယူခြင်း အားဖြင့်၎င်း၊ (အဆုံးအမကို ယုံကြည်စွာ နာယူခြင်း၊)ပါရိစရိယာ-ပြုစု လုပ်ကျွေးခြင်းအားဖြင့်၎င်း၊ (ဆရာက မခိုင်းသော်ဟေည်း အလိုက်သိစွာ မျက်နှာသစ်ရေ တည်ခြင်း ဒန်ပူကပ်ခြင်း စသည်ဖြင့် လုပ်ကျွေးခြင်း၊) သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ-ရိုသေစွာ အတတ်သင်ခြင်း အားဖြင့်၎င်း၊ (စာသင်သည့်အခါ တတ်လိုသော စိတ်ထားဖြင့် မှတ်မှတ် သားသား သင်ယူခြင်း၊) ဗုဓော - လိမ္မာသော တပည့်သည်၊ ဂုရုံ-ဆရာကို၊ အာရာဓယေ-နှစ်သက်စေရာ၏။ [သိဂ်ါလောဝါဒသုတ်၌ လာသော တပည့်ဝတ် ၅ ပါးပင်တည်း။

(၂) တတ္ထ၊ပေ၊ အာရဘိယတေ — [သညာ = နာမည်ကို+ဝိဓာန=စိရင်ရာအခဏ်း] "နာမည် စိရင်ခြင်း" ဟူသည် နာမည် မှည့်ခြင်းတည်း၊ တတ္ထကို အာရဘိယတေ၌ စပ်၊ " ထို ရူပသိဒ္ဓိကျမ်း၌ သညာဝိဓာန ခဏ်းကို အားထုတ်အပ်၏ " ဟူလို၊ တကျမ်းလုံး၏အစဖြစ်သော သန္ဓိပိုင်းကို "အာဒေါ" ဟုဆို၍ သန္ဓိကျမ်း၌ သညာဝိဓာန

အခဏ်း သရသန္ဓိ အခဏ်း စသည်ဖြင့် အခဏ်း ၅ ခဏ်းရှိရာ သရသန္ဓိခဏ်း စသော နောက် ၄ ခဏ်းတို့၏ ရှေးဥုးစွာကို "တာဝ" ဟု ဆိုသည်။

သဒ္ဒလက္ခဏေ—သဒ္ဒအရ ကစွဉ်းသဒ္ဒါကျမ်းကိုယူ၊ လက္ခဏဟူသည် သုတ်တည်း၊ လက္ချဟူသည်ကား ပြယုဂ်တည်း၊ မှန်၏ " အာရမ္ဘော ဝစနံ ပတ္တိ , လက္ခဏံ ယောဂ လက္ခဏီ၊သတ္တံ ဝါကျဿ ယတ္ထာဒီ, သုတ္တာဿ အဘိဓာယကာ"နှင့်အညီ အာရမ္ဘစသော သဒ္ဒါတို့သည် သုတ္တာသဒ္ဒါ၏ ပရိယာယ်တို့ချည်းတည်း၊ လက္ခီယတေ အနေနာတိ လက္ခဏံ၊ အံနေန-ဤသူတ်ဖြင့်၊ လက္ခီယတေ-(ဗဟုကပြယုဂ်ကို မည်ကဲ့သို့ ပြုလုပ်စီရင်ထား၊ သည်-ဟု) မှာသားအပ်၏၊ ဧုတံ-ဤသို့ မှတ်သားကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထို သုဘသည်၊ လက္ခဏံ-လက္ခဏာ မံည်၏၊ လက္ခီယတေ-သုတ်ဖြင့်မှတ်သားအပ်၏၊ ဧုတိ-ထို.ကြောင့်၊ လက္ချ-လက္ချမည်၏၊ ဤလက္ချကိုပင် ဥဒါဟရဏ် - ပြယုဂ်ခေါ်ကြောင်း အခြေပြုဥ ပြခဲ့ပြီ။

ဝေါဟာရဝိညာပနတ္ထံ— "ဝေါဟာရ" ဟူသည်မှ ခေါ်ဝေါ်ခြင်းတည်း၊ "အ" ကို အက္ခရာ ဟုလည်း ခေါ်၏,သရဟုလည်းခေါ်၏,ရသ ဟုလည်း ခေါ်၏၊ သရာ သရေ လေးပံသုတ်၌ သရဟူသော နာမည်သည် ဤ "အ" စသည်တို့ကို ခေါ်ရသော နာမည်တည်း၊ ဤသို့စသည်ဖြင့် ထိုထိုသုတ်၌ ခေါ်ဝေါ်ပုံကို စာသင်သားတို့ နားလည်စေနှင့် ဘို့ရာ ရှေးဥုးစွာ သညာဝိဓာန အခဏ်းကို အားထုတ်မည်-ဟူလို။ [သညာ-ဟူသည် နာမတည်း၊ ဝေါဟာရ ဟူသည်ကား ထို နာမည်ကို ထိုထို သုတ်၌ ခေါ်ဝေါ်ခြင်း သုံးစွဲခြင်းတည်း။]

သံဝဏ္ဏနာ ဖေ ပါ။။ ။သမ္မန္နောစ ပဒဿော, ပဒတ္ထော ပဒဝိဂ္ဂဟော၊
စောဒနာ ပရိဟာရော စ, ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။

ဟူသည်နှင့်အညီ သုတ်တသုတ်၏ အနက် အဓိပ္ပါယ် ဖွင့်ပြမှုကို သုတ္တဝဏ္ဏနာ(သုတ်ကို ဖွင့်ပြခြင်း)" ဟု ခေါ်၏၊ ထို သုတ္တဝဏ္ဏနာသည် သမ္မန္နသံဝဏ္ဏနာ စသောအားဖြင့် ၆ပါးရှိ၏၊ ထိုတွင် သမ္မန္နသဒ္ဒါသည် "အစပ်အဆက်"ဟု အနက်ထွက်၏၊ ထို.ကြောင့် ယခုကာလ စာစပ်ခြင်းကဲ့သို့ သုတ်၌ပါသော ရှေ့ပုဒ်နောက်ပုဒ်တို့ကို စာစပ်ခြင်းသည်ရင်း, ယခုကာလ အနုသန္ဓေ ကျမ်းတက်ခြင်းကဲ့ကို တသုတ်မှ တသုတ်သို့ ကျမ်းတက်၍ (ဆက်သွယ်၍) ပြခြင်းသည်ရင်း " သမ္မန္န သံဝဏ္ဏနာ " မည်၏၊ [အကြောင်းအကျိုး စပ်ရသော "ဟေတုဖလ သမ္မန္န သံဝဏ္ဏနာ" လည်း ရှိသေး၏။]

ပဒသံဝဏ္ဏနာသည် ပဒစ္ဆေဒ-ပဒစိန္တာအားဖြင့် ၂မျိုး ရှိ၏၊ ထိုတွင် သုတ်၌ပါသော ပုဒ်များကို ပုဒ်ဖြတ်ပြခြင်း-သမာသ်ပုဒ် တဒ္ဓိတ်ပုဒ် စသည်ကို ခွဲခြားခြင်းသည် ပဒစ္ဆေဒ သံဝဏ္ဏနာမည်၏၊ အက္ခရာတိ သညာနိဒ္ဒေသော(အက္ခရာကား သညာကိုညွှန်ပြသော သဒ္ဒါတည်း၊) အာဒယောတိ သညီနိဒ္ဒေသော (အာဒယောကား သညီဒြဗ်ကို ညွှန်ပြသော သဒ္ဒါတည်း၊) အင်္ဂိတိ ဟေဋ္ဌာပေက္ခာ နိဒ္ဒေသော(အင်္ဂိကား အောက် အထွော အက္ခရသညာတော ဝါကျ၌ လာသော အက္ခရ သဒ္ဒါကို ငဲ့သော သဒ္ဒါဘည်း၊) ဤသို့ စသည်ဖြင့် ပုဒ်ကို၊သိကြောင်း ဖြစ်သော သံဝဏ္ဏနာသည် ပဒစိန္တာ သံဝဏ္ဏနာ မည်၏၊ [ပဒ=ပုဒ်ကို+စိန္တာ=သိကြောင်းနည်း။]

အက္ခရာပါဒယော ဇကစတ္တာလီသံ။ ။အက္ခရာအဝိ - အက္ခရာတို့မည်သည်လည်း၊ အာဒယော - အဉ အစရှိကုန်သော၊ ဇကစတ္တာလီသံ-၄၁လုံးတည်း၊ ဇိနဝစနာနုရူပါ-ဘုရားပါဠိတော်အား လျော်ပတ်ကုန်သော၊ အကာရဒ္ဒယော - အ အက္ခရာ အုစရှိကုန်သော၊ နိဂ္ဂဟီဘဏ္ဍာ-နိဂ္ဂဟိတ် အဆုံးရှိကုန်သော၊ ဇက စတ္တာလီသမတ္တာ - ၄၁ လုံးအသိုင်း အဝှာည်ရှိကုန်သော၊ တေစ ခေါ ဝဏ္ဏာ-ထိုဝဏ္ဏာတို့သည်လည်း၊ ပန်စွက်-အသီး အသီး၊ အက္ခရာနာမ-အက္ခရာဘို့ မည် သ့ည်၊ ဟော်နို့။

ယခုကာလ သုတ်နက်ပေးခြင်း သုတ်အဓိပ္ပါယ် ကို ဖွင့်ပြခြင်းကား ပဒတ္ထသံဝဏ္ဏနာမည်၏၊ သုတ်၌လာသော ပုဒ်တို့ကို ဝိဂြိဟ်ပြု၍ ပြခြင် သည် ပဒဝိဂ္ဂဟ သံဝဏ္ဏနာမည်၏၊ "ဤသုတ်ကို ဘာ့ကြောင့် ဆိုရသနည်း, ဤသုတ်တွင် မည်သည့်ပုဒ်ကို ဘာ့ကြောင့် ဆိုရသနည်း, ထိုပုဒ်ကဲ့ မဆိုသင့်" စသည်ဖြင့် မေးခြင်း အပြစ်တင်ခြင် သည် စောဒနာသံဝဏ္ဏနာ မည်၏၊ "မည်သည့် အကျိုးငှါ ဤသုတ်ကို ဆိုရသည်, မည်သည့် အကျိုးငှါ ဤပုဒ်ကို ဆိုရသည်"ဟု သုတ်၏ရင်း သုတ်၌ပါသော ပုဒ်များ၏ရင်း အကျိ ရှိကြောင်းကို ပြ၍ ဖြေဆိုခြင်းသည် ပရိဟာရ သံဝဏ္ဏနာ မည်၏၊ ဤသို့လျှင် သုတ်ကိုဖွင့်ပြရာ၌ သံဝဏ္ဏနာ ၆ ဆဲ့ဖြင့် ထိုက်သလို ဖွင့်ပြလေ့ ရှိသောကြောင့် ထိုထို သုတ်များ၌ ဤ သံဝဏ္ဏနာအသွားကို သတိထားပါလေ။

အက္ခရာအဝိ၊ပေ၊ဟောန္တိ — "အက္ခရာ+အဝိ+အာဒယော+ဇကစတ္တာလီသံ" တို့ကား သုတ်၌ပါသောပုဒ်တို့ကို ခွဲပြသော ပဒစ္ဆေဒသံဝဏ္ဏနာတည်း၊ "တေစခေါ၊ပေ၊ အက္ခရာနာမ ဟောန္တိ " ကား သုတ်၏အနက်ကို ဖွင့်ပြသော ပဒတ္ထ သံဝဏ္ဏနာတည်း၊ ပဒတ္ထ ဆိုသော်လည်း အနက်ထင်ရုံ ဖွင့်ပြသော ပဒတ္ထမဟုတ်, အဓိပ္ပါယ် ပေါ်အောင် ဖွင့်သော ပဒတ္ထတည်း၊ ထို့ကြောင့် သုတ်နက် (နိဿယ) ပေးသည့်အခါ ဤ အဓိပ္ပါယ် စကားတွေကို စုံအောင်သွင် ၍ ပေးနေဘွယ် မလို။

တေစခေါ ဇိနဝစနာနုရူပါ — "တေစ"ဟု တသဒ္ဒါဖြင့် ညွှန်းခြင်းမှာ အထွေအက္ခရသညာတော ဝါကျ၌ အက္ခရာကို ပြန်၍ညွှန်းခြင်းတည်း၊ အက္ခရာပိဋ်ဆ အပိသဒ္ဒါကြောင့် ထိုကဲ့သို့ "တေစ"ဟု ညွှန်ပြနိုင်သည်၊ သို့သော် နိဿယ ပေးရာ၌ကား ဝဏ္ဏနှင့် အက္ခရာမှာ သဘောတူပင် ဖြစ်သောကြောင့် "တေစခေါဝဏ္ဏာ"ဟု ပေါင်းပေးသည်၊ "ဇိနဝစနာနုရူပါ"ဖြင့် ဘုရားပါဠိတော်အား မလျော်းသာ (ပါဠိတော်၌ အသုံးအစွဲမရှိသော)သဏ္ဌာတသဒ္ဒါကျမ်းလာ အချို့အက္ခရာတို့ကို ပယ်သည်၊ ဤ ၄၁လုံးသာ ဘုရားပါဠိတော်အား လျော်သော (ပါဠိဘော်မှာ သုံးစွဲရိုးဖြစ်သော) အက္ခရာများ ဖြစ်သည်၊ သဏ္ဌာတသဒ္ဒါကျမ်းတို့၌ သရ ရှစ်လုံးသာမက ၁၄လုံးရှိ၏၊ ဗျည်းများလည်း သဗျည်းချည်း ၃ မျိုး ပါသဖြင့် အပိုရှိသေး၏၊ ထိုသရအပို ဗျည်းအပိုတို့ကား ဘုရားပါဠိတော်၌ အသုံးမဝင်ကြသဖြင့် ကစွဲညီးကျမ်း၌ မပြတော့ပြီ-ဟူလို။

ပန်စွက် အက္ခရာနာမ-ဝါကျသည့် အစိတ်အစိတ်နှင့် ဆိုင်သော ဝါကျ, အပေါင်းနှင့် ဆိုင်သော ဝါကျဟု ၂ မျိုးရှိ၏၊ "ယညဒတ္ထ ဒေဝဒတ္တ ဝသုဒတ္တာ ဘောဇိယန္တု-ယညဒတ်

တံ ယထာ-ထို အက္ခရာတို့ဟူသည် အဘယ်နည်း၊ အ-အာဂုဏ်း ၊ ပေ၊ ဋ္ဌ-ဋ္ဌဂုဏ်း၊ အံ - အံဂုဏ်းတည်း၊ ဣတိ - ဤ ၎၁ လုံးသော ဝဏ္ဏတို့သည်၊ အက္ခရာနာမ - အက္ခရာတို့ မည်၏၊ နက္ခရန္တိ - မပျက်စီးနိုင်ကုန်၊ ဣတိ-ထို့ကြောင့်၊ အက္ခရာ-အက္ခရာတို့မည်၏၊ ယေသံ-အကြင်အက္ခရာတို့၏၊ အ-အာ ဟူသော၊ အာဒိ-အစ အဝိုင်းအခြားသည်၊ (အက္ခရံ - ဂ်ိ၏၊) ဣတိ-ကြောင့်၊ (တေ-ထို အက္ခရာတို့သည်၊)အာဒယော-အာဒိတို့ မည်၏၊ (၂)။

ဒေဝဒတ် ဝသုဒတ် ၃ ယောခံလုံးကို ထမင်းကျွေးအပ်ပါစေကုန်"ဟုရာဇ်၌ ကျွေးခြင်းကြိယာကို ၃ ယောက်လုံး၌ တခုစီ ပြုသော်လည်း အစိတ် အစိတ် (တယောခံစိ) နှင့် ဆိုင်သော ဝါကျ ဖြစ်ရကား "ဒေဝဒတ်ကိုလည်း၊ ကျွေးအပ်စေ-ယညဒတ်ကိုလည်း ကျွေးအပ်စေ-စသုဒတ်ကိုလည်း၊ ကျွေးအပ်စေ " ဟု အစိတ် အစိတ် အနက်ကို သိရ၏၊ "ဂဂ္ဂကုလဿ သတံ ဒတ္တွာ-ဂဂ္ဂအမျိုးကို ဒဏ်တရာတပ် " ဟုရာဇ်၌ အပေါင်းနှင့် ဆိုင်သော ဝါကျ ဖြစ်ရကား ဂဂ္ဂမျိုးတွင် တယောက်စီကို ဒဏ်တရာစီ တပ်ရမည် မဟုတ်, ဂဂ္ဂ တမျိုးလုံး (လူအပေါင်း)ကိုမှ ဒဏ်တရာတပ်ရမည်၊ ဤသို့ ဝါကျ ၂ မျိုးရှိရာ၌"အက္ခရာပါဒယောကေစတ္တာလိသံ " ဝါကျလည်း အစိတ် အစိတ်နှင့် (အ အာ စသည့် တလုံးစိနှင့်) ဆိုင်သော ဝါကျဖြစ်၏၊ ထို့ကြောင့် အ အာ စသော ၎၁ လုံးပေါင်းမိမှ အက္ခရာအမည် ရသည်မဟုတ် , အ တလုံး အာ တလုံး စသည်ဖြင့် တလုံးစီပင် အက္ခရာအမည်ရသည်-ဟု သိရလိုသောကြောင့်"ပစ္စေကံ"ဟု ထည့်၍ ဖွင့်ပြရသည်။ ["တံ ယထာ, အ အာ" စသည်ကို ကစ္စည်းဘာသင်္ဂီကာ၌ ဖွင့်ထားသည်။]

နက္ခရန္တိတိ၊ ဧပေ၊အာဒယော—ဂုဏ်းတို့ကား ပဒဠဂ္ဂဟ သံဝဏ္ဏနာတည်း၊ "နက္ခရန္တိတိ အက္ခရာ" ဟူသော ဂိဂ္ဂဟသည် လဟုကနည်း (ပေါ့ပေါ့ဆဆ-ပြီးစလွယ်နည်း) အားဖြင့် ပြုအပ်သော ဂိဂ္ဂဟတည်း၊ " ခရန္တိတိ ခရာ , နန်+ခရာ = အက္ခရာ " ဟု ဂရုက နည်း (လေးလေးငေးငေးနည်း) အားဖြင့် သေချာစွာ ပြုရမည်၊ ခရန္တိန္ဒ် ခရ ဝေတ်သည် ခယ (ကုန်ခမ်းခြင်း) နာသ (ပျောက်ပျက်ခြင်း) စသည်ဖြင့် အနက် အမျိုး မျိုးရှိရာ, ပါဠိဋီကာ၌ နာသ အနက်ကို ပြ၏၊ခရန္တိ-ပျောက်ပျက်တတ်ကုန်၏၊ ဣတိ ခရာ၊ ပျော်ပျက်တတ်သော (အနိစ္စဖြစ်သော) သခ်တ ရုပ်နာမ်ကို ရ၏၊ ခရာ-ပျောက်ပျက် တတ်သော သခ်တ ရုပ်နာမ်တို့သည်+နန်-ဟုတ်ကြ၊ အက္ခရာ- ပျောက်ပျက်တတ်သော သခ်တ ရုပ်နာမ်တို့ မဟုတ်ကြ၊ ဤဂိဂ္ဂိဟ်အရ (ရုပ်နာမ်တွင် မပါဝင်သော) ပညတ္တိသဒ္ဒါများ ရသည်။

နိန္ဓဝါဒိဝါဒ။ ။ဆက်ဥုးအုံ—သဒ္ဒါကုမ်းဥ် သုံးစွဲသော သဒ္ဒါဟူသမျှကို "မြစ်" ဟု ဆိုလေ့ရှိသော နိန္ဓဝါဒိဆရာ, မမြဟု ဆိုလေ့ရှိသော အနိစ္စဝါဒိ ဆရာ ဟု ၂ မျိုးရှိ၏၊ ထိုတွင် "အ အာ (ပုဗ်ဓ) " စသည်ဖြင့် ရွတ်ဆိုခိုက်၌ ကြားရသော သဒ္ဒါသည် ပရဇ္ဈ သဒ္ဒရုပ်တည်း၊ ကြားပြီးသည့်နောံ စိတ်ဖြင့် လိုက်၍ မှတ်သားအင်သော (ဝိထိစဉ်အားဖြင့် နာမဂ္ဂဟဏဝိထိ၏ အာရုံဖြစ်သော) အ အာ စသော သဒ္ဒါတို့ကား (အ) ဟူသော နာမည် (အာ) ဟူသော နာမည်ကိုပြသော နာမပညတ္တိ သဒ္ဒါတို့တည်း၊ ယခုအခါ သဒ္ဒါ

ကျမ်းဌ သုံးစွဲအင်သော အ အာ စသော ဗုဒ္ဓစသော သဒ္ဒါတို့သည် ပညတ္တိသဒ္ဒါ၏ အရုပ် မျှသာ ဖြစ်၍ သူတို့လည်း ပညတ္တိ သဒ္ဒါများတွင် ပါဝင်ရ၏၊ ပြုခဲ့သော နာမပညတ္တိ သဒ္ဒါ တို့သည် ပညတ် ဖြစ်သောကြောင့် နိစ္စတည်း၊ အ – ဟူသော နာမည် ပညတ်သည် ဘယ် ကာလမှ မပျက်စီးနိုင်– ဟူလို၊ ထို့ကြောင့် " ရူပံ ဇီရတိ မစ္စာနံ, နာမဂေါတ္တံ နဇီရတိ— သတ္တာတို့၏ ရုပ်ခန္ဓာ ပရမတ်တရားသာ ဆွေးမြေ့ ပျက်စီး၍ နာမည် အနွယ်ဟူသော ပညတ်ကား မဆွေးမြေ့ မပျက်စီး" ဟု သံယုတ် ပါဠိတော်၌ ဟောတော်မူသည်၊ ဤကား နိစ္စဝါဒိဆရာတို့၏ အလိုတည်း၊ ခရမာတ်၏ နာသအနက်ကို ဖွင့်သော ပါဠိဋီကာ ဆရာ လည်း ဤနိစ္စဝါဒကို နှစ်သက်၏၊ ဤ ဆရာတို့အလို ပညတ် ဖြစ်သောကြောင့် အ အာ (ဗုဒ္ဓ) စသော သဒ္ဒါစုကို ခန္ဓာ အာယတန ဓာတ် သစ္စာ မဟု ရတော့ပြီ။

အနိစ္စဝါဒိဝါဒ။ ။သဒ္ဒါဟူသည် အ အာ စသည်ဖြင့် ရွာ်ဆိုအပ်သော ပရမတ္ထ သဒ္ဒရုပ်သာတည်း၊ ပရမတ္ထသဒ္ဒ ဖြစ်သောကြောင့် ဥပါဒ် ဌိ ဘင် အားဖြင့် ဖြစ်ပျက်နေရ တား အနိစ္စတို့သာတည်း၊ ယခု သဒ္ဒါကျမ်းတို့၌ တွေ့ရသော အ အာ စသည်မှာ ထို ပရမတ္ထသဒ္ဒ၏ အရုပ်မျှသာ ဖြစ်၏၊ ထို့ကြောင့် " အရင်းစစ်လျှင် အမြင်မြေက " ဆိုတဲ့ အတိုင်း အရင်း အမြစ် ပရမတ္ထ သဒ္ဒအစစ်ကို လိုက်၍ သဒ္ဒါ ဟူသမျှသည် အနိစ္စသာ စာည်း ဟု အနိစ္စဝါဒိဆရာတို့ ဆိုကြ၏၊ ထို ဆရာတို့အလို ပရမတ်ဖြစ်သော အ အာ(ဗုဒ္ဓ) စသော သဒ္ဒါများကို ရွုပက္ခန္ဓာ သဒ္ဒါယတန သဒ္ဒဓာတ် ဒုက္ခသစ္စာ ဖွဲ့ရသည်၊ န+ခရန္တိဋ္ဌ ခရခောတ်ကိုလည်း နာသအနက်ဟော ဟု မယူဘဲ "ခယ–ကုန်ခမ်းခြင်း" အနက်ဟော ဟု ယူရလိမ့်မည်၊ န+ခရန္တိ –မကုန်နိုင်ကုန်၊ ဇာတိ အက္ခရာ၊ " အ – ဟူသော သဒ္ဒါသည် ထပ်ကာ ထပ်ကာ ရွတ်ဆို၍ ဖြစ်နိုင်သေးကြောင့် မကုန်နိုင် မခမ်းနိုင်ရကား အက္ခရာ မည်၏"ဟူလို၊ အာ-စသည်လည်း နည်းတူ၊ ပုဒ်စစ်ဌကား " ဝိဋ္ဌကတော်၌ အကုသလာ အဗျာကတာ စသည်ဖြင့် အ တလုံးထည်းပင် သုံးစွဲ၍ မကုန်နိုင်ခြင်းကို " န+ခရန္တိ" ဟု ဆိုလေသည်၊ အမှန်မှာ ဝိဋ္ဌက၌ ဖြစ်စေ ဝိဋ္ဌကပြင်ဘက်၌ ဖြစ်စေ ထပ်ကာထပ်ကာ ရွတ် ဆို၍ ဖြစ်နိုင်သောကြောင့်သာ မကုန်နိုင်ခြင်း ဖြစ်သည် – ဟု မှတ်။ [" အက္ခရာ " ဟု ဂရုသညာကိုပြုခြင်း၏အကျိုးနှင့် ဂရုသညာ လဟုသညာအကြောင်းကို ကစ္စည်းဘာသာ ဋီကာ ဇာင်္ကွေ့ဝဏ္ဏနာစကြလာသုတ်၌ ရှု။]

အအာဒီ ၊ ပေ ၊ အာဒယော။ ။အက္ခရပုစ္ဆ၏ ပဒဝိဂ္ဂဟကို ပြုပြီး၍ အာဒယောဓ၏ ဝိဂ္ဂဟကို ပြလိုသောကြောင့် "အ+အာဒိ" စသည်ကို မိန့်၊ အာဒိသဒ္ဒါသည် မရိယာဒ (အပိုင်းအခြား) ပကာရ (အတူ) သမီပ (အနီး) အဝယဝ (အစိတ်အစိတ်) ဟု အနက် ၄ မျိုးရှိ၏၊ ဤနေရာ၌ မရိယာဒ အနက်သာ သင့်၏ ဟု ဆုံးသဆိုသည်၊ အက္ခရာ ၄၁လုံးကို စိတန်း၍ထားလျှင် ရှေ့ဆုံး အပိုင်းအခြားဖြစ်သော အက္ခရာမှာ (အ) တည်း၊ ထို့ကြောင့်"အာဒိ–အစ အပိုင်းအခြား"ဟု အနက်ပေးလိုက်သည်၊ "အာဒိ–အစ" ဟု ပေးရိုး အနက်မှာ မလွဲသော်လည်း မရိယာဒ အနက် တိုင်မြေပြင်လွတ် ရှိ၏၊ [ဋီကာဆရာကား " အာဒိသဒ္ဒေါ ပနေတ္ထ ပကာရတ္ထော " ဟု ဆို၏၊ အာ ဇ ဤ စသည်တို့နှင့် အက္ခရာချင်း စာသည်ကို ဆိုလိုဟန် တူ၏၊ မရိယာဒ အနက်လောက် အဓိပ္ပါယ် မလှချေ။]

မရိယာဒေ ပကာရေစ, သမီပါဝယဝေဝိစ၊
စတုဒ္ဓိမ္ပကာရော•ယံ, အာဒိသဒ္ဒသ္သလက္ခဏေ။

ဌာနအကြောင်း ပန-ဆက်ဥုးအံ့၊ အကာရာဒိန်-အ အက္ခရာ အစရှိသော အက္ခရာတို့၏၊ ဇေသအနုက္ကမော-၍ အစဉ်သည်၊ ဌာနာ နိုက္ကမသန္နိသိတော-ဌာန် အစရှိသည်တို့၏ အစဉ်ကို နှိ၏၊ တထာဟိ-ထို စကားကို ခွဲဥုးအံ့၊ ဌာန ဏရဏ ပယတနေဟိ - ဌာန် ကရိဏ်း ပယတ်တို့ကြောင့်၊ ဝဏ္ဏာ-ဝဏ္ဏတို့သည်၊ ဇာယန္တေ-ဖြစ်ကုန်၏၊ တတ္ထ-ထို ဌာန် ၈ ရိုဏ်း ပယတ်တို့တွင်၊ ဌာနာနိ-ဌာန်တို့သည်၊ ကဏ္ဌ တာလု မုဒ္ဓ ဒန္တ သြဋ္ဌ နာသိကာဝဇေသန - ကဏ္ဌဌာန် တာလုဌာန် မုဒ္ဓဌာန် ဒန္တ ဌာန် သြဋ္ဌဌာန် နုသိကာဌာန်တို့၏ အပြားအားဖြင့်၊ ဝါ - လည်ချောင်း အရပ်, အာစောက် အရပ်, အာထိပ် အရပ်, သွား အရပ်, နှုတ်ခမ်း အရပ်, နှာခေါင်းအရပ် တို့၏ အပြားအားဖြင့်၊ ဆ-၆ ပါးတို့တည်း။

ဆက်ဥုးအံ့ — အာဒယောကို ရုပ်တွက်သည့် အခါ "အ+အာဒိ+ယ" ဟု ဗဟုဗ္ဗီဟိသမာသ် ထုံးစံအတိုင်းတည်၊ မလိုရာ ချေ၍ ပကတိပြုသည့် အခါ "အ+အာဒိ" ဟု ပုဒ်ရင်းဖြစ်၏၊ ရှေ အကို ချေ၍ (တနည်း "ဝါပရော" ယောဂဝိဘာဂဖြင့် နောက်အာကို ချေ, ရှေအ ကို ဒီဃပြု၍) "အာဒိ" ဟု ပြီး၏၊ ထို့နောက် ယော သက်၍ အဂ္ဂယော ကဲ့သို့ ပြီးစေ၊ ဤအာဒယောသည် တဂ္ဂါဏာသံဝိညာဏာဗဟုဗ္ဗီဟိ သမာသ် ဖြစ်ရကား အာဒယော အရ၌ အစဆုံး (အ) အက္ခရာလည်း ပါ၏။ [တဂ္ဂါဏာ သမာသ်သဘောကို သမာသ်ခဏ်း၌ သိရလတံ့။]

အကာရာဒိန၊ ပေ၊ သန္နိသိတော— ["အနုက္ကမောပန နေသံ" ဟု စာအုပ်များ၌ တွေ့ရ၏၊ အကာရာဒိနံ ပန ဧသ ယထာဝုတ္တော အနုက္ကမော" ဟူသော ဋီကာနှင့် အညီ "အနုက္ကမော ပနေသ" ဟု ပါဠိမှန်ရှိစေ။] တစုံတခုကို ရှေနောက်စဉ်ရာ၌ "ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ = ပဌမ ကလလ ရေကြည် ဖြစ်, ထို့နောက်မှ အဗ္ဗုဒ်ဖြစ်" စသည်ကဲ့သို့ ဖြစ်စဉ် အတိုင်း စဉ်၍ပြသော ဥပပတ္တိက္ကမ, ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော - စသည်ကဲ့သို့ ဘုရား ဟောတော်မူစဉ်အတိုင်း စဉ်၍ ပြသော ဒေသနာက္ကမ စသည်ဖြင့် အမျိုးမျိုး ရှိရာ "အ အာ ဣ ဤ" စသော အက္ခရာ အစဉ်သည် အဘယ် အစဉ်မျိုးပါနည်း ဟု မေးဘွယ်ရှိ၍ "အကာရာဒိန" စသည်ကို မိန့်သည်၊ အ အာ ဣ ဤ စသည်ဖြင့် ဆိုအပ်ခဲ့သော အက္ခရာ အစဉ်သည် သဒ္ဒါဆရာတို့ မိန့်ဆိုအပ်သော အစဉ်ဖြစ်သောကြောင့် ဒေသနာက္ကမမျိုးပင် ဖြစ်၏၊ ထို သဒ္ဒါဆရာ တို့လည်း အကြောင်းမဲ့ သက်သက် ထင်သလိုစဉ်ကြသည် မဟုတ်, ဌာန်အစဉ်ကိုလည်း နိသယ နိသိတ စသော အစဉ်ကိုလည်း မှီ၍ စဉ်ထားကြသည်။

ဆက်ဥုးအံ့ — ခန္ဓာကိုယ်၌ ချက်မှစ၍ နှုတ်ခမ်း ဥုးခေါင်းအထိ လမ်းတလျှောသည့် ရွှတ်ဆိုသည့်အခါ လေလျှောက်ရာ အရပ်တည်း၊ ထိုလမ်းတလျှောက်၌လည်း လည်ချောင်းမှ စ၍ အဆင့်ဆင့် မြင့်ကာ ဌာန်ခြောက်ပါး တည်နေပုံကို သတ်ပြုပါ၊ ထိုဟူင် ပဌမဆုံး

တဏ္ဍ- ထိဌာန် ၆ ပါးတို့တွင်၊ အင်္ဂဏ် ကဝဂ္ဂ ဟကာရ - အဝဏ် ၂ လုံး ကဝဂ် ၅ လုံး ဟအာက္ခရာတို့သည်၊ ကဏ္ဌဇာ-ကဏ္ဌဌာန်ဦးဖြစ်ကုန်၏၊ ဠဝဏ်ဏ စဝဂ္ဂ ယကာရ-တို့သည်၊ တာလုဇာ-တာလုဌာန်၌ ဖြစ်ကုန်၏၊ ဋဝဏ်ဏ ရကာရဠကာရ-တို့သည်၊ မုဒ္ဓဇာ-မုဒ္ဓဌာန်၌ဖြစ်ကုန်၏၊ တဝဂ္ဂ လကာရ သကာရ-တို့သည်၊ ဒန္တဇာ-ဒန္တဌာန်၌ ဖြစ်ကုန်၏၊ ဥပဏ္ဏ ပဝဂ္ဂါ-တို့သည်၊ သြဋ္ဌဇာ-နှုတ်ခမ်း၊ ဂကာရော-ဇိဝှာကွရာသည်၊ ကဏ္ဌတာလုဇော-ကဏ္ဌတာလု ၂ ဌာန်တို့၌ဖြစ်၏၊ သြကာရော-သည်၊ကဏ္ဌောဋ္ဌဇော-ကဏ္ဌ သြဋ္ဌ ၂ ဌာန်တို့၌ ဖြစ်၏၊ ဝကာရော-သည်၊ ဒန္တောဋ္ဌဇော-ဒန္တဌာန်၌ ဖြစ်သော အက္ခရာကို ပဌမဒုတိယစတုတ္ထ စည်၍ ဒုတိယဌာန် စသည်၌ ဖြစ်သော အက္ခရာများကို ဒုတိယအစု စသည်၌ စည်သည်၊ နိဿယ နိဿိတ ၂ ပါးတွင် နိဿယဖြစ်သော အက္ခရာကို ပဌမစည်သည်-စသည်ဖြင့် သိလေ၊ ဌာနာဒိ၌ အာဒိဖြင့် " နိဿယာဒေါ " စသော ဂါထာနှင့်အညီ "နိဿယ,နိဿိတ,ဗဟုတ္တ,လဟု,ဂရု" တို့ကိုယူ၊ [ဌာနာဒိ၌ အာဒိဖြင့် ကရိဏ်းပယတ်ကို ယူမှားတတ်၏၊ ကရိဏ်းစည် ပယတ်စည် အတိုင်း အက္ခရာများကို မစည်ကြောင်း သတိပြုပါ။]

တဏ္ဍ ဆဌာနာနိ၊ပေ၊ဝသေန—ဌာန် အနေအထား အစည်ကို မှီ၍ အက္ခရာရှေးနှေး စည်ထားသောကြောင့် ထိုအက္ခရာစည်ပုံကို မပြမှီ ရှေးဦးစွာ ဌာန်အကြောင်းကို နားလည်သင့်ရကား ဌာန်ကို (ဌာန်နှင့်စပ်၍ ကရိဏ်း ပယတ်ကိုပါ) ပြလိုသော အရှင် ဗုဒ္ဓပိယ ဆရာသည် "တဏ္ဍ" စသည်ကို မိန့်၊ တိဋ္ဌန္တိ ထွောတိ ဌာနံ=အက္ခရာတို့၏ ဖြစ်တည်ရာ အရပ်သည် ဌာန်မည်၏၊ ထိဌာန်သည် ကဏ္ဌ စသည်ဖြင့် ၆ ပါးရှိကြောင်း ဤနေရာ၌ သိရပြီ၊ နောံ၌ ဥရဌာန် လာဥုးလတံ့၊ ထိုတွင် ကဏ္ဌဟူသည် လည်မျိုဇလုပ်၏ အတွင်း ဖြစ်သော လည်ချောင်းအရပ်တည်း၊ တာလု ဟူသည် "အာခေါင်" ဟုဆိုသော အထက်သွေ့ မတ်စေ့သောကြောင့် "အာစောက်" ဟုဆိုခေါ်ရသော အရပ်တည်း၊ မုဒ္ဓ ဟူသည် သွားရင်း၏ အတွင်းနားတွင် မို့မောက်နေသော အရပ်တည်း၊ ဤအရပ်ကိုပင် "လျာထိပ်" ဟု ရှေးကဆို၏၊ လျာအဖျားနှင့် ယုံမှားဘွယ်ရှိသောကြောင့် "အာထိပ်" ဟု ဆရာများ မိန့်ကြသည်၊ ဒန္တ သြဋ္ဌ နာသိကာတို့မှာ ထင်ရှားပြီ၊ နာသိကာပုဒ်က နှုတ်ဆိုလိန်ဖြစ်သော ကြောင့် "နာသိကာဌာန်"ဟု အာဒိစဖြင့် ဆိုသည်၊ သရုပ် ရေတွက်ရာ၌ "ဝသေန" ဟု တွေ့လျှင် "အစွမ်း" ဟု မပေးဘဲ "အပြား" ဟုချည်း ပေးပါ၊ "တဏ္ဍ အဝဏ္ဏ၊ပေ၊နာသိကာ ဌာနိကာစ" – ဝါကျတို့၌ စာရှိအတိုင်း " မည်သည့် အက္ခရာသည် မည်သည့် ဌာန်၌ ဖြစ်၏ " ဟု မှတ်သားနိုင်လောက်ပြီ။

ကောရော၊ပေ၊နာသိကာ ဌာနိကာ— အက္ခရာသည် ကဏ္ဌဌာန် တာလုဌာန် ၂ ဌာန်တို့၌ တပြိုင်နက်ဖြစ်၏၊ ရွတ်သည့်အခါ လည်ချောင်းနှင့် အာခေါင်၌ လေရိုက်သောကြောင့် လည်ချောင်းသံလည်း ပါ–အာခေါင်သံလည်း ပါ၏၊ တချို့က "တပြိုင်နက် ၂ ဌာန်၌ ဖြစ်၏"ဟု မယူဘဲ တဌာန်စီ ခွဲ၍ဖြစ်သည် ဟု ယူပြီးလျှင် " သော ဥတ္တိ "

သြဠ္ဌ ၂ ဌာန်တို့၌ ဖြစ်၏၊ နိဂ္ဂဟီတံ - နိဂ္ဂဟိတ် သည်၊ နာသိကာဌာနဇံ - နာသိကာဌာန်၌ ဖြစ်၏၊ ငဉ ဏန မ၁-င, ဉ, ဏ, န,မ တို့သည်၊ သကဌာနိကာ - မိမိဌာန်၌လည်း ဖြစ်ကုန်၏၊ နာသိကာ ဌာနိကာစ - နာသိကာဌာန်၌လည်း ဖြစ်ကုန်၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဤ-၌ အက္ခရာတို့တွင်၊ ပဠမေဟဝ - ငါးလုံးမြောက် ငဉဏန မ တို့နှင့်ဂုဏ်း၊ အန္တဿာဟိစ - အန္တဿာမည်သော ယ ရ လ ဝ ၄ လုံးတို့နှင့်ဂုဏ်း၊ သံယုတံ - ယှဉ်သော၊ ဟကာရံ-ဟ အက္ခရာကို၊ သြရသန္တိ-ဉရဌာန်၌ဖြစ်၏ ဟူ၍၊ ဝဒန္တိ-ဆိုကုန်၏၊ တဒသံယုတံ-ထို ပဠမ အက္ခရာ အန္တဿာ အက္ခရာတို့နှင့် မယှဉ်သော ဟ သက်သက်ကို၊ ကဏ္ဌဇံ - ကဏ္ဌဌာန်၌ ဖြစ်၏ ဟူ၍၊ (ဝဒန္တိ-ဆိုကုန်၏။)

ဤ-၌ အက္ခရာတို့တွင်၊ ပဠမေဟဝ - ငါးလုံးမြောက် ငဉဏန မ တို့နှင့်ဂုဏ်း၊ အန္တဿာဟိစ - အန္တဿာမည်သော ယ ရ လ ဝ ၄ လုံးတို့နှင့်ဂုဏ်း၊ သံယုတံ - ယှဉ်သော၊ ဟကာရံ-ဟ အက္ခရာကို၊ သြရသန္တိ-ဉရဌာန်၌ဖြစ်၏ ဟူ၍၊ ဝဒန္တိ-ဆိုကုန်၏၊ တဒသံယုတံ-ထို ပဠမ အက္ခရာ အန္တဿာ အက္ခရာတို့နှင့် မယှဉ်သော ဟ သက်သက်ကို၊ ကဏ္ဌဇံ - ကဏ္ဌဌာန်၌ ဖြစ်၏ ဟူ၍၊ (ဝဒန္တိ-ဆိုကုန်၏။)

ဟူသော ပါဠိဋ္ဌ ဧ အက္ခရာကို တဌာန်သံဗိ ပေါအောင် အတော်ပြင်၍ ရွက်ဘတ်ကြသည်မှာ စဉ်စားဘွယ်သာ၊ သြ အက္ခရာကို ရွက်သည့် အခါ လည်ချောင်းသံ ပါ၏၊ နှုတ်ခမ်း ၂ ခုကို ခတ်စုစု ပြင်ပေးရသောကြောင့် နှာခမ်းသံသည်း ပါ၏၊ ထို့ကြောင့် ကဏ္ဌ သြဠ္ဌ ၂ ဌာန်တို့၌ တပြိုင်နက် ဖြစ်ခကြောင်း ထင်ရှားသည်၊ ဝ အက္ခရာကို မြန်မာတို့ ရွတ်ရာ၌ သွားနှင့် မထိရကား ဒန္တဌာန်သံ မပါချေ၊ အထက်သွားဖျားနှင့် အောက်နှာခမ်းဖျားကို စပ်၍ ရွက်မှသာ ဒန္တနှင့် သြဠ္ဌ ၂ ဌာန်သံပါသဖြင့် စာအတိုင်းညီမည်၊ "အံ ဋ္ဌံ ဥံ" ဟု ရွတ်သည့် အခါ နိဂ္ဂဟိတ်အတွက် နှာခေါင်းသံ ထွက်လျက်ရှိ၏၊ နှာခေါင်းပိတ်၍ ရွတ်လျှင် နှာခေါင်းတွင်း၌ လေသံတွေ့ပြည့်ကာ နိဂ္ဂဟိတ်သံ မပြိဘဲ ရှိ၏၊ ထို့ကြောင့် "နိဂ္ဂဟိတ်သည် နာသိကာဌာန် (နှာခေါင်း အရပ်) ၌ ဖြစ်၏" ဟု သိသာသည်၊ "ဂ-ဉ-ဏ-န-မ" ဟူသော ဝဂ္ဂန္တ ၅ လုံးသည် မိမိဆိုင်ရာ ဌာန်၌လည်း ဖြစ်, နာသိကာဌာန်၌လည်း ဖြစ်၏၊ (ဂ) အက္ခရာသည် ကဏ္ဌဌာန်နှင့် နာသိကာဌာန်တို့၌ တပြိုင်နက် ဖြစ်၏-စသည်ဖြင့် သိလေ။

ဟကာရံ၊ ပေ၊ တဒသံယုတံ — ဂ ဉ ဏ န မ ဟူသော ပဠမဝဂ္ဂရာနှင့် အန္တဿာ မည်သော ယ ရ လ ဝ, ဤအက္ခရာ ၉ လုံးနှင့် ယှဉ်သော ဟ အက္ခရာကို ဉရဌာန်၌ ဖြစ်၏ ဟု ရှေးဆရာတို့ ဆိုကြ၏၊ ထို ၉ လုံးနှင့် မတွဲသော ဟ သက်သက်ကား ကဏ္ဌဇံ သဘာဝတည်း၊ ထို အက္ခရာ ၉ လုံးကို ဟ နှင့်တွဲလျှင် "ဉ ဉ္ဇ ဏ္ဍ န္တ မ္ဗ ယ္ဟ ရ္ဟ လ္ဟ ဝ္ဟ" ဟု ဖြစ်၏၊ ရွတ်သည့် အခါ ရင်ခေါင်းသံ ပါ၏၊ ထို ၉ လုံးတွင် " ဉ ရ္ဟ " တို့သည် ပါဠိသုံး မရှိ၊ ဉ စသည်ကား " ပဉ္စံ, တုဏ္ဍိ, နန်နံ, အမှိ, မယှံ, ဝုလ္ဟော (ဝုဠ္ဟော) ဇိဉ္ဇါ " ဟု ပါဠိသုံးရှိ၏၊ ဉ နှင့်တွဲသော ဟ လည်း ဉရဌာန်၌ ဖြစ်၏၊ သို့သော် သဒ္ဓဘဏ္ဍာဂါရဏ်း၌ ဉ ကို ဥ သံဖြင့် သုံးသောကြောင့်ဌင်း, လနှင့် ဉ မထူး ဟု အယူရှိသောကြောင့်ဌင်း, ဉ်ကို ချန်လှပ်ဟန်ဘူသည်၊ ["ကောတံ နိန္ဒိတု မရဟတိ" ၌ ရနှင့် ဟကိုတွဲ၍ " မရှာဂိ " ဟု ဖြစ်သင့်ကြောင်း ကြံ၍ ရဟဆိုးလည်း ပါဠိသုံး ရှိ၏-ဟု ကြံကြသေး၏။]

ကရိဏ်းအကြောင်း ဖိုဂ္ဂါမဏ္ဍံ - လျှာလယ်အရပ်သည်၊ တာလုဇာနံ - တာလုဇ အာကွရာတို့၏၊ ကရဏံ-ကရိဏ်းတည်း၊ ဖိုဂ္ဂေါပဂံ - လျှာဖျား၏ အနီးအံရပ်သည်၊ မုဒ္ဓဇာနံ-မုဒ္ဓဇ အာကွရာတို့၏၊ (ကရဏံ-တည်း၊)ဖိုဂ္ဂဂံ-လျှာဖျား အရပ်သည်၊ ဒန္တဇာနံ-ဒန္တဇ အာကွရာတို့၏၊ (ကရဏံ - တည်း၊) သေသာ ၎ - ကြွင်းသော အာကွရာတို့သည်၊ သကဋ္ဌာန ကရဏာ-မိမိဋ္ဌာန်ဟူသော ကရိဏ်းရှိကုန်၏။

အန္တဋ္ဌာ ။ ။ "အန္တဋ္ဌာ ယ ရ လ ဝါ" ဟု ကလာပ်သုတ် ရှိ၏၊ ဝဏ်အက္ခရာ ၂၅ လုံးသည်လဲ ဖုဋ္ဌအက္ခရာ (ဖုဋ္ဌပယတ်ရှိသော အက္ခရာ) မည်၏၊ တာလုဇသ , မုဒ္ဓဇသ, ဒန္တဇသ, ဤ ၃ လုံးနှင့် ဟသည် ဥသ္မအက္ခရာမည်၏၊ ထို ဖုဋ္ဌ အက္ခရာ ဥသ္မ အက္ခရာတို့၏ အလယ်၌ တည်သောကြောင့် " အန္တ-အလယ်၌၊ တိဋ္ဌတိ-တည်တတ်၏ " ဟူသော ဝိဂြိုဟ်အရ ယ ရ လ ဝ ၄ လုံးသည် အန္တဋ္ဌာ မည်၏၊ ဟောနက် (အဘိဓေယျ) သည် ဝဏ္ဏကို ရသောကြောင့် ပုလ္လိန်ဖြင့် "အန္တဋ္ဌော"ဟု ရှိသင့်သော်လည်း ရှေးဆရာတို့ သတ်မှတ်ချက် အတိုင်း " အန္တဋ္ဌာ " ဟု ဣတ္ထိလိန်သာ ရှိရသည်၊ ထို့ကြောင့် ဂါထာ၌လည်း "အန္တဋ္ဌာဟိ" ဟု ဣတ္ထိလိန်ရှိသည်။ [" ဝဏ္ဏဝိသယောပိ အန္တဋ္ဌာသဒ္ဒေါ ဣတ္ထိလိင်္ဂေါ ဝေ"—မောဂ္ဂလ္လာန်ပဉ္စိကာ။]

ကရိဏ်း ၄ ပါး ။ ။ ဌာန်ကိုပြုပြီး၍ ကရိဏ်းကို ပြလိုသောကြောင့် " ဖိုဂ္ဂါမဏ္ဍံ " စသည်ကို မိန့်၊ "တေန-၌ လျှာလယ်စသော အရပ်ဖြင့်၊ ကရိယန္တေ (ဥစ္စာရိယန္တေ)-ရွတ်ဆိုအပ်ကုန်၏၊ ဣတိ-ဆိုကြောင့်၊ ကရဏံ-ကရိဏ်းမည်၏၊ အက္ခရာတို့ကို ရွတ်ဆို ကြောင်း ဖြစ်သော ထို ကရိဏ်းသည် ဖိုဂ္ဂါမဏ္ဍ ဖိုဂ္ဂေါပဂ္ဂ ဖိုဂ္ဂဂ္ဂ သကဋ္ဌာန အားဖြင့် ၄ ပါး ရှိ၏၊ " ဣ ၌ စ ဆ ဇ ဈ ည ယ " ၌ တာလုဇ ရှစ်လုံးတို့ကို ရွတ်ဆိုသည့် အခါ အာစောက်နှင့် လျှာလယ် ၂ ခုစပ်၍ ရွတ်ဆိုရ၏၊ ထိုတွင် အာစောက်အရပ်သည် ဌာန်, လျှာလယ်ကား (သူပါမှ ရွာ်၍ ဖြစ်သောကြောင့် ရွာ်ဆိုကြောင်း) ကရိဏ်းတည်း၊ ဖိုဂ္ဂေါပဂ္ဂကို " ဖိုဂ္ဂါ+ဥပဂ္ဂ " ဟု ခွဲ၊ ဥပဂ္ဂ= "ဥပ+အဂ္ဂ၊ အဂ္ဂ=အဖြားဇ်+ဥပ=အနီး၊ ဖိုဂ္ဂါယ+ဥပဂ္ဂံ , ဖိုဂ္ဂေါပဂ္ဂံ၊ လျှာ၏ အဖျားဆုံး မဟုတ်ဘဲ အဖျားကပ်နေသော အုစိတ် အပိုင်းကို ("ဖိုဂ္ဂါ+ဥပဂ္ဂ " မှ ဥကို သြ ပြု၍) ဖိုဂ္ဂေါပဂ္ဂ ဟု ခေါ်၏၊ ဋ ဌ စသော မုဒ္ဓဇ အက္ခရာများကို ရွာ်သည့် အခါ အာထိပ်နှင့် လျှာဖျားအနီးကို စပ်၍ ရွတ်ရ၏၊ ထိုတွင် အာထိပ်သည် ဌာန်, လျှာဖျား၏ အနီးကား ဖိုဂ္ဂေါပဂ္ဂ ကရိဏ်းတည်း။ [ဖိုဂ္ဂါဂ္ဂ=ဖိုဂ္ဂါ+အဂ္ဂ=လျှာ၏+အဖျား၊] တ ထ စသော ဒန္တဇ အက္ခရာတို့ကို ရွတ်သည့် အခါ သွားအရင်းကို လျှာဖျားနှင့် တို့၍ ရွတ်ရ၏၊ ထိုတွင် သွားရင်းသည် ဒန္တဌာန်, လျှာဖျားကား ဖိုဂ္ဂဂ္ဂ ကရိဏ်းတည်း။

သကဋ္ဌာန ကရဏာ ။ ။ သကဋ္ဌာနံ+ကရဏံ ယေသံတိ သကဋ္ဌာန ကရဏာ၊ "ယေသံ-အကြင် အက္ခရာတို့၏၊ သကဋ္ဌာန်-မိမိဋ္ဌာန် ဟူသော၊ ကရဏံ - ကရိဏ်းသည်၊ အတ္ထိ – ရှိ၏ " ဟု ပေး၊ တာလုဇ မုဒ္ဓဇ ဒန္တဇမှ ကြွင်းသော ကဏ္ဌဇ ဩဋ္ဌဇ နိဂ္ဂဟိတ်

ပယတ်အင်္ကြောင်း သံဝဠာဒိကရဏာ ဝိသေသော - ဌာန် ကရိယာ်းဘို်ကို ဝိတ်ခြင်း အစရှိသော အပြုအမူ အထူးသည်၊ ပယတနံ-ပယတ် မည်၏၊ သံဝဠုတ္တံ - ဌာန် ကရိယာ်းတို့ ဝိတ်အပ် ကုန်သည်၏ အဖြစ်သည်၊ ဝါ - ဌာန် ကရိယာ်းတို့ကို ဝိတ်ခြင်းသည်၊ အကာရသ-အာအာကွာရာ၏၊ (ပယတနံ - ပယတ်တည်း ၊) ဝိဝဋံ - ဌာန် ကရိယာ်းတို့ကို ပွင့်ခြင်းသည်၊ သေသသာရုံ-ကြွင်းသော သရတို့၏ဂုဏ်း၊ သကာရ ဟကာရာနုဋ္ဌ-သအာကွာရ ဟအာကွာရတို့၏ဂုဏ်း၊(ပယတနံ-တည်း၊)သမ္မုဋ္ဌံ-

အကွာရာတို့ကို ရွတ်ရာ၌ ဌာန်မှ တပါး အခြား ကရိယာ်း မရှိ , မိမိ တည်းဟူသော ဌာန် သည်ပင် ကရိယာ်းလည်း ဖြစ်တော့၏၊ ပွဲကရာ၌ လူ တယောက်ထည်းက မင်းသား မင်းသို်း ၂ ကိုယ်ကို ရွက်ဆောင်ရ၍ " မင်းသို်းလဲ ငါပငါပ, မင်းသားလဲ ငါပငါပ " ဟု ဆိုသကဲ့သို့ , လည်ချောင်းနှင့် နှုတ်ခမ်း နှာခေါင်း အရပ်တို့သည် သူတို့သည်ပင် ဌာန် သူတို့သည်ပင် ကရိယာ်းဖြစ်ကြ၍ "ဌာန်လည်း ငါပငါပ, ကရိယာ်းလည်း ငါပငါပ" တည်း၊ က အကွာရာကို ရွတ်ဆိုသည့် အခါ လည်ချောင်းသည် အကွာရာဖြစ်ရာ ဌာန်လည်း ဟုတ် ရွတ်၍ ဖြစ်ကြောင်း ဂဂိရိယာ်းလည်း ဟုတ်၏ ဤသို့ စသည်ဖြင့် သိလေ။ [အချို့ကား လည်ချောင်းကို ရှေဘက် နောက်ဘက်, သို့မဟုတ် ဘေးတဘက်စီ ခွဲ၍ တဘက်ကို ဌာန် ယူလျှင် အခြားတဘက်ကို ကရိယာ်းယူရမည်-ဟု ပြောကြ၏၊ ထို ဝါဒမှာ " သကဌာန ကရဏာ"ဟူသော ပါဠိနှင့် မလျော်၊ ထို ပါဠိအဓိပ္ပါယ်မှာ ဌာန်နှင့် ကရိယာ်းကို တဘက်စီ မခွဲခြားဘဲ "မိမိ တည်းဟူသော ဌာန်သည်ပင် ကရိယာ်းလည်း ဖြစ်၏"ဟု ဆိုလိုသည်၊ သြဋ္ဌ နာသိကာတို့၌လည်း ဤနည်းပင်။]

ပယတနံ သံဝုဋ္ဌာဒိ ကရဏာ ဝိသေသော—ကရိယာ်းကို ပြပြီး၍ ပယတ်ကို ပြလိုသော ကြောင့်"ပယတနံ"စသည်ကို မိန့်၊ [သံဝုဋ္ဌာဒိ၌ အာဒိဖြင့် ဝိဝဋ္ဋ-သံဖုဋ္ဌ-ဤသံဖုဋ္ဌ တို့ကို ယူ၊] ပယတနဉ္စ ပဟုဇ္ဇ ယတီဓာတ်သည် အာထုတ်ခြင်း အနက်ဟော၏၊ ဌာန် ကရိယာ်း တို့ကို ဝိတ်ခြင်း, ဖွင့်ခြင်း,ဌာန်ကရိယာ်းတို့၏ စေ့စေ့ စပ်စပ် ထိခြင်း,ဇဉ်ငယ် ထိခြင်းသည် ရွတ်ဆိုသူ၏ အားထုတ်မှု အမူအရာတည်း၊ ထို အမူအရာ အထူးကို "ပယတန "ဟု ခေါ်သည်၊ စည်သံမြည်တို့ အရေးဦ စည်, စည်ရိုက်ဒုတ်, လူတယောက်၏ အားစိုက်၍ ရိုက်မှု (အမူအရာ), ဤ ၃ ပါးစုံမှ စည်သံ ပေါ်လာသကဲ့သို့, ထို့အတူ အသံဖြစ်ရာဦ ဌာန်, ရွတ်ဆိုကြောင်း ကရိယာ်း, ထိဌာန်နှင့် ကရိယာ်းကို ဝိတ်ခြင်းစသော အားထုတ်မှုပယတ်, ဤ ၃ ပါးစုံမှ အကွာရာသံ ဖြစ်ပေါ်လာ၏၊ စည်နှင့်ဌာန်, စည်ရိုက်ဒုတ်နှင့် ကရိယာ်း, အားစိုက်၍ ရိုက်မှုနှင့် ပယတ်တို့ တူကြသည်၊

သံဝုဋ္ဌတ္တံ ၊ ပေ ၊ ဟကာရာနံ— ဤ ပစ္ဆည်း၏ ဘာဝအနက် ပေါ်အောင် ဝိတ်အပ် ကုန်သည်၏ အဖြစ်" ဟု အနက်ပေးသည်၊ ဝိတ်အပ်ကုန်သည်၏ အဖြစ်" ဟူသည် ဝိတ် ခြင်း ကြိယာပင်တည်း၊ (အ)ကို ရွတ်သည့်အခါ အ၏ ဖြစ်ရာ ကဏ္ဌဌာန်နှင့် သကဌာန ကရိယာ်း ဟူသော လည်ချောင်းကို ဝိတ်၍ ရွတ်ရ၏၊ ထို ဌာန်နှင့် ကရိယာ်း ဝိတ်ခြင်း အမှု

ဌာန် ကရိဏ်းတို့၏ ကောင်းစွာ ထိခြင်း (စေ့စပ်စွာ ထိခြင်း)သည်၊ ပဌ
ဝဂ္ဂါနံ-၅ ဝဂ်ဘို့၏၊ (ပ ဃတာနံ-တညီး၊) ၌ သမ္မာ့ဒ္ဓံ- ဌာနံကရိဏ်း တို့ဖြစ်
စဉ်ငယ် ထိခြင်းသည်၊ ယ ရ လ ဝါနံ-ယ, ရ, လ, ဝ တို့၏ (ပယတာနံ-
တညီး၊)ဏ္ဍာဘိ-၌သို့ ဌာနံကရိဏ်း ပယတ်တို့ကြောင့် ဝဏ္ဏာဘို့ ဖြစ်ကုန်၏။
[“ ဌာန ကရဏ ပယတာနေဟိ ဝဏ္ဏာ ဇာယန္တေ ” ဟု စဆိုခဲ့သော
စကားကို ဏ္ဍာဘိဖြင့် ပြန်၍အုပ်သည်။]

အရာသည် သံဝုဠပယတ်ဘည်း၊ အ – မ ကြွင်းသော ဒေါ စသော သရနှင့် သ အက္ခရာ
ဟာအက္ခရာတို့ကို ရွက်သည့်အခါ ကဏ္ဌစသော ဌာန်နှင့် ဆိုင်ရာကရိဏ်းကို ဖွင့်၍ ရွက်ရ၏
၌သို့ ဆိုင်ရာ ဌာန်နှင့် ကရိဏ်းကို ဖွင့်၍ ရွက်ခြင်း အမှုအရာသည် ဝိဝဋပယတ် မည်၏၊
[ဝိဝဋပယတ်နှင့် ဆိုင်သော အက္ခရာ ၉ လုံးတွင် “သ” ကို မြန်မာရွက်နည်းအတိုင်း ဒန္တ
ဌာန်နှင့် ဇိဝှဂ္ဂ ကရိဏ်းကို ဖွင့်၍ ရွက်လို့မဖြစ်၊ ဟိန္ဒူ အင်္ဂလိပ် သိဟိုဠ်တို့ကား မြန်မာမျာ
ရွက်သလို“သ”ဟု မရွက်ကြ၊ (ဓ) သံလိုလို ရွက်ကြ၏၊ ထို အသံအတိုင်း ရွက်မှသာ
ဒန္တဌာန်နှင့် ဇိဝှဂ္ဂ ကရိဏ်းတို့ မထိသဖြင့် ဝိဝဋပယတ်ဆိုသော စကားနှင့် ညီမည်။]

သံဖုဋ်ံ ပဌဝဂ္ဂါနံ — [နောက်ပယတ်ကို “ ၌သံဖုဋ္ဌ=ဇဉ်ငယ်ထိခြင်း ”ဟု ဆိုသော
ကြောင့် ၌ပ ဃတ်ကို သမ္မဒ္ဓ (သံ=ကောင်းစွာ, စေ့စပ်စွာ+ဖုဋ္ဌ=ထိခြင်း) ဟု ဆို၏၊]။
ဝဂ် ၅ ပါးတို့တွင် ကဝဂ် ပဝဂ်၌ အထူးဆိုဘွယ် မရှိ၊ “စ ဆ ဇ ဈ”တို့သည် ယခု မြန်မာ
ရွက်ပုံအားဖြင့် တာလုဌာန်နှင့် ဇိဝှါမဇ္ဈ ကရိဏ်းတို့ စေ့စပ်စွာ မထိနိုင်ကြ၍ သံဖုဋ္ဌပယတ်
မဖြစ်နိုင်၊ ဟိန္ဒူ သိဟိုဠ် အသံထွက် အတိုင်း “ကျ ချ ဂျ ဃျ”ဟု ရွက်မှ သံဖုဋ္ဌ ဖြစ်သည်၊
ထို့ပြင်-တာလုဇဉ္ဇဝဂ်နှင့် ဒန္တဇဘဝဂ်တို့လည်း မြန်မာရွက်သံ၌ ကွဲကွဲပြားပြားမသိသာရုံ
မက, ဒန္တဇ(တ)ဝဂ်တို့၌လည်း ဒန္တဌာန် (သွားရင်းသံ) မပါချေ၊ သိဟိုဠ်အသံ အတိုင်း
ဌ သံနှင့် သ သံတို့ အကြား၌ အသံထွက်အောင် ရွက်မှ ဒန္တဌာန်သံ ထင်ရှားပေမည်။

၌သံဖုဋ်ံ ယရလ ဝါနံ— ယကို ရွက်သည့်အခါ ယ၏ဖြစ်ရာ တာလုဌာန်(အာဇစံ)
နှင့် ဇိဝှါမဇ္ဈကရိဏ်းကို မထိ တထိ ရွတ်ရ၏၊ ၌သို့ ဇဉ်ငယ်ထိ (မထိ တထိ) ရွက်ခြင်း
အမှုအရာကို “၌သံဖုဋ္ဌ”ပယတ် ဟု ခေါ်၏၊ ရဝတို့ ရွတ်သည့် အခါလည်း ဆိုင်ရာ ဌာန်
ကရိဏ်းတို့ မထိ တထိပင်၊ လ ကို ရွက်ရာ၌ကား မြန်မာတို့ ရွတ်ပုံမှာ ဌာန်နှင့် ကရိဏ်း
စေ့စပ်စွာ ထိနေ၏၊ ဣန္ဒိယသားများ ရွက်သလို မထိ တထိ ရွက်မှ ၌သံဖုဋ္ဌ ပယတ်နှင့်
လျော်မည်၊ [တချို့က-ရကို ရွက်သည့်အခါလျှာကို ခေါက်လိပ်၍ ရွက်ရမည် ဟု သြဝါဒ
ပေးကြ၏၊ ခေါက်လိပ်၍ ရွတ်လျှင် စေ့စပ်စွာ ထိနေသောကြောင့်ၵင်း နဂိုရလျှာအလိုက်
ရွတ်ဖြစ်ပါလျက် ခေါက်လိပ်နေခြင်းဖြင့် အကျိုးမထူးသောကြောင့်ၵင်း ထို သြဝါဒကို
စဉ်းစားထိုက်သည်။]

သံဝုဠနှင့် သံဖုဋ္ဌအထူး။ ။သံဝုဠသဒ္ဒါသည် “ဝိတ်ထားခြင်း” အနက်ကို ဟော၏၊
ဖုဋ္ဌသဒ္ဒါကား ဝိတ်ခြင်း အနက်ကို မဟော, ထိခြင်း အနက်ကိုသာ ဟော၏၊ ထို့ကြောင့်
သံဝုဠပယတ်၌ ရွက်ဆဲ ကာလနှင့် ရွက်ပြီး ကာလဝယ် ဌာန်နှင့် ကရိဏ်းတို့ ဝိတ်လျက်

အက္ခရာ ရွေ့နေဒံစဉ်ပုံ

ဇဝံ-ဤသို့၊ ဝါ-ဤဆိုအပ်ပြီးသည့်အတိုင်း၊ ဌာန ကရဏာ ပယတနာ သုတိ ကာလ ဘိန္နေသု - ဌာန်, ကရိဏ်း, ပယတ်, သုတိ, ကာလ အားဖြင့် ပြားကုန်သော၊ အက္ခရေသု- အက္ခရာတို့တွင်၊သရာ-သရတို့သည်၊ နိသယာ-ဖြစ်ကုန်တည်း၊ ဗျည်းတို့တို့သည်၊ အဲခြားသော ဗျည်းတို့သည်၊ နိသိတာ-ဖြစ်တတ်သော အက္ခရာတို့တည်း၊ စတ္ထေ-ထို နိသယ နိသိတ ၂ မျိုးတို့တွင်၊....

နိသယ-ဖြစ်ကုန်သော၊ သရာ-တို့ကို၊ (နိသယ-ဖြစ်တို့၏ အဖြစ်ကြောင့်၊) အာဒေါ-ဗျည်းတို့၏ အစဉ်၊ ဝတ္တာ-ဆိုအပ်ကုန်ပြီ၊ နိသိ နှိ၏၊ အ အက္ခရာကို ရွတ်ကြည့်ပါ၊ သံဖုဋ္ဌ ပယတ်ဋ္ဌကား ရွတ်ဆိုသည့်အခါ ဌာန်နှင့် ကရိဏ်းကို သေချာစွာ ထိထားပြီးလျှင် ရွတ်၍မပြီးခင်၊ ထို အထိကို ဖွင့်လိုက်ရ၏၊ ပ ကို ရွတ်ကြည့်ပါ၊ ဤသို့ သံဝုဋ္ဌ၏ ရွတ်ဆဲ,ရွယ်ပြီးစဉ် ပိတ်ထားရခြင်း - သံဖုဋ္ဌ၏ မရွတ်ခင် ထိပြီးလျှင် ရွတ်သည်နှင့်တပြိုင်နက် ဖွင့်လိုက်ရခြင်းသည် ပယတ် ၂၂ ပါး၏ ထူးခြားချက်စာည်း။ [အက္ခရာ ရွတ်နည်းများငယ် မြန်မာသံဌ ပြုပြင်ရန် အတော်များစွာ ရှိသေးရကား သရဏာဂုံ ကမ္မဝါစာတို့ဋ္ဌ ကျနသည်ထက် ကျနဘို့ရာ ဆရာသမားတို့ထံ ရွတ်နည်း ဖတ်နည်းကို ဌာန်ကရိဏ်း ပယတ် ညီညွတ်အောင် လေ့သင့်ကြသည်။]

ဇဝံ ဌာန၊ ပေ၊ ကာလဘိန္နေသု — ဌာန် ကရိဏ်း ပယတ်တို့ကို ပြုပြီး၍ အက္ခရာ ရွှေ့နောက်စဉ်ပုံကို ပြလိုသောကြောင့် "ဇဝံ" စသည်ကို ဆိုခဲ့၏၊ ဇံသည် ဆိုအံ့ပြီးသော ဌာန် ကရိဏ်း ပယတ်တို့ကို ညွှန်ပြသော ' (နိဒဿနတ္ထ) နိပါတ်တည်း၊ ဘိန္နေသုကို ရှေးရှေးပုဒ်တို့ဋ္ဌလည်း စပ်၍ ဌာနဘိန္နေ-ကရဏဘိန္နေ-ပယတနဘိန္နေ-သုတိဘိန္နေ ဟု မှတ်၊ ထိုတွင် အက္ခရာတို့၏ (ကဝဂ်နှင့် စဝဂ် စသည်တို့) ဌာန်အားဖြင့် ကွဲပြားပုံ (မတူပုံ) သည် ဌာနဘိန္နမည်၏၊ (ကဝဂ်၏ ကရိဏ်းသည် သကဋ္ဌာနကရိဏ်း, စဝဂ်၏ ကရိဏ်းကား ဇိဝှါ ဌာန္တရကရိဏ်း) ဤသို့ ကရိဏ်းအားဖြင့် ကွဲပြားပုံသည် ကရဏဘိန္နမည်၏၊ အ၏ ပယတ်သည် သံဝုဋ္ဌ, အာ၏ပယတ်ကား ဝိဝဋ္ဌ, ဤသို့ အ နှင့် အာ ၏ ပယတ်အားဖြင့် ကွဲပြားပုံ ဆိုသည် ပယတနဘိန္နမည်၏၊ ဤသို့စသည်ဖြင့် ပြခဲ့သည့်အတိုင်း သိနိုင်လောက်ပြီ၊ "သူယ ဧတတိ သုတိ" နှင့်အညီ နားနှင့်ကြားအပ်သော အသံသည် သုတိမည်၏၊ ကနှင့် ခ သည် အဃောသဖြစ်၍ နားနှင့် မထန်မပြင်း ကြားရ၏၊ ဂ ဃ င တို့သည် ဃောသဖြစ်၍ ထန်ထန်ပြင်းပြင်း ကြားရ၏၊ ဤသို့ စသည်ဖြင့် အက္ခရာ တို့၏ ကြားရသော အသံအားဖြင့် ကွဲပြား ခြားနားမှုသည် သုတိဘိန္နမည်၏၊ ရွတ်ဆိုရာ အချိန်အခါကို ကာလ ဟု ခေါ်၏၊ ရသသရတို့ကို ရွတ်သည့်အခါ တစ်မတြာသာ ကြာ၍ ဒီဃသရတို့ကို ရွတ်သည့်အခါ ၂ မတြာကြာ၏၊ ဤသို့ ရွတ်ရာကာလအားဖြင့် ကွဲပြားမှုသည် ကာလဘိန္နမည်၏။

သရာ နိဿယာ၊ ပေ၊ နိသိတာ — ဤသို့ ဌာန်စသည်အားဖြင့် ကွဲပြားကုန်သော အက္ခရာတို့တွင် သရတို့သည် ဗျည်းတို့၏ မှီရာ နိဿယ များသောကြောင်း၊ ဗျည်းတို့ကား သရတို့ကိုမှီရမှ အသံပြိုသောကြောင့် နိသိတတို့တည်း၊ ကျောင်းဆောက်ရာ၌ မှီရာ

တာ-မှိတတ်ကုန်သော၊ ဗျည်္ဇနာ - တို့ကို၊ (နိဿိတာ-မှိတတ်ကုန်သည်၏ အဖြစ်ကြောင့်၊) တတော - ထို့ သရမှ နောက်၌၊ ဝဂ္ဂာ - ကုန်ပြီ၊ ဝဂ္ဂါ-ဝဂ်တို့ကိုဆိုင်း၊ ဇကဇာ-ဇကဇသရ, ဇကဇဝဂ်, ဇကဇ အာဝဂ်တို့ကိုဆိုင်း၊ ဗဟုတ္တာ-များကုန်သည်၏ အဖြစ်ကြောင့်၊ အာဒေါ - အစ၌၊ ဝတ္တာ - ဖို၊ တာတော - ထို့ပြင်၊ ဌာန လဟုက္ကမာ - ဌာန်အစည်, လဟု ဂရု အစည်တို့သည်၊ ဟောန္တိ - ဖြစ်ကုန်၏၊ [" ဌာနာ လဟုက္ကမာ " ဟု တာ၌ကိုက်၍ " ဌာနာ- ဌာန်အစည်အားဖြင့်ဆိုင်း၊ လဟုက္ကမာ-လဟု ဂရု အစည်အားဖြင့်ဆိုင်း၊ ဝတ္တာ - ကုန်ပြီ " ဟု အနက်ပေးကြ၏၊ သိဟိုဠ်ရုပသိဒ္ဓိ၌ " ဌာန လဟုက္ကမာ "ဟုသာ ကိုက်၏၊ " ဌာနာ လဟုက္ကမော" ကိုသည်ကား လုံးလုံး မကောင်း။]

ရမြေသည် ပဌမတည်ကို၍ ထို့နောက်မှ မြေကိုမှီသော ကျောင်းပေါ်လာရခြင်းသည့် ထုံးစံဖြစ်သကဲ့သို့, ထို့အတူ မှိရာသရကို ပဌမပြု၍ မှိတတ်သောဗျည်းကို နောက်မှပြုခြင်းသည့် လောကထုံးစံ လျော်ကန်သင့်မြတ်ပေသည်၊ [ဂါထာ၌ "နိဿယာ, နိဿိတာ" ပုဒ်ဘို့ကို ဝိသေသနလည်း ဖြစ် - ဟိတ် အနက်လည်း ဖြစ်သော ဟေတုမန္တ ဝိသေသန ဟု ကြံ၍ အနက် ၂ ထပ် ပေးလိုက်သည်၊ မှိရာ သရတို့ကို မှိရာဖြစ်သောကြောင့်ပင် အစ၌ ဆိုထား၍, မှိတတ်သောဗျည်းတို့ကို မှိတတ်သောကြောင့်ပင် သရနောက်မှ ဆိုထားသည်၊ "သရနှင့် ဗျည်းတို့ကို ရှေနောက် စဉ်ရာ၌ အကြောင်းတပါး ရှာဘွယ်မလို, နိဿယ ဖြစ်ခြင်း နိဿိတ ဖြစ်ခြင်းသည်ပင် အကြောင်းတည်း" ဟူလို။]

ဝဇ္ဈကဇာ ဗဟုတ္တာဒေါ— "ဝဂ္ဂါဗဟုတ္တာ အာဒေါ"ဟု စပ်၊ ဝဂ်နှင့် အဝဂ်တို့စွဲ ဝဂ်က ၂၅ လုံးရှိ၍ အဝဂ်က ရှစ်လုံးသာရှိ၏၊ "အပွက ဗဟုကေသု ဗဟုကာဝ ပဌမံ ဝတ္တဗ္ဗာ=အနည်းအများတို့စွဲ အများကို ပဌမဆိုထိုက်သည်"ဟု ပရိဘာသာ ရှိသောကြောင့် များသောဝဂ်တို့ကို နည်းသောအဝဂ်သို့၏ ရှေကထားသည်၊ "ကဇာဗဟုတ္တာ အာဒေါ"ဟု စပ်၊ ကဇဟူရာ၌ သရ ကဇ-ဝဂ် ကဇ-အဝဂ် ကဇ ဟု ၃ မျိုးရှိ၏၊ တဌာန်ထည်း၌ဖြစ်သော အက္ခရာကို ကဇ (က=တဌာန်၌+ဇ=ဖြစ်သောအက္ခရာ) ဟု ခေါ်၏၊ နှစ်ဌာန်၌ ဖြစ်းသာ အက္ခရာကို ဒ္ဝိဇ ဟု ခေါ်၏၊ သရတို့တွင် အ အာ (ကဏ္ဌဌာန်၌) ဣ ဤ (တာလုဌာန်၌)ဥ ဥ၊ (သြဋ္ဌာန်၌) ဖြစ်ရကား ဤ ၆ လုံးသည် ဧကဇ သရများတည်း၊ ဧ(ကဏ္ဌတာလုဇ) ဩ(ကဏ္ဌသြဋ္ဌဇ) တို့သည် ၂ ဌာန်စီ၌ ဖြစ်သော ဒ္ဝိဇ သရများတည်း၊ ထိုတွင် ဧကဇ သရသည် ၆ လုံးရှိ၍ ဒ္ဝိဇ သရထက် များသောကြောင့် ဧကဇ သရတို့ကို ရှေ့၌ ထားသည်၊ ဝဂ်တခုတွင်လည်း ရှေ ၄ လုံးသည် ဧကဇ, နောက်ဆုံး ၎ ဉ ဏ နမ တို့ကား မိဒဌာန်နှင့် နာသိကာဌာန်၌ ဖြစ်သော ဒ္ဝိဇ ဖြစ်ရကား ဧကဇဝဂ်က များသောကြောင့် ဒ္ဝိဇဝဂ်၏ ရှေ့၌ထားသည်၊ အဝဂ်တို့တွင်လည်း ယ ရ လ ဝ လုံးသည် ဧကဇ, ဝ အက္ခရာကား ဒ္ဝိဇတည်း၊ ဤသို့ ဧကဇ အဝဂ် ၃လုံးဖြစ်၍

စ- သာဓက ကား၊ ပဋ္ဌန် ပန ဌာနာနံ ၊ ပေ၊ မနုက္ကမော်တိ-ပဋ္ဌန် ပန ဌာနာနံ ၊ ပေ၊ မနုက္ကမော ဟူ၍၊ ဂတ်-ချာသဒ္ဒ်ဆိုအင်ဖြို့။ [ပဋ္ဌန်-ငါးပါး ကုန်သော၊ ဌာနာနံ-ဌာန်တို့၏၊ ပတ်ပါတိ ဝသာဝိစ-အာစဉ်၏ အစွမ်းဖြင့် ၎င်း၊ နိသဇ္ဇာဒိပွဘေဒေဟိ - နိသဇ္ဇ အစရှိသော အပြားတို့ဖြင့်၎င်း၊ တေသံ-ထို အကွရာတို့၏၊ အနုက္ကမော - အစဉ်ကို၊ ဂတ္တော-ဆိုအင်ဖြို့။]

များသောကြောင့် ဒွိဇ အဝဂ်(ဝအက္ခရာ)၏ ရှေက ထားသည်။ [သ ဟ ဠ အံ အတွက် အကြောင်းတမျိုး ပြဉ္ဇုးလတံ့။]

တတော ဌာနလဟုက္ကမော — [ဌာနက္ကမ, လဟုက္ကမဟု ခွဲ။] သရအစဉ် ဂဂ်အက္ခရာ အစဉ်နှင့် ယ ရ လ ဝ အစဉ်များကို ဌာန်စဉ်ရှိတိုင်း စဉ်ထာ၊သည်၊ [စဉ်ပုံကို ဌာနာဒိက္ကမ သန္နိဿိတောဌ် ပြခဲ့ပြီ၊] လဟုက္ကမဌ် လဟုဖြင့် ဂရုပါယူ၊ ရဿတို့ကို တိုသော ရွတ်ရာကာလ ရှိသောကြောင့်, အလေ်ာသတို့ကို မပြင်းထန် သောကြောင့် လဟု ဟု ယူ၍, ဒီဃနှင့်လေ်ာသတို့ကို "ဂရု"ဟု ယူပြီးလျှင် " ဂရုကလဟုကေသု လဟုကာဝ ပဌမံ စတ္တာဗ္ဗာ"ဟူသော ပရိဘာသာနှင့် အညီ အနှင့် အာ တွင် အ ကို လဟု ဖြစ်၍ အာ၏ ရှေက ထားသည်၊ ဇနှင့် ဤ ဉ နှင့် ဉု တို့လည်း နည်းတူ၊ ဓ နှင့် ဩ တွင် ဓ သည် ကဏ္ဌ တာလုဇ, ဩ ကား ကဏ္ဌ ဩဋ္ဌဇ ဖြစ်၍ တာလုအတွက် ဌာန်အား ဖြင့် ရှေကျသောကြောင့် ဓ ကို ရှေက ထားသည်။

က ဝဂ်တွင် က ခ သည် အလေ်ာသဖြစ်၍ လဟုတည်း, ဂ ဃ ကား လေ်ာသ ဖြစ်၍ ဂရုတည်း၊ ထို့ကြောင့် က ခ ကို ရှေထားသည်၊ က ခ တွင်လည်း ကသည် သိထိလဖြစ်၍ လဟု ဖြစ်သောကြောင့် ဓနိတ ဂရု ဖြစ်သော ခ ၏ ရှေက ထားသည်၊ ဂ နှင့် ဃ လည်း နည်းတူ၊ နောက် ဇဂ်များဌ်လည်း ဤနည်းပင်၊ အဝဂ်တွင် ယ ရ လ ဝ တို့သည် လေ်ာသ ဂရု ဖြစ်သော်လည်း များသောကြောင့် ရှေကထဲး၍ သ အက္ခရာကိုကား အလေ်ာသ စာလုံးထည်းဖြစ်၍ နည်းသောကြောင့် နောက်ဌ်ထားသည်၊ ဟကိုကား ကဏ္ဌလည်းဖြစ် လေ်ာသလည်း ဖြစ်၍ အဝဂ်တွင် ပဌမဆုံး ပြသင့်စေကား မူ အစဉ်မဟုတ်သော အား ဖြင့်လည်း အက္ခရာဖြစ်ပုံ ရှိသေး၏"ဟု သိစေခြင်း အကျိုးငှါ သ၏ နောက်ဌ် ဆိုထားသည်၊ ဋ္ဌအက္ခရာကို "ဂရုဋ္ဌ=ဂရုဋ္ဌ" စသည်ဖြင့် ဋ္ဌ အက္ခရာနှင့် လဲလှယ်၍ ရွတ်လေ့ ရှိကြ၏၊ ဤသို့ ဋ္ဌ ၏အလဲအလှယ် ဖြစ်၍ မသေချာ သေးကြောင့် ဟ ၏ နောက်ဌ် ပို့ထားသည်၊ နိဂ္ဂဟိတ်မှာ သရလည်း မဟုတ် ဝဂ်လည်း မဟုတ်၍ အဝဂ်တွင် သွင်းပြီးလျှင် အဝဂ်တွင်လည်း လေ်ာသ အလေ်ာသမှ အလွတ် ဖြစ်သောကြောင့် နောက်ဆုံးဌ် ထားသည်။

ဝုတ္တဉ္စ။ "ဤပြခဲ့သော အက္ခရာစဉ်ပုံသည် မိမိအလိုအတိုင်း စဉ်ခြင်းမဟုတ်, ချာသကျမ်းဌ်လာသော အစဉ်ဖြစ်သောကြောင့် ထိုချာသ ဂါထာကို သာဓကအဖြစ်ဖြင့် ပြခြင်းငှါ "ဝုတ္တဉ္စ-ပဋ္ဌန်ံ ပန ဌာနာနံ" စသည်ကို ဆိုသည်၊ ဤဂါထာဌ် အဓိပ္ပါယ် အထူးမရှိ၊ ပဋ္ဌန်ံ ပန ဌာနာနံ, ပတိပါဒိဝသာဝိစ" သည် ရှေဂါထာလာ "ဌာန လဟုက္ကမော" တွင် ဌာနက္ကမ၏ သာဓကတည်း၊ " နိသဇ္ဇာဒိပွဘေဒေဟိ " ကား "နိသဇ္ဇာ ဒေါ သရာ ဝုတ္တာ " စသော စကားအားလုံး၏ သာဓကတည်း။

ဇကေန-တလုံးဖြင့်၊ အဓိကာ-ပိုလွန်သော၊ စတ္ထာလိသံ-၎ဝ တည်း၊ ဇကေစတ္ထာလိသံ - တလုံးဖြင့် ပိုလွန်သော ၎ဝ၊ ဝါ - ၎၁ လုံး၊ ဂဏန ပရိဿဒေန - ဂဏန်းကို ပိုင်းခြားကြေငြာဖြစ်သော၊ ဇတေန - ဤ ဇကေစတ္ထာလိသံပုဒ်ဖြင့်၊.... ဣတော ဇကတုလိသတော - ဤ ၎၁ လုံးထက်၊ အဓိကဂ္ဃရဝန္တာနိ- ပိုလွန်သောအကျရာရှိသော စကားတို့သည်၊ နဗ္ဗဝဝန္တာနိ-ဘုရား စကားတော် မဟုတ်ကုန်၊ ဣတိ-ဤ အနက်ကို၊ အာစရိယာ သဘော - အရှင်ကစ္စည်း ဆရာမြတ်သည်၊ ဒီပေတိ - ပြ၏။

အပိဂ္ဂဟဏံ - အပိသဒ္ဒါသည်၊ ပေဋ္ဌာ-အောက် အထွေ၊ အကျရသညာတော်၌၊ ဝုတ္တာနံ-ဆိုအပ်ပြီးသော အကျရာဘို့ကို၊ အပေက္ခာကရဏတ္ထံ-ငဲ့ခြင်းကို ပြုခြင်း အနက်ရှိ၏။

ဇကေန၊ ပေ၊ ဂဏန ပရိဿဒေန — အကျရာ, အာဒယော တို့၏ ပဒဝိဂ္ဂဟသံဝဏ္ဏနာကို ပြရာဝယ် အကျရာ ရှေ့နောက်စဉ်ပုံကိုပါ ဆက်လက် ပြပြီး၍ ယခုအခါဤ ဇကေစတ္ထာလိသံ ပုဒ်၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို ပြလိုသောကြောင့် "ဇကေန" စသည် မိန့်၊ ဤ ဝိဂ္ဂဟသည် "အဓိက" အလယ်ပုဒ်ကြွေသော မဇ္ဈေလောပိ တပ္ပုရိသ ဝိဂ္ဂဟတည်း၊ "ဇကောစ စတ္ထာလိသံစ ကေစတ္ထာလိသံ" ဟု ဒွန်သမာသ်လည်း ပြုကြသေး၏၊ ဤသန်ဿပုဒ်မျိုးကို "ဂဏပရိဿဒေ" ဟု ချည်း ဖွင့်၏၊ [ဂဏန=ဂဏန်းသင်္ချာကို+ပရိဿဒေ=ပိုင်းခြားကြေငြာခြင်း စကား။] "၎ဝ" ဟု ဆိုလိုက်လျှင် '၎ဝ အောက်လည်း မယုတ်, ၎ဝ အထက်လည်း မပို, ၎ဝ အတိပင်" ဟု ပိုင် ခြား ကန့်သတ်သော စကားဖြစ်သည်-ဟူလို၊ ဤ"ဇတေန" ပါဠိကို ဂါထာတွင်းဥ်ပါသော "ဒီပေတိ" ကြိယာမှာ စပ်။

အဓိကဂ္ဃရ၊ ပေ၊ သဘော—၎ဝ လုံးထက် ပိုမိုသော အကျရာရှိသော (၎ဝ လုံးထက် ပို၍သုံးစွဲထားသော) သတ္တတစကား သတ္တတကျမ်းစာများ ရှိသေး၏၊ ထိုသတ္တတဆိုင်ရာ ကျမ်းစာ စကားတို့သည် ဘုရားဟော ပါဠိတော်များ မဟုတ်ကြ - ဟု အရှင်ကစ္စည်း ဆရာမြတ်က ကေစတ္ထာလိသံ ပါဠိဖြင့် ပြသည်။ ["အာစရိယာ သဘော" ဌ္ဌ အာသဘ သဒ္ဒါကား "အမြတ်" အနက်ဟောတည်း။]

အပိဂ္ဂဟဏံ၊ ပေ၊ အပေက္ခာကရဏတ္ထံ — အကျရာ + အာဒယော + ကေစတ္ထာလိသံ တို့၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို ပြရာဝယ် နိပါတ်ဖြစ်၍ ဝိဂ္ဂဟ မပြုကောင်းသောကြောင့် အပိသဒ္ဒါကို မပြုခဲ့သေးဘဲ ယခုမှ အပိသဒ္ဒါ၏ ပဒတ္ထ သက်သက်ကို ပြလိုသောကြောင့် "အပိဂ္ဂဟဏံ" စသည်ကိုမိန့်၊ [ဤထိုလိန်ဖြစ်၍အာကာရန္တဖြင့် "အပေက္ခာ" ဟု သိဟိုဠ်မူအတိုင်း ရှိစေ။] အပိသဒ္ဒါ၏ သမုဋ္ဌာန်း စသော အနက် များစွာတို့တွင် ဤသုတ်၌ အပေက္ခာအနက်ကို ဟောင်း၊ အပေက္ခာဟူသည် ရှေ့ဆိုခဲ့ပြီးကို ပြန်၍ ငဲ့ခြင်း အနက်တည်း၊ ခဲ့ဥုံးအံ့ — "အကျရာ အာဒယော ကေစတ္ထာလိသံ" ဟု အပိ မပါဘဲ ဆိုလျှင် တတ္ထောဒန္တာ သုတ်ကဲ့သို့ ရှေ့ကို ငဲ့သံမပါ၊ အပိသဒ္ဒါ ထည့်၍ ဆိုခြင်းကြောင့်

(၃) တထွော ဒန္ဓာ သရော အဋ္ဌ ။ ။ အကာရဒိသု - ကုန်သော၊ တထ္ထ တေသု အက္ခရေသု - ထို အက္ခရာတို့ဘွင်၊ သြကာရန္တာ အဋ္ဌ အက္ခရာ သရနာမ ဟောန်၊ တံယထာ ၊ပေ၊ ဏာဘိ - ၍ ရှည်လုံးသော အက္ခရာတို့သည်၊ သရာ-သရတို့တည်း၊ ယေသံ-အကြင် အက္ခရာတို့၏၊ သြ-သြဟူသော၊ အန္တော - အဆုံးသည်၊ အတ္ထိ, ဏာ် တေ-ထို အက္ခရာတို့သည်၊ သြဒန္တာ - သြဒန္တတို့ မည်၏၊ [ဒကာရော-ဒ အက္ခရာသည်၊ သန္ဓိဇော-သန္ဓိ၌ ဖြစ်၏၊] သရန်၊ (ဂစ္ဆန်၊)-သူတပါးကို မဖြိဘဲ ဖြစ်နိုင်ကုန်၏၊ ဏာ် သရာ၊ ဗျဉ္ဇနေ - ဗျည်းတို့ကို၊ သာရေန်၊ - ဖြစ်စေတတ်ကုန်၏၊ ဏာ်တိဝိ-ထို့ကြောင့်လည်း၊ သရာ-သရတို့ မည်၏၊ (၃)။

ကား " အက္ခရာ အဝိ-အထွော အက္ခရသညာတော ဝါကျ၌ ဆိုအပ်ခဲ့သော အက္ခရာတို့ ဟူသည်လည်း " ဟု အထွော အက္ခရသညာဘော ဝါကျက အက္ခရာကို (လက်ညှိုးညွှန်ပြသကဲ့သို့) ပြန်၍ ရှင်းသံပါသည်၊ ထို အဝိသဒ္ဒါဖြင့် ဆိုလိုရင်းမှာ - ယခုသုတ်၌ ပြမည့် အ အာ စသော အက္ခရာများသည် အထွော အက္ခရသညာတော ဝါကျ၌ " အက္ခရ " အရ ပြခဲ့သော အက္ခရာများပင်တည်း-ဟု ဆိုလိုသည်၊ [အဝိသဒ္ဒါ၏ အနက်များစွာကို နာမ် ဥပသာရပုဒ်၌ တွေ့ရလတံ့၊ သမုစ္စည်းနှင့် အပေက္ခာ အနက်တို့ ထူးခြားပုံကိုလည်း ထို အဖွင့်ကျမှ ပြမည်။]

၃။ တထ္ထ ၊ပေ ၊ သာရေန်္တိ ဝိ သရာ—သုတ်ဖွင့်ပုံကိုဂုဏ်း သုတ္တဝုတ္တိစသော ဝုတ္တိ ၃ မျိုးကိုဂုဏ်း ကစ္စည်းဘာသာဋီကာ၌ ပြထား၏၊ " သြ+အန္တော " စသည်ကား ပဒဝိဂ္ဂဟ သံဂျွန်နာတည်း၊ သြဒန္တာ၏နောက်၌ " ဒကာရော သန္ဓိဇော " ဟု ရှေးပါ၌ ရှိသေးဟန်တူသည်၊ ဘာ့ကြောင့်နည်း... " ဒကာရော သန္ဓိဇော်တိ - သိလိဋ္ဌနိဒ္ဒေသတ္ထံ (ပြေပြစ်အောင် ညွှန်ပြခြင်း အကျိုးငှါ) သန္ဓိဝသေန - (အာမမသန္ဓိ၏ အစွမ်းဖြင့်, ဒ အက္ခရာလာသဖြင့်) ဝုတ္တော " ဟု ဋီကာဖွင့်သောကြောင့်တည်း၊ " သရန္တိ ဂစ္ဆန္တိ " ဟု ဝိဂ္ဂဟပြုရာ၌ " သရ-ဂတိစိန္တာယံ " ဟူသော ၂ နက်တွင် စိန္တာအနက်ကို မယူဘဲ ဂတိ အနက်ယူစေလို၍ သရန္တိကို ဂစ္ဆန္တိ ဟု ဖွင့်သည်၊ " သရန္တိတိ သရာ " ဟူသာ ပြုစေလိုရင်းတည်း။

ထို ဂတိအနက်လည်း " ယေ ဂတျတ္ထာ တေ ဗုဒ္ဓိဿာ, ပဝတ္တိ ပါပုဏန္တိတ္ထကာ " နှင့် အညီ ၅၅ နေရာ၌ ပဝတ္တိအနက်ကို ယူပါ၊ " ဖြစ် " ဟူသည်လည်း ဗျည်းများကဲ့သို့ သုတပါးကို မဖြိရဘဲ " အ, အာ " စသည်ဖြင့် မိမိဘာသာတည်နိုင်, မိမိဘာသာ အသံပြိုသွာ ဖြစ်နိုင်ခြင်းတည်း၊ " ဗျဉ္ဇနေ သာရေန္တိ " အရ ဗျည်းတို့ကို ဖြစ်ခစေခြင်း ဟူသည် (သရနှင့် မတွဲရလျှင်) ဗျည်းသက်သက် အသံ မထင်ရှားသောကြောင့် သရတို့က ဗျည်းတို့ကို အသံပြိုသွာ ဖြစ်စေနိုင်ခြင်းတည်း၊ [သရန္တိသည် သရာ၏ သုဒ္ဓကတ္တုသာဓနဝိဂ္ဂဟ, သရဓာတ် ကတ္တားဟော အ ပစ္စည်း၊ သာရေန္တိ ကား ဟေတု ကတ္တုသာဓန ဝိဂ္ဂဟ သရဓာတ် ကာရိတ်ဏော ပစ္စည်းနှင့် အပစ္စည်းတည်း၊ ကာရိတ်ဏော ပစ္စည်းကို ဖျောထားသည်။]

(၃) တတ္ထဓာတိ-တတ္ထ ပုဒ်သည်၊ ဝတ္တဗေ-ဤသုတ်၌ ဖြစ်၏၊ ဝါ-ဤသုတ်သို့ လိုက်လာ၏။

လဟုမတ္တာ တယော ရသာ။ ။အဋ္ဌသု တတ္ထ သရေသု လဟုမတ္တာ တယော သရာ ရသာနာမ ဟောန္တိ၊ ထံသထာ၊ ပေ၊ ဣတိ-ဤ ၃ လုံးသော သရတို့သည်၊ ရသာ - ရသတို့တည်း၊ ယေသံ - အကြင် သရတို့၏၊ လဟု - လျင်မြန်သော၊ မတ္တံ (ပမာဏံ) - အတိုင်းအရှည်သည်၊ အတ္ထိ၊ ဣတိ တေ လဟုမတ္တာ-လဟုမတ္တတို့ မည်၏၊ ( )။

စ-ဆက်ဉူးအံ့၊ ဇ်ထြ - ဤ လဟုမတ္တာပုဒ်၌၊ မတ္တာသဒ္ဒါ - မတ္တာသဒ္ဒါသည်၊ အန္တရာသဃ်ာဘာ အာဂ်ိန်ဖြိုလနသခ်ါတံ - လက်ဖျောက်တီးချိန် မျက်စိမှိတ်ချိန် ဟု ဆိုအပ်သော၊ ကာလံ - အခါကို၊ ဝဒတိ - ဟောဏ်၏၊

တတ္ထဓာတိ ဝတ္တဗေ— တတ္ထောဒန္တာ သရာ အဋ္ဌသုတ်မှ တတ္ထပုဒ်သည် ဤသုတ်၌လည်း ဖြစ်၏၊ "ဖြစ်"ဆိုသည်ကား ဤလဟုမတ္တာ သုတ်သို့ လိုက်လာသည် ဟု ဆိုလို၏၊ မှန်၏-သုတ်အင်္ဂါ ၆ ပါးတွင် " အပဂ္ဂရ " အင်္ဂါ ပါ၏၊ ထို အင်္ဂါနှင့် ညီညွတ်အောင် ရှေသုတ်မှဖြစ်စေ နောက်သုတ်မှ ဖြစ်စေ လိုက်သင့်သမျှပုဒ်ကို အလိုက်ခံ၍ သုတ်တည်ရိုးထုံးစံရှိပေသည်၊ သုတ်အင်္ဂါ ၆ ပါးကို ကစ္စည်းဋီကာမှာ ရှု။

လဟုမတ္တာ၊ပေ၊ မတ္တာ—စာအုပ်များ၌"လဟု+မတ္တံ"="မတ္တာသဒ္ဒေါ"-"တေန မတ္တေန"ဟု နပုလိုန် မတ္တာသဒ္ဒါကို တွေ့ရ၏၊ ချာသင့်လည်း မတ်ံဟု နပုလိုန်နှင့် တွေ့ရ၏၊ ပါဠို-သက္ကတ အဘိဓာန်တို့၌ကား"ပမာဏိသရိယေ မတ္တာ,အက္ခရာဝယဝပွကေ" ဟု ဇ္ဈတ္ထိလိန် မတ္တာသဒ္ဒါသာ ပမာဏအနက် ဇ္ဈသရိယအနက် အက္ခရာ ဝယဝ (အက္ခရာ၏ ရွတ်ရာကာလ မတြာဘူသော အစိတ်အပိုင်း) အနက်ဟော ဟု တွေ့ရ၏၊ နပုလိုန် မတ္တာသဒ္ဒါကား " အပွောဓာရဏေ မတ်ံ " ဟု အပွ အနက် အဝဓာရဏ အနက်ဟောသော၊ ထို့ကြောင့်"လဟု+မတ္တာ"-"မတ္တာသဒ္ဒေါ"-"တာယ မတ္တာယ"ဟု ပါဠိမှန်ရှိသင့်၏၊ နိဿယဋီကား ပါဠိရှိအတိုင်းသာ အနက်ပေးထားသည်။

ပမာဏံကိုစဉ်းစား။ ။ " လဟု+မတ္တာ (ပမာဏံ) " ဟု မတ္တာကို ထပ်၍ ဖွင့်သော(ပမာဏံ)ပုဒ်ကို တွေ့ရသည်မှာလည်း စဉ်းစားစရာပင်၊ ဘာ့ကြောင့်နည်း၊.... "မတ္တာသဒ္ဒေါ၊ ပေ၊ ကာလံ ဝဒတိ"ဟု ဤနေရာ၌ မတ္တာသဒ္ဒါ၏"အက္ခရာဝယဝ"ခေါ် မတြာကာလ အနက်မဟာကြောင်းကို တိုက်ရိုက် ဆိုလတ်ံ ဖြစ်သောကြောင့်တည်း၊ [နပုလိုန်မတ္တာ၏ အနက်ကို ပြုပြီး၍ ဇ္ဈတ္ထိလိန် မတ္တာ၏ အနက်ကို " ပရိစ္ဆေဒေ, အပွေ, ဇရိမာဏေ, ကဏ္ဍာဘူသာသံ, ဝိဇတ္တေ, လဟု ဝဏ္ဏောစ္စာရဏကာလေ ဝဏ္ဏာ ဝယဝဘေဒေ ၊ ပေ၊ ထိ " ဟု ပြသော ဃောမနိဓဝယ် " ဝဏ္ဏာ ဥစ္စာရဏကာလ-ဝဏ္ဏာဝယဝဘေဒ ' ဟူသည် ဤနှစ်ပြအပ်သော "အန္တရာ သံဃာတ" စသော ကာလပင်တည်း၊ ထို့ကြောင့် "ပမာဏံ" ပုဒ်သည် (" ပဋ္ဌတ္တေဟိ ဘိက္ခုသဘေဟိ " ဟူသော ပါဠိ၏ အဋ္ဌကထာ၌ "မတ္တာ=ပမာဏံ" ဟူသော အဖွင့်ကို ယူ၍) နောက်ဆရာတို့ ထည့်ပါဠိ ဖြစ်လေရော့

တေန မတ္တေန၊ ထို မတြာဖြင့်၊ ဇကမတ္တာ-တမတြာ ကာလရှိသော သရ
တ္ထိသည်၊ ရဿာ - ရဿတ္ထို မည်၏၊ ဒွိမတ္တာ - ၂ မတြာ ကာလရှိသော
သရတ်္ထိသည်၊ ဒီဃာ - ဒီဃတ္ထို မည်၏၊ အမ္ဘမတ္တာ - မတြာဝက် ကာလ
ရှိသော အက္ခရာတ္ထိသည်၊ ဗျဉ္ဇနာ - ဗျည်းတ္ထို မည်၏၊ [စ - ဆက်ဥုံးအံ့၊
ဇဋ္ဌ-ဣ၊ လဟုမတ္တာပုဒ်၌၊] လဟုဂုဟာဏံ - လဟု သဒ္ဒါသည်၊ ဆန္ဒသိ-
နဆန်း အံ့ရာ၌၊ ဒီယမ္ဘုမတ္တာသာဝိ - တမတြာခွဲရှိသော အက္ခရာကိုလည်း၊

သလား ဟု စဉ်းစားမိပေသည်၊ ထို ပါဠိတော်က မတ္တာသဒ္ဒါသည့် ပမာဏ အနက်ကို
ဟောသော်လည်း ဤ မတ္တာကား ပမာဏအနက်ဟော မဖြစ်သင့်။

မတ္တာသဒ္ဒေါ စေတ္ထ၊ ပေ၊ ဗျဉ္ဇနာ — မတ္တာသဒ္ဒါ၏ အနက်တို့တွင် ဤ နေရာ၌ အချိန်
ကာလ အနက်ဟော ဟု ပြလို၍ " မတ္တာသဒ္ဒေါ၊ ပေ၊ ကာလံဝဒတိ 'ဟု မိန်၊ မတ္တာသဒ္ဒါ
သည် လက်ဖျောက်တီးချိန် မျက်စိမှိတ်ချိန် ကာလကို ဟောသည်-ဟူလို၊ [အဋ္ဌရာ=
လက်ဖျော်(လက်ဖြစ်)+သဃ်ာတ=ပြုံးစွာ ထိခိုက်ရာ အခါ, ဝါ-တီးခတ်ရာ (ဖြစ်သွစ်
ရာ) အခါ၊ အက္ခိ = မျက်စိ = နိမ္မိလန=မှိတ်ရာအခါ၊] လက်ဖျောက် တချက်တီးခန့်
မျက်စိတမှိတ်ခန့် ကာလသည့် တမတြာမည်၏၊ ရဿကို ရွတ်ရာကာလသည် တမတြာ
ရှိ၏၊ ဒီဃကို ရွတ်ရာကာလသည် ၂မတြာရှိ၏၊ ဗျည်းကို ရွတ်ရာကာလသည် တမတြာ၏
တဝက်သာ ကြာ၏၊ ထို့ကြောင့် ဗျည်းကို ရွတ်ဆိုသည့် အခါ အသံပြိုသွာ မကြားရဘဲ
မတြာဝက်သံ(လေသံ)လောက်သာ ကြားရတော့သည်၊ [အက် (ဖ်) ဟု ရွတ်ရာ၌
(ဖ်)သည် သရမဖက် ဗျည်းသက်သက်သံ ဖြစ်၏, ရွတ်တတ်သူများကို အရွတ်ခိုင်းကြည့်
ပါလေ၊ ထို့ပြင်-"ပ္လုတသံ"ဟု ရှိသေး၏၊ ကစ္စည်းဋီကာမှာ ရှု။]

လဟုဂုဟာဏံ၊ ပေ၊ ဂဟဏတ္ထံ — ရွတ်ရာကာလ တမတြာရှိသော သရတို့ ရဿ
အမည်ရကြလျှင် "ဇကမတ္တာ တယော ရဿာ" ဟု သုတ်တည် သင့်သည် မဟုတ်ပါ
လော, အဘယ်အကျိုးငှါ "လဟုမတ္တာ တယော ရဿာ"ဟု လဟုသဒ္ဒါကို ဆိုသနည်း-
ဟု မေးဘွယ်ရှိသောကြောင့် "လဟုဂုဟာဏံ၊ပေ၊ ဂဟဏတ္ထံ"ဟု မိန့်သည်၊ ဗျည်းနှင့်တွဲ၍
တမတြာခွဲ ရှိသော "က-ကိ-ကု" စသည်တို့ကိုလည်း လဟုအရ၌ သွင်းယူရခြင်း အကျိုးငှါ
(သွင်းယူလိုသောကြောင့်) " လဟုမတ္တာ " ဟု လဟုသဒ္ဒါကို ဆုံရပေသည်၊ ခဲ့ဥုံးအံ့-
"ဇကမတ္တာ"ဟု ဆိုလျှင် တမတြာတိတိရှိသော အ ဇု ဥ တို့ကိုသာ ယူနိုင်၏၊ "လဟု-
လျင်မြန်သော ဟု ဆိုခြင်းကြောင့်ကား ဗျည်းနှင့်တွဲ၍ တမတြာခွဲရှိသော " က ကိ ကု "
တို့သည်း ရွတ်ဆိုရာ၌ အလျင်အမြန် ပြီးရသောကြောင့် " လဟု " အရာ၌ပင် ပါဝင်ကြ
ရသည့်၊ က ကိ ကု စသည်ကို လဟုအရ၌ သွင်းယူနိုင်လျှင် လဟုမတ္တာနှင့် ရဿာတို့အရ
တူသောကြောင့် ရဿ အရ၌လည်း က ကိ ကု စသည်ကို သွင်းယူနိုင်သည်-ဟု မှတ်။
[ဒီယမ္ဘု မတ္တာသာဝိ၌, အဝိ သဒ္ဒါဖြင့် အရင်းခံဖြစ်သော အ ဇု ဥ တို့ကို ပေါင်းသည်၊
တမတြာတိတိ ရှိသော အ ဇု ဥ တို့ကိုသာ လဟု အရ၌ ယူရသည် မဟုတ်သေး, ဗျည်းနှင့်
တွဲ၍ တမတြာခွဲရှိသော က ကိ ကု စသည်ကိုလည်း လဟု အရ၌ ယူရသည်-ဟူလို။]

ဂဟာဏာတ္ထံ-ယူရခြင်း အာကျိုးရှိ၏၊ ရဿကာလယောဂတော - တိုးသာ ရွတ်ရာကာလနှင့် ယှဉ်ခြင်းကြောင့်၊ ရဿာ - ရဿာဘို့ မည်၏၊ ဝါ-တာနည်း၊ ရဿကာလာန္တော - တိုသော ရွတ်ရာကာလရှိးသာ သရ တို့သည်၊ (ရဿာ-ရဿတ္ထံ့ မည်၏။)

(၅) သရ ရဿဂဟဏာနိစ-သရသဒ္ဒါ, ရဿသဒ္ဒါတို့သည်သည်း၊ ဝတ္တန္တေ-ဤသုတ်၌ ဖြစ်ကုန်၏၊ ဝါ-လိုက်ကုန်၏။

အညေဒီဃာ။ ။ အဋ္ဌသု တတ္ထ သရေသု-ထိ သရတို့တွင်၊ မ၎သေ ဟိ အညေ , ဒီမတ္တာ - ၂ မတြာ ရှိကုန်သော၊ ပဋ္ဌ သရာ ဒီဃာနာမ စေတ္ထနှင့် ဆန္ဒသိ။ ။ "လဟုဂုဟဏံ" နောက်၌ "စေတ္ထ"ဟု မြန်မာမူရှိ၏၊ သိဟိုဠ်မူ၌ မရှိ၊ "မတ္တာသဒ္ဒေါ စေတ္ထ"ဟု ထွေပါခဲ့ပြီး ဖြစ်သောကြောင့်ဂုဏ်း, စကားတဆက်ဆည်း၊ ဝယ်"စေတ္ထ-ဤလဟု မတ္တာပုဒ်၌" ဟု ၂ ခါ မစွဲသင့်သောကြောင့်ဂုဏ်း, စေတ္ထ-မပါသော သိဟိုဠ်မူသာ ကောင်း၏၊ ထို့ပြင်- "ဆန္ဒသိ"ဟူသော ပါဠိလည်း ချာသို့ မရှိ၊ က ကိ ကု စသည်ဘို့ကို လဟု၌ သွင်းယူရသော အစဉ်အလာသည် ဆန်ကျမ်း၌ ထင်ရှားသော ကြောင့် " ဆန္ဒသိ " ဟု ရှုပသိဒ္ဓိဆရာ ထည့်ထားဟန် တူသည်၊ သို့သော် "က ကိ ကု" စသည်ကို ဆန်းကျမ်း၌သာ လဟု ဟု ယူရသည် မဟုတ်သေး၊ ပရိဝါးကမ္မဝဂ္ဂ အဋ္ဌကထာ၌လည်း က ကိ ကု စသည်ကို လ ဟု, ကာ ကီ စသည်ကို ဂရု ဟု ယူသည်၊ ထို့ကြောင့် " ဆန္ဒသိ " မပါသော ချာသ အတိုင်းသာ ရှင်းသည်၊ အညေ ဒီဃာ သုတ်ဖွင့်၌လည်း၊ ဤ"ဆန္ဒသိ"ပုဒ် ပါလိမ့်မည့် မဟုတ်။

ရဿကာလ ၊ ပေ ၊ ရဿာ— ရဿကာလဖြင့်"ရဿအရ တိုသောကာလကို ယူ" ဟု သိစေလိုသည်၊ " တိုသောကာလ " ဟူသည် " တိုသော ရွတ်ရာကာလ = ရွတ်၍ မြန်မြန် ပြီးရာကာလ"တည်း၊ ယောဂတောဖြင့်"ရဿဟူသော အမည်သည် အတိုက်၏ အမည်ရင်းတည်း၊ ဤ နေရာ၌ အတိုက်၏ ရဿ အမည်ကို ဂုဏ်ဖြစ်သော အ ဋ္ဌ ဥ ဒြဗ်၌ တင်စားထားသော ဂုဏ္ဏပစာ နာမည်တည်း " ဟု ပြ၏၊ ဥပမာ — " နိလ ငဏ္ဏ ယောဂတော နိလံ " ၌ ဂုဏ္ဏပစာ ဖြစ်သကဲ့သို့တည်း၊ တနည်း - ယောဂတောဖြင့် "ရဿေ-တိုသော ရွတ်ရာကာလ၌+နိယုတ္တာ- ယှဉ်သော သရတို့သည်၊ ရဿာ-တို့ မည်၏ " ဟု နိယုတ္တတဒ္ဓိတ် ဝိဂြိဟ်ကို ပြသည်၊ ရဿကာလ ဝန္တောဋ္ဌ ဝန္တုသဒ္ဒါဖြင့် "ရဿော ဇတေသံ အတ္ထိတိ ရဿာ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂြိဟ်ကို ပြ၏၊ [ဇတေသံ-ဤသရတို့၏၊ ရဿော-တိုသော ရွတ်ရာ ကာလသည်၊ အတ္ထိ-ရှိ၏, ဟူ ဆို၊ ဦးကာဋ္ဌ "ရဿော ဇော်" ဟု ရှိသည်မှာ ချာသနှင့်လည်း မညီ, ကောင်းလည်း မကောင်း။]

(၅) သရ ရဿဂဟဏာနိစ — ဤစသဒ္ဒါဖြင့် တတ္ထကို ပေါင်းသည်၊ ရှေသုတ်၌ လိုက်ခဲ့ပြီ သော တတ္ထလည်း ဤသုတ်သို့ လိုက်၏-ဟူလို၊ ထိုတွင် တတ္ထနှင့် သရတို့သည် "တဇ္ဈောဒန္တာ သရာ အဋ္ဌ"သုတ်မှ လိုက်ခဲ့၏, ရဿသဒ္ဒါကား "လဟုမတ္တာ တဓိယာ

ပေဟာန်ဖို၊ တံဃထာ၊ ပေ၊ ဣတိ-ဤ ၅ လုံးသော သရတို့သည်၊ ဒိဃာ-ဒိဃတို့ တည်း၊ အညဂ္ဂဟဏံ - အညသဒ္ဒါသည်၊ တိယဓု မတ္တိကာနံပိ-၂၊ ၆ တြာခွဲ ရှိသော ကာ ကိ ကု စသည်တို့ကိုလည်း၊ သင်္ဂဟဏတ္ထံ-သွင်းယူရခြင်း အကျိုးရှိ၏၊ ဒီဃကာလေ - ရှည်သော ရွတ်ရာကာလ၌၊ နိယုတ္တာ - ဗျည်ကုန်၏၊ (ဣတိ) ဒိဃာ၊ ဝါ - တာနည်း၊ တဇ္ဇနော - ထိ .ရှည်သော ရွတ်ရာကာလရှိသော သရတို့သည်၊ ဒိဃာ-တို့မည်၏၊ (၅)။

ရဿာ"သုတ်မှ လိုက်ခဲ့သည်၊ ထိုသို့ လိုက်ကြရာ၌ ရေးရာသုတ်နှင့် လျော်အောင် ဝိဘတ် ပြင်၍ လိုက်ရိုးထုံးစံရှိသောကြောင့် သရာကဲ့"သရေသု"ဟုရင်း, ရဿာကို "ရဿေဟိ" ဟုရင်း ဝိဘတ်ပြင်၍ ဖွင့်သည်၊ နောက်နောက် သုတ်များ၌လည်း ဤနည်းပင်။

အညဂ္ဂဟဏံ၊ပေ၊သင်္ဂဟဏတ္ထံ— ["တိယဓုမတ္တိကာနံပိ" နေရာဝယ် "အဓုတိယ မတ္တိကာနံပိ" ဟုလည်း ပါ၌၏၊ အနက်အဓိပ္ပါယ် အတူငင်၊ "ဒိယဓုမတ္တိကာနံပိ" ဟု ရှိသေသည်ကား ကြိုကြိုဘန်ဘန် ယူလျှင် "ဒိ=၂ခု+အဓု=အခွဲ၊ ဒိယဓု=၂ ၆ တြာခွဲ" ဟု အဓိပ္ပါယ်မှန် ထွက်သော်လည်း အခြားနေရာ၌ ထိုအနက်မျိုးကို သိုးစွဲရိုးမရှိသည့်ပြင် လဟုမတ္တာ သုတ်လာ ဒိယဓုမတ္တာသဒ်နှင့် ထပ်တူဖြစ်ခြင်းကြောင့် ပါ၌ပျက်သာ ဖြစ်သည်။] ဤ စကားစဉ်အရ-၂ တြာရှိသော သရကို ဒိဃဟု ဆိုလျှင် "ဒွိမတ္တာဒိဃာ" ဟု သုတ်တည်သင့်သည် မဟုတ်ပါလော, အဘယ်အကျိုးငှါ "အညေ ဒိဃာ" ဟု တည်ပါသနည်း-ဟု မေး၍, ဒိဃနှင့် ဗျည်းတွဲလျက် ၂ မတြာခွဲ ရှိသော "ကာ ကိ ကု ဧကဲကော" စသည်တို့ကိုပါ ယူခြင်းအကျိုးငှါ "ဒွိမတ္တာ ဒိဃာ" ဟု မဇ္ဈိမဲ့ "အညေ ဒိဃာ" ဟု အညသဒ္ဒါဖြင့် တည်ရသည်-ဟု ဖြေ၊ မှန်၏-"ဒွိမတ္တာ ဒိဃာ=၂ မတြာ တိတိရှိသော သရတို့ကိုသာ ဒိဃ" ဟု ဆိုလျှင် ၂ ၆ တြာခွဲ ရှိသော ကာ ကိ ကု ကဲ ကော စသည်တို့ မပါနိုင်၊ " အညေ " ဟု ဆိုခြင်းကြောင့်ကား ထို ကာ ကိ ကု စသည်တို့လည်း ရဿမှ စ၍ခြားတို့ပင် ဖြစ်သောကြောင့် "အည" အရှည် ပါဝင်နိုင်ကြ၏၊ အညအရှည် ပါဝင်လျှင် အညေနှင့် ဒိဃာသည် အရတူသောကြောင့် ဒိဃ အရှည်လည်း ပါဝင်နိုင်သည်ဟု မှတ်။

•**ဒိဃကာလေ၊ပေ၊ဒိဃာ**—ဒိဃကာလေဖြင့် ဒိဃအရ ရှည်သောကာလကို ယူပါ-၏ သိစေသည်၊ ရှည်သောကာလ ဟူသည်လည်း ရွတ်ဆိုရာ ကာလပင်တည်း၊ နိယုတ္တာ ပါဌ်ဖြင့် ရဿကာလယောဂတော ကဲ့သို့ အရှည်ဂုဏ်၏ ဒိဃအမည်ကို အာ စသည့်၌ တင်စားသော ဂုဏ္ဍပစာ ဟုရင်း " ဒိဃေ - ရှည်သော ရွတ်ရာကာလ၌+နိယုတ္တာ-ယှဉ်သော သရတို့သည်၊ ဒိဃာ-တို့မည်၏"ဟု နိယုတ္တတဒ္ဓိတ်ကိုရင်း ပြ၏၊ [တမ္ဘွန္တော ကို "တဝန္တော" ဟုတည်, ဝဒွေဘော်လာ ဝ ၂ လုံးကို ဗ ၂ လုံးပြု၊] ဤတမ္ဘွန္တော၌ တဲ့သဒ္ဒါဖြင့် ဒိဃကာလက် ညွှန်ပြ၏၊ ရဿကာလဝန္တောကဲ့သို့ "ဒိဃကာလဝန္တော" ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဒိဃော ဧတေသံ အတ္ထီတ် ဒိဃာ"ဟု အသင်္ဃိဝိဂြိဟ် တနည်းပြု၊ အနက်ကို " ရဿော ဧတေသံ " အတိုင်းပေး။ [နိယုတ္တ-အသင်္ဃိ ဝိဂ္ဂဟ ပြုရာ၌ ရ ပစ္စည်းဖြင့် ရုပ်ပြီးစေသည်။]

ဇ သြ ကို ရသ ကဲ့သို့ ရွတ်ရပုံ

ပုဗ္ဗာ" ဟုလည်း

ကွစိ - အချို့သော ဇကပဒအာရော်၌၊ သံယောဂပုဗ္ဗာ-သံယုဂ်မှ ရှေ့ ဖြစ်ကုန်သော၊ [" သံယောဂတော အချို့ပါဠိ ဂို့၏၊] ဇကောရောကာရာ - ဇ အက္ခရာ သြ အက္ခရာတို့ကို၊ ရသာဇ္ဇာဝ - ရသတို့ကိုကဲ့သို့၊ ဝုစ္စန္တေ - ရွတ်ဆိုအပ်ကုန်၏၊ ယထာ-ဥဒါဟရဏ်ကား၊ ဇ္ဇော်, သေယျော, သြဒ္ဓော, သောတ္ထိ-ဇ္ဇော်, သေယျော, သြဒ္ဓော, သောတ္ထိ ဟူသတည်း၊ ကွစိတိ-ကွစိပုဒ်သည်၊ ကိံ-အဘယ်အကျိုးရှိသနည်း၊ မံ စေ တွံ နိက္ခဏံ ဝနေ, ပုတ္တောတျာဟံ မဟာရာဇ-မံ စေ တွံ ၊ ပေ၊ မဟာရာဇ ဟူသော နာနာပဒ ပြယုဂ်တို့၌ ရသကဲ့သို့ မရွတ်ရခြင်း အကျိုးရှိ၏၊ [ဇ္ဇော် - ဤ၌၊ သေယျော-မြတ်သူ၊ သြဒ္ဓော-နွှတ်ခမ်း၊ ဝါ-ကုလားအုပ်၊ သောတ္ထိ(သု+ဏ္ဌတ္ထိ)-ကောင်းသောပြန်းမ၊ မံ-ငါ့ကို၊ တွံ-သင်သည်၊ ဝနေ-တောင်၌၊ စေ နိက္ခဏံ-အကယ်၍ မြုပ်သတ်အံ့၊ မဟာရာဇ - မင်းမြတ်၊ အဟံ - ကျွန်တော်သည်၊ တေ-အာရှင်မင်းမြတ်၏၊ ပုတ္တောသားပါတည်း။]

ကွစိ သံယောဂ ၊ ပေ ၊ ဝုစ္စန္တေ—၂၂ လုံး ၃ လုံး ယှဉ်တွဲနေသည်ကို "သံယောဂ=သံယုဂ်" ဟု ခေါ်၏၊ ဇ္ဇော စသည်၌ "ဇ္ဇ-ယျ-ဒ္ဓ (ဋ္ဌန့် ဌတွဲ)-တ္ထိ" တို့သည် သံယုဂ်များတည်း၊ ထိုသံယုဂ်များ၏ ရှေ့ဖြစ်သော ဇ သြ တို့သည် နဂိုရိုးမူလက ဒီဃပင်ဖြစ်သော်လည်း ရွတ်သည့်အခါ ဒီဃ ထုံးစံအတိုင်း ၂၂ မတြာ မရှည်စေဘဲ ရသကဲ့သို့ တမတြာကာလကြာရုံသာ ရွတ်ဆိုကြရမည်၊ ရွတ်ဆိုရာ၌ " စ်ထ, သေယော=သစ်ယော=သည်သော, သဉ်သော, အွင်ဒ္ဓော, သွတ်တိ" ဟု ရွတ်ကြ၏၊ ထိုရွတ်နည်းအားလုံးပင် စည်းကမ်းကျလှပြီဟု မထင်ပေ၊ အမှန်မှာ-"ဇ္ဇော"၌ နှင့် တ်ကို တထပ်ထည်းကျအောင် ရွတ်ရမည်ဖြစ်၍ ဇ သရသက်သက်ကဲ့သို့ ဒီဃသံရွတ်ဘဲ ရသသံဖြစ်အောင် ရွတ်ရမည်-ဟု ဆိုလိုသည်၊ သေနှင့် ယ်ကိုလည်း, သြနှင့် ဒ္ဓ်ကိုလည်း, သောနှင့် တ်ကိုလည်း တထပ်ထည်းကျအောင် ရွတ်ရမည်ကိုလည်း သိလေ၊ ရွတ်ပုံ အမှန်ကို ရနိုင်သမျှ ရအောင် ဟိမ္မူတို့ ရွတ်သံကို နားထောင် ကြည့်သင့်ပေသည်၊ [ဇ္ဇော-သြဒ္ဓော တို့၌ ဇ သြ တို့သည် သရသက်သက်ကို ပြသောပုံစံတို့တည်း၊ သေယျော, သောတ္ထိတို့၌ ဇ သြ တို့သည် ဗျည်းနှင့် တွဲနေသော ပုံစံတို့တည်း။] မောဂ္ဂလ္လာန်ကား "ရသဒီဃ ဟူသော အခွဲသည် အက္ခရာရေးပုံကို ကြည့်၍ ခွဲရသည်မဟုတ်, အသံလိုက်၍ ခွဲရသည်၊ ရသကဲ့သို့ ရွတ်ရုံလျှင် ရသအစစ်ပင် ဖြစ်သင့်သည်" ဟု သဘောပိုက်၍ ဇ-သြ တို့ကိုလည်း ရသ ဇ သြ, ဒီဃ ဇ သြ ဟု ၂ မျိုးပြုလျက် သရ ၁၀ လုံး ရှိသည် ဟု မိန့်သည်။

ကွစိတိကိံ ၊ ပေ ၊ မဟာရာဇ—"ကွစိ သံယောဂ ပုဗ္ဗာ" ဟု ကွစိသဒ္ဒါကို ဆို၏၊ "ထို ကွစိသဒ္ဒါသည် ဘာအကျိုးရှိသနည်း" ဟု မေး၊ "မဇ္ဈေတွံ" စသော နာနာပဒပြယုဂ်ကို၌ ရသကဲ့ကို မရွတ်ရ ဟု သိစေခြင်း၊ အကျိုးရှိသည်-ဟု ဖြေ၊ ခဲ့ဥုးအံ့-သံယုဂ်သည်

(၆) ဒုမ်ိ ဂရု။ ။ဒ်ိန်ဲ-၂လုံးတ်ို့၏၊သမူဟော-အပေါင်းတည်း၊ဒု-၂လုံး တ်ို့၏ အပေါင်း၊ တသ်ိ့ ဒုမ််-ထိ ၂ လုံးသ့ော အက္ခရာ အပေါင်းကြောင့်၊ ပရေ-နှောင်းသေ ာ၊ သံယောဇဉ်ဘူတော-သံယုဇ်ဖြစ်၍ဖြစ်သေး၊ အက္ခရေ-အက္ခရာကြောင့် ပုဗ္ဗော - ရှေ့ဖြစ်သော၊ ယော ရသက္ခရော - ဒးကြင် ရသ အက္ခရာသည်၊ (အဇ်း-ဂ်ိ၏၊) သော - ထိ ရသ အက္ခရာသည်၊ ဂရု သဒ္ဒော-ဂရုအမည်ရှိသည်၊ ဟောတိ-၏၊ ယထာ- ဥဒါဟရဏ်ကား၊ ဒတ္တာ, ဟိတ္တာ, ဘုတ္တာ-ဒတ္တား, ဟိတ္တာ, ဘုတ္တာ ဟူသည်တည်း။ [ရသ သရ ၃ လုံး အစဉ်အတိုင်း မုံစံထုတ်သည်။] (၆၀၂)။

စာပုဒ်ထည်းဖြစ်သော ကေပဒသံယုဂ်, တဝိဘတ်ထည်း မဟုတ်၍ ၂ပုဒ်ကွဲလျက် ရှိသော နာနာပဒသံယုဂ်ဟု ၂ မျိုးရှိ၏၊ ထွေစသည်ဖွင့်ကား နှေ့ ထွတို့ ဝိဘတ်မကွဲ တပ်ုဒ်ထည်း ဖြစ်၏၊ ထိ ကေပဒသံယုဂ်ရှေ့၌ ဧသြတို့ကိုသာ ရသကဲ့သို့ ရွတ်ရမည်၊ " မံ စေ တွံ " ၌ စေနှင့် တွံကား (စေတပုဒ်, တွံတပုဒ်) ၂ ပုဒ်ကွဲလျက်ရှိသော နာနာပဒတည်း၊ "ပတ္တော ဘာဟံ"ဝယ် ပတ္တောနှင့် ဘာဟံလည်း နာနာပဒပင်၊ ထို့ကြောင့် တွံသံယုဂ် ဘာသံယုဂ်တို့၏ ရှေ့ရှိသော စေနှင့် ထွောတို့ဝယ် ဧသြတို့ကို ရသကဲ့သို့ မရွတ်ရ၊ အချုပ်မှာ " ကေပဒသံယုဂ်၏ ရှေ့၌ရှိသော ဧသြတို့ကိုသာ ရသကဲ့သို့ရွတ်၍ နာနာပဒသံယုဂ်၏ ရှေ့၌ရှိသော ဧသြတို့ကို ရသကဲ့သို့ မရွတ်ရ " ဟု မှတ်။

နိရုတ္တိအာဆိုကို ဆင်ခြင်။ ။ကေပဒ၌ သံယုဂ်နှောင်းသော်လည်း ထိုသံယုဂ်သည် စဂ္ဂန္ဓသံယုဂ် ဖြစ်လျှင်၎င်း, ယ ရ လ ဝ သံယုဂ်ဖြစ်လျှင်၎င်း ရသကဲ့သို့ မရွတ်ရ၊ " နွန်္ဒ သေန္တိ မေလ္လော သောလ္လော ဘာသေယျ " သည်တည်း၊ ဤကား နိရုတ္တိအဆို ဖြစ်သတတ်၊ ထိုအဆိုကို စဉ်းစားသင့်၏၊ နွန်္ဒ၌ ကေ့ ဒ်ိဃသံရွတ်ရိုး မရှိ, နောက် (န်) သံနှင့် တွဲ၍ ဧအတွက် ရသသံပင် ရွတ်ဆိုရိုး ရှိသည်၊ သောလ္လော၌ ဩဒ်ိဃလည်း နည်းတူ၊ ဘာသေယျ၌ သေကိုကား ဒ်ိဃ အသံ ဖြင့် မြန်မာတို့ ရွတ်ဆိုရိုး ရှိသော်လည်း နောက်က (ယ်) သံနှင့် တွဲ၌ ရွတ်မှသာ အမှန်ကျသည်၊ ထိုသို့ (ယ်) သံနှင့် တွဲလျှင် သေ၌ သည် ဒ်ိဃသံမထွက်, ရသသံပင် ထွက်လိမ့်မည်၊ ထို့ကြောင့် နိရုတ္တိအဆိုကို စဉ်းစားသင့်သည်၊ [" သံယောဂပုဗ္ဗာ ကောရောကာရာ " ဟုသာ ဆို၍ အာဒ်ိဃကို မဆိုသောကြောင့် "အာချာတံ"၌ ချသံယုဂ်၏ နှေ့ဖြစ်သော အာကို၎င်း, "ပညာဝါသ"၌ သသံယုဂ်၏ ရှေ့ဖြစ်သော အာ ကို၎င်း ဧသကဲ့သို့ " အက်ချာတံ – ပညာဝသ်သ " ဟု မရွတ်ရ, ဒ်ိဃသံ အတ်ုင်းပင် ရွတ်ရသည်၊ သံယုဂ်၏ နှေ့၌ ဤဥ ဒ်ိဃ တွေ့လျှင်လည်း ဒ်ိဃသံပင် ရွတ်သင့်သည်။]

(၆) ဒ်ိန်ဲ၊ ပေ၊ တသ်ိ့ံဒုမ်ိ — " ဒ်ိန်ဲ+သမူဟော " ကား ဒု၏ သမူဟတဒ်ိတ် စိဂ်ိုဟ်ကိုပြသော ဝါကျတည်း၊ ဒုကို "ဒ်ိန်ဲ+သမူဟော" တည်, သမူဟတွေ့ကဏ်အားဖြင့် ဏာပစ္စည်းသက်, တဒ်ိတ် ထုံစံအတ်ုင်း ချေပြီးသည့်အခါ " ဒ်ိ+အ " ကျန်၏၊ ရူပသိဒ်ိ ဒ်ိကာအလိုအားဖြင့် "ဒုမ်ိ ဂရု"ဟူသော နိပါတနဖြင့် ဒ်ိကို ဒုပြု၊ ဆ္ဟာသအလိုအားဖြင့်

(၇) ဒီဃောစ။ ။ဒီဃော - ဒီဃ ဖြစ်သော၊ သရော စ – သရ သည့်လည်း၊ ဂရုသညော ဟောတိ-ဖြ၏၊ ယထာ- ကား၊ နာဝါ, နဒီ, ဝဂူ, နွေ, တယော-နာဝါ၊ ပေ၊ တယော, စသည်တည်း၊ [ဒီဃာ ၅ လုံးအစဉ် အတိုင်း ပုံစံထုတ်သည်၊] ဂရုကတော့-ဂရုမှ၊ အညော-တခြားအကွရာ ကို၊ လဟုကောတိ-လဟု ဟူ၍၊ ဝေဒိတဗ္ဗော-သိအပ်ကြ၏၊ (၆ဝ၃)။

(ဂ) သေသာ ဗျဉ္ဇနာ ။ ။အဋ္ဌ သရေ ထပေတွာ သေသာ - ကြွင်းကုန်သော၊ အဓုမတ္တာ-မတြာဝက်ရှိကုန်သော၊ ကကာရာဒယော- က အကွရာ အစရှိကုန်သော၊ နိဂ္ဂဟီတန္တာ - ကုန်သော၊ တေတ္တိံသ- ၃၃ လုံးသော၊ အက္ခရာ - တို့သည်၊ ဗျဉ္ဇနာနာမ ဟောန္တိ၊ ၎င်္ကြောင့်– “ ဝိသတိဒသေသု ဗာ ဒ္ဒိဿ တု ” ဌ် တုသဒ္ဒါ – တနည်း “ ယောသု ဒ္ဒိန္နံ ဒ္ဝေစ ”သုတ်ဌ် စသဒ္ဒါဖြင့် ဒ္ဒိကို ဒုပြု, ဝါပရောဖြင့် (အ)ကိုချေ, နာမ်ငဲ့, သို့သက်, ပြုပြု၍ “ဒုမို” ဟု ပြီး၏၊ [“ဒ္ဒိန္နံ သမူဟော ဒု”ကား ဒန္တ္ဓေဒန-ပဒါဝတ္ထိကန္တနည်း, “တသို့ ဒုမို”ကား ဒန္တသောဓန-ဝါကျာဝတ္ထိကန္တနည်း၊ ဆိုင်ရာ နည်းလေးဆယ်မှာ ရှု။]

သံယောဂ၊ ပေ၊ ဂရုသညော — “ သံယောဂဘူတေ အက္ခရေ ပရေ ” တို့ကား၊ ဒုမိုကို ထပ်၍ ဖွင့်သော သုတ္တာဝုတ္တိများတည်း၊ ဒတ္တာ စသည်ဌ် တွာသည် “ တန္ဒ့ဝ ” တွဲစပ်ထားသော အက္ခရာ ၂ လုံး အပေါင်းသံယုဂ်တည်း၊ ထိုသံယုဂ်နှောင်းလျှင် ဒ-ဟိ-ဘု” ကဲ့သို့သော ရဿ အက္ခရာ များကို “ ဂရု ” နာမည်ပေးသော သညာသုတ် ဟု (ရူပသိဒ္ဓိ အလို) မှတ်၊ ဤသုတ်အဆိုအရ တွာ ၏ ရှေ့၌ရှိသော “ ဒ-ဟိ-ဘု ” တို့ကို နဂိုရိုက ရဿ ဖြစ်သော်လည်း “ဒတ်-ဟိတ်-ဘုတ်” ဟု ဂရုသံ ထွက်အောင် ထက်ထက် မြက်မြက် ရွတ်ရမည်၊ ကမ္မဝါစာဝယ် သံဃဿဌ်ဃသ်, ပတ္တဌ်ဗ ပတ်, ကလ္လံဌ်ဗ ကလ်, စသည်တို့လည်း ဤနည်းပင်၊ [ဂရု ဟု ဆိုသောကြောင့် “ဖိန္ဒိပ်လိုက်သလို လေးလေး ပင်ပင် ရွတ်ရမည်, ဒီဃသံ ပေါက်အောင် ရှည်ရှည် မရွတ်ရ ”ဟု မှတ်။]

(၇) ဒီဃော၊ ပေ၊ ဝေဒိတဗ္ဗော—နာဝါဝယ် ဝါဌ်ဗ အာ, နဒီဌ်ဗ ဤ, စသော ဒီဃ ၅ လုံးကို ဂရု ဟု ခေါ်၏၊ ဤ ဂရုများကိုကား ဒီဃသံ ပေါက်အောင် ရှည်ရှည် ရွတ်ရမည်၊ ဒဟ္ဓာ စသော သံယောဂါဒိ ဂရု, နာဝါ စသော ဒီဃ ဂရု ဟု ဂရု ၂ မျိုးသာ ဤဌ် ပြသော်လည်း ဆန်းကျမ်းဌ်ဓမ္မ နိဂ္ဂဟီတပရ ဂရု (ကံ ကိ ကုံ-တို့ဌ် အမှန်အတိုင်း ရေးလျှင် နိဂ္ဂဟီတ်တွေ့အထက်က မနေရ–နောက်က နေရသောကြောင့် နောက်ဌ် နိဂ္ဂ ဟိတ်ရှိသော ဂရု) ကိုလည်း ပြသေး၏၊ ထို ဂရု ၃ မျိုးမှ တပါးသော “အ-ဣ-ဥ” ရဿ များကိုဂုင်း ဒုမို ဂရု၏ ပြောင်းပြန်ဖြစ်သော သံယုဂ် မနှောင်းသော က ကိ ကု စသော ရဿများကိုဂုင်း လဟု ဟု မှတ်။ [ဇထွ ဩဇ္ဇော တို့ဌ် ဧဩ တို့သည့် ရဿကဲ့သို့ ရွှဲ ရသော်လည်း ဆန်း–ဂရု လဟုအခွဲတွင် ဂရုဌ် ပါဝင်ကြသည်၊] “ ဥဇုံ ဗျတ္တံ သုကတ္တံ ကရိဿာမိ ” ဟူသော ပဋိညာဉ်ဌ် “သုကတ္တံ” ဟု ဆိုခဲ့သည့်အတိုင်း ရဿ ဒီဃနှင့် လဟု ဂရုတို့ သဘောတူသောကြောင့် “ဒုမို ဂရု, ဒီဃောစ” ၂ သုတ်ကို ဤနေရာ၌ပြသည်။

ဆိုအပ်ပြီးသော သရတို့မှ၊ အညေ-အစြားး အက္ခရာတို့သည်၊ သေသာ-သေသတို့ မည်၏၊ ဒေတေဟိ-၌ အက္ခရာတို့သည်၊ အထွော-အနက်ကို။ ဗျဥ္ဇိယတိ - ပြအပ်၏၊ ဣတိ - ထို့ကြောင့်၊ (ထိုသို့ အနက်ကို ပြတတ်ကုန်သည်၏ အဖြစ်ကြောင့်၊) ဗျဥ္ဇနာ-တို့ မည်၏၊ တံယထာ ၊ ပေ၊ ဣတိ ဗျဥ္ဇနာ၊ ကကံးရာဒိသု - က အက္ခရာ အစရှိသည်ဘို့၌၊ အကာရော - အအက္ခံရာသည်၊ ဥစ္စာရဏထွော-ရွတ်ဆိုရခြင်း အကျိုးရှိ၏။ (၆)။

(၉) ဗျဥ္ဇနာဘိ-ဗျဥ္ဇနာပုဒ်သည်၊ ဝတ္တတေ-လိုက်၏။

ဝဂ္ဂါ ပဥ္စပဥ္စသော မန္တာ*။ ။ ဘေသံခေါ ဗျဥ္ဇနာနံ-ဘို့တွင်၊ ကကာရာဒယော မကာရန္တာ ပဥ္စဝိသတိ - ၂၅ လုံးသော၊ ဗျဥ္ဇနာ - တို့သည်၊ ပဥ္စ ပဥ္စ ဝိဘာဂေန - ၅ လုံး ၅ လုံး တရုအားဖြင့်၊ ဝဂ္ဂါနာမ ဟောန္တိ၊ တံယထာ ၊ပေ၊ ဣတိ ဝဂ္ဂါ၊ ပန-ဆက်ဉုးအံ့၊ တေ-ထို ဝဂ်တို့ သည်၊ ပဌမက္ခရဝဂေသန-ပဌမ အက္ခရာ၏ အစွမ်းဖြင့်၊ ဝါ-ပဌမ အက္ခရာနှင့် စပ်သဖြင့်၊ ကဝဂ္ဂ စဝဂ္ဂါဒြိ ဝေါဟာရံ - ကဂဂ် စဝဂ် အစရှိသော ဝေါဟာရသို့၊

(၈) ဝုတ္တေဟိ သေသာ ဗျဥ္ဇနာ— "ဝုတ္တေဟိ" သည် သေသာ၏ အပါဒါန်ကို ပြသော စကားတည်း၊ "ဗျဥ္ဇိယတိ အတ္ထော ဧတေဟိ" ကား ဗျဥ္ဇနာပုဒ်၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ ထို ဝိဂ္ဂြိဟ်၌ ဧတံဟိသည် အဝုတ္တကတ္တား , အတ္ထောကား ဝုတ္တကတည်း၊ "ဗျဥ္ဇနာ" ဟု ကိတ်ပြီးသည့် အခါ ပြုအပ်သော ကံ အနက် မရ , ပြုတတ်သော ကတ္တားအနက်ကို ရသောကြောင့် "ဗျဥ္ဇနာ" ကို အဝုတ္တကတ္တုသာဓန (အဝုတ္တကတ္တား အနက်ကို ရသော သာဓန)ဟု ခေါ်သည်၊ "အတ္ထံ အနက်ကို၊ဗျဥ္ဇယန္တိ-ထင်ရှားပြတတ်ကုန်၏၊ ဣတိ ဗျဥ္ဇနာ" ဟု ဝုတ္တကတ္တုသာဓနလည်း ပြုနိုင်သည်သာ။ [အနက်ကို ထင်ရှားပြပုံကို ကစ္စည်းဘာသာဋီကာ၌ ဆိုထားသည်။]

ကကာရာဒိသု ၊ ပေ ၊ ဥစ္စာရဏထွော — ဗျည်းတို့သည် တမကြာ၏ ထက်ဝက်မျှ ရွတ်ရုံကာလ ရှိသောကြောင့် သူ့ချည်း သက်သက် အသံပြိုသွာ ရွာ်ဆို၍ မဖြစ်နိုင်၊ အ အာ ဣ ဤ စသော သရတို့နှင့် တွဲရမှ " က ကာ ကိ ကီ " စသည်ဖြင့် အသံပြိုသွာ ရွတ်ဖြစ်သည်၊ ထို့ကြောင့် " က ခ ဂ ဃ င " စသည်ဖြင့် ဗျည်း ၃၃ လုံးကို သရုပ် ပြရာ၌ က စသည့်ဝယ် အသရလည်း ပါနေ၏၊ ထိုအသရသည် ဗျည်း၏ အစိတ်အပိုင်း မဟုတ်, ရွတ်ဖြစ်ခြင်းငှါ အပိုထည့်အပ်သော အက္ခရာဖြစ်သည် – ဟူလို၊ တချို့ကား " ဥစ္စာရဏ ထွော – ရွာ်လွှယ်ခြင်း အကျိုးရှိ၏ " ဟု အနက် အဓိပ္ပါယ် ပြောကြ၏၊ " သုခုစ္စာရဏာ" စေါ်သော ရွာ်လွယ်ခြင်းမျိုး မဟုတ်သောကြောင့် ထို အနက် အဓိပ္ပါယ်ကို ဆင်ခြင်။

(၉) တေ ပန၊ပေ၊ဝဂ္ဂါတိ သမူဟော—နာမည်သည် အာဒိလဒ္ဓနာမ (အစ၌ တည်သော တစုံတခုဖြင့် ရအပ်သော နာမည်), သဒ္ဒလဒ္ဓနာမ (အားလုံး အတွက် ရအပ်သော နာမည်), စသည်ဖြင့် အမျိုးမျိုးရှိ၏၊ ဤ၌ ကဝဂ် စဝဂ် စသော နာမည်သည်

ဂတာ- ရောက်ကုန်ဏ်၊ ဝဂ္ဂါဘိ-ဝဂ္ဂါဟူသည်၊ သမူဟာ-အုပေါင်း တည်း၊ တဏ္ဍ-ထိုသုတ်၌၊ ပဒ္ဓ ပဒ္ဓ ဝိဘာဂေန-၅လုံး ၅လုံးတစုအားဖြင့်၊ ဇာဘိ ဝါ-အနက်ကြောင့်ဂုင်း၊ ဒေတသံ- ဤ ဗျည်းတို့ဏ်၊ ပဒ္ဓ ပဒ္ဓ - ၅ လုံး ၅ လုံးတို့သည်၊ အတ္ထိ-ရှိကုန်ဏ်၊ ဇာဘိ ဂါ - ဤ အနက်ကြောင့်ဂုင်း၊ ပဒ္ဓ ပဒ္ဓသော - ပဒ္ဓ ပဒ္ဓသော မည်ဏ်၊ ယေသံ - အကြင် ဗျည်းတို့ဇ်၏၊ မော-မဟူသော၊ အန္တော-အဆုံးသည်၊ အတ္ထိ ဇာတိ တေ မန္တာ၊ (၇)။

(၁၀) အံ့ ဇာတိ နိဂ္ဂဟိတံ ။ ။ [ဒေကာရော ဥစ္စာရဏ်ဆော (အနက်ပေးခဲ့ပြီ၊) ဇာတိ သဒ္ဒါပန-ဇာတိ သဒ္ဒါသည်ကား၊ အနန္တရဝုတ္တ နိဒဿနတ္ထော-အဏ်၏ အခြားမဲ့ဒွဲ့ ဆိုအပ်သော ဗိန္ဒုပျောက်ကို ညွှန်ပြခြင်း အနက်ရှိဏ်၊] အံ ဇာတိ- အံဟူ၍၊ အကာရတော-မှ၊ ပရံ-နောက်၌၊ ဝုတ္တံ-

တဝဂ် တဝဂ်တွင် အဓဆုံး အက္ခရာနှင့် စပ်၍ ရအပ်သော အာဒိသဒ္ဒ နာမည်တည်း-ဟု သိစေလိုခြင်း "တေ ပန၊ ပေ၊ ဂတာ" ဟု မိန့်သည်၊ ဝဂ္ဂါ ပဒ္ဓ ပဒ္ဓသော စသောသုတ်၌ ဝဂ္ဂ သဒ္ဒါသည် အဘယ် အနက်ကို ဟောပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် "ဝဂ္ဂါဘိ" သမူဟော" ဟု မိန့်ရပြန်သည်၊ ထို အဖွင့်အရ ဝဂ္ဂသဒ္ဒါသည် " အပေါင်း " အနက်ကို ဟောသော အနိပ္ဖန္န ပါဋိပဒိက ပုဒ်တည်း- ဟု မှတ်၊ က စသည်ကို ၅ လုံးစီ ပေါင်းစု၍ တဝဂ်စီ ပြုရခြင်းမှာလည်း ဌာန်တူမှုကို အခြေကြောင်းပြု၍ ပြုရခြင်းတည်း၊ မှန်၏-"က ခ ဂ ဃ င"တို့သည် ကဏ္ဌဌာန်၌ ဖြစ်ချင်းတူကြ၏၊ ထို့ကြောင့် တစုပြု၍"ကဝဂ်"ဟု ခေါ်၏၊ စဝဂ်စသည် ခေါ်ရာ၌လည်း နည်းတူ၊ ယ ရ လ - စသည်တို့ကား ထိုကဲ့သို့ ဌာန်ချင်းမတူကြ၍ စုမရသောကြောင့် "အဝဂ်=အစု မဟုတ်သော အက္ခရာများ"ဟု ခေါ်သည်။

တတ္ထ ပဒ္ဓ၊ ပေ၊ မန္တာ—တို့ကား ပဒ္ဓ ပဒ္ဓသောနှင့် မန္တာတို့၏ ပဒဝိဂ္ဂဟသံဝဏ္ဏနာ တည်း၊ " ပဒ္ဓ ပဒ္ဓဝိဘာဂေန " ဖြင့် ဝိဘာဂေစသော သုတ်၌ စ သဒ္ဒါဖြင့် ဝိဘာဂအနက်၌ "သော"ပစ္စည်းသက်၍ ထို့နောက် နာဝိဘတ်ကြသည်-ဟု ပြ၏၊ " ဝိဘာဂ အနက် " ဟူသည် ဝေဘန်အပ် (တခုစီ ခွဲအပ်သော) အစု-ဟူသော အနက်တည်း၊ ထို့ကြောင့် "ပဒ္ဓ ပဒ္ဓသော-၅ လုံးတစု ၅ လုံး တစုအားဖြင့်"ဟု အနက်ပေး၊ "ပဒ္ဓ ပဒ္ဓ ဇတေသမတ္ထိ" ဖြင့် အသတ္ထိအနက်၌ "တဒသတ္ထိတိ ဝိစ" သုတ်ဝယ် စသဒ္ဒါဖြင့် သော ပစ္စည်းသက်, ထို့နောက် ယောဝိဘတ် ကြသည်-ဟု ပြသည်၊ ထို့ကြောင့် " ပဒ္ဓ ပဒ္ဓသော-၅ လုံး ၅ လုံးစီ ရှိကုန်သော၊ မန္တာ ဗျဥ္ဇနာ ဝဂ္ဂါ"ဟု တနည်း အနက်ပေးနိုင်သည်၊ [ဤနေရာ၌ "သော " ပစ္စည်းဟု ဆိုထားသော်လည်း အသတ္ထိ အနက်၌ " သော " ပစ္စည်း မဟုတ်ကြောင်းကို ထို သုတ်၌ ဖွင့်ပြအံ့။]

(၁၀) အကာရော၊ ပေ၊ နိဒဿနတ္ထော—အံ၌ ပါသော (အ) အက္ခရာသည် က ခ စသည်၌ ပါသော (အ) ကဲ့သို့ ရွတ်ဆို၍ဖြစ်ခြင်း အကျိုးရှိ၏၊ နိဂ္ဂဟိတ်ကား (အ) အက္ခရာမဘက် ဗိန္ဒုပျောက် သက်သက်သာတည်း၊ " အံ ဇာတိ"ဟု ဆိုအပ်သော ဇာတိ

ဆိုအပ်သော၊ ယံဗိန္ဒု-အကြင်ဗိန္ဒုသည်၊ (အတ္ထိ-ရှိ၏၊) တံ-ထိုဗိန္ဒုသည်၊ နိဂ္ဂဟိတံနာမ ဟောတိ၊ ရဿ သရံ - ရဿ သရကို၊ နိသယ - မှီ၍၊ ဂယ္ဟတိ - ရွတ်ဆိုအပ်၏၊ ဣတိဝါ - ထို့ကြောင့်ဂုဏ်း၊ ကာရဏံ - ဌာန် ကရိဏ်းကို၊ နိဂ္ဂဟေတွာ-နှိပ်၍၊ ဂယ္ဟာတိ ဣတိဝါ နိဂ္ဂဟိတံ-မည်၏။

သဒ္ဒါကလည်း အ သရ၏ နောက်၌ရှိသော ထိုဗိန္ဒုပျောက်.ကိုပင် ညွှန်ပြသည်၊ ခဲ့ဥုံးအံ့-ဣတ် မပါဘဲ "အံ နိဂ္ဂဟိတံ"ဟုသာ သုတ်တည်လျှင် အံ-အံသည်၊ နိဂ္ဂဟိတံ-နိဂ္ဂဟိတ် မည်၏"ဟု သုတ်နက်ပေး၍"အံ တံခုလုံး အ သရရော ဗိန္ဒုပျောက်ပါ)နိဂ္ဂဟိတ်မည်၏" ဟု အဓိပ္ပါယ်ယူရာ၏၊ ဣတိသဒ္ဒါထည့်၍ "အံ ဣတိ နိဂ္ဂဟိတံ"ဟု သုတ်တည်ရာ၌ကား ဣတိသဒ္ဒါသည် ညွှန်ပြခြင်း နိဒဿနအနက် ရှိသောကြောင့် အသရ၏နောံ-မိမိ ဟူသော ဣဘိ၏ ရှေ့နား၌ ကပ်လျက်ရှိသော ဗိန္ဒုပျောက်ကိုသာ လက်ညှိုးဖြင့် ထောက်ပြသကဲ့သို့ ဣတိသဒ္ဒါက "ဤဗိန္ဒုပျောက် " ဟု ညွှန်ပြလေသည်။

[ဆောင်] အံ နိဂ္ဂဟိတံသာ, မဆိုပါဘိ, ထည့်သည့်အချက်, ဣတိတွက်ကား, မဘက်အသရ, ဗိန္ဒုမျှ, ညွှန်ပြ-ကျိုးရှိသည်။

ရဿသရံ၊ ပေ၊ နိဂ္ဂဟိတံ — ကား ပဒဝိဂ္ဂဟသံဝဏ္ဏနာတည်း၊ [နိဂ္ဂဟိတံ၌ နိပုဗ္ဗ ဂဟဓာတ်, တပစ္စည်း, ဣအာဂုံပင် ဖြစ်သော်လည်း သဂ္ဂဘ၌ ဤဒီဃနှင့် ရှိသောကြောင့် ဒီဃပြု။] ပဌမဝိဂ္ဂဟဉ္စ နိကို"နိသယ"ဟု ဖွင့်၍ ဂဟိတံကို "ဂယ္ဟာတိ"ဟု ဖွင့်၏၊ ဤ၌ ဂဟဓာတ်သည် "ယူခြင်း" အနက်ကို ဟော၏၊ "ယူခြင်း" ဟူသည်လည်း လက်ဖြင့် ယူခြင်းမဟုတ်, နှုတ်ဖြင့် ယူခြင်းဖြစ်ရကား "ရွတ်ဆိုအပ်"ဟု အဓိပ္ပါယ်နက် ပေးရသည်၊ တနည်း — "ဓာတူနံ အဓနကတ္ထတ္တာ" ပရိဘာသာအရ ဂဟဓာတ်သည်ငင် ဥစ္စာရဏ (ရွှဘ်ခြင်း) အနက်ကို ဟော၏ ဟု ကြံ၊ "အံ ဣံ ဉံ" ဟု ရဿသရကို မှီရမှ ရွတ်ဆို၍ ဖြစ်သောကြောင့် "ရဿ သရံ နိသာယ"ဟု မိန့်သည်၊ ဒုတိယ ဝိဂ္ဂဟဝ်္ခ နိကို "နိဂ္ဂဟေတွာ"ဟု ဖွင့်၏၊ ကရဏံအရလည်း ကရိဏ်းချည်းမယူဘဲ ဌာန်ရော ကရိဏ်းပါ ယူရမည်၊ ["ကရဏာနိတိ-ကတ္ထာဒိနိ"-ပရိဝါ, ကမ္မဝဂ်, တေရသကဏ်။] ဌာန် ကရိဏ်းကို နှိပ်ခြင်း" ဟူရာ၌လည်း သစ်ကိုင်းပေါ် နားခနသော ငှက်သည် အထက်သို့ ပုံတက်လိုက်သည့်အခါ သစ်ကိုင်းကို ဖိနှိပ်သလို ဖြစ်သွားသကဲ့သို့, ထို့အတူ နိဂ္ဂဟိတ်သံသည့် အထက် နှာခေါင်းပေါက်သို့ ဆန်တက်ရမည့် ဖြစ်သောကြောင့် "ကံ-စံ-ဋံ-တံ-ပံ-" စသည်ဖြင့် ရွက်ဆိုလိုက်သည့်အခါ က စ ဋ တ ပ တို့၏ ဌာန်ကရိဏ်းကို ဖိနှိပ်ထားခဲ့သလို ဖြစ်သည်-ဟု ဆိုလိုသည်။

တနည်းကြံဘွယ်။ ။ပရိဝါကမ္မဝဂ္ဂဌကဆာဋ္ဌ နိဂ္ဂဟဟဘွာကို "အဒိဿဒ္ဓဟဘွာ-ဌာန်ကရိဏ်းတို့ကို မလွှတ်လိုက်မူ၍"ဟု ထပ်၍ဒွင့်ခသောကြောင့် "ကရဏံ-ဌာန် ကရိဏ်းကို၊ နိဂ္ဂဟေတွာ-မလွှတ်လိုက်ဘဲ မြဲစွာယူ၍" ဟု တနည်းကြံသင့်၏၊ အဓိပ္ပါယ်ကား— နိဂ္ဂဟိတ်သံနှင့် ဝိမုတ်သံသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်၏၊ "ဝိမုတ္တ" ဟူသော သဒ္ဒါသွား အလိုက် ဝိမုတ်အကွာရာကို ရွတ်သည့်အခါ ဌာန် ကရိဏ်းများကို ဟာလာ

ကရဏ်-ကို၊ နိဂ္ဂဟေတွာန-၍၊ အဝိဝဋေန-မဖွင့်အပ်သော၊ မုခေန-ခံတွင်းဖြင့်၊ ယံ - အကြင် ဗိန္ဒုကို၊ ဝုစ္စတေ - ရွတ်ဆိုအပ်၏၊ သရာနုဂံ-ရဿ သရသို့ အစဉ်လိုက်သော၊ တံဗိန္ဒု-ကို၊ နိဂ္ဂဟီဘန္တိ - နိဂ္ဂဟိတ်ဟူ၍၊ ဝုတ္တံ-ဆိုအပ်၏၊ (၈)။

ဟင်းလင်း ရှင်းရှင်းလွှာလွှာ လွှတ်၍ ရွတ်ဆိုရ၏၊ နိဂ္ဂဟိတ်ကိုကား ထိုကဲ့သို့ ဂျာန်နှင့် ကရိဏ်းကို မလွှတ်လိုက်ဘဲ မြစွာ ယူသားမှသာ နိဂ္ဂဟိတ်၏ နာသိကာဌာန် နှာခေါင်းသံ ပြီသ၏၊ ဒွံကို ရွတ်ရာ၌ ဒန္တဌာနနှင့် ကရိဏ်းကို လွှတ်ပစ်လိုက်သည့်အခါ ပါးစပ်ပေါက်မှ လေသံ ထွက်သဖြင့် နိဂ္ဂဟိတ်သံပျက်၍ ဝဲမှာသံ ဖြစ်နေလိမ့်မည်၊ ထို့ကြောင့် အဝိဿ ဇွေတွာ ဟူသော အဖွင့်အရ ပြခဲ့သောအဓိပ္ပါယ်နှင့် ညီမျှအောင် "နိဂ္ဂဟေတွာ-မြစွာ ယူ၍" ဟု တနည်းကြံသင့်သည်။

ကရဏံ နိဂ္ဂဟေတွာန၊ ပေ သရာနုဂံ—ဤဂါထာကား ဒုတိယ ဝိဂ္ဂဟ၏ သာဓက (သက်သေခံ) ဂါထာတည်း၊ ဤဂါထာ၌ "အဝိဝဋေန မုခေန" ဖြင့် ဝိမုတ်ဖြစ်မည်ကို ကာကွယ်သည်၊ ခံတွင်းကို ဖွင့်ဟထားလျှင် ခံတွင်းမှ လေသံထွက်၍ ဝိမုတ် ဖြစ်လိမ့်မည်၊ သို့ဖြစ်၍ နိဂ္ဂဟိတ်ကို ရွတ်သည့်အခါ မဖွင့်အပ်သော ခံတွင်းဖြင့် ရွတ်ရမည်-ဟူလို၊ "ဝုစ္စတေ" ကား ဂယှတ်၏အနက်ဖွင့်တည်း၊ ထို့ကြောင့်လည်း "ဂယှတိ-ရွတ်ဆိုအပ်၏" ဟု ပေးရသည်၊ ကြွင်းသုဒ္ဓမျာ်း၏ အဓိပ္ပါယ်မှာ ဒုတိယဝိဂ္ဂဟ၏ အဓိပ္ပါယ် အတိုင်းပင်၊ သရာနုဂံအရ "အံ ဇုံ ဥံ" ဟု ရဿ သရနောက်သို့ လိုက်ပုံ (ရဿ သရနောံသို့ လိုက်ရမှ အသံ ပြီသပုံ) ကို သိပါ။

မှတ်ချက်။ ။ "အဝိဝဋေန မုခေန" ၌ မုခသဒ္ဒါသည် သြဋ္ဌ၏ အနက်ဖြစ်သော နှုတ်ခမ်းကို မဟော၊ အစာဝင်ရာ "ခံတွင်း" ဟူသော အနက်ကို ဟော၏၊ ထိုခံတွင်းကို ဖွင့်ထားလျှင် နှာခေါင်းသို့ လေ မသွားနိုင်၊ ထို့ကြောင့် နှာခေါင်းသို့ လေ သွားအောင် ခံတွင်းကို ပိတ်၍ ရွတ်ရမည်-ဟု ဆိုလိုသည်၊ မုခ အရ နှုတ်ခမ်းပေါက်ကို ယူပြီးလျှင် "နိဂ္ဂဟီတန္တ ရွတ်ရာ၌ နှုတ်ခမ်းကို ပိတ်၍ ရွတ်ရမည်" ဟူသော ဝါဒသည် ခါးခတောင်းကြိုက် တခြား တင်ဘခြားကဲ့သို့ သဒ္ဒါနေက တခြား အနက်အဓိပ္ပါယ်လည်း တခြားပင်၊ အချုပ်မှာ - "နိဂ္ဂဟီတန္တ ရွတ်ရာ၌ နှုတ်ခမ်းပေါက် ပိတ်-မပိတ်မှာ လိုရင်း မဟုတ်, နှာခေါင်းသို့ လေထွက်အောင် ရွတ်နိုင်ခြင်းသာ လိုရင်းဖြစ်သည်" ဟု မှတ်။

ဗျဥ္ဇနဗုဒ္ဓိ ဆယ်ပါး။ ။ "အတ္ထံ ဗျဥ္ဇယန္တိ" အရ အနက်ကို ထင်ရှားပြတတ် (သိစေတတ်) သောကြောင့် သရ-ဗျည်း-ပုဒ်တို့ကို "ဗျဥ္ဇန" ဟု ခေါ်ရသေး၏၊ ထို အက္ခရာပုဒ် ပါဠိ တို့ကို ရွတ်ဆိုကြောင်း စိတ်ကို "ဗျဥ္ဇနဗုဒ္ဓိ" ဟု ခေါ်၏၊ [သဒ္ဒါကျမ်း၌ "ဗုဒ္ဓိ" ဟု တွေ့လျှင် ဥ ဏ် ကိုချည်း မယူရ၊ တချို့အရာ၌ စိတ်ကို ယူရသည်။] ထို ဗျဥ္ဇန တို့ကို ရွတ်ဆိုကြောင်း စိတ်က ဆယ်မျိုး ပြားသောကြောင့် ရွတ်ဆိုအပ်သော ဗျဥ္ဇန လည်း ၁၀ မျိုးပင် ရှိသည်၊ ဗျဥ္ဇန ၁၀ မျိုးကား—

သိထိလံ ဓနိတဉ္စ ဒီဃ ရဿံ, ဂရုကံ လ ဟုကဉ္စေဝ နိဂ္ဂဟီတံ၊
သမ္မန္ဓ ဝဝတ္ထိတံ ဝိမုတ္တံ, ဒသဓာ ဗျဥ္ဇနဗုဒ္ဓိယာ ပဘေဒဒါ။

(၁၁) ဇာဓ - ဤ ကစ္စည်းကျမ်းဌ်၊ အဝတ္တာနံ- မဆိုအပ်ကုန်သော၊ စ၀ါ-နာမည် မမှည့်အပ်ကုန်သော၊ ပရိသမညာနံဝိ- တပါးသော သက္ကတကျမ်းဌ အမည်တို့ကိုလည်း၊ ပယောဇနေ - အကျိုးသည်၊ သတ်-သော်၊ ဂဟာဏတ္ထံ-ယူခြင်းအကျိုးငှါ၊ ပရိဘာသံ- ပရိဘာသာသုတ်ကို၊ အာဟာ-ဆိုပြီ၊ (၉)။

သိထိလံ - လျော့လျော့ ရွတ်အပ်သော သဒ္ဒါ၊ ဓနိတ - တင်းတင်းမာမာ ရွတ်အပ်သော သဒ္ဒါ၊ ဒီဃ - ဒီဃ သဒ္ဒါ၊ ရဿံ-ရဿ သဒ္ဒါ၊ ဂရုကံ-လေးလေး ရွတ်အပ်သော သဒ္ဒါ၊ လဟုကဥ္စေဝ - ပေါ့ပေါ့ ရွတ်အပ်သော သဒ္ဒါ၊ နိဂ္ဂဟီတံ - နိဂ္ဂဟိတ်၊ သမ္မဉ္ဇ - ("တုက္ခဿ" ကဲ့သို့) ပုဒ်စပ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဝဇ္ဇိတံ - (တုက္ခိ+အဿ" ကဲ့သို့)ပုဒ်ဖြတ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဝိမုတ္တံ-ခံတွင်းကို မငိတ်ဘဲလွှတ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဇာတိ-ဤသို့၊ ဒသဓော-ဆယ်ပါး အပြားအားဖြင့်၊ ဗျဉ္ဇနဗုဒ္ဓိယာ-အက္ခရာကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်၏၊ ပဘေဒေါ-အပြားသည်၊ ဟောတိ-၏။

ထိုတွင် သိထိလ ဓနိတတို့သည် နောက်၌ လာကုန်လတ္တံ့၊ ဒီဃ ရဿ ဂရု လဟုတို့ကို ပြုခဲ့ပြီ၊ ခံတွင်းကို ဖွင့်ဟ၍ ရွတ်ရသော (ချုပ်တည်း ပိတ်ဆို့ မထားဘဲ လွတ် လွတ် ကျွတ်ကျွတ် လွှတ်၍ ရွတ်ဆိုအပ်သော)အာ-ကာ စသည်သည် ဝိမုတ္တာမည်၏၊ သိထိလနှင့် ဓနိတ , ဒီဃနှင့် ရဿ , ဂရုနှင့် လဟု, သမ္မဉ္ဇနှင့် ဝဇ္ဇိတ, နိဂ္ဂဟိတ်နှင့် ဝိမုတ္တာတို့သည် အချင်းချင်း အပြန် အလှန် " နှင့်မဟုတ်, ငါ " ဆိုသလို ဆန့်ကျင်ဘက် မျှားတည်း၊ ထို့ကြောင့် နိဂ္ဂဟိတ်၏ ပြောင်းပြန် ဖြစ်သော ဝိမုတ် အက္ခရာကို" သုဏာတု မေတိ ဝိဝဋ္ဋနမုခေန ဝတ္တဗ္ဗေ (ဏာ ဟု ဖွင့်အပ်သော ခံတွင်းဖြင့် ရွတ်ဆိုသင့်ရာ၌) သုဏန္တု မေတိဝါ (ဏန်ဟု ၎င်း) သော ဥတ္တိတိ ဝတ္တဗ္ဗေ သေံ ဥတ္တိတဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ဂ.တ္ဘာ ငစနံ ဝိဒုတ္တဿ နိဂ္ဂဟိတဝစနံနာမ" - ဟု ပရိဝါ-ဂမ္ဘီဝဉ္ဇကထာ ဖွင့်သည်။

အချို့ကား-ဝိဝဋ္ဋပယတ်နှင့်ဆင်သော သရ ၇လုံးနှင့် သ-ဟ တို့ကို ဝိမုတ်အက္ခရာ ဟုဆိုကြ၏၊ သို့ဖြစ်လျှင် " ဏံ, ဉံ, သံ, ဟံ" ဟု ရွတ်ရာ၌ (ပိန္ဒုအတွက် နိဂ္ဂဟိတ်သံ, ဇာ စသည်တို့အတွက် ဝိမုတ်သံ ဖြစ်အောင်) တပြိုင်နက် ရွတ်ရတော့မည် ဖြစ်သောကြောင့်၎င်း နိဂ္ဂဟိတ်နှင့် ဝိမုတ်တို့လည်း အချင်းချင်း ဆန့်ကျင်ဘက်အဖြစ်ဖြင့် အဋ္ဌကထာ ဖွင့်ပြသော ကြောင့်၎င်း ထို စကားကို စဉ်းစားကြပါလေ၊ သဒ္ဒနီတိဝယ် " ကုသလာ ဓမ္မာ" စသည်ကို ဝိမုတ္တာပုံစံ ထုတ်ဖြာရာ၌လည်း "ဓမ်" ကို လို၍ ထုတ်ပြခြင်း မဟုတ်, လာ-မာ တို့ကို လို၍ ထုတ်ပြခြင်း ဟု မှတ်၊ ဤဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးသည် သရဏကုံနှင့် ဂမ္ဘီဝါစာဝယ် များစွာ အသုံးဝင်၏၊ ဂရုပြု၍ လေ့လာကြပါကုန်။

(၁၁) ဇာဓ အဝတ္တာနံ၊ ပေ၊ မာဟ— [ကစ္စည်းကျမ်းကို မှီ၍ ဆိုရသောကြောင့် "ဇာဓ" အရ ရူပသိဒ္ဓိကို စွဲဘဲ"ကစ္စည်းကျမ်းဌ်"ဟု စွဲသည်၊] ကစ္စည်းကျမ်းဌ် တိုက်ရိုက် နာမည်မှည့် ထေားသော်လည်း သက္ကတကျမ်းလာ ထို နာမည်တို့ကိုလည်း ကစ္စည်းကျမ်းဌ် အကျိုးများမည် ဖြစ်လျှင် ယူနိုင်ဘို့ရာ "ပရိသမညာ ပယောဂေ" ဟူသော ဤပရိ

ပရသမညာ ပယောဂေ။ ။ပရသ္မိ-တပါးသော၊ သက္ကတဂေ့ဆို-သက္ကတကျမ်းဒ္ဓ၊ ဝါ - တနည်း၊ ပရေသံ - တပါးကုန်သော၊ ဝေယျာကရဏာနံ - ဗျာကရဏ်း ဆရာတို့၏၊ ဃောသာ ဃောသ လောပ သဝဏ္ဏာ သံယောဂ လိင်္ဂါဒိကာ - ဃောသ, အဃောသ, လောပ, သဝဏ္ဏာ, သံယုဂ်, လိန် အစရှိကုန်သော၊ ယာ သမညာ-အကြင် အမည် တို့သည်၊ (သန္တိ-ရှိကုန်၏၊) တာစ-ထို အမည်တို့ကိုလည်း၊ ပယောဂေ-သုံးစွဲသင့်သည်၊ သတိ - ရှိသော်၊ ဇ္ဈေဒါ - ဤ ကစ္စည်းကျမ်းဒ္ဓလည်း၊ ယုဇ္ဈန္တေ-သုံးစွဲအပ်ကုန်၏။

ဘာသာ သုတ်ကို အရှင် ကစ္စည်းဆရာ မိန့်တော်မူသည်၊ ဤ ပရိဘာသာ သုတ်သည် နာမည်ကို သိစေသော (သညုဂ်) ပရိဘာသာသုတ်တည်း၊ သည်ဂ် ပရိဘာသာသုတ် ဖြစ်သောကြောင့် " ပရသမညာပယောဂေ " သုတ်ဖြင့် "က" ကို ဃောသ အမည်မှည့်, ပုရိသကို လိန် အမည်မှည့် စသည်ဖြင့် ယခုကာလဒ္ဓ (ဝိဘတ်သွယ် စသည်မှာ) နာမည် မှည့်ကြ၏၊ သို့သော် ဤသုတ်၏ ဆိုလိုရင်းမှာ နာမည် မှည့်ဘို့ကို ဆိုလိုသည် မဟုတ်၊ ဤ ပရိဘာသာသုတ်၏ အမိန့်အရ ဃောသ အဃောသ လိင်္ဂစသည်ကို (နာမည် မမှည့်တော့ဘဲ) သက္ကတမှာ နာမည် မှည့်ပြီးသား၊ အတိုင်း ဤ ကစ္စည်းကျမ်းဒ္ဓ သုံးစွဲနိုင်ပါသည် – ဟုသာ ဆိုလိုသည်၊ ပရိဘာသာ ခေါ်ရပုံကို ကစ္စည်းဘာသာဋီကာ နယေ ပရံ ယုတ္တေသုတ်မှာ ရှု။

ယာစပန ၊ပေ၊ လိင်္ဂဒိကာ—"ပရသ္မိ သက္ကတဂန္တေ"ပါဠိဖြင့် "ပရသ္မိ+သမညာ, ပရသမညာ"ဟု (သတ္တမီတပ္ပုရိသ) ဝိဂြိုဟ်ပြုစေလို၍ "ပရ အရလည်း သက္ကတကျမ်းကို စွဲပါ"ဟု သိစေသည်၊ ဤနည်းအလို "ပရသမညာ-ကစ္စည်းကျမ်းမှ တပါးသော သက္ကတကျမ်းဒ္ဓ အမည်တို့ကို" ဟု ဆို၍ ပရ၏ အပါဒါန်ကို ကစ္စည်းကျမ်း ခံပါ၊ " ပရေသံ ဝါ ဝေယျာကရဏာနံ သမညာ"ဖြင့် " ပရေသံ+သမညာ "ဟူသော ဆဋ္ဌီတပ္ပုရိသ ဝိဂြိုဟ်ကိုဂင်း, ပရ အရ ဗျာကရဏ်း ကျမ်းဆရာများကိုဂင်း ယူစေလိုသည်၊ ဤ အလို – ပရသမညာ – ကစ္စည်းကျမ်းဆရာမှ တပါး သက္ကတ ဗျာကရဏ်း ဆရာတို့၏ အမည်တို့ကို" ဟု အနက်ပေး၍ ပရ၏ အပါဒါန်ကို ကစ္စည်းကျမ်းဆရာ ခံပါ၊ "ဃောသာ ဃောသ၊ပေ၊ လိင်္ဂါဒိကာ"ကား ကစ္စည်းကျမ်းဒ္ဓ အသုံးဝင်သော သက္ကတ နာမည်များတည်း။

တာ ဇ္ဈေဒါ ယုဇ္ဈန္တေ — ထို နာမည်များကို ဤ ကစ္စည်းကျမ်းဒ္ဓ သုံးစွဲခွင့် ကြုံလျှင် သုံးစွဲနိုင်သည် – ဟူလို၊ ဃောသ အဃောသ အမည်ကို ဝဂ္ဂေ ဃောသာ ဃောသာနံ သုတ်ဒ္ဓ လောပ အမည်ကို သရာ သရေ လောပံ သုတ်ဒ္ဓ, သဝဏ္ဏာ အမည် (အသဝဏ္ဏာ အမည်) ကို ကွစာ သဝဏ္ဏာ လုတ္တေ သုတ်ဒ္ဓ. သံယောဂ အမည် (ဝိသညောဂ အမည်)ကို ဗျဉ္ဇနေနာစ ဝိသညောဂေါသုတ်ဒ္ဓ, လိင်္ဂအမည်ကို လိင်္ဂဒ္ဓနိပစ္စကေ သုတ်ဒ္ဓ ဤသို့ စသည်ဖြင့် ထိုဆိုအမည်များကို ထိုထိုသုတ်ဒ္ဓ သုံးစွဲခွင့်ရှိသည်။ [သက္ကတသုတ်များကို ကစ္စည်းဋီကာ ပရသမညာအဖွင့်ဒ္ဓ ပြထား၏၊ ထို သုတ်များဒ္ဓ အသဝဏ္ဏာ-ဝိသညောဂ နာမည်မှည့်သုတ်

ပရသို့ံ - တပါးသော ဗျာကရဏ်းကျမ်း၌၊ ဝါ-တနည်း၊ ပရေသံ-တပါးသော ဗျာကရဏ်း ဆရာတို့၏၊ သမညာ - အမည်တို့သည်၊ ပရသမညာ - ပရသမညာတို့ မည်၏၊ ဝေယျာကရဏော - ဗျာကရဏ်းကျမ်း၌၊ သမညာ-အမည်ဘို့တည်း၊ ဝါ-တနည်း၊ (လိုက်ပေး) ဝေယျာကရဏံ-ဗျာကရဏ်းကျမ်းကို၊ အဓိတာနံ-ရွတ်ဆိုကုန်သော ဆရာတို့၏၊ သမညာ-တို့တည်း၊ ပကိအာထွော-ဤကားအာနက်၊ ပယုဇ္ဇနံ- သုံးစွဲခြင်း၊ ပယောဂေါ-သုံးစွဲခြင်း၊ ဝိနိယောဂေါ-ယှဉ်စပ်ခြင်း၊ ဝါ - သုံးစွဲခြင်း။

တတ္ထ - ထို ဃောသ ခံအဃောသ စသည်တို့တွင်၊ ဝဂ္ဂါနံ - ဝဂ်တို့၏၊ ပဌမ ဒုတိယာ-ပဌမ ဒုတိယ အက္ခရာတို့သည်ဌင်း၊ သကာရော စ - သ အက္ခရာသည်ဌင်း၊ အဃောသာ-အဃောသတို့မည်၏၊ ဝဂ္ဂါနံ-ဝဂ်တို့၏၊ တတိယ စတုတ္ထ ပဉ္စမာ-တို့ဌင်း၊ ယရလဝဟဠာစ-ယရ ပေါင်းတို့ဌင်း၊ သကာတိ-သို့၊ ဧကဝိသတိ- ၂၁လုံးသည်၊ ဃောသာနာမ-တို့မည်၏၊ ဇ္ဈေစ-ဤ ဃောသ အဃောသ တို့တွင်လည်း၊ ဝဂ္ဂ ဒုတိယ စတုတ္ထာ - ဝဂ်၏

မပါ၊ သဝဏ္ဏာ သံယောဂမ္မည် သုတ်သာ ပါ၏၊ ဆို့ကြောင့်“လောပ သဝဏ္ဏာ သံယောဂ လိင်္ဂါဒိကာ”ဟု ပံရသမညာ အတွင်း၌ အသဝဏ္ဏာနှင့် ဝိသညောဂ အမည်ကို မထည့်ဘဲ ထားသည်၊ သဝဏ္ဏာ သံယောဂ့မဟုတ်လျှင် အသဝဏ္ဏာ ဝိသညောဂ ဟု သို့သာရကား သဏ္ဌာတ၌လည်း အထူးနာမည် မမှည့်တော့ ဟု မှတ်။]

ပရသို့ံ၊ ပေ၊ တျဇ္ဈော၊ ပေ၊ ဝိနိယောဂေါ — ပရသို့ံ စသည်ကား ပဒဝိဂ္ဂဟ သံးဏ္ဌာနာတည်း၊ “ ပရသို့ံ+သမညာ, ပရသမညာ ” ဟုဌင်း “ ပရေသံ+သမညာ, ပရသမညာ” ဟုဌင်း ဝိဂြိဟ်ပြုစေလိုသည်၊ ပရသို့ံအရ ကစ္စည်းကျမ်းမှတပါး သဏ္ဌာတ ဗျာကရဏ်းကျမ်းကိုဌင်း, ပရေသံ အရ ကစ္စည်း ဆရာမှ တပါး သဏ္ဌာတ ဗျာကရဏ်းကို ရွတ်ဆိုသူ (ဗျာကရဏ်းဆရာ) တို့ကိုဌင်း, ယူရမည် ဟု သိစေလိုသောကြောင့်“ဝေယျာကရဏော၊ ပေ၊ တျဇ္ဈော”ဟု မိန့်သည်၊ “ ဝေယျာကရဏော ” သည် ပရသို့ံ၏ အနက်ပြု, “ ဝေယျာကရဏာ မဓီတာနံ ” ကား ပရေသံ၏ အနက်ပြုတည်း၊ “ ပယုဇ္ဇနံ ” သည် သုတ်၌ပါသော“ပယောဂေါ”ပုဒ်၏ ဝိဂြိဟ်တည်း၊“ဝိနိယောဂေါ”ကား“ပယောဂေါ” အရ “ ပြယုဂ်–ဥဒါဟရဏ်ကို မယူရ, ယှဉ်စပ်ခြင်း အနက်ကို ယူပါ ” ဟု သိစေသည်၊ “ယှဉ်စပ်”ဟူသည်လည်း ဆိုင်ရာသုတ်၌ ယှဉ်တွဲ သုံးစွဲခြင်းတည်း၊ ဃောသ အဃောသ အကြောင်းကို ကစ္စည်းဘာသာဌီကာ၌ ပြထားသည်။

ဇ္ဈေစ ဝဂ္ဂဒုတိယ၊ပေ၊သိထိလာတိ— ဃောသ အဃောသနှင့် စပ်၍ (သရဏ်ကုံ-ကမ္မဝါစာ တို့၌ အသုံးကျသော) သိထိလ ဓနိတတို့ကိုလည်း မှတ်ထိုက်သောကြောင့် “ ဇ္ဈေစ ဝဂ္ဂဒုတိယ ” စသည်ကို ဗ်န့်သည်၊ ရိုးရိုးမှန်မှန် အသံထက် တင်း၍ ခတ်ပြင်းပြင်း ရွတ်အပ်သော အက္ခရာသည် ဓနိတအက္ခရာ မည်၏၊ ဓနိတကို ထောက်၍ ထိုလောက်

ဒုတိယစတုတ္ထအာကွာရတို့ကို၊ ဓနိတာတိပိ-ဓနိတတို့ဟူ၍လည်း၊ ဝုစ္စန္တိ-ဆိုအပ်ကုန်၏၊ ဣတရေ - ဒုတိယ စတုတ္ထမှတပါးသော အာကွာရတို့ကို၊ သိထိလာတိ-သိထိလတို့ဟူ၍၊ (ဝုစ္စန္တိ။)

ပြင်းရဘဲ လျော့လျော့ မှန်မှန် ရွတ်အပ်သော အာကွာသည် သိထိလမည်၏၊ "ဓနိတ=ပြင်းထန်သော အသံ"ဟု ဆိုသောကြောင့် ကမ္မဝါစာ သရဏာဂုံ ရွတ်ရာတို့၌ ဥုးခေါင်းလှုပ် ယိမ်းသွားလောက်အောင် အလွန် ခက်ထန်စွာ ဒေါပါပါနှင့် ရွတ်ရမည် ဟုဎင်း "သိထိလ=လျော့သောအသံ" ဟု ဆိုသောကြောင့် နှစ်ကိုယ်ကြာ၊ စကားပြောသလို တိုးတိုး ရွတ်ရမည် ဟု ဎင်း မမှတ်ရ၊ မှန်၏ – ဗုဒ္ဓရှင်တော် တရားဟောတော် မူရာ၌ "သိထိလ-ဓနိတ" စသော ဗျည္ဇနဗုဒ္ဓိ များနှင့်အညီ ဟောတော်မူ၏၊ ထိုအခါ သိထိလအာကွာရတိုင်း လေသံပြေ့ပြေ့နှင့် လျော့လျော့ဟော်လိမ့်မည် မဟုတ်သည့်ပြင်, ဓနိတအာကွာရ ရောက်ပြန်လျှင်လည်း ငေါက်သံနှင့် ဟောတော်မူမည် မဟုတ်ပါ။

သိထိလ ဓနိတ အာလွတ်များ ။ ■ "ဝဂ္ဂ ဒုတိယ စတုတ္ထာ ဓနိတာ, ဣတရေ သိထိလာ"ဟု ဓနိတမှ ကျန်သမျှကို သိထိလဟု လုံး၍ဆိုထားသောကြောင့် ဝဂ်၏ဒုတိယ စတုတ္ထ တို့မှ ကျန်သမျှ ဝဂ် အာကွာရနှင့် အဝဂ်တို့ကိုပါ သိထိလ၌ သွင်းယူရမည်ကဲ့သို့ ထင်ရ၏၊ အမှန်မှာ-ထိုသို့ မယူရ၊ ဝဂ်ထည်း၌ ပဌမနှင့် တတိယ (က-ဂ-စ-ဇ-စသည်) တို့ကိုသာ သိထိလ ဟု ယူရမည်၊ ["သိထိလံနာမ-ပဏ္ဏသု ဝဂ္ဂေသု ပဌမ တတိယံ-" ပရိဝါ,ကမ္မဝဂ္ဂဋ္ဌကထာ၊]ထို့ကြောင့် ဝဂ်၌ ပဏ္ဏမကွာရများနှင့် အဝဂ်တို့ကို သိထိလဓနိတ တို့မှ အလွတ်အကွာရများ ဟု မှတ်။

ရွတ်ပုံ ရွတ်နည်း။ ■ယခုကာလ မြန်မာရွတ်သံ၌ "ဂ-ဃ"ဧသော ဝဂ်၏ တတိယစတုတ္ထအာကွာရတို့သည် အသံ တူနေသကဲ့သို့ သိဟိုဋ္ဌရွတ်သံ၌ "က-ခ"စသော ဝဂ်၏ ပဌမ ဒုတိယ အာကွာရတို့လည်း အသံ တူနေကြ၏၊ ထို့ကြောင့် သီဟိုဋ္ဌ ကလေးများ သင်ပုန်းကြိး သင်စဉ် "က-ယန, မာပရာဏာ ခ-ယန, ဂ-ယန, မာပရာဏာ ဃ-ယန, ဧ-ယန, ဟု စာအံကြသတဲ့၊ [ယန=အာကွာရ၊ မာပရာဏာ=ပြင်းပြင်း ရွတ်ရသော၊] "မာပရာဏာ" ဟု ပါလျှင် ဓနိတသံ ရွတ်အံကြ၏၊ ဤ၌ ကနှင့် ခ, ဂ နှင့် ဃတို့ အသံတူနေသောကြောင့် ရွတ်ရာ၌ အတင်း-အလျော့ ခွဲ မထားလျှင် "သံဃော, နာဂေါ" စသည်၌ မည်သည့်အာကွာရကို ရွတ်နေသည်ဟု ကြားရသူတို့မကွဲပြားမည်စိုးသောကြောင့် သိထိလ-ဓနိတ ဟု ရွတ်သံ ခွဲခြားထားရသည်၊ (ဧ)စသော ပဏ္ဏမကွာရနှင့် အဝဂ်တို့မှာ အသံတူ မရှိသောကြောင့် သိထိလ – ဓနိတ ဟု ခွဲခြားဘွယ် မလိုရကား ကမ္မဝါစာ ရွာ်ရာ၌ တင်းခြင်း လျော့ခြင်းကြောင့် အပြစ်မရှိ ဟု မှတ်။

ဃောသနှင့် ဓနိတ ။ ■ဤ စကားစဉ်အရ – "ဃောသသံသည် နဂိုရှိမည်သော ကျယ်သော အသံတည်း၊ ဓနိတ သံကား ရှားနှစ် ဒုတ် ၂ ချောင်း ရိုက်လိုက်သကဲ့သို့ တင်းတင်းမာမာဖြစ်အောင် တင်ပျဉ်ရိုက်၍ ရွတ်ရသော အသံတည်း"ဟု ခွဲခြားပါ၏၊ ထို့ကြောင့် (ခ)သည် အဃောသ (နဂိုရှိမမည်-မဟိန်း)သော်လည်း ဓနိတ(တင်းတင်းမာမာ အသံ)ထွက်အောင် ပျဉ်ရိုက်၍ ရွတ်ရ၏၊ (ဃ)သံကား၊ ဃောသလည်းဖြစ်-

ဝိနာသော-ကြေပျက်ခြင်းသည်၊ လောပေါ - လောပမည်၏၊ ရဿ သရာ - ရဿ သရတို့သည်၊ သကဒိပေးဘိ-မိမိဒိဃဘို့ဖြင့်၊ အာညမည်ဲ-အာချင်းချင်း၊ သဝဏ္ဏာနာမ၊ သဝဏ္ဏာဘို့ မည်၏၊ တော - ထို သဝဏ္ဏာဘို့ကို၊ (ယေ-ဂိုလျှင်"ယေ-ယင်းသဝဏ္ဏတို့ကို"ဟု ဆို၊) သရူပါတိပဝိ-သရူပတို့ ဟူ၍လည်း၊ ဝုစ္စတိ - ဆိုအပ်ကုန်၏၊ သရာနန္တရိကာနိ - သရ အခြား

ဓနိတလည်း ဖြစ်၍ မြည်မြည် ဟိန်းဟိန်းနှင့် တင်းတင်း မာမာ ရွှာ်ရသည်၊ ဃောသ သံသည် သဘာဝသိဒ္ဓသံ (ပင်ကိုယ်သဘောအတိုင်း ပြီးသော=နဂိုရအတိုင်း ကျယ်သော မြည်သော့ ဟိန်းသော အသံ) တည်း၊ ဓနိတသံကား ပယောဂသိဒ္ဓသံ (ပယောဂစိုက်၍ ပြီးသော တင်းမာသော အသံ) တည်း-ဟု ဆိုလိုသည်။

[ဆောင်] အသံဃောသ, သဘာဝဖြင့်, သိဒ္ဓပြီးသံည်, ဟိန်းကျယ်မြည်၏၊
ဓနိတမူ, မှတ်ယူ ပယောဂ - သိဒ္ဓ ခေါ်ရန်, တင်းမာ သံ ဟု,
အသံ ၂ ပါး, ခွဲ၍ထားသည်, မှတ်သားသူတို့ အထူးတည်း။

အမှာ ။ ။ " ထွေ်ာတိ သိထိလ ဓနိတာဒိ ဒသဝိဓဗျည်နေ့ ဝိနယကမ္မ ဝိသဓယ အာဂတေ"ဟူသော ဋီကာဖွင့်ကို ထောက်လျှင် " ထွေ်ာ ဝိနည်းကံ အရာဝယ် လာသော သိထိလ ဓနိတ အစရှိသော ဤ ဗျည်နဗုဒ္ဓိ ဆယ်မျိုးတွင် " ဟု အနက် ပေးရလိမ့်မည်။ "ဝဝတ္ထိတန္တိ-အသက််ရတောဋ္ဌိတံ၊ နိဂ္ဂဟိတန္တိ-သာနုနာသိကံ၊ ဝိမုတ္တန္တိ-နာနုနာသိကံ' ဟူသော ဋီကာဖွင့်ကို ထောက်ပြန်လျှင် သိထိလ ဓနိတအပြီးတွင် သမ္မန္န ဝဝတ္ထိတစသော ဗျည်နဗုဒ္ဓိဆယ်ပါး အပြည့်အစုံ ရှေးရှုပသိဒ္ဓိစာအုပ်များ၌ ပါရှိသေးဟန် တူ၏၊ ယခုစာအုပ်များ၌ကား ထို အားလုံးကို မတွေ့ရတော့သဖြင့် ထွေ်ာကိုလည်း သင့်တော်သလို အနက် ပေးလိုက်ရတော့သည်။

ဝိနာသော၊ ပေ၊ ဝိဘတ္တိနှံ်ပဒံ — သုတ်အဖွင့်၌"ဃောသာဃောသလောပ သဝဏ္ဏာ သံယောဂ လိင်္ဂါဒိကာ"ဟု ခေ ငြင်းစဉ်၍ ပြခဲ့သော ပရသမညာတွင် ဃောသ အဃောသ တို့ကိုရှင်း, ဃောသ အဃောသနှင့် အဆက်အသွယ် ဖြစ်သော သိထိလ ဓနိတတို့ကိုရှင်း အကျယ်ပြပြီး၍ လောပစသည်ကို အစဉ်အတိုင်း အကျယ်ပြလိုသောကြောင့် ဝိနာသော" စသည်ကို မိန့်၊ " ဝိဘတ္တိနှံ်ပဒံ " ကား လိင်္ဂါဒိကာ၌ အာဒိအရ ပုံစံဘည်း၊ ထိုတွင် သရဖြစ်စေ ဗျည်းဖြစ်စေ ထင်ရှားသော အနေ့မှ ကြေပျောက်ပျက်စီးခြင်းသည် လောပမည်၏။

ဥုးမည်သး၊ ထို လိုက်လာသော ပုဒ်ကို စဖြင့် ထပ်၍ ငင်ယူရာ၌ကား စင်ငရာ သုတ်ကို လွန်၍ နောက် သုတ်များသို့ မလိုက် ဘို့ရန် သဒ္ဒထုံးစံရှိ၏၊ လောက၌သည်း ဆွေငင်ယူ အပ်သော အရာ ဟူသမျှကို မိမိထံရောက်ရုံသာ ဆွေငင်၏၊ လွန်သွားအောင် ဆွေငင်ခိုး မရှိချေ၊ ဥပမာ — မိမိနောက်က တကောက်ကောက် လိုက်လာသော နွားကို ရှေက ဆွေငင်သွားသကဲ့သို့တည်း၊ ထို့ကြောင့် "တံ-ထို ငင်ခြင်းသည်"ဟု အနက်ပေး၍ "ဥုပနတ္ထံ"၌ စပ်ပြီးလျှင် ငင်ခြင်းသည် သိစေခြင်း အကျိုးရှိ၏"ဟု မှတ်ပါ၊ "ဘာကို သိစေ ပါသနည်း"ဟု မေးဦးယ်ရှိသောကြောင့် "စာနုကမိုတံ၊ပေ၊နာနုဝတ္တတေတိ" ဟု မိန့်ရ သည်၊ "စ ဖြင့် ငင်အပ်သော ပုဒ်သည် နောက်သုတ်သို့ မလိုက်တေ့"ဟု သိစေ ရခြင်း အကျိုးရှိ၏-ဟူလို။ [စဂ္ဂဟဏံ ပန လုတ္တာ ဒီဃဂ္ဂဟဏာနုကမုနတ္ထံ၊ အဓိကတတ္တာဝ ဝတ္တာ မာနေပိ "စာနုကမိုဘ မုတ္တရတြ နာနုဝတ္တတေ" တိ ဒဿနတ္ထံ၊—ဏျာသ၊ [ဤ၌ "တံ" မပါဘဲ "စာနုကမိုတံ"ချည်း ရှိပုံကို သတ်ပြုပါ၊ "လက္ခဏော စာနုကမိုတဒါခန မုတ္တရတြ နာနုဝိတ္တတိ၊ စာနုကမုနေစာသဘိ (စ ဖြင့် ငင်ခြင်း မရှိသော်ကား) မတ္ထာ။ကဂတိယာပိ ဝတ္တတိ"ဟူသော သဒ္ဒနိတိ—အာချာတ် (၂ဝ၅) သုတ်၌လည်း နည်းတူ။]

[ဆောင်] အနုဝတ္တန, ထုံးအရဖြင့်, လုတ္တဒီဃာ, ယင်းသဒ္ဒါတို့, ကောင်းစွာအသင့်, လိုက်သာလင့်လည်း, စဖြင့် ငင်ထုတ်, ထိုသည့် ပုဒ်ကား, နောက်သုတ် သို့ဆိ, မလိုက်ပြီ ဟု, ပဝေဏီထုံးဟောင်း, သိစေကြောင်း, ထပ်လောင်း ငင်ရသည်။

(၁၉) "ပုဗ္ဗလောပေ သမ္မတ္တေ"၌ သမ္မတ္တေကို ယကာရာဒေသောဟောတိ၌စပ်၊ "မေ+အယံ"ဟု ပုဒ်ဖြတ်ထားသဖြင့် "ဧ+အ" ဟု သရ ၂ လုံး ရှေနောက်ရှိရာ သရာ သရေ လောပံသုတ်ဖြင့် ရှေသရကို ချေခွင့် ရော့နေ၏၊ သို့သော် ထိုချေခွင့်ကို တားမြစ်၍

ယံဘိ-ယံ ဟူသည်ကား၊ ယံ ရှုပံ - ယံဟူသော ရုပ်တည်း၊ ဇ ဇဝ-ဇ သည်ပင်၊ အန္တော-ပုဒ်အဆုံးတည်း၊ ဇ အန္တော-ပုဒ်အဆုံးဖြစ်သော ဇ၊ အာဒေဿိဇ္ဈာနေ-အာဒေဿိ၏နေရာ၌၊ အာဒိသဘိ-ညွှန်ပြအပ်ဖြင့်၊ ဣတိ-ထို့ကြောင့်၊ အာဒေသော-အာဒေသ မည်၏။

ဤသုတ်က ကေို ယ ပြုလိမ့်မည်-ဟူလို၊ "ကောရဿ ပဒန္တဘူကဿ "၌ မြန်မာမူဝယ် "အန္တဘူတဿ" ဟုသာ ရှိ၏၊ "အန္တဘူဘဿ အစိဘ်ဖြစ်၍ ဖြစ်သော" ဟု လည်း အနက်ပေးကြ၏၊ သိဟိုဠ်မူ၌ "ပဒန္တဘူတဿ" ဟု ရှိ၏၊ "ပုဒ်အဆုံးဖြစ်၍ဖြစ်သော" ဟု အနက် ပေးရသဖြင့် သာ၍ကောင်း၏၊ "ပုဒ်အစိတ်, ပုဒ်အဆုံး" ဝါဒကွဲကို "အန္တဂ္ဂဟဏံ ကိ" ဟု ပြအပ်သော ပုံစံကျမှ ရှင်းပြမည်။

အကာရေ၊ ပေ၊ ဝါယံ (၀၀)— [၀၀မိပုဒ်ကား သံဟိုဠ် မူ၌သာ ပါသည်၊] ဤ 'အကာရေ" စသော စကားသည် ယ ပြုရာဌာနကို သတ်မှတ်ပြသော စကားတည်း၊ ထို့ကြောင့်ပင် "ဌာနေ" ဟု ထည့်၍ သုတ်ကို ဖွင့်ခဲ့သည်၊ ဤစကားအရ သရရှစ်လုံးဘွင် အသရ နှောင်းရာ၌သာ, မေ-တေ-ယေ-စသော ပုဒ်တို့၏ ဧ သာလျှင် ယပြုရာ ဌာန ဖြစ်သည် ဟူလို၊ ဤသို့ ယပြုရာ ဌာနကို သတ်မှတ်ပြခြင်းသည်လည်း "တဒန္တ ပရောဓေန" ဟူသော ပရိဘာသာသုတ်အရ ပါဠိတော်နှင့် မဆန့်ကျင်အောင် သတ်မှတ်ခြင်းဖြစ်သည်၊ "မေ တေ ယေ သဒ္ဒါဒိသ+ဧဝ" ဟု ပုဒ်ဖြတ်၍ အာဒိဖြင့် (သဒ္ဒနီတိ စာကိုယ်နိသယတို့၌ လာသော) "ကျသ, ဗျပ္ပထယော အသု, ယထာနာမံ တထာ စျသ" ပုံစံတို့နှင့်ဝယ် "ကျသ, စျသ" တို့၏ က - စ တို့ကိုလည်း ယူ၊ သဒ္ဒနီတိ၌ "ယျသ" ပုံစံကို ပယ်ထား၏၊ အဋ္ဌကထာ ဋီကာတို့၌ အဖွင့် ရှိ-မရှိကိုသာ သတိပြုကြပါ[1]လေ။

[ဆောင်] ရှုနှင့် နီတိ, အားလုံး ညှိသော်, မေ တေ ၏ ဧ, ယေ-က-စ ဟူ, ဆုံး ဧ တို့ပါ, ယ ပြုရာ, ဒန္တာ ယ မေသုတ်။

ယံဘိ၊ ပေ၊ အာဒေသော—သုတ်၌ပါသော "ယံ+ဒေန္တသ+အာဒေသော" တို့၏ အဖွင့်တည်း၊ ယံသဒ္ဒါသည် အကြင်" ဟု အနက်ပေးရသော အနိယမဝါစက သဗ္ဗနာမ်(ယ)မဟုတ်, "ယ" ဟူသော ရုပ်တမျိုးဖြစ်သည်-ဟု သိစေလို၍ "ယံဘိ-ယံရှုပံ"ဟု ဖွင့်သည်၊ ["အာဒေသော" ဟူသော ပုဒ်လိုန်နှင့် ထပ်ဘူကအောင် "ယော" ဟု ထားသင့်သော်လည်း နိဂ္ဂဟိတ်ကို "မ်" ပြုပြီးလျှင် ဒေန္တနှင့် သန္ဓိစပ်၍ ရွှတ်လွယ်စေခြင်းအကျိုးငှါ "ယံ" ဟု နပုံလိုန်ဖြင့်ထားသည်၊ ဗာလာဝတာရဋီကာ၌ တမျိုးဖွင့်ပုံကို ကစ္စည်း ဘာသာဋီကာ၌ ပြထားသည်၊] နှင့် အန္တကို ကမ္မဓာရည်းသမာသ် ဝိဂြိုဟ် ပြု၍ "ဒ" လာထားသည်-ဟု သိစေလို၍ "ဧဝေ+အန္တော" စသည်ကို မိန့်သည်။

အာဒေသော၊ ။"ကေို ယပြု" ဟူရာ၌ ယ အပြုသည် အာဒေသမည်၏၊ ဧကာဒေသရှိသောကြောင့် အာဒေသီ မည်၏၊ [ဒုတ်ရှိသူကို "ဒဏ္ဍီ" ခေါ်သကဲ့သို့တည်း၊] အာဒေသီမည်သော ဧသရ ပျောက်သွားသည့်အခါ ထိုအာဒေသီ၏နေရာဝယ် ယ ဗျည်း ပေါ်လာ၏၊ ထို့ကြောင့် ထို ယ ကို အာဒေသိ၏ နေရာ၌ ညွှန်ပြအပ်သောအက္ခရာ"ဟု ဆိုသည်၊ [" အာဒိသတိတိ အာဒေသော " သာ လိုရင်း၊ အာဒေသိဌာနကား အပို

ဗျဥ္ဇနေတိ - ဗျဥ္ဇနေ ပုဒ်ကို၊ အဓိကိစ္စ - လိုက်စေ၍၊ (သရော ပကတိ ဗျဥ္ဇနေသုတ်မှ လိုက်စေ၍ - ဟူလို၊) ဒီဃာန္တိ - ဒီဃံ သုတ်ဖြင့်၊ ဒီဃော-ဒီဃပြု၊ အဓိဂတောခေါ မျာယံ ဓမ္မော၊ပေါ်ယျသ - ပြီး၏၊ ကွစိဘိ ကိ်၊ တေနာဂတာ, ပုတ္တာမတ္ထိ-တေနာဂတာ, ပုတ္တာမတ္ထိ စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အာကျိုးဂို၏၊ အန္တဂဟဏံ-အန္တ သဒ္ဒါသည်၊ ကိ်-နည်း၊ ဓမ္မစက္ကံ ပဝတ္တေန္တော, ဒမေန္တော စိတ္တံ-ဓမ္မ၊ ပေ၊ စိတ္တံ, စသော ပြယုဂ် တို့၌ တားမြစ်ရခြင်း အာကျိုးဂို၏။ (၁၇)။

ထည့်ပါ၌သာ၊ ယခုစာအုပ်များ၌ အာမပါဘဲ "ဒိဿတိတိ အာဒေသော" ဟု တွေ့ရ၏၊ အာပုဗ္ဗ+ဒိသ-ဏပစ္စည်း ဖြစ်သောကြောင့် "အာဒိဿတိ" ဟု ဝိဂြိဟ်ရှိမှ သင့်သည်။]

ဗျဥ္ဇနေတိ ၊ပေ၊ ဒီဃော — ဗျဥ္ဇနေတိ အဓိကိစ္စကို ထောက်၍ "ဒီဃံ" အရ တတိယဝိုင်း ဒီဃံသုတ်ဖြစ်ကြောင်း သိသာ၏၊ "မေ+အံယံ"၌ ဧကို ယပြုပြီးနောက် အယံ၌(အ)ကို ဒီဃပြုသည့်အခါ တတိယဝိုင်း ဒီဃံသုတ်ဖြင့် ပြုရသည်-ဟု ဆိုလိုသည်၊ "ကွစိတိကိ"ဟု ပြအပ်သော ရုပ်များ၌ "တေ+အနာဂတာ,ပုတ္တာမေ+အတ္ထိ" ဟု ပုဒ်ဖြတ်သည့် အခါ တံ မေ တို့၏ ကို ယပြုသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မပြုရ၊ တေနာဂတာ၌ ဝါပရောဖြင့် နောက် အ ကို ချ၍ဂင်း, မေ အတ္ထိ၌ ဆေ့, မကို အ သို့ကပ်၍ဂင်း ပြီး၏။

အန္တဂ္ဂဟဏံ ကိ်— "ယ မေ သာဒေသော" လောက်တွင် မဆိုဘဲ အန္တသဒ္ဒါကို ထည့်၍ ဆိုရခြင်း၏ အကျိုးကို ပြလိုသောကြောင့် "အန္တဂ္ဂဟဏံ ကိ်" ဟု ပုစ္ဆာ ထုတ်ပြီးလျင် ထိုအမေးကို ဖြေလိုသောကြောင့် "ဓမ္မစက္ကံ ပဝတ္တေန္တော,ဒမေန္တော စိတ္တံ"ဟု မိန့်သည်၊ "ပဝတ္တေန္တော, ဒမေန္တောတို့၌ တ္တေ - မေ တို့၏ ဧ သရ ဟုတ်သော်လည်း ပုဒ်အဆုံး(အန္တ)မဟုတ်သောကြောင့်(ယ)မပြုရ" ဟူလို၊ ခဲ့ဥုံးအံ့ — "မေ+အယံ, တေ+အဟံ" စသည်၌ မေ တေ တို့သည် ဝိဘတ်ဆုံးသော ပုဒ်များတည်း၊ [မေ-ငါသည်၊ အဓိဂတော - ရအပ်သော၊ အယံ ဓမ္မော-ဤ တရားသည်၊ ("ဂန္ဓီရော-နက်နဲ၏"ဟု ဆက်)အဟံ-ကျွန်တော်သည်၊ တေ-သင်မင်းမြတ်၏၊ ပုတ္တော-သားတော်ပါတည်း၊] မေ တေ တို့ကို ကျနစ္စာရေးလျင် မ-တ တို့ကို ရှေ, ဧ သရကို နောက်ထား၍ ရေးရမည် ဟု နားလည်လောက်ပြီ၊ သို့ဖြစ်၍ မေ တေ ၌ ဧ သည် ပုဒ်၏ အဆုံးတည်း၊ ပဝတ္တေန္တော,ဒမေန္တော တို့၌ တ္တေ-မေ တို့၏ ဧ ကား ပုဒ်အဆုံးမဟုတ်, ပုဒ်အလယ်မှာတည်ရှိကြသည်၊ ထိုကဲ့သို့ ပုဒ်အဆုံးမဟုတ်သော ဧ တို့ ကို အန္တသဒ္ဒါက "ယ" မပြုရ ဟု တားမြစ်သောကြောင့် "ပဝတ္တေန္တော, ဒမ္မေန္တော" ဟု ပါ၌ မရှိနိုင်တော့ပြီ။

မှတ်ချက်။ ။ယမေဒန္တ၌ အန္တသဒ္ဒါအတွက် "အစိတ်" ဟူသော အနက်ကို ယူလျင် "ပဝတ္တေန္တော, ဒမေန္တော" တို့၌ ဧ လည်း ပုဒ်၏အစိတ်အဝိုင်း ဖြစ်သောကြောင့် ယပြုခွင့်ကို မတားမြစ်နိုင်၊ ထို့ကြောင့် အန္တသဒ္ဒါအတွက် "အစိတ်" ဟူသော အနက်ကို မသုံးဘဲ "ပုဒ်အဆုံး" ဟူသော အနက်ကိုသာ သုံးသည်၊ [အချို့ကား "ပဝတ္တေန္တော,

(၂၀) ယာဝတာကော + အသ ကာယော၊ ပေ၊ နတု+ဇော ဤဘိ ယာဝ၊ ပေ၊ ဇော ဟူဘုန်သော၊ ဤစ-ဒ္ဒိ၊

ဝမောဒုဒန္တာနံ။ ။ပဒေရ သဒေရ အန္တာဘူတာနံ - အဆုံးဖြစ်၍ ဖြစ်ကုန်သော၊ သြကာရကာရာနံ - တို့၏၊ ကွစိ ဝကာရာဒေသော ဟောတိ၊ က ခ ဃ သ တ သန္ဓိဒိ သြကာရသ - က, ခ, ယ, သ, တ သန္ဓိ အစရှိသည်တို့၏ သြအက္ခရာကို၊ ဤဒံ ဂဟဏံ-ဤယူခြင်းသည်၊ (ဟောတိ၊) ယာဝတာကွသ၊ ၄ပ၊ နတွေဝ-ပြီး၏။

ကွစိတိ ကိံ၊ ကော အတ္ထော၊ပေ၊ဟောတူတိ - ကော အတ္ထော၊ပေ၊ ဟောတူတိ, စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ အန္တဂ္ဂ ဒမေန္တော”တို့၌ ပုဒ်၏ အစိတ် မဟုတ်, ဓာတ်၏အင်္ဂတ် ဖြစ်သောကြောင့် ယ မပြုရ ဟု ဆိုကြသေး၏၊ “အန္တ=အစိတ်ဆိုလျှင်“ပုဒ်အစိတ်-ဓာတ်အစိတ်”ဟု ခွဲ၍ မရသည့်ပြင်, ပဝတ္တေန္တော ဒမေန္တော၌ (“ပဟုဗ္ဗ+ဝတု+ကာရိတ် ဏောပစ္စည် +အန္တပစ္စည်း, ဒမု+စုရာဒိဏော+အန္တ”ဟု ဖြစ်ရကား) မူလ-ဝတုဓာတ်, ဒမုဓာတ်တွင် ဧ သရ မပါဝင်သဖြင့် ဓာတ်၏ အစိတ်လည်း မဟုတ်, ကိတ်ပုဒ်၏ အစိတ်သာ ဖြစ်သောကြောင့် ထို ဝါဒကို ဆင်ခြင်ကြပါလေ။]

(၂၀) က ခ၊ ပေ၊ သြကာရသေဒံ ဂဟဏံ — “ယာဝတကော”၌ က ၏ သြ “အထခေါ”၌ ခ ၏ သြ “ ယော ”၌ ယ ၏ သြ “ သော ”၌ သ ၏ သြ “ ယတော ”၌ တ ၏ သြတို့ကိုသာ ဤသုတ်က ဝပြုဘို့ ယူသဖြင့် အခြားသြများကို ဝမပြု-ဟု သတ်မှတ်ရာရောက်၏၊ ဤသတ်မှတ်ခြင်းမှာလည်း “ တဒနုပရောဓေန ” ဟူသော ပရိဘာသာ အရ ပိဋကတော်၌ တွေ့သမျှပုံစံကို ရှာဘွေ၍ ထိုပုံစံများနှင့် မဆန့်ကျင်အောင် သတ်မှတ်ခြင်း ဖြစ်၏၊ အကယ်၍ ပိဋက ပြယုဂ် ရှိသေးလျှင်လည်း ထို သြ ကို ဝ ပြုဥဒ္ဒေသ တည်း၊ ထို့ကြောင့် “ တ သန္ဓိဒိ သြကာရသ ” ဟု အာဒိဖြင့် ပြထားသည်၊ [“ မည်သည့် အက္ခရာ၏ သြ ” ဟု သြ ကိုသာ သတ်မှတ်ပြ၍ ဥ ကို သတ်မှတ် မပြခြင်းမှာ ဥ အက္ခရာတွင် ဝ ပြုဘွယ်တွေ့ များသောကြောင့် ဖြစ်သည်၊ [ယွာယံ စသည်၌ အ ကို တတိယပိုင်း ဒီဃံဖြင့် ဒီဃပြုရမည်ကိုလည်း သတ်ပြုပါ။]

ကွစိတိ ကိံ — “ ကော+အတ္ထော, အထခေါ+အညတရော ” တို့မှာ ပုဒ်ဖြတ်ပြီးပုံစံ များတည်း၊ ကွစိ သဒ္ဒါမြစ်သောကြောင့် သြ ကို ဝ မပြုရ ဟု ဆိုပြီးနောက် (သရာသရေ-ဝါ ပရော သုတ်တို့က မချေနိုင်အောင်) သရေ ကွစိ သုတ်ဖြင့် သြ ကို သြပကတိ ပြုရဥဒ္ဒေသ်မည်၊ နောက် ဥရှ်ကို ဝါ ပရောသုတ်ကြည့်၍ ပုဒ်ဖြတ်၊ ကွစိသဒ္ဒါ မြစ်ပြီးနောက် ဝါ ပရောသုတ်က စိရင်မည်ဖြစ်၍ ပကတိ မပြုရ၊ ထို့နောက် “သောဂတံ” ဟု ပါဠိပျက်ရှိ၏၊ “ သာဂတံ ” ဟု ရှိရမည့်၊ “ သု+အာဂတံ, သာဓု+အာဝုသော, ဟောတု+ဣတိ”ဟု ပုဒ်ဖြာ၍ ကွစိဖြင့် မြစ်ပြီးလျှင် သရာ သရေ-ဝါ ပရော-ပုဗ္ဗော စ တို့ဖြင့်စိရင်။

ဟာဏံ ကိ်၊ သဝနိယံ, ဝိရဝန္တိ-သဝနိယံ, ဝိရဝန္တိ စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အာကျိုးရှိ၏။ (၁၈)။

(၂၀) ပဋိသန္ဓေါရ ဝုတ္တိ+အသ၊ ပေ၊ ဝိ+အာကတော ဏှတိ, ဂ္ဂဓ, မဏ္ဍူကဂတိယာ-မဏ္ဍူကဂတိက အဓိကာရနည်းအားဖြင့်၊ အသရွပေတိ-အသရွပေ ပုဒ်သည်၊ ဝတ္တတော။

ဂ္ဂဝဏ္ဏော ယံ နဝါ။ ။ ပရေ အသရွပေ သရေ ပုဗ္ဗော ဂ္ဂဝဏ္ဏော နဝါ - အ်ချိုအ်ရာ၌၊ ယကာရံ ပပ္ပေါတိ၊ ဂ္ဂဇဝ - ဂ္ဂသည်ပင်၊ ဝဏ္ဏော - ဝဏ္ဏတည်း၊ ဂ္ဂဝဏ္ဏော - ဂ္ဂသည်ပင်ဝဏ္ဏော၊ နဝါသဒ္ဒါ - နဝါသဒ္ဒါသည်၊ ကွစိသဒ္ဒပရိယာယော-ကွစိသဒ္ဒါ၏ ပရိယာယ်တည်း။

အန္တေဂ္ဂဟဏံ ကိ်။ ။ [အဓိပ္ပါယ်ကို ရှေသုတ်နည်းမှီး၍ သိ၊] သဝနိယံ၌ သုဝေတ်-အနိယ ပေးနည်း, ဝိရဝန္တိ၌ ဝိပုဗ္ဗ - ရဓေတ်-အ်န္တိ ဝိဘတ်၊ ထို့ကြောင့် " သု+အနိယံ, ဝိ-ရ+အ်န္တိ " တည်, ဉ.ကို ဤသုတ်ဖြင့် ဝပြုသင့်သော်လည်း ပုဒ်အဆုံး မဟုတ်သော ကြောင့် မပြု၊ ဘနည်း-ဉ.ကို သြဝုဒ္ဓိပြုပြီး အနေအားဖြင့် " သော+အနိယံ, ဝိရော+အ်န္တိ " တည်, သြကို ဝပြုသင့်သော်လည်း ဟ ဆိုရုံသာ၊ ထို့နောက် ဓေတ်ရုပ် ထုံးစံအတိုင်း ဆိုင်ရာ သုတ်ဖြင့် သြကို အဝပြု၍ ပြီးလိမ့်မည်၊ ငယ်ရွယ်သူများကို သေချာစွာ ရုပ်မတွက်စေဘဲ စိရင်ပုံလောက်ကိုသာ ပြောပြသင့်၏၊ အားချာတ် ကိတ် ရောက်လျှင် လွယ်ကူစွာ တွက်တတ်ကြလိမ့်မည်။

(၂၁) မဏ္ဍူက ဂတိယာ အသရွပေတိ — ဖါးသတ္တာသည် အစဉ် အတိုင်း မသွားဘဲ ခုန်၍ သွားသကဲ့သို့, ထို့အတူ ဝါပရော အသရွပါသုတ်မှ အသရွပသဒ္ဒါလည်း ဒီဃံ စသော သုတ်တို့ကို ခုန်ကျော်၍ ဤသုတ်သို့ လိုက်လာသည်၊ ဤသို့ ခုန်ကျော်၍ လိုက်နည်းကို "မဏ္ဍူက ဂတိ (ဖါးသွားပုံနှင့် တူသော) အဓိကာရ" ဟု ခေါ်သည်။

ဂ္ဂ ဇဝ၊ ပေ၊ ဂ္ဂဝဏ္ဏော— ဤဂြိဟ်အရ ဂ္ဂ ဟူသော ဂဏ္ဍာတ်လုံးသာ ယူရမည်ကဲသို့ ဖြစ်နေ၏၊ သို့သော် ဂ္ဂနှင့် ဌာန်တူသော (ဤ)ကိုပါ ယူရသည်၊ ဥပမာ-"အဇော-ဆိတ်" ဟု ဆိုရာ၌ ဆိတ်တကောင်သာ မက, ဆိတ်မျိုးအားလုံး ပါဝင်သကဲ့သို့, ဤ၌လည်း " ဂ္ဂဏ္ဍော " ဟု ဆိုသဖြင့် ဂ္ဂ နှင့် အဆင်း သဏ္ဌာန် ဌာန်တူသဖြင့် ဂ္ဂဝဏ်မျိုး ဖြစ်သော (ဤ)လည်း ပါဝင်သည်-ဟူလို၊ [" ဏ္ဍော်ပရေန သဝဏ္ဍောဝိ " - မောဂ္ဂလ္လာန်သုတ်၊ ဏ္ဍော်ပရေန-ဝဏ္ဍော နောက်ရှိသော (ဂ္ဂဝဏ္ဍော်၌ ဏ္ဍောသဒ္ဒါနောက်က ပါသော) သရဖြင့်၊ သဝဏ္ဍောဝိ-ဌာန်တူသရကိုလည်း၊ ဂယ္ဟတိ-ယူအပ်၏။]

နဝါသဒ္ဒေါ၊ ပေ၊ ပရိယာယော— နဝါနှင့် ကွစိသည် အလဲအလှယ် သုံးစွဲရသော ပရိယာယ် သဒ္ဒါတည်း၊ ထို့ကြောင့် "နဝါ-အချို့အရာ၌" ဟု ကွစိ အနက်အတိုင်း ပေးကြသည်၊ " ယံ - ယ အဖြစ်သို့၊ ပပ္ပေါတိဝါ-ရောက်သည်လည်း ရှိ၏၊ နပပ္ပေါတိဝါ-မရောက်သည်လည်း ရှိ၏ " ဟု ပေး၍ " ယ အဖြစ်သို့ နဲနဲ ပါးပါးသာ ရောက်၍ မရောက်သည်က

ပဋိသန္ဓာရ ဝတ္ထုသ ၊ ပေ ၊ ဗျာကတော - ပြီး၏၊ နဝါဘိ ကိ ံ၊ ပဋ္ဌ ဟာဂေါ်ဟိ ၊ ပေ ၊ မုတ္တစာဂိ အနုဒ္ဓတော-ပဋ္ဌ ၊ပေ၊ အနုဒ္ဓတော, ပြယုဂ်တ္ထိဒ္ဒ် တားမြစ်ရခြင်း အကျိုးဂ်ိ၏၊ အသ ရုပေဘိ ကိ ံ၊ ဏ္ဏ ဟိဒံ၊ပေ၊အဏ္ဍိ ဘိ-ဏ္ဏ တိ ဟိဒံ ၊ ပေ ၊ အဏ္ဍိ တိ, ဟူသော ပြယုဂ်တ္ထိဒ္ဒ် တားမြစ်ရခြင်း အကျိုး ဂ်ိ၏၊ (၂၁)။

(၂၂) အတ္တိ+အန္တံ၊ပေ၊ဏ္ဏ တိ+အာဒိ, ဏ္ဏ တိ- ဟူကုန်သော၊ ဏ္ဏ-တ္ထိဒ္ဒ်၊ ဏ္ဏဝဏ္ဏောယံ နဝါတိ - ဏ္ဏဝဏ္ဏော ယံ နဝါသုတ်ဖြင့်၊ ယကာရာဒေသ-ယ အပြုသည်၊ သဗ္ဗတ္ထေ၊....

သဇ္ဇော စံ တိ ။ ။[ဏ္ဏဒံ- ၌ သုတ်သည်၊ အတိ ပတိ ဏ္ဏတိနံ-အတိ ပတိ ဏ္ဏတိ သဒ္ဒါတ္ထိ၏၊ တိ သဒ္ဒသ-တိ သဒ္ဒ ကို၊ ဂဟဏံ - ယူကြောင်း သုတ်တည်း၊] ပရေ သရေ သဇ္ဇော တိ ဏ္ဏတိ - တိ ဟူသော၊ ဇသော သဒ္ဒေါ-၌ သဒ္ဒါသည်၊ ကွစိ စကာရံ ပပ္ပေါတိ၊

များ၏"ဟု ယူရလျှင် စာသွားထုံးစံလည်း ကျ, ကွစိနှင့် အဓိပ္ပါယ်လည်း တူမျှသောကြောင့် သာ၍ သင့်မည် ထင်၏၊ သဒ္ဒနိတ်နိသယ်လည်း ဤအတိုင်း ပေးလေ့ရှိသည်၊ [ကွစိ နဝါးနှင့် ဝါဝိဘာသာတို့ ထူးခြားပုံကို ကစ္စည်းဘာသာဋီကာ၌ ရှု။]

ပဋိသန္ဓာရဝုတ္ထသ၊ပေ၊ဗျာကတော — ဗျာကတော၌ "ဝိ+အာပုဗ္ဗ ကရဓာတ်" ဖြစ်သကဲ့သို့ ဗျာကာသိ၌လည်း ဝိ+အာပိုဗ္ဗ ကရဓာတ် အဇ္ဇတနီ ဤ ဝိဘတ်ဖြစ်၍ ရှေ့၌ (အ)လာရသေး၏၊ ထို့ကြောင့်"ဝိ+အာ+အကာသိ"ဟု ဖြစ်ရာ၌ ဗျည်း နောံ အာကို ဝါပရောဖြင့် ချေ၊ ဝိ၏ ဣကို ယပြု, ဒီဃံဖြင့် ကဗျည်းကြောင့် အကို အာပြု, ယ အာက်, ဒေါဓသစ်၌ စ သဒ္ဒ်ဖြင့် ဝကို ဗပြု, ဗကို ယာသို့ကဝ်-ဟု သဒ္ဒနိတ် ကြံသည်၊ ကြွင်းသော ရုပ်များပြီးပုံကို အခြေပြုသဒ္ဒါ၌ ပြခဲ့ပြီ၊ " ဤ " ကို ယပြုပုံ မပါသေးသောကြောင့် " နုဗျာ သန္ဓော (နဒိ+အာသန္ဓော) ဒါသျာဟံ(ဒါသိ+အဟံ)"ဟူသော ပုံစံကို ထုတ်ကြသည်၊ ကိ ံ ပုံစံများတွင် " နဝါတိ ကိ ံ " ၌ နဝါသဒ္ဒါ မြစ်သောကြောင့် ယ မပြုရသဖြင့် " ပဋ္ဌ ဟျင်္ဂေါဟိ, တာနျတ္ထနိ, (ဂစ္ဆာမိ+အဟံ) ဂစ္ဆာမျဟံ, မုတ္တစာဂျနုဒ္ဓတော"ဟု မဖြစ်, သရာ သရေ စသော သုတ်များဖြင့် စိရင်၊ "အသရုပေတိ ကိ ံ"၌"ဏ္ဏတိဟိ+ဏ္ဏဒံ, အဂ္ဂိ+ဏ္ဏဝ, အတ္ထိ+ဏ္ဏတိ"ဟု ပုဒ်ဖြတ်, နောက်သရတို့က ရှေ့သရနှင့် သရုပ ဖြစ်သောကြောင့် ယ မပြုရ၊ သရာ သရေ စသော သုတ်များဖြင့် စိရင်။

(၂၂) အတိ ပတိ ဏ္ဏတိ(နံ)တိ သဒ္ဒသ— [ဏ္ဏတိနံ-ဟု သိဟိုဠ်မူရှိ၏၊ မြန်မာမူ၌ "ဏ္ဏတိ တိ သဒ္ဒသ"ဟု ရှိသည်၊]စံ တိ၌ "တိ"အရ တွေ့ကရ"တိ"ကို မယူရ၊ " တဒနု ပရောဓေန " ဟူသော ပရိဘာသာ သုတ်နှင့် အညီ ပါဠိတော်နှင့် လျော်အောင် အတိ ပတိ ဏ္ဏတိသဒ္ဒါ ဥမျိုး၏ တိကိုသာ ယူရမည်-ဟူလို။

တိတိ-တိဟူ၍၊ နိဒ္ဒေသတော - ညွှန်ပြခြင်းကြောင့်၊ အာကတ ယကာ ရသေဝ - မပြုအပ်သော ယ အဖြစ်ရှိသော တိ၏သား၊ အယံဝိဓိ-၌ အစီ အရင်သည်၊ ဟောတိ၊ ဣတရထာ - ဤသို့ မဟုတ်လျှင်၊ (ဝါ - တိကို စ မပြုလျှင်၊) ကွစိဋ္ဌဟာဏသစ - ကွစိဒ သဒ္ဒါ၏ဝင်း၊ အတိသ စန္တဿသာတိ သုတ္တသစ-အတိသ စန္တဿသုတ်၏ဝင်း၊ နိဂဏ္ဌကတာ - အကျိုး မရှိသည်၏ အဖြစ်သည်၊ သိယာ-ဖြစ်ရာ၏။

ပရ ဒွေဘာဝေါ ဌာနေတိ - သုတ်ဖြင့်၊ ဒိတ္တံ - ဒွေဘော်လာ၊ အစ္ဆန်္ဒာ ၊ ပေ ၊ ဣစ္ဆာဒိ-ပြီး၏၊ ကွစိတံ် ကိ ံ၊ ဣတိသ, ဣတိ အာကာဝ်မာနေနု-တို့ဒ္ဒါ တားမြစ်ရခြင်း အကျိုးရှိ၏။ (၁၉)။

သဒ္ဒေ တိဣစ္စေသေ သဒ္ဒါ — " တိကို စပြု ". ဟူရာ၌ " စ " သည့် အက္ခရာ တလုံးထည်း ဖြစ်သောကြောင့် အာဒေသိနှင့် အာဒေသ တလုံးချင်း ညီမျှအောင် ဣသရ မပါဘဲ " တ " ကိုသာ " စ " ပြုရမည်လား-ဟု ယုံမှားဘွယ် ရှိသောကြောင့် " သဒ္ဒေ " ဟု ဗိန်္ဓသည်၊ " တနှင့်ဣပါ တိတခုလုံးကို စပြုရမည် " ဟူလျှင်၊ တိ၌ ဣကို ဣဝဏ္ဏော ယံ နဝါသုတ်ဖြင့် ယ ပြုပြီးနောက် " တျ " ကို စပြုလျှင်လည်း အလုံးစုံ တိ ကို စ ပြုရာရောက် သောကြောင့် တျကို စပြုရမှာလေလား-ဟု ယုံမှားဘွယ် ရှိပြန်ရကား " တိ ဣစ္စေသော သဒ္ဒေါ " ဗိန်္ဓ၊ " တိ " ဟု ဆိုအပ်သော ဤ " တိသဒ္ဒါ " ကိုသာ စပြုပါ၊ တျ ဖြစ်ပြီးမှ စပြုရမည် မဟုတ်-ဟူလို။

တိတိ နိဒ္ဒေသတော ၊ပေ၊ ဝိဓိ — " သဒ္ဒေါ စံ တျော " ဟု မဆိုဘဲ " သဒ္ဒေါ စံ တိ " ဟု တိ သဒ္ဒါကို အရှင် ကစ္စည်းဆရာ ညွှန်ပြထားသောကြောင့် တိဒ္ဓိ ဣ ကို ယ ပြုပြီးနောက် တျဖြစ်မှ စပြုမည် မဟုတ်၊ " တ်ကိုသာ စပြု " ဟု ဤသုတ်က စီရင်သည်၊ ဆက်ဥုံးအုံ- " တိတ် နိဒ္ဒေသတော " စသော ဤ စကားသည် ဏ္ဍာသကို စောင်းသော စကားတည်း၊ ဏ္ဍာသဒ္ဓ အစ္ဆန်္ဒံကို ရုပ်တွက်သည့် အခါ ဣဝဏ္ဏော ယံ နဝါသုတ်ဖြင့် ဣကို ယ ပြုပြီးနောဲ့ တျကိုမှ ဤ သဒ္ဒေါစံ တိ သုတ်ဖြင့် စပြုသည်၊ ရူပသိဒ္ဓိကား ထို ဏ္ဍာသအဆိုကို သဘော မတူဖသောကြောင့် " တိတိ နိဒ္ဒေသတော " စသော စကားကို မိန့်သည်၊ [ဏ္ဍာသအဆိုကို ကစ္စည်းဘာသာဋီကာ၌ ဖေါ်ပြထားသည်။]

ဣတရထာ ၊ ပေ ၊ သိယာ — " ဏ္ဍာသ အဆိုအတိုင်း တျကို စပြုလျှင် အဘယ် အပြစ် ရှိသနည်း " ဟု မေးဘွယ်ရှိသောကြောင့် " ဣတရထာ ၊ ပေ ၊ သိယာ " မိန့်၊ တိကို စပြုခြင်း မဟုတ်ဘဲ ဏ္ဍာသဆိုသည့် အတိုင်း တျ ကို စပြုခြင်းသာ အမှန်ဖြစ်လျှင် ကွစိ သဒ္ဒါနှင့် အတ်သ စန္တဿသုတ်တို့ အကျိုးရှိတော့ရကား နိဂဏ္ဌကဒေါသ (အကျိုး မရှိသော အပြစ်—အနက်အဓိပ္ပါယ် မရှိသော အပြစ်) ရောက်ဘွယ် ရှိသည်- ဟူလို၊ ခဲ့ဥုံးအုံ- ကွစိသဒ္ဒါ အတွက် ကိ ံပုံစံထုတ်သည့် အခါ " ဣတိသ မုဟာဇ္ဇာမွိ " ဟု ကစ္စည်းကျမ်းဥ ထုတ်၏၊ အကယ်၍ ဏ္ဍာသ အလိုအားဖြင့် တျဖြစ်မှ စပြုလျှင် " ဣတိသ " ဥ တိကို ကွစိ သဒ္ဒါက တားမြစ်နေဘို့ မလိုသောကြောင့် ကွစိ သဒ္ဒါသည် နိဂဏ္ဌကသာ ဖြစ်ရာ၏၊

(၂၃) တေနဝါ ဂုဝဏ္ဏောတိ ဂုတော - တေနဝါ ဂုဝဏ္ဏော ဟူသော ၌ သုတ်မှ၊ နံ တိ - နံ ဟူသော ပုဒ်သည်ဌင်း၊ ဂုဝဏ္ဏောဘိစ ဝတ္တတော၊ ["နံ ဝါ ဂုဝဏ္ဏောတိ" ဟု ဝါရှိသည်ကား အဝိုသာ။]

အဘိသမ္ဘုဏသ ။ ။ ပရေ ဂုဝဏ္ဏော အတိဂုဏ္ဍေတသ - အတိ ဟူသော ၌ သဒ္ဒါ၏၊ အန္တာဘူတသ-အဆုံးဖြစ်၍ ဖြစ်သော၊ တိသဒ္ဒသ-၏၊ သဗ္ဗော စံ တိတိ - သဗ္ဗော စံ တိ ဟူ၍၊ ဝုတ္တရူပံ - ဆိုအပ်ပြီးသော စ အပ္ပါရုပ်သည်၊ နံ ပေဟောတိ-မဖြစ်၊ ["အန္တာ-အဆုံး" ဟု ပေးရာ၌ ချာသ၏ သာဓကကို ကစွဉ်းငိုကာမှာ ရှု။]

အတိသမ ဂုတိ - အဘိသမ ဟူသော ၌ သဒ္ဒါသည်၊ ဥပသဂ္ဂါ နဲကရဏံ-ဥပသာရကို အတု ပြုတတ်သော သဒ္ဒါတည်း၊ ဝါ-ဥပသာရ အတုတည်း၊ တေနေဝ - ထို့ကြောင့်ပင်၊ ဇ္ဇေ - ၌ " အဘိသမ္ဘု " ပုဒ်၌၊ ဝိဘတ္တိ လောပါဘာဝေါ - ဝိဘတ်ကြေမှု မရှိခြင်းသည်၊ (ဟောဘိ)။

စ - ဆက်ဥုံးအံ့၊ ဇ္ဇေ - ၌သုတ်၌၊ အန္တာသဒ္ဒေါ - သည်၊ သဒ္ဒဝိဒိ နိသေဝ်ပွကရဏတော - သဒ္ဒ အစီအရင်ကို တားမြစ်သော အရာဝယ် ၌သုတ်ကို ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ အတိသဒ္ဒန္တာဘူတံ - အတိသဒ္ဒါ၏ အဆုံးဖြစ်၍ ဖြစ်သော၊ တိသဒ္ဒမေဝ - တိသဒ္ဒါကိုသာ၊ ဝဒတိ-ဟော၏၊ ဂုဝဏ္ဏံ - ဂုဝဏ်ကို၊ နံ (ဝဒတိ) - မဟော၊ ဂုဘိ ဒဗ္ဗဗ္ဗံ၊ ထို့ပြင်-အတိသမ္ဘုဏသ သုတ်သည် အတ်ရိတံ (အတိ+ဏ္ဍိရိတံ) စသော ပြယုဂ်များ ပြီးနိုင်ဘို့ရာ တို၏ စ အပ္ပါကို တားမြစ်သော သုတ်တည်း၊ တျ ဖြစ်မှ စ ပ္ပါလျှင် တို၏ စ အပ္ပါကို တားမြစ်ဘွယ် မလိုသောကြောင့် ထို အတိသမ္ဘုဏသ သုတ်လည်း နိရတ္ထက (အကျိုးမဲ့, အနက်မဲ့)သာ ဖြစ်ဘွယ်ရှိတော့၏၊ အမှန်မှာ-"ဤ သဗ္ဗော စံ တိ သုတ်က တဲကိုသာ စပ္ပါရမည် ဖြစ်သောကြောင့် ထို ကွစိသဒ္ဒါနှင့် အတိသမ္ဘုဏသ သုတ်ကို၏ တားမြစ်မှုသည် နိရတ္ထက မဟုတ်, အကျိုးရှိကြသည်" ဟူလို။

(၂၄) အတိသာတိ ၊ ပေ ၊ ဝိဘတ္တိ လောပါဘာဝေါ — " အတိသ " ၌ အတိသည် ဥပသာရ ပုဒ်တွင် ပါဝင်သော " အတိ " အစစ် မဟုတ်၊ ဥပသာရ အတိကို အတုလိုက်၍ ရွတ်ဆိုအပ်သော အနုကရဏ သဒ္ဒါတည်း၊ ခဲ့ဥုံးအံ့ - အတိ ဥပသာရ အစစ်ဖြစ်လျှင် " သဗ္ဗာသ မာဒုသော " စသော သုတ်ဖြင့် ဝိဘတ်ကို အမြဲ ချေရမည် ဖြစ်သောကြောင့် " အတိ စ္ဆသ " ဟု အတိ၌ သ ဝိဘတ်ကြေလျက် ရှိရလိမ့်မည်၊ ၌၌ကား အနုကရဏာသဒ္ဒါ ဖြစ်သောကြောင့် သ ဝိဘတ်မကြေဘဲ " အတိသ " ဟု ရှိနိုင်ပေသည်။ [အနုကရဏ အနုကာရိယ အခွဲ, ပရိစ္ဆဇ္ဇတ္ထာ နုကရဏ အပရိစ္ဆဇ္ဇတ္ထာ နုကရဏ အခွဲကို ကစွဉ်းဘာသာဋီကာ တသာဝါ သုတ်အဖွင့်၌ ပြထားသည်။]

ဤတရထာ-ဤသို့မဟုတ်လျှင်၊ ဤဒံ သုတ္တမေဝ-ဤ တသုတ်လုံးသည်ပင်၊ နိရုဇ္ဈကံ-အကျိုးမရှိသည်၊ သိယာ-၏။

ထွေစ အန္တသဒ္ဒေါ၊ပေါနဂုဝဏ္ဏာ — ဤစကားဘို့ ကား နျာသ ကို စောင်းချိတ်သော စကားတို့တည်း၊ "အတိသယ အန္တသ = အတိသဒ္ဒါ၏ အဆုံး" ဆိုလျှင် တိဋ္ဌ ဤဆုံးသောကြောင့် "အန္တ" အရ ဤဝဏ်ကိုယူ၍ ဤ အတိသယ စန္တသ သုတ်သည် ဤာလ္လောယံ နဝါ သုတ်ကို တားမြစ်သော သုတ်လေလော-ဟု တွေးတောဘွယ် ရှိကြောင်းကို နျာသဋ္ဌ ဆိုထားသည်၊ (အန္တအရ ဤဝဏ် ယူရမလို ဖြစ်ကြောင်းကိုသာ နျာသ ဆိုသည်၊ တကယ်ကား မယူပါ၊) ရူပသိဒ္ဓိကား "သဒ္ဒါ အစိ အရင်ကို တားမြစ်သော နေရာဝယ် ဤသုတ်ကို ဆိုခြင်းကြောင့် အန္တ သဒ္ဒါသည် အတိ၏ အဆုံးဖြစ်သော တိ သဒ္ဒါတခုလုံး ကိုသာ ဟော၍ ဤဝဏ်ကို မဟောရကား "အန္တ" အရ ဤဝဏ်ကို ယူရလေမည်လော-ဟု (နျာသ ကြီသလို) ယုံမှားဘွယ်ပင်ရှိ, တိသဒ္ဒါတခုလုံးကို ယူရကြောင်း ထင်ရှားပြီး ဖြစ်သည်-ဟူလို။

ဆက်ဥုးအုံ—အနက် တခုခုကို ဝေဘန် ပိုင်းခြားသည့်အခါ တဘက်သတ် သဒ္ဒါ အရှိကိုသာ မကြည့်ဘဲ, ဤအနက်ကို ဤနေရာယူလျှင် အကျိုးရှိ-မရှိ အားဖြင့် အထွက်ကိုရင်း, ဤ အနက်သည် ဤနေရာနှင့် သင့် မသင့် အားဖြင့် ပကရဏကိုရင်း, ဤသို့ စသည်ဖြင့် လိင် ဩဝိတျ ကာလ ဒေသတို့ကို နှိုင်းချိန်၍ ဝေဘန်ရသည်၊ ဤအတိသ စန္တသ သုတ်ကိုလည်း တနဝါ ဤဝဏ်ကြောင့် အခြားမဲ့၌ ဆိုထား၏၊ တနဝါ ဤဝဏ်ကြောင့် သုတ်ကား အဘိ တခုလုံး၏ အဤပြု အဓိ တခုလုံး၏ အဤပြုကို တားမြစ်သော သုတ်တည်း၊ ထိုသို့ သဒ္ဒါ တခုလုံး၏ အစိအရင်ကို တားမြစ်သော သုတ်၏ တည်နေရာ (ပကရဏ) ဝယ် ဆက်၍ ဆိုအပ်သော ဤ အတိသ စန္တသ သုတ်လည်း (ပကရဏအား လျော်စွာ) တနဝါ ဤဝဏ်ကြောင့်သုတ်ကဲ့သို့ တိ သဒ္ဒါတခုလုံး၏ အစိအရင်ကို တားမြစ်သော သုတ်သာ ဖြစ်ဆိုက်၏၊ ထို့ကြောင့် အန္တအရ အတိ၏အဆုံးဖြစ်သော ဤဝဏ်ကို ယူရလေမည်လား-ဟု (နျာသဋ္ဌ ပြထားသော) ယုံမှားဘွယ်မျိုး မရှိနိုင်-ဟူလို။

[ဇာလိနီ] အတ္ထ ပကရဏာ လိင်္ဂါ, ဩစိတျ ကာလဒေသတော၊
သဒ္ဒတ္ထာ ဝိဘဇိယန္တိ, နသဒ္ဒါယေဝ ကေဝလံ။

အတ္ထ ပကာရဏာ—အကျိုးရ မရ, အရာဌာန ဟုတ် မဟုတ် အားဖြင့်ဂုဏ်း၊ လိင်္ဂါ—(ဤလိန်သည် ဤအနက်ကို ဟောနိုင်-မဟောနိုင်) လိန်အားဖြင့်ဂုဏ်း၊ ဩစိတျ-အသင့် ယုတ္တိ ရှိ မရှိ အားဖြင့်ဂုဏ်း၊ ကာလဒေသတော — အခါကာလ အရပ်ဒေသနှင့် လိုက် မလိုက် အားဖြင့်ဂုဏ်း၊ သဒ္ဒတ္ထာ-သဒ္ဒါအနက် ၂ ချက်တို့ကို၊ ဝိဘဇိယန္တိ-ခွဲခြားဝေဘန် အပ်ကုန်၏၊ ကေဝလံ သဒ္ဒါယေဝ — အနက်ကို မထောက်စာဘဲ တဘက်သတ် သဒ္ဒါ တို့ကိုသာ၊ နမဝေဘန်ထိုက်ကုန်။ [မောဂ္ဂလ္လာန် ပဋိကာ နိဿယ — သညာဒိကဏ္ဍဋ္ဌ ဤထက် ကျယ်ဝန်းစွာ မိန့်ထားသေး၏။]

ဣဝဏ္ဏော ယံ နဝါ ဣတိ – ဣဝဏ္ဏော ယံ နဝါ ဟူသော၊ ဣဝ – ၌ သုတ်၌၊ အသရူပါဒိကာရတော – အာသရူပသဒ္ဒါ လိုက်လာခြင်းကြောင့်၊ သရူပသ္မိံ – သရူပသရ နှောင်းရာ၌၊ ဣဝဿ သ – ဣဝ၏၏၊ ယာဒေသစ-ယ အပြုသည်ပင်၊ နှ သန္တေဝ-မဖြစ်သင့်။

စကာရော-စအက္ခရာသည်၊ အနုတ္တသမုစ္စယဇ္ဈာ-အာဂတ္တသမုဉ္စည်း အနက်ရှိ၏၊ (တိုက်ရိုက် မဆိုအပ်သော ဣတိ ပတိုက္ခိုကို ဆည်းခြင်း

ဣတရထာ၊ ပေါနိရုဇ္ဈကံ သိယာ — "အတိသစန္တ" ၌ အန္တသဒ္ဒါသည် တိကို မဒဟာဘဲ ဣဝ၏ကို ဟောသည်-ဟု ဆိုလျှင် အာဟယ်အပြစ် ရှိသနည်း ဟု မေးဘွယ် ရှိပြန်သောကြောင့် "ဣတရထာ" စသည်ကို မိန့်၊ ဤသုတ်သည် သဗ္ဗောစံတိသုတ်ကို တားမြစ်သော သုတ်တည်း၊ သဗ္ဗောစံတိ သုတ်ကလည်း တိကိုသာ ပြုသည်, ဣဝ၏ကို မပြုသည် မဟုတ်၊ ဤသုတ်က ဣဝ၏ကို (စ) မပြုဘို့ရာ တားမြစ်လျှင်, သဗ္ဗောစံတိ သုတ်ကို တားမြစ်ရာ မရောက်သောကြောင့် "ခုဘ်ရာ တခြား, ရှရာ တခြား" ဖြစ်လျက် ဤသုတ် တသုတ်လုံးပင် အကျိုးမဲ့ ဖြစ်ဘွယ်ရှိသည်-ဟူလို။ ["ဣဒံ သုဏ္ဏမေဝ" ၌ ဧဝဖြင့် "တသုတ်လုံး" ဟူသော သန္နိဋ္ဌာနာဝဓာရဏာကို ပြသည်။]

ဣဝဏ္ဏော၊ ပေါယာဒေသစနသန္တေဝ-ဤဂါထာလည်း ချာသကိုစောင်းသော ဂါထာပင်တည်း၊ မှန်၏ — ချာသဝယ် အတိသစန္တသည် "အန္တ" အရ အတိ၏ အဆုံး ဖြစ်သော ဣဝ၏ကိုယူ၍ "ဤသုတ်သည် (သဗ္ဗောစံတိကို မတားမြစ်ဘဲ) ဣဝဏ္ဏော ယံ နဝါ သုတ်ကို တားမြစ်သော သုတ်ဖြစ်သည်-ဟု ထင်ဘွယ် မရှိပါလော" ဟု ပုစ္ဆာ ထုတ်ထား၏၊ ထို ပုစ္ဆာကိုပင် မထုတ်ထိုက်ကြောင်း ပြလို၍ ဤဂါထာကို ဆို ရသည်၊ ခဲ့ရှုံးအံ့—အတိသစန္တသ သုတ်သည် ဣဝ၏ နှောင်းရာ၌ တားမြစ်သော သုတ်တည်း၊ "အတိ+ဣသိဂဏော" စသော ပုံစံတို့၌ နောက် ဣဝ၏သည် ရှေ့ နှင့် သရူပသရဖြစ်၏၊ ဝါပရော အသရူပါသုတ်မှ အသရူပသဒ္ဒါလည်း "ဣဝဏ္ဏော ယံ နဝါ" သုတ်သို့ လိုက်လာ၏၊ ထို့ကြောင့် သရူပ သရ နှောင်းရာ၌ (အစ ကတည်းကပင်) ဣဝဏ္ဏော ယံ နဝါသုတ်က ယမပြုခဲ့၊ "အတိသစန္တသသုတ်က (အန္တ အရ ဣဝ၏ကို ယူ၍) ဣဝဏ္ဏော ယံ နဝါ သုတ်ကို တားမြစ်ဘို့ အရေးမှာ ဝေးပါသေးရဲ့" ဟူလို။ ["ယာဒေသစ" ဟု ပါဠိရှိ၏၊ ဋီကာ၌ "ယာဒေသော ဧဝ" ဟု ဖွင့်သောကြောင့် "ယာဒေသောဝ" ရှိလျှင် သာ၍ ကောင်းမည် ထင်သည်။]

[ချာသ] နန္တာတိသစန္တသာတိ ဝုတ္တေ အတျန္တသဒ္ဒေ ဣဝဏ္ဏတ္တာ "ဣဝဏ္ဏော ယံ နဝါ" တိ ဝုတ္တဝိဓိပဋိသေဓနတ္ထန္တိ သဏ္ဌာ ဝိညာတုံ = အတိသစန္တသဒ္ဒေ ဟု အပ်ာဒ္ဒ အတိ အဆုံးဟူသည် ဣဝ၏ဖြစ်သောကြောင့် ဣဝဏ္ဏော ယံ နဝါသုတ်ဖြင့် ဆို အပ်သော အစီအရင်ကို တားမြစ်ခြင်း အကျိုးငှါ ဤသုတ်ကို ဆိုအပ်၏ ဟု သိခြင်းငှါ တတ်ကောင်းသည် မဟုတ်ပါဒလော၊ [ဣဝဏ္ဏော ယံ နဝါ တိဓ-စသော ဂါထာကား ထိုအမေးကိုပင် မေးဘွယ်မလို-ဟု ပြသည်။]

အာနက်ရှိ၏ - ဟူလို၊) တေန - ထို့ကြောင့်၊ ဣတိ ပတိနံ-ဣတိ ပတိတ္ထိ၏၊ အန္တိသ-အာဆုံးတိ၏၊ (စံ-စ အပြို်သည်၊) နပေါဘာတိ၊ အတိ ဣာသိဂဏော ၊ပေ၊ ပတိဘိ-ပြီး၏၊ [ဒီဝံ နောက်၌"အတိတော"ဟု ရှိရမည်၊ "အဘိ+ ဣတော, အတိ+ဤရိတံ , ဣတိ+ဣဒံ , ပတိ+ဣတိ " ဟု ပုဒ်ဖြတ်၍ ရုပ်ကို အခြေပြုအတိုင်း တွက်။]

(၂၄) အာဘိ•+ အက္ခာနံ ၊ ပေ၊ အာဘိ + သြကာသော ဣတိ ဣဝ, ယကာရေ - ယ အပြို်သည်၊ သမ္ပတ္တေ၊ (ဣဝဏ္ဏော ယံ နဂါဖြင့် ယ အပြို် ရောက်လတ်သော် - ဟူလို၊) သရေတိ ဝတ္တတေ၊ [ဂါသရေ သုတ်မှ သရေတပုဒ်သာ လိုက်သောကြောင့် သရေတိစ ဟု စရိုလျှင် အပိပင်။]

အင်္ဂြာ အာဘိ ။ ။ ပရေ သရေ သဗ္ဗိသ , အာဘိ ဣစ္ဆေတသ- အာဘိ ဟူသော ဤသဒ္ဒါ၏၊ အင်္ဂြာဒေသော ဟောတိ၊ .... အာဘိဘိ - အာဘိဟူသော၊ ပဌမန္တသ-ပဋ်မာဝိဘတ် အဆုံးရှိသောပုဒ်ကို၊ ဝုတ္တိယံ- ကစ္စည်းဝုတ္တိ၌၊ ဆဋ္ဌိယောဇနံ - ဆဋ္ဌိဝိဘတ်ဖြင့် ယှဉ်စပ်ခြင်းကို၊ အာ ဒေသာပေက္ခတော - အာဒေသကို ငဲ့ခြင်းကြောင့်၊ ဝုတ္တံ - ဆိုအပ်၏၊

စကာရော ၊ပေ ။ နုဟောတိ— အနုတ္တန္တင့် အဝုတ္တမှာ အနက်တူ၏၊ စသဒ္ဒါသည် "အဝုတ္တ သမုစ္စည်း အနက်ရှိ၏ "ဟု ဆိုလိုသည်၊ သုတ်၌ " အတိသ" ဟု အတိကိုသာ တိုက်ရိုက်ဆို၍ ဣတိ ပတိတ္ထိကို မဆိုအပ်၊ သဗ္ဗော စံ တိ သုတ်၌ ဣတိ ပတိတ္ထိ၏ တိ ကို လည်း စပြို်ခဲ့သောကြောင့် ဣဝဏ်နောင်းရာဝယ် ထို သုတ်အစီအရင်ကို တားမြစ်သော ဤသုတ်ကလည်း အတိသာ မက, ဣတိ ပတိစုံအောင် တားမြစ်ခွင့်ရှိရကား အတိသစ္ဒ စ သဒ္ဒါဖြင့် ဣတိ ပတိကိုပါ ဆည်းယူရသည်။ [ရူပသိဒ္ဓိ ဆရာသည် ဤကဲ့သို့ စ-ဝါ-ဝိ သဒ္ဒါတို့၏ အနက်ကို သီးခြား ဖွင့်ပြလိုလျှင် သုတ် အဖွင့်၌ မထည့်ဘဲ ထားလေ့ရှိ၏၊ ထို့ကြောင့် ဤသုတ်အဖွင့် (ဝုတ္တို) အတွင်း၌ စ သဒ္ဒါမပါ၊ ဤ အလေ့ကို သတိထား၍ "ပုဗ္ဗောစ သုတ်အဖွင့်၌ စ သဒ္ဒါ မရှိသင့် "ဟု ဆိုခဲ့သည်၊ နောက်၌လည်း သတိပြုပါ။]

(၂၄) အာဘိတိ ၊ပေ ၊ အံ မောတျာဒိကေဝိယ — ဤစကားသည် ရှာသကို စောင်းသော စကားတည်း၊ မှန်၏-ကစ္စည်းဝုတ္တိဝယ် " အာဘိ ဣစ္ဆေတသ " ဟု ဆဋ္ဌိဖြင့် ဖွင့်ပုံကို ကြည့်၍ သုတ်၌လည်း "အာဘိသ" ဆိုလိုလျက် သကို သဗ္ဗာသ မာဝုသောဖြင့် ချေထားသည်-ဟု ရှာသဆို၏၊ ထို အဆိုကို ပယ်ခြင်းငှါ အာဘိဘိပဌမန္တသ-စသည်ကို မိန့်သည်၊ အင်္ဂြာအာဘိသုတ်၌ အာဘိသည် (ရှာသဆိုသလို ဆဋ္ဌိယန္တပုဒ် မဟုတ်, အာဘိ ဟူသော အနုကရဏ သဒ္ဒါနောင် သိဝိဘတ်ကို ယေသတော လောပ် သုဘဖြင့် ချေ၍ ပြီးသော) ပဌမန္တပုဒ် ဖြစ်သည်-ဟူလို၊ ပဌမာဝိဘတ်ဆုံးသော ပုဒ်ဖြစ်လျှင် ဘာ့ကြောင့် ကစ္စည်း ဝုတ္တိ၌ ဆဋ္ဌိဝိဘတ်ဖြင့် " အာဘိ ဣစ္ဆေတသ " ဟု ဖွင့်ရသနည်း - ဟု မေးဘွယ်

အံမောတျာဒိကေဝိယ-အံမော နိဂ္ဂဟီတံ စျသပေ ဟိ သုတ်၌ကဲ့သို့တည်း၊ ပုဗ္ဗသရလောပေါ - ရှေသရ ကြေခြင်းသည်၊ (ဟောဘိ၊) အင်္ဂကွာနံ ၊ ပေ၊ အင်္ဂောဂကာသော-ပြီး၏၊ (၄၄)။

(၂၅) အဓိ+အာဂမာ၊ ပေ၊ အဓိ+ဩဂဟော်တွာ က္ကဘိ က္ကစ, အဇ္ဈော အဓိ ။ ။ပရေ သရေ သဗ္ဗဿ အဓိက္ကစ္ဆောဿ - အဓိ ဟူသော ဤ သဒ္ဒါ၏၊ အစ္ဆာဒေသော ဟောဘိ၊ အစ္ဆာဂမာ၊ပေ၊အဇ္ဈော ဂဟော်တွာ-ပြီး၏၊ [" အစ္ဆာဂမော=အစ္ဆာဂမာ " ဟု ပါဠိ ၂ ထွေရှိ၏၊ ပါဠိတော်များ၌ "အစ္ဆာဂမာ"ဟု အတွေ့များသည်။]

(၂၆) အာတိ+က္ကန္တိတံ, အဓိ+ဣရိတံ က္ကဘိ က္ကစ, အင်္ဂော အာတိကိစ-အင်္ဂောအာတိ သုတ်သည်ဂင်း၊ အဇ္ဈောအဓိဘိစ-ဂင်း၊ ဝတ္တတော။

တေ နဝါ က္ကဝဏ္ဏော။ ။ပရေ က္ကဝဏ္ဏော တေစခေါ အာဘိ အဓိ က္ကဘိ-ထိ အာဘိ အဓိ ဟူကုန်သော၊ ၎တေ ဥပသဂ္ဂါ-၌ ဥပသာရပုဒ်ဘို့သည်၊ အင်္ဂော အဇ္ဈော က္ကဘိဝတ္တရူပါ - အင်္ဂော အဇ္ဈောဟူ၍ ဆိုအပ်ပြီးသော ရုပ်ရှိကုန်သည်၊ ဝါ - ဝိကပ်အားဖြင့်၊ နု ဟောန္တိ - မဖြစ်ကုန်။ [၌ ဂတ္တိ ပွင့်၌ အနုက်ပေးပုံကို ကစ္စည်းဒီကာ၌ ပြဆားသည်၊]

ရှိသောကြောင့် " ဝုတ္တိယံ ဆဋ္ဌိယောဇနံ အာဒေသာပေက္ခတော ဝုတ္တံ " ဟု မိန့်သည်၊ ကစ္စည်းဝုတ္တိ၌ "အာဘိ ဇုစ္ဈေတသ" ဟု ဆဋ္ဌိယှဉ်စပ်ထားခြင်းကဲ့ အပြုကို ငဲ့စပ်လိုသော ကြောင့် ဖြစ်သည်-ဟူလို၊ မှန်၏-"အဇ္ဈ အာဒေသ"ဟု ဆိုလျှင် " ဘာ၏ အာဒေသလဲ, ဘာနှင့် စပ်သော အာဒေသလဲ " ဟု သမ္ဘန်ကို မေးဘွယ်ရှိ၏၊ ထို့ကြောင့် " အာဘိ၏+အာဒေသ"ဟု သိစေဘို့ရာ "အာဘိဇုစ္ဈေတသ" ဟု ဆဋ္ဌိဖြင့် ယှဉ်စပ်၍ ဝုတ္တိ၌ ဖွင့်ဘာသ်၊ အဘယ်သုတ်၌ ဖွင့်ပုံမျိုးနည်း ဟု မေးဘွယ်ရှိသောကြောင့် " အံမောတျာဒိကေဝိယ" ဟု မိန့်၊ အံမောနိဂ္ဂဟီတံ စျလပေတိသုတ်၌ " အံမော " ဟူသော ပဌမန္တသုတ်ပုဒ်ကို ဝုတ္တိ၌ "အံ ဝစနသဒ မကာရသဒ" ဟု ဖွင့်ပုံမျိုးကဲ့သို့ မှတ်လေ-ဟူလို။

ပုဗ္ဗသရလောပေါ — အင်္ဂ ပြုပြီးနောက် ဇ္ဈ၌ အသရကို ချေစေလို၍ " ပုဗ္ဗသရလောပေါ " ဟု ဆိုသည်မှာ မဇကာင်းလျ၊ ဘာ့ကြောင့်နည်း - တိကို စ ပြုသည့် အခါ စ၌ သရ မပါတော့ သကဲ့သို့ အင်္ဂ ပြုသည့် အခါလည်း ဇ္ဈ၌ သရမပါသင့်သောကြောင့် တည်း၊ [ချာသဒ္ဒါလည်း ရှေသရ ချေဘို့ရုန် မပြု၊ အစ္ဆ ပြုရာ၌လည်း နည်းတူ၊] သို့သော် သဒ္ဒနိတိ၌ ဗျည်းနှောင်းရာဝယ် အဓိကို အစ္ဆ-အဒ္ဓ ပြု၍ "အစ္ဆသော , အဒ္ဓဘူတော" ဟု ပြ၏၊ ထို၌ (ကပ်ဘွယ်မရှိသောကြောင့်) စ္ဆ-ဒ္ဓ တို့၌ သရ ပါမှ ဖြစ်နိုင်ရကား "ဇ္ဈ-စ္ဆတို့၌ သရ ပါ၏"ဟူသော ရူပသိဒ္ဓိဝါဒလည်း တနည်းအားဖြင့် အသင့်ပင်။]

သရလောပ ပရနယနာနိ-ရွှေသရချေခြင်း နောက်သရသို့ ကပ်ခြင်း တို့သည် (ဟောဋ္ဌိ)၊ အဘိစ္ဆိတံ, အဓိရိတံ-ပြီး၏၊ ဝါတိ ကိ ံ၊ အဇ္ဈိရိတံ ၊ပေ၊ အစ္ဆိဒ္ဒော-တို့၌ အဿ အစ္ဆိ ပြုရခြင်းအကျိုးရှိ၏၊ ["အဓိ+ဣဒ္ဓော" ဟု ပုဒ်ဖြတ်, ကြွင်းပုံစံများ ကစ္စည်း၌ပါ ပြီ၊ အဓိပ္ပါယ်ကိုလည်း ကစ္စည်း ဦးကာ၌ ပြထား ပြီ။ (၄၅)။

(၂၇) ဇကမိဓ + အဟံတိ - ဇကမိဓ + အဟံ ဟူသော၊ ဣ၀ - ၌။

ဒေါ ဒသစ။ ။ပရေ သံ့ရေ, ဓဣတိ - ဓဟူသော၊ ဇတာသ - ဤ သဒ္ဒါ၏၊ ကွစိ ဒကာရော ဟေား တိ၊ ဇကသဒ္ဒတော-ဇကသဒ္ဒါမှ၊ပရသ, ဣ၀သ - ဣ၀သဒ္ဒါ၏၊ ဓကာရသဝ - ဓ၏သာလျှင်၊ အယံ - ဤ အစိ အရင်သည်၊ (ဟေား တိ၊) သရ လောပ ဒီဃာ-ရွှေသရချေခြင်း, နှဲးက် သရကို ဒီဃပြုခြင်းတို့သည်၊ (ဟောဋ္ဌိ၊) ဇကမိဒါဟံ-ပြီး၏။

ကွစိတိ ကိ ံ၊ ဣ၀ေဝ - ဣဓေဝပြုယုဂ်၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ စသဒ္ဒေန-စသဒ္ဒါဖြင့်၊ ကွစိ သာရသ - သးရသဒ္ဒါ၏၊ ဓသ-ဓ၏၊ ဟ ကာရော - ဟ အပြုသည်၊ (ဟောတိ၊) ယထာ - ကား၊ သာဟဒ္ဒသနံ-သးရ+ဒသနံ ဟူသည်တည်း။[အဓိပ္ပါယ်မှာ ကစ္စည်းနှင့်တူပြီ။] (၂၀)။

(၂၀) ယထာ+ဇေဝ, တထာ+ဇေဝ ဣတိ ဣဝ, နဝါဘိ-နဝါဟူသော ပုဒ်သည်ဂုဏ်း၊ သရမှာတိစ - ဂုဏ်း၊ ဝတ္တွတော၊ ["သရမှာ " ကို သရာ သရေ လေးပံ - သုတ်မှ ဝိဘတ်ဥဒ်၍ လိုက်လာကြောင်း ထင်ရှား ရေးလို၍ " ဝတ္တွတေ " ၏ နဲးက်၌ ထား သည်။]

ဇေါဒ်သ ရိ, ပုဗ္ဗော စ ရသော ။ ။ယထာ တထာ ဒွယပရသ-ယထာ တထာ ပုဒ် ၂ ပါး အပေါင်းမှ နောက်ဖြစ်သော ဇေဝ ကိုသာလျှင်၊ ဣဒံ ဂဟဏံ (ဟောတိ၊) [တွေ့ကရ ဇေဝ သဒ္ဒါကို မယူရ, "တဒနု ပရော ရေနေ" ဟူသော ပရိဘာသာနှင့်အညီ " ယထာ+ဇေဝ, တထာ+ဇေဝ " ဟု ယထာ တထာတို့၏ နောက်မှာရှိသော ဇေဝ သဒ္ဒါကိုသာ ယူရသည့်-ဟူလို၊ " ဒွယသရသ " ဟု ပါဠိပျက်တင်သည်၊] ဒီဃသရမှာ - ဒီဃ သရမှ၊ ပရသ-သော၊ ဇေဝ သဒ္ဒါဒိဘူတသ(ဇေဝသဒ္ဒ+အာဒိဘူတသ)-ဇေဝသဒ္ဒါ၏ အစဖြစ်၍ဖြစ်သော၊ ဇကာရသ ရိကာရော ဟောတိ၊ ပုဗ္ဗော သရော စ ရသော နဝါ ဟောတိ၊ ယထရိဝ, တထရိဝ-ပြီး၏၊ နဝါတိ ကိ ံ၊ ယထေဝ, တထေဝ-၏။ (၂၂)။

(၂၉) တိ + အနှံ၊ ပေ၊ သယမ္ဘု။ + အာသေန ကွတိ ကွဝ, ယ ဝါ ဒေသေသု - ယ အပြု ဝ အပြုတ္ထိသည်၊ သမ္ဗတ္တေသု - ရောက်လုကုန်လတ်သေ၏၊ [ထိအပြုကို တား၍ ကွယ ဥဝပြု-ဟူလို၊] သညာတိ-သညာဟူသော ပုဒ်သည်၊ ဝတ္တာတေ။

ကွဝဏ္ဏ၊ ငဏ္ဏ စျလာ ။ ။ကွဝဏ္ဏ ဥဝဏ္ဏ ကွတိ ဇတော - တို့သည်၊ ယထာကြွမံ စျ လ သညာ ဟောန်၊ [ငဏ္ဏဂ္ဂဟဏံ - ဝဏ္ဏသဒ္ဒါသည်၊ သငဏ္ဏဂ္ဂဟဏတ္ထံ-သဝဏ္ဏသရကို ယူရခြင်းအကျိုးရှိ၏။]

စျလသညာ - စျ, လ အမည်တို့သည်၊ ပ သညာဝ-ပ အမည်ကဲ့သို့၊ လိင်္ဂန်ဝ - လိန် အဆုံးကိုသာ၊ နိဿိတာ-မှီကုန်သည်၊ နှ-မဟုတ်ကုန်၊ (ကဆ္ဓာ-အဘယ့်ကြောင့် သိရသနည်း၊) အာချာတော - ကုဗ္ဗန်၊ စသော အာချာတ်၌ငင်း၊ လိင်္ဂမဇ္ဈေစ - ကုဗ္ဗန္တော ပုလ္လိင်္ဂံ စသော လိန်အလယ်၌ငင်း၊ ဒွိလိင်္ဂန္တေစ-ပုံလိန် နပုံလိန် အဆုံး၌ငင်း၊ ဒဿနာ-စျ လ အမည်ကို ဖြင်ရခြင်းကြောင့်တည်း။ (၅၈)။

(၃၀) စျလာန မိသုဝါ သရေဝါ။ ။ပေ၊သရလောပေါ-ရှေသရ၏ ကြေခြင်းသည်၊ (ဟောတိ)၊ တိယန်၊ ပေ၊သယမ္ဘု၊ ဝါသနေ-ပြီး၏၊ ဝါတိ

(၂၉) "သုကဏ္ဍံ ကရိသံ" ဟု—ပဋိညာဉ် ပြခဲ့သည့်အတိုင်း " စျလာန မိယုဝါ သရေဝါ" သုတ်ဖြင့် ကွယ ဥဝ အပြုများလည်း ပဒ ၂ ခုစပ်ရာ၌ ပြုသောကြောင့် သရသဒ္ဒိသဘောပင်ဖြစ်ရကား ဤနေရာတွင် ပေါင်းစပ်၍ ပြလိုသောကြောင့် ရှေးဥုံးစွာ စျလ မှည့်သော သုတ်ကို ပြသည်၊ ["ငဏ္ဏဂ္ဂဟဏံ သဝဏ္ဏဂ္ဂဟဏတ္ထံ" ဝါကျ၏ အဓိပ္ပါယ်ကို ကွဝဏ္ဏော ယံ နဝါ(၂၁)သုတ်၌ ပြခဲ့ပြီ။]

စျလသညာ၊ ပေ၊ ဒဿနာ— " တေ ဇတ္ထိချာပေါ" ဖြင့် မှည့်အပ်သော ပ အမည်သည် ရတ္တိ, ဇတ္ထိ, ယာဂု, ဝဓူ-စသော လိန်၏အဆုံး သရကိုသာ မှီ၏၊ (လိန်၏ အဆုံးသရ ကိုသာ မှည့်၏ ဟူလို၊) စျ လ အမည်တို့ကား လိန်၏ အဆုံး သရကိုသာ မှီသည်မဟုတ်၊ "ဘာ့ကြောင့် သိသနည်း" ဟု ဆိုလျှင် လိန်ဖဟုတ်သော "ကုဗ္ဗန္တိ" အာချာတ် အရာ၌ငင်း, "ကုဗ္ဗန္တော, ပုလ္လိင်္ဂံ" စသည်ဝယ် လိန်၏အလယ်ဖြစ်သော က-ပ တို့၌ငင်း, အဂို အဒ္ဒိ စသော ပုလ္လိန် နပုလ္လိန် (၂ လိန်) ၏ အဆုံး၌ငင်း စျ လ မှည့်ထားသည်ကို တွေ့ရခြင်းကြောင့် " စျ လ အမည်တို့သည် ပ အမည်ကဲ့သို့ လိန် အဆုံး တနေရာ၌သာ မှီသည်မဟုတ်" ဟု သိရသည်-ဟူလို၊ [၌ ဂါထာကို ဤနေရာ၌ ဆိုထားခြင်းမှာလည်း " တိယန်၊ " စသည်ဝယ် လိန်၏ အလယ်မှာ စျ-လ မှည့်ရတော့မည် ဖြစ်သောကြောင့် ထိုအခါ (" ဘာ့ကြောင့် လိန်အလယ်မှာ မှည့်ထားပါလိမ့်မည်နည်း ") ဟု တွေးတေမှု မဖြစ်စေခြင်းငှါတင်ကြို၍ ဆိုထားခြင်းဖြစ်သည်၊ ကုဗ္ဗန္တိစသည်၌ စျ လ မှည့်ပုံမှာ ဆင်ရာ အခန်း၌ ထင်ရှားလတ္တံ့။]

ကိ်ံ၊ အဂျာဂါရေ,(သတ္တမီ အထွေ) တိကွ္ဂ အာသနေ နိသိဒတိ-စသော ပြယုဂ်တ္ထိဒ္ဓ တားမြစ်ရခြင်း အကျိုးရှိ၏။ (၇၀)။

(၃၁) ဂေါ + အဖိုနံ ၊ ပေ ၊ ဏ္ဍတိ ဏ္ဍ၀, ... ဂေါတိစ အဝေါတိစ သမာသေတိစ ဝတ္တတေ။

ဩ သဒ်ရေစ ။ ။ သမာသေ - ဒ္ဓိ၊ သရေ ပရေ ဂေါဏ္ဍဒွေတာသ ဩကာရသ အဝါဒေသော ဟောတ်၊ ဂ၀ါဖိုနံ, ဂဝေဋ္ဌကံ - ဂ၀ါဖိုနံ, ဂဝေဋ္ဌကံ ပြိုးဏ်၊ စသဒ္ဒဂ္ဟဏေန - စသဒ္ဒါကို ယူသဖြင့်၊ ဥဂဏ္ဏာသ-ဥဂဏ်ဏ်၏၊ ဥ၀ အဝါဒေသာစ - ဥ၀ အပြို, အ၀ အပြိုတ္ထိသည်လည်း၊

(၃၀) သရလောပေါ -- "တိ+အန်ံ" ဒ္ဓိ "ဏ္ဍယ" ပြိုသည့်အခါယဒ္ဓိ သရပါသည်ဟု အယူရှိ၍ "သရလောပေါ"ဟု ဆိုဟန်ရှိသည်၊ နျာသဒ္ဓဲ သရချော့်မဆို, ဏ္ဍ သရတလုံးမှ "ဏ္ဍယ" ၂ လုံး ဖြစ်ပါလျက် ယဒ္ဓိ သရပါရဉ္ဇုံးမည်မှာ သင့်မည် မထင်။

မူကွဲ။ ။"တိယန်ံ, တိယင်ံ, ဒိဃော-အဂ္ဂိယာဂါရေ၊ သတ္တမိယတ္ထေ ပဉ္စမိယန်ံ ဒ္ဓေ မဟာဝုတ္တိနာ ယကာရာဂမေ ရဿတ္တံ၊ ပေ၊ ဝါတိကိ်ံ၊ အဂျာဂါရေ, ဘိက္ခုအာသနေ နိသိဒတိ" ဟုသိဟိုင်္ဂမူရှိ၏၊ ထိုအလို-တိယင်ံကို "တိ+အင်ံ" ဟုပုဒ်ဖြတ်၊ "အဂ္ဂိ+အဂါရေဒ္ဓိ ဏ္ဍကို ဏ္ဍ ပြု "အဂ္ဂိယ+အဂါရေ"ဟု ဖြစ်၏၊ ယ၏ အကိ်ုချေ၍ နောက်အကို ဒီဃပြိုလျှင် "အဂ္ဂိယာဂါရေ"ဟု ဖြစ်၏၊ ထို့ကြောင့် "ဒိဃော-အဂ္ဂိယာဂါရေ"ဟု မိန့်သည်၊ ထို့ပြင် - "သတ္တမိယတ္ထေ, ပဉ္စမိယန်ံတို့ဒ္ဓိ ဗျလာနဓိယုဝါသုတ် ဖြင့် ဏ္ဍယပြိုရမည်လား" ဟု မေးဘွယ်ရှိ၍ "သတ္တမိယတ္ထေ၊ ပေ၊ ရဿတ္တံ" ဧန့်ပြန်သည်၊ "သတ္တမိ+အတ္ထေ, ပဉ္စမိ+အန်ံ" တို့ဒ္ဓိကား ဤသုတ်ဖြင့် မစိရင်ရ, ယ လာ, သုတ် ကြိုးဖြင့် (ဤ)ကို (ဏ္ဍ)ဖြ၍ ပြိုးသည့် ဟူလို၊ ဤသို့ ဤသုတ်နှင့် မဆိုင်သောကြောင့်ပင် ဝါတိ ကိ် ံ ဝံစံတွင် သတ္တမိ+အတ္ထေ" ဟိုံစံလည်း သိဟိုင်္ဂမူ၌ မပါတော့ပြီ။

ဆုံးဖြတ်ချက် ။ ။ ဤသို့ သိဟိုင်္ဂ မြန်မာ မူကွဲရာ၌ သိဟိုင်္ဂမူ သာ၍ သင့်ဘွယ်ရှိ၏၊ ရှင်းပြဉ္ဇုံးအံ့—"အဂါရေ-အာဂါရေ" ပုဒ်ဖြတ် ကွဲပုံမှာ မထောင့်သာချေ၊ သတ္တမိ-ပဉ္စမိ ပုဒ်တို့သည် ကေန ဏ္ဍထိုလိန် တို့ဝဉ်း၊ ဏ္ဍထိုလိန်ဖြစ်လျှင် တေ ဏ္ဍထိုချာပေါ် သုတ်ဖြင့် "ပ" အမည်သာ ရထိုက်၏၊ ဗျ လ အမည် မရထိုက်၊ [တချို့က ဤ "သတ္တမိယတ္ထေ, ပဉ္စမိယန်ံ" တို့ကိ်ုပင် ထောက်၍ ဏ္ဍထိုလိန်မှာလည်း ဗျ-လ အမည်ရှိ၏-ဟု ဆင်ကြသည်၊ ထို အယူမှာ ပါဠိမှာ းကို ထောက်ထားနေ်ုင်း ဖြစ်သည့်ပြင် "ဩ လိဂ်နွေစ ဒဿနာ = ပုလ္လိန် နပုလ္လိန် အဆုံးမှာသာ ဗျ လ အမည်ကို ဝတ္တသည်" ဟူသော ဂါထာပါဒနှင့်လည်း ဆန့်ကျင်၏၊] ထို့ပြင် "သတ္တမိ+အတ္ထေ" ဟု မြန်မာမူ ကိ်ုရုပ်ကို ဝတ္တရေ၏၊ ထို ရုင်မျိုး မည်သည့်နေရာ်ုမျှ ရှိလိမ့်မည် မဟုတ်၊ "သတ္တမျတ္ထေစ, ပဉ္စမျတ္ထေစ" သုတ်တို့ကဲ့သို့ ဏ္ဍဝဏ္ဏောယံနဝါဖြင့် ယ ပြိုလျက်သာ ရှိသည်၊ ထို့ကြောင့် သိဟိုင်္ဂမူ အတိုင်းသာ အရာရာ သင့်ဘွယ်ရှိသည်။

(ဟောန္တိ၊) ယထာ - ပုံစံကား၊ ဘုဝိ, ပသဝေါ (ဂါရဝေါ, မဒ္ဒဝံ) - ဟူသည်တည်း။ (၇၈)။

(၃၂) ပုထ+ဇဝ, ဣတိ ဣဝံ၊

ဝေါ သရေ ပုထသာဂမော ကွစိ။ ။ သရေ ပရေ, ပုထဣတိ-ဟူသော၊ ဇောသ နိပါတသ-ဤ နိပါတ်ပုဒ်၏၊ အန္တေ-အဆုံး၌၊ ကွစိ ဂကာရာဂမော ဟောတိ၊ .... အာဂန္တိ - ဖြစ်ပေါ်လာတတ်၏၊ ဣတိ, အာဂမော - မည်၏၊ အသန္တုပ္ပတ္တိ - ထင်ရှားမရှိသော အကွာရာ၏ ဖြစ်ပေါ်လာခြင်းသည်၊ အာဂမော - အာဂမ မည်၏၊.... ဇ္ဈေ-ဤသုတ်၌၊ သရေတိ နိမိတ္တာသန္နဝသေန-သရေဟူသော နိမိတ်နှင့် နီးကပ်သည်၏ အစွမ်းကြောင့်၊ ပုထသ - ပုထနိပါတ်၏၊ အန္တေတိ - အဆုံး၌ဟူသော အနုက်ကို၊ လဿတိ-ရအပ်၏၊... ပုထဂဝ-ပုထဂဝ ပြီး၏၊ ပုထ+ဇဝ-ပုထဇဝ ဟု လည်း ရှိ၏။ (၄၂)။

(၃၁) ။ ။ယခုစာအုပ်များ၌ "သမာသေ စသဒ္ဒဂ္ဂဟဏေန ဥဝဏ္ဏာသ ဥဝအဝါ ဒေသာစ၊ယထာ-ဘုဝိ, ပသဝေါ, ဂဝါဇိနံ, ဂဝေဠကံ" ဟု တွေ့ရ၏၊ ဂဝါဇိနံ, ဂဝေဠကံ တို့သည် စ၏ ပုံစံ မဟုတ်ကြ၊ သုတ်ရင်းပုံစံသာ ဖြစ်သောကြောင့် "သမာသေ-ဂဝါဇိနံ, ဂဝေဠကံ၊ စသဒ္ဒါပေ၊ဘုဝိ, ပသဝေါ" ဟု ရှိသင့်၏၊ ထို့ပြင်-ဋီကာ၌ "ဘုဝိတိ-ဥဝါဒေသသ ဥဒါဟရဏံ၊ ပသဝေါ, ဂါရဝေါ, မဒ္ဒဝန္တ္ယာဒိ အဝါဒေသသ" ဟု ရှိသောကြောင့် ပသဝေါနှင့် အလားတူ ဂါရဝေါ-မဒ္ဒဝံ ရုပ်များကိုလည်း (ရူပသိဒ္ဓိ စာကိုယ်၌ မတွေ့ရ စေကာမူ) အဝ အပြု ပုံစံများဟု မှတ်၊ ပသဝေါအထိ ရုပ်ပြီးပုံကို ကစ္စည်းဘာသာဋီကာမှာ ရှု၊ ဂါရဝေါ-မဒ္ဒဝံတို့ကိုကား ဘာဝတဒ္ဓိတ်ခဏ်း၌ တွေ့ရပါလိမ့်မည်။

(၃၂) အာဂန္တိ၊ ပေ၊ အာဂမော— ကား ပုထသာဂမော၌ အာဂမော၏ ပဒဝိဂ္ဂဟတည်း၊ "အသန္တုပ္ပတ္တိ အာဂမော" ကား အာဂမ၏ အဓိပ္ပါယ်ဖွင့်သော စကားတည်း၊ အသန္တသ-ထင်ရှား မရှိသော အကွာရာ၏၊ ဥပ္ပတ္တိ - ဖြစ်ပေါ်လာခြင်းသည်၊ အသန္တုပ္ပတ္တိ-မည်၏၊ "အာဒေသ" စသည်ပြုရာ၌ နဂိရ်ရှိပြီး အကွာရာကို အခြားအကွာရာတမျိုးဖြစ်အောင်ပြုသည်၊ ဤအာဂမကား "ပုထ+ဇဝ" ဝယ် ဂ အကွာရာအသစ်ပေါ်လာသကဲ့သို့ မူလက လုံးဝမရှိသေးသော အကွာရာ၏ အသစ်ပေါ်လာခြင်း ဖြစ်သည်-ဟူလို။

ဇ္ဈေ၊ ပေ၊ အန္တေတိလဿတိ — သုတ်၌ အန္တသဒ္ဒါမပါ, ရှေးရှေး သုတ်မှလည်း လိုက်မလာဘဲလျက် အဖွင့်၌ "နိပါတသ အန္တေ" ဟု အန္တေအနုက်ကို အဘယ့်ကြောင့် ဖွင့်နိုင်ပါသနည်း-ဟု မေးဘွယ်ရှိ၍ "ဇ္ဈေ" စသည် မိန့်၊ သုတ်၌လည်းမပါ လိုက်၍လည်း မလာစေကာမူ ဂေါသရေဝယ် "သရေ" ဟူသော နိမိတ်၏အစွမ်းကြောင့် ရနိုင်သည်-ဟူလို၊ ထင်ရှားစေအံ့— "သရေ-နောက်သရကြောင့်၊ ပုထသ-၏" ဟူသော စကား၌ "သရေ" ဟူသော နိမိတ်၏ အစွမ်းကြောင့် ကာလ ဝဏ္ဏ ခြားရာ တို့၌ သန္ဓိ အစိအရင်

(၃၃) ပါ + ဇဝ , ဣတိ ဣဓ.... သရေဘိ ဂေါဘိ အာဂမောထိ ကွစိတိစ ဝတ္တာတော။

ပါသ စန္တော ရသော ။ ။ ပရေ သရေ , ပါဣုန္ဒေတာသ - ပါ ဟူသော ဤနိပါတ်ပုဒ်၏၊ အန္တော ကွစိ ဂကာရာဂမော ဟောတိ၊ ပါသ, အန္တော-အာဆုံးဖြစ်သော၊ သရောစ-လည်း၊ ရသော-ဟောတိ၊ ပဇဝ (ဝုတ္တသ) - ပြီး၏၊ ပါ+ဇဝ - ပါဇဝ ဟု လည်း ရှိ၏၊ [အဓိပ္ပါယ်ကို ကစ္စည်းဋီကာမှာ ရှု။] (၄၃)။

(၃၄) ဝါတိ သရေတိစ် ဝတ္တာတော။

ယ ဝ ၊ ပေ ၊ ဂမာ ။ ။ ပရေ သရေ ယကာရာဒယော - ယ အစရှိကုန်သော၊ အဋ္ဌ - ရှစ်လုံးသော အက္ခရာတို့သည်၊ ဝါ - ပါဋိတော်ဖြစ်သတ်မှတ်အပ်ပြီးသော ရုပ်အားလျော်စွာ၊ အာဂမာဟောန္တိ၊....စသဒ္ဒေန ဂကာရာဂမောစ(ဟောတိ)၊ အယံ ဝါသဒ္ဒေါ ဝဝဏ္ဏိတ ဝိဘာသဏ္ဌော-ဝဝဏ္ဏိတ ဝိဘာသာ အနက်ရှိ၏။ (၃၅)။

တဏ္ဌ - ထို ယစသည်တို့တွင်၊ ယကာရာဂမော - ယလာခြင်းသည်၊ ဣကာရေဝါဒိသုံ - ဣ အက္ခရာ , ဇဝ အစရှိသည် တို့ကြောင့်၊ ယသာဒိတော - ယထာ အစရှိသည်တို့မှ နောက်၌၊ ဟောတိ၊ ယသာ + ဣဒံ- " ယထာ + ဣဒံ " ဟု တည်၊ [ပုဒ် ၂ ခုကို ခွဲဖြတ်းသော အရာမဟုတ် မဖြစ်နိုင်ရကား "ပုထဿ အစ-ပုထဿ အလယ်"၌ (ဂ) မလာနိုင်, နောက်သရနိမိတ်နှင့် ဆက်စပ် နီးကပ်လျက် နေအောင် ပုထဿ (အဆုံး) ၌သာ လာရမည် ဖြစ်ကြောင်း သိသာသည်၊ ထို့ကြောင့် "အန္တော" ဟူသော အနက်ကို ရနိုင်သည်မှ-ဟူလို၊ [ရုပ်လွယ်ပြီး၊ "ပုထ ဇဝ" ကား ကွစိ အတ္တက် (ဂ) မလာသော ပုံစံတည်း။]

(၃၄) ဝဝဏ္ဏိတ၊ ပေ၊ ဝါသဒ္ဒေါ—ဝါသဒ္ဒါ၏ ဝဝဏ္ဏိတဝိဘာသာ အနက်ကြောင့် "မည်သည့်ပုဒ်၌ ရှိသော မည်သည့်သရနှောင်းလျင် မည်သည့်ပုဒ်နောင် လာသည် " ဟု သတ်မှတ်မှုများ ဖြစ်ရသည်၊ ထို့ကြောင့် " ယကာရာဂမော ယထာဒိတော " စသည်ဖြင့် ဆိုလိမ့်မည်။

ယကာရာ ၊ ပေ ၊ ဣကာရေဝါဒိသု— "ယထာ+ဣဒံ" စသည်ကဲ့သို့ ဣ အက္ခရာ နှောင်းရာ၌ဂုင်း "မာ+ဇဝ, တံ+ဇဝ " စသည်ကဲ့သို့ ဇဝသဒ္ဒါ နှောင်းရာ၌ဂုင်း ယထာ စသော သဒ္ဒါ၏ နောက်၌ဂုင်း ယ အက္ခရာလာသည်၊ ["ဣကာရေဝါဒိသု = ဣကာရေကာရာဒိသု (ဣ အက္ခရာ, ဧ အက္ခရာတို့ကြောင့်)" ဟု ပါဠိ ၂ မျိုးရှိ၏၊ ပုံစံများ၌ ဧဝသဒ္ဒါ နှောင်းသောကြောင့်ဂုင်း , ပါဠိယေက္ကံကို အာဒိ၏ ပုံစံ ဟု ယူရသေးကြောင့်ဂုင်း "ဣကာရေဝါဒိသု (ဣကာရ+ဧဝါဒိသု)" ပါဠိသာ ဧကာင်း၏။]

သောကြောင့်"တည်"ဟု ဆိုသည်၊] ယထယိဒံ- "ယထယိဒံ"ဟု ပြီး၏၊ ဗျဉ္ဇနေတိ-ဗျဉ္ဇနေပုဒ်ကို၊ အဓိ ကိစ္စ-လိုက်စေ၍၊ ရသန္တိ-ရသံသုတ်ဖြင့်၊ ရသတ္တဲ့ - ရသ အဖြစ်သည်၊ ဟောဘိ၊ ယထာ + ဣဒံဝါ- " ယထာ+ဣဒံ " ဟု လည်း ရှိသေး၏၊ ယထာ+ဧဝ - ဟု တည်၊ ယထာယေဝ - ဟု ပြီး၏၊ ယထေဝ - ဟု လည်း ရှိသေး၏၊ [အနက်ကို ဤ အတိုင်းဆို၊ "ယထေဝ"ဝယ် ထာဒ္ဒိ အာခေျ , နေဝံဒေသ္ဒိ ကပ်ရုံသာ၊] ဧဝံ - ဤ အတူ၊ မာယိဒံ ၊ ပေ ၊ ပါဠိယေက္ကံ-မာယိဒံ ၊ ပေ ၊ ပါဠိယေက္ကံ, ဟု ပြီး၏။

တထာ - ထိုမှာဘပါး၊ သရေ-သရကြောင့်၊ ဝိ ပရိယာဒိတောစ (ဝိ+ပရိ အာဒိတောစ) - ဝိသဒ္ဒါ , ပရိသဒ္ဒါ အစရှိသော ဥပသာရ ပုဒ်ဘို့မှ နောက်၌သည်း၊ (ယ ကာရာဂမော ဟောတိ)၊ ဝိ+အဉ္ဇနာ - ဝိ+အဉ္ဇနာ ဟု တည်၊ ဝိယဉ္ဇနာ - ဝိယဉ္ဇနာ ဟု ပြီး၏၊ ဗျဉ္ဇနာဝါ-လည်း ရှိသေး၏၊ ဧဝံ-ဤ အတူ၊ ဝိယာကာသိ-ဟု ပြီး၏၊ ဗျာကာသိ-ဟု လည်း ရှိသေး၏၊ ပရိ+အန္တံ - ပရိ+အန္တံ ဟု တည်၊ ပရိယန္တံ - ဟု ပြီး၏၊ ဧဝံ- ဤ အတူ၊ ပရိယာဒါနံ၊ပေ၊ပရိဿာသာနံ-ဟု ပြီး၏၊ ဣတိ-ဤပရိယန္တံ အစ ပရိယောသာ

ယထာဣဒံ၊ပေ၊ယထာဣဒံဝါ—"ယထာ+ဣဒံ"သည် တည်ထားအပ်သော ရုပ်, "ယထယိဒံ"ကား ပြီးသောရုပ်၊ " ယထာ ဣဒံဝါ" ကား"ယ"မလာဘဲလည်း ရှိနိုင်သည့် ဟု ပြသော ဝိကပ်ရုပ်တည်း၊ သဒ္ဒါတခုထည်းဌ ရုပ် ဥမျိုးပြထားလျှင် ဤနည်းချည်း မှတ်၊ [ယထာ+ဣဒံတည်, ဤသုတ်ဖြင့် " ယ " လာ, သရာ ပကတိ ဗျဉ္ဇနေသုတ်မှ ဗျဉ္ဇနေသဒ္ဒါ လိုက်စေ၍ ရသံသုတ်ဖြင့် ထာဌ အာကို ရသပြု။]

ဧဝံ မာယိဒံ ၊ ပေ ၊ ပါဠိယေက္ကံ--ဧဝံသဒ္ဒါဖြင့် ယထယိဒံကဲ့သို့ "မာ+ဣဒံ "= မာယိဒံ, မာ ဣဒံဝါ"စသည်ဖြင့် ရုပ် ဥမျိုးကို ညွှန်ပြသည်၊ ထို ရုပ်အားလုံးဌ ယကို ဖြုတ်၍ "မာ+ဧဝံ" စသည်ဖြင့် " ပါဠိ+ဧက္ကံ " အထိ တည်ထားပါ။ [" တံ+ယိဒံ "ဌ ဣံ ဟု နိဂ္ဂဟီတန္တ ရှိစေ၊"တ"ဟု မရှိစရ၊ ဘာ့ကြောင့်နည်း, "တံ" ဟု နာမ်ပုဒ် ဖြစ်ပြီးမှသာ နောက်ပုဒ်နှင့် သန္ဓိစပ်နိုင်သောကြောင့်တည်း။]

တထာ သရေ ဝိပရိယာဒိတောစ— "ယထာ " စသော နိပါတ်, "ဗုဒ္ဓါနံ"စသော နာမ်ပုဒ်, " သန္တိ " စသော အာချာတ်ပုဒ်တို့နောင်(ယ)လာပုံကို ပြပြီး၍ ဥပသာရနောင် လာပုံကို တမျိုး ပြလိုသောကြောင့် " တထာ " ဟု ပက္ခန္တရ (အဘို့ဘပါး) အနက် ရှိသော သဒ္ဒါကို စချီလေသည်၊ "ဝိ+အဉ္ဇနာ, ပရိ+အန္တံ" စသည်ဖြင့် သရ နှောင်းရာ ဝယ် ဝိနောက် ပရိနောက် စသည့်ဌလည်း "ယ"လာ၏၊ " ဝ+အဉ္ဇနာ" ဌ် ယ မလာဘဲ, ဗ္ဂကို ယပြု, ဝကို ဗပြုလျှင် "ဗျဉ္ဇနာ"ဟု ဝိကပ်ရုပ်တမျိုး ဖြစ်၏၊ [ဝိ+အာကာသိ တည်၍ ယ လာလျှင် ဝိယာကာသိ, ယ မလာလျှင် ဗျာကာသိ ဖြစ်ပုံလည်း နည်းတူ။]

သာနံ့ အဆုံးရှိသော ပြယုဂ်ဘို့ကား၊ နိစ္စံ - မြဲ၏၊ နိ + အာယောဂေါ-ဟု တည်း၊ နိယာယောဂေါ - ဟု ပြီး၏၊ ဣဓ - ၌ ဆိုအပ်လတ္တံ့သော ပြယုဂ်တို့၌၊ ခ ဘဝတိ - ၌သုတ်အစိအရင် မဖြစ်၊ ပရိကွဲတော၊ ဥပပရိကွတိ-ဟူသည်တည်း။

ဝကာရော. ဝ အကွရာသည်၊ အဝဏ္ဏ(ကာရေသု-အာဝဏ်ဥအကွရာတို့ကြောင့်၊ ဘိသဒ္ဒါဒိတော - တိသဒ္ဒါ အစရှိသည်မှနောဝံ၌၊ (အာဂမော-လာဒိ) တိ+အဂိုလံ-တိ+အဂိုလံဟု တည်း၊ တိဝဂိုလံ-တိဝဂိုလံဟု ပြီး၏။ ဇဝံ-၌ အတူ၊ တိဝဂိုကံ၊ပေါဟိဂုဉ္ဇဝုဒုတာ-ဟု ပြီး၏။

မကာရော - သည်၊ ဆန္ဒာနုရက္ခဏာဒိမှ် - ဆန်းစောင့်ရှာခြင်း အစရှိသည်၌၊ သရေ-သရကြောင့်၊ လဟုပဘုတိတော - လဟု အစရှိသော သဒ္ဒါမှ နောက်၌၊ (အာဂမော)၊ လဟု+ဇေသတိ - လဟု+ဇေသတိ ဟု တည်း၊ လဟုမေသတိ-ဟု ပြီး၏။ ဇဝံ - ၌ အတူ၊ ဂရုမေသတိ ၊ပေ၊ ဘာယတိမေဝ-ဟု ပြီး၏။

ပရိအန်ံ၊ပေ၊ဣတိ နိစ္စံ — "ပရိယန်ံ" ဟုသာ ဝိဋ္ဌကတော်၌ အမြဲရှိ၏၊ "ပရိ+အန်ံ"ကား ရုပ်တွက်၍ဖြစ်ရုံတည်သ့အပ်သောရုပ်သာတည်း၊ "ဇဝံ ပရိယာဒါနံ" စသည်၌ ဇဝံဖြင့် "ပရိ + အာဒါနံ" စသည် တည်ဘို့ရန် ညွှန်ပြသည်၊ ၌ ပရိယန်ံ အစ ပရိယောသာနံ အဆုံး ရုပ်တို့ကား နိစ္စဝိမိ (အမြဲစီရင်အပ်သော) ရုပ်များတည်း။

နိအာယောဂေါ၊ ပေ၊ ဥပပရိကွတိ — "တထာ သရေ ဝိပရိယာဒိတော" ၌ အာဒိအရကို ပြလို၍ "နိ+အာယောဂေါ=နိယာယောဂေါ ဟု မိန့်သည်၊ အာဒိအရ ပြသောရုပ် ဖြစ်၍"ပရိ" ပါသော ရုပ်များ၏ နောက်၌ ပြထားသည်၊ ပရိ ဇုကွတော"ဟူ ပုဒ်ဖြတ်ရသော်သည်း ၌သုတ်ဖြင့် "ယ" မလာနိုင်၊ ခွင်း ချေကပ်၍ "ပရိကွတော" ဟုသာရှိရမည်၊ ဥပပရိ+ဇုကွတိဟုဒ်ဖြတ်၍ ဥပပရိကွတိလည်း ၌နည်းပင်၊ ၌ ၂ ရုပ်ကား ၌သုတ်ဖြင့် မစိုးငိုင်သော အသန္ဓာဝိမိ ရုပ်တည်း။

[ဆောင်] ဇုနှင့် ဇဝ, ကွေသဒ္ဒါ, နှောင်းလေရာဝယ်, ယထာ မာ တံ, တဖန် နှ-နဝ, စသည်ဟုဒ်ရှိ, ပါဠိဘို့နောက်, ယ လာရောက်၏၊ ဝိ-ပရိနှင့်, နိ၏ နောက်ဝယ်, သရ ဆွဲလည်း, လာဘွယ် တရပ်, ၌သို့ မှတ်သည်, ကျမ်းမြဲက် ရုပသိဒ် အဆိုတည်း။

ဝကာရော၊ပေ၊ဣကာရေသု — "တိ+အဂိုလံ" စသည်ဖြင့် တိစသော သဒ္ဒါတို့၏ နောဝံ၌"အဂိုလံ, အာဒယော, ဥဒိကွတိ" စသည်ကဲ့သို့ အဝဏ်ဥအကွရာ နှောင်းရာဝယ် ဝလာသည်။ ["မိဂိဘန်ဟာဝဝုဒိကွတိ"အတွက် မှတ်ချက်ကို ကစ္စည်းဋီကာ၌ ရှု။]

မကာရော ၊ပေ၊ ဆန္ဒာနုရက္ခဏာဒိမှ် — သရနှောင်းရာဝယ် လဟု အစရှိသော ပုဒ်နောင် မ အကွရာ လာသည်၊ ဆန္ဒာနုရက္ခဏာဒိမှ်" ပါ၌ဖြင့် အသော ဘဒြော

ဒကာရော-သည်၊ ဥ ဥပသဂ္ဂ၊ ပေ၊ သာဒီဟိ - ဥ ဥပသာဂ, သကိ, ကေနစိ, ကိဉ္စိ, ကိဉ္စိဉ္စိ, ကောစိ, သမ္မာ, ယာဝ, တာဝ, ပုန, ယ, တ, ဇေတ, အဏ္ဍ, သ အစဂိသော သဒ္ဒါတို့မှ နောက်၌၊ (အာဂမော)၊ ဥ ဥပသဂ္ဂတော-ဥ ဥပသာဂမှ နော်၌၊ နိစ္စံ-အမြဲလာ၏၊ ဥ+အင်္ဂါ-ဟုတည်း၊ ဥဒင်္ဂါ-ဟု ပြီး၏၊ ဇဝံ-ဤ့အတူ၊ ဥဒယော ၊ ပေ၊ ဥဒေဘိ-ဟု ပြီး၏

နိပါတတောစ - နိပါတ်ပုဒ်မှ နောက်၌ကား၊ သကိ+ဇဝ-ဟု တည်း၊ သကိဒေဝ - ဟု ပြီး၏၊ ဇဝံ-တူ၊ သကဒါဂါမိ - ဟု ပြီး၏၊ တထာ-တူ၊ ကေနစိဒေဝ ၊ပေ၊ ကောစိဒေဝ-ပြီး၏၊ သမ္မာ+အဏ္ဍာ-ဟုတည်း၊ သမ္မာဒဏ္ဍာ-ဟု ပြီး၏၊ ရသတ္တံ - မှာ၌ ရသအဖြစ်သည်း၊ (ဟောကိ)၊ ဇဝံ-ဤ့အတူ၊ (မှာ၌ ရသံ သုတ်ဖြင့် ရသပြုချင်း တူသည် - ဟူလို)၊ သမ္မဒက္ခာတော ၊ ပေ၊ ပုနဒေဝ-ဟု ပြီး၏။

ကသာမိဝ"စသည်ကဲ့သို့ ဂါထာပါဒဖြစ်၍ ဆန်းစောင့်လိုသောကြောင့်လည်း လာသည်ဟုပြသည်၊ ထင်ရှားစေအံ့—"ယော နိန္ဒ အပဝဇ္ဇေတိ, အသော ဘဒ္ဒြော ကသာမိဝ" ဟူသော ဂါထာ၌ "ကသာမိဝ" ဟု "မ" မလာလျှင် သင်္ခင်း ချေ ကဝ်၍ "ကသိဝ" စသည်ဖြစ်လျက် အက္ခရာလုံးရေ လျော့နေသောကြောင့် ရှစ်လုံးဖွဲ့ အနုဋ္ဌုဘဆန်း ဟုက်ရာ၏၊ မ အက္ခရာ လာထားလျှင်ကား ထိုကဲ့သို့ သင်္ခမစဝ်ရတော့သဖြင့် ဆန်းမပျက်ပေ၊ ဤသို့ ဆန်းမပျက်အောင် စောင့်ရှောက်ခြင်းကို "ဆန္ဒာနုရက္ခဏာ" ဟု ဆိုသည်၊ "ရက္ခဏာဒိမှိ"၌ အာဒိဖြင့် ရွတ်ဆို၍ ချောမောမှု (သုခုစ္စာရဏ) ဖြစ်အောင်လည်း လာနိုင်သည်-ဟု ယူ၊ ပုံစံကား "ယေန မိဓေကစ္စော, ဘာယတိမေဝ" စသည်တဲ့သည်း။

[ဆောင်] အဝဏ်ဥပါ,နောင်းလေ ရာဝယ်,တိသဒ္ဒါဟူ, ဆူဆူတို့နောက်, ဝလာရောက်ဟု, သတ်မှတ်ပြု၏၊ လဟုစသား,ပုဒ်နောံများဝယ်, ကဝ်ဘွယ် သရာ, ဆင်သင့်ပမူ, ဆန္ဒာနုရက်, ရွတ်လွယ် ချက်ပြု, ၂ ကျိုးရ,(မ)လာကြ လေသည်။

ဒကာရော၊ပေ၊သာဒီဟိ—သက္ကတဠ "ဥတ်" ဥပသာရသည် ပါဠိ၌ "ဥ"ဟု ဖြစ်၏၊ (တ်)သည် သင်္ခမစဝ်ရာ၌"ဒ်"ဖြစ်၏၊ ထို့ကြောင့် ဥနောက်၌ ကဝ်ဘွယ်သရရှိလျှင် (တ်) အစား(ဒ်)အမြဲလာရသောကြောင့် " ဥ ဥပသဂ္ဂတော နိစ္စံ " ဟု ဆိုသည်၊ ကဝ်ဘွယ် သရမရှိလျှင်ကား (တ်) အစား နောက်၌ ဒွေဘော်လာ၍ (သံ+ဥ+ဟန+ဏာပစ္စည်းဖြင့် "သမုဒ္ဓါတော" စသည်ဖြစ်၏၊ နောက်ပုဒ်သည် ဒွေဘာဝဌာန မဟုတ်လျှင် ဥကို ဒီဃပြု၍ "သမူဟတော"စသည်ဖြစ်၏၊ "ဥ–ဥပသဂ္ဂ သကိ"ဟု မြန်မာမူရှိ၏၊ သို့သော် " သကိ+အာဂါမိ " ဟု တည်၍ ဒ လာပြီးနောက် " မဟာဝုတ္တိ သုတ္တေန ဣကာရသဿ အကာရော" ဟူသော ရူပသိဒ္ဓိအလို နိဂ္ဂဟိတ်မပါသော "သကိ"သာ ပုဒ်မှန်ဖြစ်သည်း၊ " ကေနစိ " အစ " ပုန " အဆုံးရှိသော ပုဒ်များလည်း နိပါတ် ပုဒ်များပင်တည်း၊

နာမတော - နာမ်ပုဒ်မှနေခံ၌၊ ယဒတ္ထိ၊ပေ၊ သဒတ္ထပသုတော သိယာ-ဟု ပြီး၏၊ ယဉတောဘွာ သေဟိ - ယ , တ , ဧတ , အတ္တ, သ သဒ္ဒါတို့မှ နေခံ၌၊ သမာသေယေဝ-သမာသ် အရာ၌သံ၁၊ (ဒကာရော အာဂမော)၊ အာဒိသဒ္ဒေန - အာဒိသဒ္ဒါဖြင့်၊ အညဒတ္ထု၊ ပေ၊ အဟုဒေဝ ဘယံ-ဟု ပြီး၏၊ ဝါတိ က်ိ်ံ၊ ကေနစိ အတ္ထကာမေန ၊ ပေ၊ အတ္တာထိ - ဟူသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးဂုဏ်။

နကာရော - သည်၊ အာယာတာဒိမှ်- အာယတိ သဒ္ဒါ၏ အစ၌၊ (အာဂမော - လာ၏)၊ ဣတောာ+အာယတိ - ဣတောာ+အာယတိ ဟု တည်၊ ဣတောာနာယတိ-ဟု ပြီး၏၊ စိရံနဲးယတိ-စိရံနဲးယတိ ဟု ပြီး၏။

တကာရော - သည်၊ ယဉသ္မာ တသ္မာ အဇ္ဈာဒိတော - ယသ္မာ, တဿာ, အဇ္ဈ အစဂုိသည်မှ နေခံ၌၊ ဣဟာဒ်ိမှ် - ဣဟ အစဂုိသည်ကြောင့်၊ (အာဂမော-၏)၊ ယသ္မာတိဟ, တသ္မာတိဟ, အဇ္ဈတဂ္ဂေ-ဟု ပြီး၏။

[စိနိပါတ်အတွက် ကေနစိ စသည်တို့ နိပါတ် ဖြစ်ရသည်၊ သဣတ၌ "သကြိတ်, စိတ်" ဟူသော ပုဒ်များသည် ပါဠို၌ " သကိ+စိ " ဟု ဖြစ်၏၊ ထို (တ်) အစား သန္ဓိစပ်ရာ၌ (ဒ်) လာ၍ "သကိဒေဝ, ကောစိဒေဝ" စသည် ဖြစ်၏၊ သဣတ၌ "သမျစ်" သည် ပါဠို၌ "သမ္မာ" ဟု ဖြစ်၏၊ (စ်) အစား (ဒ်) လာ၍ သန္ဓိစပ်သည်၊ ယာဝတ်-တာဝတ်တို့မှ (ဒ်)လာ၍ စင်ပုံ, ပုနရိမ္မ (ရ်) အစား(ဒ်)လာပုံကိုလည်း သိပါ။

နာမတော၊ပေ၊အတ္တာထိ—ယ,တ,ဧတ,အတ္တ, သ အစရှိသည်ကား နာမ်ပုဒ်တည်း၊ ရုပ်တည်သည်မှ အခါ(ဒ)ကို ဖြုတ်၍ " ယ+အတ္တံ " စသည်ဖြင့်တည်၊ ဤ"ယဒတ္ထံ"အစ သဒတ္ထ အဆုံးရှိသော ပုဒ်တို့ကား သမာသ်ပုဒ်များ ဖြစ်သောကြောင့် " ယ တေ တတ္တ သေဟိ သမာသေယေဝ"ဟု မိန့်သည်၊ ယတေတတ္တသာဒိဟိ၌ အာဒိဖြင့် အညစသည်ကို ယူ၍ "အညေ+အတ္ထ၊=အညဒတ္ထ၊" စသည် ဖြစ်၏၊ ဝါတိ ကိ ံ ပုံစံများ၌"ကေနစိ အတ္ထ ကာမေန " အတိုင်းတည် , ကေနစိ ဒတ္ထုကာမေန ဟု မဖြစ်ရ၊ သမ္မာ အညာယဉ်လည်း နည်းတူ၊ "ယာဝ+အဟံ, တာဝ+အဟံ, ပုန+အပရံ, အတ္တ+အတ္တံ"ပုဒ်ဖြတ်၍"ယာဝ ဒဟံ"စသည် မရှိရ ဟု တားမြစ် , ရှေ သရချေ ဒီဃပြု စသည် စိရင်၊ ဤ " ဝါတိ ကိ ံ " စသော စကားအရ ဝါသဒ္ဒါက " ယာဝါဟံ " စသော ပါဠိ ပုံစံများ၌ (ဒ်) လာလျက် မရှိ-ဟု အသန္တဝိဓိကို ပြသည်။

[ဆောင်] ဥ-ဥပသဂ်, နိပါတ်တွက်မူ , မှတ်ယူသကိ, ကေနစိ သို့, စိ နိပါတ, ဆုံးသမျှနှင့်,ယာဝ တာဝါ, သမ္မာ-ပုန, နာမ်ပုဒ်ပြုမူ, ယ-တ-ဧတ, အတ္တ-သ-တည်း, အညံ၏နောက်, ဒလာရောက်သည်, မှတ်လောက် ရုပသိဒ် အဆိုတည်း၊

ရကာဒရော - သည်၊ နိ ဒု ပါတု ပုန ဓိ ပါတ စတုရာဒိတော - နိ, ဒု, ပါတု, ပုန, ဓိ, ပါတ, စတု အစရှိသည်တို့မှ နေးကွဲ၍၊ (အာဂမော)၊ နိ+အင်္ကရံ - နိ+အင်္ကရံ ဟု တည်း၊ နိရင်္ကရံ - နိရင်္ကရံ ဟု ပြီးဏိ၊ ဇဝံ - ဤ အတူ၊ နိရုလယော၊ပေ၊ ပါတရသေ-နိရုလယော၊ပေ၊ပါတရသော ဟု ပြီးဏိ၊ စတုသဒ္ဒါဒိတော - စတုသဒ္ဒါ အစရှိသည်မှ နောက်၌၊ (ဥဒါဟရဏ်-ကား)၊ စတုရဂီကံ၊ ပေ၊ ပထဝီဓာတုရေဝေသာ - ဟု ပြီး၏၊ တထာ-ထိုမှတပါး၊ သရတော-သရမှ နောက်၌၊ ဣဝေဝေသု - ဣဝ ဇဝ သဒ္ဒါတို့ကြောင့်၊ ဆန္ဒာနုရက္ခဏော - ဆန်းစောင့်ရာဌာန၌၊ (ရကာရော အာဂမော)၊ နကွတ္ထရာဇာဂိဝ တာရကာနံ၊ပေ၊သဒ္ဓိရေဝ သမာသေထ-ဟု ပြီး၏၊ ဝါတိ ကိံ၊ ဒွါဒိဋ္ဌိတံ, ပါတွာကာသိ , ပုနဝိ - ဟူသော ပြယုဂ် တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။

နကာရော, တကာရော—အာယတာဒိ၌ အာဒိဖြင့် ယူတို့ရာမ၌၊ "မည်သည့်သဒ္ဒါမှ နောက်"ဟုလည်း မဆို၊ ထို့ကြောင့် "အာယတိသဒ္ဒါ၏ အစ၌"ဟု ပေးရသည်၊ [စိရန္ဒာယတိဟု မူကွဲရှိ၏၊မထူးလှ, နလာပြီးနောက် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တံ ဝါဝဂ္ဂေဖြင့် နှ-ပြုရုံသာ၊] ယသ္မာ တသ္မာ အဇ္ဇ ပုဗ်တို့နောင် ဣဟ စသည် နှောင်းရာ၌ (တ်) လာ၊ ဣဟာဒိမှိ၌ အာဒိဖြင့် အဂ္ဂေကို ယူ၊ ["အဇ္ဇတဂ္ဂေ"အတွက် မှတ်ချက်ကို ကစ္စည်းဋီကာမှာ ရှု။]

[ဆောင်] နှ အက္ခရာ, လာထုံးမှာမူ, အာယတိဆိုက်, အစ၌သာ, နောက်လာ (တ)တွက်, လာရာဘက်သော် နှောင်းလျက် ဣဟ, ရှိတုံးလျှင်, ယသ္မာ-တသ္မာ, နောက်၌သာတည်း, တဖြာအဂ္ဂေ, နှောင်းလေအဇ္ဇ, နောက်၌ (တ) မူ, အဌကထာ, မလာမသုံး, ပေါင်း၍ ရုံးသည့်, မှတ်ထုံး ဘာသာဋီကာ တည်း။

ရကာရော—ရအက္ခရာသည် နိ - ဒု စသော သဒ္ဒါတို့နောက်၌ လာ၏၊ ထိုသို့ လာခြင်းမှာလည်း သက္ကတ ကျမ်းရှင်းတို့၌ နိ-ဒု-ပါ တ၏ စသည်ဖြင့် (ရ) ဗျည်း ပါလာခဲ့၍ မာဂဓပေါဠိ၌ ထို (ရ) ဗျည်း ပျောက်နေသောကြောင့် သရ နှောင်းလျှင် (ရ) ဗျည်းလာရိုး ထုံးစံပြုရသည်၊ " ဓိဏ္ဍေ|=ဓိဏ္ဍေ| " ပါ၌ ၂ ဏ္ဍေ ရှုတ်ရိုးပြုကြ၏၊ သက္ကာဘ၌ "ဓိက်"ဟု ဣသရနှင့် ရှိ၍ (က်) ဗျည်း အစားလည်း (ရ) ဗျည်းပေါလာသောကြောင့် "ဓိရဏ္ဍေ|" ဟု ဣရသရနှင့် ပါ၌သာ သင့်မြတ်၏၊ နောက်၌ သရမရှိ၍ ရမလာရလျှင် "ဓိက္ကတံ" စသည်ဖြင့် ဒွေဘော်လာရ၏၊ ဒွေဘော် မလာနိုင်ရာ၌ကား " ဓိတံ ဇမ္မိ " စသည်ဖြင့် ဣက် ဒီဃ ပြုရသည်၊ထို့ကြောင့် ပ၌ ဒ္ဒြ "ဓိ" ဟု ဒီဃနှင့် ပုဗ်ရင်းဖြစ်ရကား "ဓိရဏ္ဍေ|" နှင့် "ဓိ+အဏ္ဍေ|" ဟု ဒီဃဖြင့် ပုဗ်ဖြတ်၍ (ဣ)ကို တဘာန် ရသပြုရလျှင် သာ၍ စည်းကမ်းကျမည် ထင်သည်၊ "ပါတ+အာသော" ဟု ဇြတ်, ရ လာ၍ "ပါတရာသော " ဖြစ်၏။ ["စတုရိဒ္ဓါဒေပတိလာဘော=ဂ ပါးသော ဣဒ္ဓိပါဒ်ကို ရခြင်း" ဟု ပါဌမှန် ရှိစေ။]

လကာရော-သည်၊ ဆသခ်ျာဟိ-ဆသခ်ျာတို့မှနောံ၌၊ (အာဂမော-လာ၏)၊ လဋ္ဌောနံ-လငယ် ဋ္ဌကြိုးတို့၏၊ အဝိသေသော - အထူး မရှိကုန်သည်၏အဖြစ်သည်၊ (ဟောတိ)၊ ဆ+အာဘိညာ-ဟု တည်၊ ဆဋ္ဌာဘိညာ-ဟု ပြီး၏၊ ဆဋ္ဌင် ၊ ပေ၊ ဆဋ္ဌာယတနံ - ဟု ပြီး၏၊ ဝါတိ ကိ ံ၊ ဆ+အာဘိညာ - ဆ+အာဘိညာဟူသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။ ။ကူတိ - ဤ စကား အစဉ်ဖြင့်၊ သရ သဒ္ဒါ ဝိဓာနံ - သရသဒ္ဒါကို စိရင်ခဏ်းသည်၊ နိဒ္ဒိတံ-ပြီးပြီ။

တထာ သရတောဋ္ဌဝေဝေသု—"နကွတ္ဟရာဇာ" ဝယ် "ဇာ"၌ အာသရစသည် နောင် ဋ္ဌဝ ဝေ နှောင်းရာ၌ (ရ) လာသည်၊ ဆန္ဒာနုရက္ခဏာ သတောကို မ အက္ခရာ လာခဏ်း၌ ပြခဲ့ပြီ။ ["ဒု+အဓိဋ္ဌိတံ, ပါတု+အကာသိ, ပုန+အဝိ"တို့၌ ဒု-ပါတု-ပုန တို့နောင်ပင် ဖြစ်သော်လည်း ဝါမြစ်သောကြောင့် (ရ) မလာရ၊ ဝမောဒု ဒန္ဓာနံဖြင့် ဥ ကို ဝ ပြု, တတိယငိုင်း ဒီဃံဖြင့် "အ"ကို ဒီဃပြု၍ "ဒွါမိဋ္ဌိတံ, ပါတ္ဝာ ကာသိ" ပြီး၏။]

လကာရော—လအက္ခရာသည် ဆသခ်ျာနောင်လာ၏၊ ဆဋ္ဌာသိတ်၌ "ဆ+အသိတိ" ဟု တည်၍ တတိယငိုင်း ဒီဃံသုတ်ဖြင့် အ ကို ဒီဃပြု၊ " ဆ+အံသာ=ဆဋ္ဌံသာ " စသည်လွယ်ပြီ၊ "လဋ္ဌာနမဝိသေသော"ဝယ် "အဝိသေသော=မထူး" ဟူသည်မှာ ရှိတ်ဆိုရာ၌ အသံချင်း မထူးသည်ကို ဆိုလိုဟန် တူသည်၊ အက္ခရာ အရေးအသားမှာ ထူးလျက်ပင်၊ ထိုသို့ အသံချင်း မထူးသောကြောင့် "လ ငယ်လာလာ, ဋ္ဌကြိုးလာလာ, အလိုရှိရာ လာနိုင်သည်" ဟု ဆိုသည်၊ ["အဝိသေသော-အထူးမရှိကုန်သည်၏ အဖြစ်သည်၊ ဟောတိ-၏" ဟု ကျက်နန ပေးလိုလျှင်ပေး၊ နှထွိ ဝိသေသော ယေသံတိ အဝိသေသာ၊ အဝိသေသာနံ ဘာဝေါ အဝိသေသဘာဝေါ" ဟု ဆိုလိုလျက် ဘာဝပုဒ် ကြေနေသည်။

[ဆောင်] ရအက္ခရာ , လာရာကိုရှု, နိ-ပါတုနှင့် , ဓိ-ဒု-ပုန , စတု စရေ , (ပါတ) တွေနောက်, တကန္ဒ ရောက်၏၊ မဖေါက်တဝ , သရ နောက်မှာ, ဋ္ဌဝေဝေါ ကြောင့်, ဆန္ဒာနုရက်, လိုရာဘက်၍, ဆက်ဆက် (ရ)ကို, လာဘို့ဆို၏၊ မှတ်လိုတချက်, လအတွက်ကား, သက်သက် သခ်ျာ, ဆနောက်သားလျှင်, ရောက်ရာ နည်းပါး, ထို့ပြင်ရှားသည်, မှတ်သား လ-ဋ္ဌ မထူးတည်း။

မှတ်ချက်။ ။"လဋ္ဌာနမဝိသေသော" စကားကို ကာတန္တ (ဖ-၃၆၃)"ဝါသွရေ" သုတ်၌ "ဝူဒုာ=ဝူလာ,ဝဒုဘိ=ဝလဘိ,ဇဒုံ=ဇလံ,ဇဒုဓိ=ဇလဓိ ဒုလာန မေကတ္တံ" စကားကိုမှီ၍ ဆိုသည်ဖြစ်ရာ၏၊ ထိုကာတန္တ၌ " ဒု " သည် ပါဋိ၌ ဋ္ဌနှင့် သဘောတူ၏၊ ဒုနှင့် လ ကို " ကေတ္တံ-တူသည်၏အဖြစ် " ဟု ဆိုထားသဖြင့်လည်း ဋ္ဌ နှင့် လ လည်း ကေတ္တဟု ဆိုရာရောက်၏၊ ထို ကေတ္တနှင့် ဤ " အဝိသေသော " ကား သဘောတူပင်၊ ထို့ကြောင့် အကြင်ပုဒ်၌ လ ငယ်ဖြင့်ရှိရှိ, ဋ္ဌ ကြိုးဖြင့်ရှိရှိ, အနက်မထူး၊ ထိုပုဒ်မျိုး၌သာ "လဋ္ဌာနမဝိသေသော"ဟု ဆိုလိုသည်၊ သို့ဖြစ်၍ "လက္ခဏံ"ကို "ဋ္ဌက္ခဏံ"ဟု ရေးလျှင် အနက်ပျက်ဘွယ်ရှိသောကြောင့် ထိုနေရာမျိုး၌ လ ငယ်နှင့် ဋ္ဌ ကြိုး မတူကြ ဟု မှတ်ပါ။

ပကတိသန္ဓိခက်း

(၃၅) အထ - သရသန္ဓိဝိဓာနဇ်၏ အခြားမဲ့၌၊ သရာနမေဝ - သရတို့ဇ်၏ပင်၊ သန္ဓိကာရိယေ - သန္ဓိ ပြုဘွယ်သည်၊ သမ္မတ္တေ - ရောက်လုလတ်သော်၊ ပကတိဘာဝေါ - ပကတိ အဖြစ်ကို၊ ဝုစ္စတေ-ဆိုအပ်၏၊.... သရာတိ ပကတိတိစ ဝတ္တတေ။

သရေ ကွစိ။ ။ပရေ သရေ သဒ္ဒေါ သရာဒေါ - သရတို့သည်၊ ကွစိ - သော၊ ဆန္ဒဘေဒါ•သုခုစ္စာရဏဒ္ဌာနေ - ဆန်းပျက်မည့်အရာ, ရွတ်၍ မလွယ်သည့် အရာ၌၎င်း၊ သန္ဓိဆွာရဟိတဒ္ဌာနေစ - သန္ဓိပြုလို့ခြင်းမှ ကင်းသော အရာ၌၎င်း၊ ပကတိရူပါ - ပကတိရုပ် ဂိုက်ကုန်သည်၊ [ပကတိရူပါနိ - ဂိုလျှင် “ ပကတိရုပ်တို့သည် ” ဟု ပေး၊] ဟောန္တိ၊ လောပါဒေသဝိကာရံ-ကြေခြင်း, အာဒေသ-ပြုခြင်းဟူသော ဖေါက်ပြန်ခြင်းသို့၊ နအာပဇ္ဇန္တေ-မရောက်ကုန်၊ ဣတိအတ္ထော-ဤကားအနက်။(၃၄)။

[ဤဂ္ဂနောက်၌ မူအာမျိုးမျိုး ဂိုဇ်၊ သိဟိုဠ်မူအတိုင်း – “တတ္ထ ပကတိဒ္ဌာနံနာမ အာလပနန္တာဒိတိဿံ အန္တိန္ဒာနံ ရက္ခဏော, အသမာသေ ပဒန္တံ ဒီဃာစ, ဣကာရုကာရာစ နဒမပဒန္တာတိတာ ကြိယာဒိဗွိဘိ ဇေဝမာဒိ” ဟု ဂိုစေ။]

သရာနမေဝ၊ပေ၊ ဝုစ္စတေ—“ပကတိသန္ဓိ” ဟူသည် တစုံတခု ပြုစိရုဏ်ခွင့် ကြိုလာလျှင် “မပြုနှင့်, နဂိုရှိပကတိ အတိုင်းရှိစေ” ဟု သန္ဓိပြုခွင့်ကို တားမြစ်သော သန္ဓိတည်း၊ ထို့ကြောင့် သရသန္ဓိအခက်း၌ ပြခဲ့သော သရတို့၏ပင် သန္ဓိ ပြုစိရုဏ်ခွင့် ကြိုလာခဲ့သော်ထို သန္ဓိပြုခွင့်ကို တားမြစ်ဘို့ရာ သရ သန္ဓိအခြားမဲ့၌ ဤ ပကတိသန္ဓိကို ဆက်၍ဆိုသည်။

ကွစိဆန္ဒဘေဒါ၊ပေ၊ ရဟိတဒ္ဌာနေ—“ဆန္ဒဘေဒါ၊ပေ၊ရဟိတဒ္ဌာနေ” တို့ကား “ကွစိ” အရကိုပင် သရုပ်သကောင် ဖွင့်ပြသော စကားတည်း၊ “ကွစိ=အချို့အရာ၌” ဟူသည် “ ဆန္ဒဘေဒဒ္ဌာန – အသုခုစ္စာရဏဒ္ဌာန – သန္ဓိဆွာရဟိတဒ္ဌာန ၃ ဌာနတည်း” ဟူလို၊ [“ ဘေဒါသုခုစ္စာရဏာ ” ဟု ဋီကာအတိုင်း ပါဠိမှန်ရှိစေ၊ “ ဘေဒ+အသုခုစ္စာရဏာ ”ဟု ပုံဒ်ဖြတ်။] ထိုတွင် “ ဆန္ဒဘေဒဒ္ဌာန ” ဟူသည် သရာ သရေ လောပံ စသော သုတ်တို့ဖြင့် ချေမှု အာဒေသပြုမှု တခုခုကို စိရုဏ်လိုက်လျှင် ဂါထာအရာ၌ ဆန်းပျက်ဘွယ်ရှိသော ဌာနတည်း၊ ဥပမာ— “ဗိတိဘက္ခာ ဘဝိဿာမ, ဒေဝါ+အာဘဿရာ ယထာ”ဟူသော ဂါထာ၌ ဝဒွင်း ချေကပ်လျှင် “ဒေဝါဘဿရာ ယထာ”ဟု ဂုလုံးသာရှိသောကြောင့် ရှစ်လုံးဘွဲ့ အနုဋ္ဌုဘဆန်းပျက်၍ ဂါထာလည်း ပျက်လေတော့သည်။

တတ္ထ - ထိ " ပကတိရူပါ ဟောန္တိ " ဟူသော စကားရပ်၌၊ ပကတိ ဌာနံနာမ - ပကတိ ပြုရာဌာနမည်သည်၊ အနိတိဘ္ဍိ - ဆုတိ သဒ္ဒါလည်း မနှောင်းရာ၌၊ အန္တဆန္ဒာနုရက္ခဏော - ဆန်းစောင့်ဘွယ်လည်း မလိုရာ၌၊ အာလပနန္တာဒ - အာလုပ်ပုဒ်၏ အဆုံးသရတို့ရင်း၊ အသမာသေ - သမာသ် မဟုတ်ရာ၌၊ ပဒန္တဒီဃာဒ-ပုဒ်အဆုံး ဒီဃသရတို့ရင်း၊ အတိတာ ကြိယာဒိမှိ - အထိတ်ကြိယာ၏ အစ၌၊ နာမပဒန္တာ - နာမ်ပုဒ်၏ အဆုံး

အသုခုစ္စာရဏာ, သန္ဓိဆ္ဆာရဟိတာ။ ။စုဏ္ဏိယ ပါဠိ၌ ဖြစ်စေ ဂါထာ၌ ဖြစ်စေ ချမှုအာဒေသ ပြုမှု တခုခု ပြုလိုက်လျှင် ရွတ်၍ မလွယ် (အထစ်ထစ် အငေါ့ငေါ့ ဖြစ်ဘွယ်ရှိသော) ဌာနသည့် အသုခုစ္စာရဏာ ဌာနမည်၏၊ ဥပမာ - " ဂါထာ+အဇ္ဈာဘာသိ " ၌ ခွင်းချေ ကပ်လျှင် "ဂါထဇ္ဈာဘာသိ" ဟု ရွတ်၍ မချောဘဲ ရှိရာသကဲ့သို့တည်း၊ [သုခ= ချမ်းသာစွာ , ချောမောစွာ+ဥစ္စာရဏာဌာန = ရွတ်ဆိုရာဌာန၊ အသုခုစ္စာရဏာဌာန= ချောမောစွာ ရွတ်ရာဌာန မဟုတ်=ရွတ်၍ မချောမောသောဌာန၊] ဝဒန္တ(ရွတ်သော) ပုဂ္ဂိုလ်က "သညာ+ဇုတိ, ဆာယာ+ဇုဝ" စသည်ဖြင့် ပုဒ်ဖြတ်၍ ပဒစ္ဆေဒသံဝဏ္ဏနာကို ပြလို "ဇိတာနိ+ဇုန္ဒြိယာနိ ယေန" စသည်ဖြင့် ပဒဝိဂ္ဂဟသံဝဏ္ဏနာကို ပြလိုသည့်အတွက် သန္ဓိစပ်၍ မရွတ်လိုရာ (မရေးသားလိုရာ) ဌာနသည့် သန္ဓိဆ္ဆာရဟိတ ဌာန မည်၏။ သန္ဓိဆ္ဆာ-သန္ဓိ+ဇုဆ္ဆာ=သန္ဓိ ပြုလိုခြင်းမှ+ရဟိတဌာန=ကင်းသောဌာန။]

နလောပါ၊ပေ၊မာပဇ္ဇန္တေ—ကား " ပကတိရူပါ ဟောန္တိ " ၏ အဓိပ္ပါယ်နက်ကို ဖွင့်ပြသော စကားတည်း၊ " ပကတိ ရူပါ ဟောန္တိ=ပကတိရုပ် အတိုင်း ရှိစေ " ဟူရာ၌ " လောပ အာဒေသ ဟူသော ဝိကာရ ၂ မျိုးသို့ မရောက်ရ"ဟု ဆိုလိုသည်၊ [" လောပါဒေသ ဝိကာရံ " ၌ " လော၁ ဝိကာရံ = ကြေခြင်းဟူသော ဖေါက်ပြန်ခြင်း, အာဒေသ ဝိကာရ = အာဒေသ ပြုခြင်း ဟူသော ဖေါက်ပြန်ခြင်း " ဟု မှတ်၊ ၌ စကား အရ "၌ သုတ်သည် ဒုတိယပိုင်းလာ သရာသရေလောပံ-ပုဗ္ဗောစ-ယမေ-ဝမော-ဇ္ဈာဇ္ဈောယံ နဝါ ဟူသော (နောက်သရကြောင့် ရှေ့သရ စိရင်သော) သုတ်များ၏ အစိအရင်ကို တားမြစ်သော ပဋိသေဓ ဝိဓိသုတ်တည်း" ဟု သိသာပြီ။]

ပကတိဌာနံနာမ ၊ ပေ ၊ ဧဝမာဒိ— ကား "ဆန္ဒဘေဒ-အသုခုစ္စာရဏာ-သန္ဓိဆ္ဆာရဟိတ" ဟူသော ဥ ဌာနကို အကျယ်ပြသော ဝါကျတည်း၊ [" ပကတိဌာနံနာမာတိ-ဆန္ဒဘေဒဌာန အသုခုစ္စာရဏာဌာန သန္ဓိဆ္ဆာရဟိတ သဒ်ါတံ ပကတိဌာနံ ဒဿေတုံ အာလပနန္တာဒျာဒိ ဝုတ္တံ " ဋီကာ၊] ၌ ဝါကျ၌ " ပကတိဌာနံနာမ " ကို " ဇုတိ ဧဝမာဒိ " ၌ စပ်၊ " ပကတိဌာန မည်သည် ၌သို့ အစရှိသည်တည်း " ဟူလို၊ " ဧဝမာဒိ " ကား ပဌမာဝိဘတ္တန္တ ပုဒ်တည်း၊ ဇုတိ ပြင်တက်က (ဧဝမာဒိကဲ့သို့သော နိဒဿနဝန္တ)ပုဒ်နှင့် ဇုတိ အတွင်းက (အာလပနန္တာကဲ့သို့သော) နိဒဿတပ္ပ ပုဒ်များသည် (ကေဝုစ် ဗဟုဝုစ် ကွဲစေကာမူ) ဝိဘတ်ချင်းကား တူမြဲတည်း၊ ထို့ကြောင့် " အာလပနန္တာ, ပဒန္တဒီဃာ , ဇုကာရုကာရာစ နာမပဒန္တာ " ဟူသော ဥ ချက်သည် ဇုတိ သဒ္ဒါဖြင့် ညွှန်ပြလိုရင်းဖြစ်သော ပဌမာ ဗဟုဝစနန္တ ပုဒ်များတည်း-ဟု မှတ်၊ ထို့ကြောင့် ဋီကာ၌

ဖြစ်ကုန်သော၊ ဣကာရကာရာစ – ဣ အက္ခရာ ဥ အက္ခရာတို့ရင်း၊ ဆိုတို ဇဝမာဒိ–ဤသို့ အစရှိသည်တည်း၊ [နွာနိတိကို "နွာ+အနိဘိ" ဟု ၎င်း, နွာတိတကို "နွာ+အတိဘ" ဟု ၎င်း ပုဒ်ဖြတ်။]

တာဝ – ရှေးဦးစွာ၊ အာလပနနွေသု – အာလုပ် ပုဒ်၏ အဆုံးသရ ဖြစ်ကုန်သော၊ (ဣစ္ဆေဝမာဒိသဒ္ဒို လှမ်းစပ်)၊ ကတမာစာနန္ဒ + အနိစ္စ သညာ၊ ပေ၊ ပဋိမေ ဂဟပတယော + အာနိသံသာ ဣစ္ဆေဝမာဒိသု – ကတမာစာနန္ဒ + အနိစ္စသညာ၊ ပေ၊ ပဋိဂမေ ဂဟပတယော + အာနိသံသာ, ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ပကာတိဘာဝေါ – ပကတိ အဖြစ်သည်၊ (ဟောတိ)၊ ပုဗ္ဗသရလောပ ယာဒေသာဒယော – ရှေ့သရကို "အာလပန သန်ါတံ+ဝိဘတ္တိ(ဝစနံ)+အန္တော ဘောသံတိ အာလပနန္တာ=အာလုပ် ဟု ဆိုအပ်သော ဝိဘတ် အဆုံးရှိသော သဒ္ဒါတို့" ဟု ၎င်း "အာလပနသ ဝါ သဒ္ဒသ+ အန္တသရာ အာလပနန္တာ = အာလုပ်ပုဒ်၏ အဆုံးသရတို့ " ဟု ၎င်း ပဌမာဗဟုဝုစ်ဖြင့် " အာလပနန္တာ " ပုဒ်ကို ဝိဂြိုဟ် လုပ်ပြသည်။]

နိဒဿေတမ္ဘ ၃ ချက်။ "ဣတိသဒ္ဒါ ညွှန်ပြသော နိဒဿေတမ္ဘ ၃ ချက်ကား.... "၁-အာလပနန္တာတိနိသ္မိံ အစ္ဆန္ဒာနုရက္ခဏော, ၂-အသမာသေ ပဒန္တဒီဃာ, ၃-ဣကာရကာရာစ နာမပဒန္တာတိတ ကြိယာဒိမှိ" တည်း၊ ထိုတွင် ၁-ဣတိသဒ္ဒါလည်း မနှောင်းရာ, နဂိရိပကတိ အတိုင်း ထားစေကာမူ ဆန်းကျောင်းမြဲ ကျောင်းနေ၍ ဆန်းကို စောင့်ရှောက် ဘွယ်လည်း မလိုရာဝယ် အာလုပ်ပုဒ်၏ အဆုံး သရတို့သည် ၁ နံပါတ် ပကတိပြုရာ ဌာနတည်း၊ [ဣတိသဒ္ဒါ နှောင်းလျှင်ငင်း (ပကတိပြုက ဂါထာဆန်းပျက်မည် စိုးရ၍) ဆန်းစောင့်ဘွယ်လိုသော အရာဉ်ငင်း ပကတိ မပြုရ၊] ၂-သမာသ် မဟုတ်သော(ဝါကျ) အရာ၌ ပုဒ်အဆုံးမှာ ရှိသော ဒီဃ သရများသည် ၂ နံပါတ် ပကတိပြုရာ ဌာနတည်း၊ [သမာသ် အရာဉ်ကား ပကတိ မပြုရ (သန္ဓိ စပ်ထားနိုင်သည်-ဟူလို၊)] ၃–အတိတ် ကြိယာ၏ အစဉ်သွဲ့ နာမ်ပုဒ်၏ အဆုံးဖြစ်သော ဣ ဥ အက္ခရာများသည် ၃ နံပါတ် ပကတိ ပြုရာဌာနတည်း၊ ဤ ၃ ဌာနကို သတ်မှတ်၍ ပြနိုင်ခြင်းမှာလည်း " တဒနုပရောဓေန " ဟူသော ပရိဘာသာအရ ပါဠိတော်နှင့် လျော်အောင် ပြခြင်းဖြစ်သည့်၊ ထို့ကြောင့် ပြခဲ့သော ပကတိပြုရာ ဌာနများနှင့်လည်း ပကတိပြုသင့်မှ ပြုရသည်၊ မပြုသင့်လျှင် ကွစိသဒ္ဒါဖြင့် တားမြစ်၍ ပကတိ မပြုဘဲလည်း လောပစသော သန္ဓိအစိအရင်များ ဝင်နိုင်သည်သာ၊ [မြန်မာမူနှင့် ရှေးနိဿယတို့ အတော် ချို.ယွင်းနေကြသည်, သတိပြုပါ။]

သော၊ပေ၊မန္တဲ့ ရဒ္ဓိ-"သမာသော၊ပေ၊မန္တဲ့ ရံ" ဟူ၍ ဂတွဲ့-ရှေးဆရာဘို့ ဆိုအပ်ပြီ၊ [ပဒ သခ်ဳပေါ - ပဒ်တို့ကို ချုံးချဉ်းခြင်းသည်၊ သမာသော-သမာသ်မည်၏ ပဒ ပစ္စယသံဟိတံ-ပဒ်နှင့် ပစ္စည်းတို့ စပ်ယှဉ်ခြင်းသည်၊ တဒ္ဓိတံနာမ-တဒ္ဓိတ် မည်သည်၊ ဟောတိ-၏၊ ဇဝံ - ဤသို့၊ တေသံ-ထို သမာသ် တဒ္ဓိတ်တို့၏၊ အန္တဲ့ ရံ-အထူးကို၊ ဝိညေယျံ-သိထိုက်၏။]

စ-ဆက်၊ အာသ· ထို ပဒ်အပေါင်းကို၊ သမသနံ-ချုံးခြင်းသည်၊ သဒ္ဒ သမသနံ-သဒ္ဒါကို ချုံးခြင်းငင်း၊ အတ္ထသမသနံ-အနက်ကို ချုံးခြင်းငင်း၊ (ဣတိ) ဒုဝိဓံ တဒုဘယဓ္မိ-ထို ၂ မျိုးလုံးကိုလည်း၊ လုတ္တာသမာသေ-လုတ္တာသမာသ်၌၊ ဇရိပုဏ္ဏမေဝ - အပြည့်အစုံပင်၊ လဒ္ဓတ်-ရအပ်၏ အလုတ္တာသမာသေပန - အလုတ္တာ သမာသ်၌ကား၊ အတ္ထသမနုမေဝ - အနက်

အရလည်း ၂ ခု ဖြစ်၍ ကျယ်၏၊ "ရာဇပုရိသော"ဟု သမာသ် စပ်လိုက်သည့်အခါ၌ကား ရာဇ အတွက် ဝိဘတ် သီးခြား မသက်ရတော့သဖြင့် စွန့်နေကျဉီး၏၊ ရာဇပုရိသအတွက် " မင်းချင်း ယောက်ျားဖြစ် " တခုသာ ရသောကြောင့် အနက် အရလည်း ကျဉီး၏၊ ဤသို့လျှင် ကျယ်နေရာမှ ကျဉီးအောင် ချဉီးအပ် ချုံးအပ်ခသာ ပဒ်အပေါင်းကို "သမာသ" ဟု ဆိုသည်၊ ပဒ်အပေါင်းက သမာသ် မည်လျှင် ထို ပဒ်အပေါင်း၏ အနက်သည်လည်း "သမာသ" ပင်တည်း။

သမာသော၊ပေ၊တေသမန္တရံ — ကား သမသိယတ်ကို သံခ်ဳပ်ဝိယတ် ဖွင့်ချာ၌ သာဓက ဂါထာတည်း၊ ထို ဂါထာဝယ် " သမသော ပဒသခ်ဳပေါ " သာ လိုရင်း သာဓက ဖြစ်၏၊ "သမာသော ပဒသခ်ဳပေါ-ပဒ်အများကို ချုံးချဉီးခြင်းသည် သမာသ်မည်၏ " ဟု ရှေးဆရာတို့ မိန့်သောကြောင့် သမသိယတိကို သံခ်ဳပ်ဝိယတ် ဟု ဖွင့်ရသည်-ဟူလို၊ ဤသို့ သာဓက ပြုရင်းပင် သမာသ်နှင့် တဒ္ဓိတ် အထူးကိုလည်း " တချက်ခုက် ၂ ချက်ပြုတ် " ပြုလိုသောကြောင့် "ပဒ ပစ္စယ သံဟိတံ" စသည်ကို မိန့်ပြန်သည်၊ ရညော+ပုရိသောကဲ့သို့ ၂ ပဒ်ကို ဖြစ်စေ စ ဆန္ဒိတာစ ပဘိတာစ ဥက္ကာပါစ" ကဲ့သို့ ပဒ်အများကို, ဖြစ်စေ တပုဒ်ထည်း ဖြစ်အောင် ခုံးခြင်းသည် သမာသ် မည်၏၊ "ဝသိဋ္ဌသ" ဟူသော နာမ်ပဒ်နှင့် ဇာပစ္စည်းကို "ဝါသိဋ္ဌော" ဟု တပုဒ်ထည်းဖြစ်အောင် ပေါင်းစပ်ခြင်းသည် တဒ္ဓိတ်မည်၏၊ဤသို့ သမာသ်၏ ပဒ်အများကို ပေါင်းစပ် ချုံးချဉီးခြင်း-တဒ္ဓိတ်၏ ပဒ်နှင့် ပစ္စည်းကို ပေါင်းစပ်ခြင်းသည် သမာသ်နှင့် တဒ္ဓိတ်တို့ ထူးခြားချက်တည်း။

ဒုဝိဓဿသ၊ပေ၊အတ္ထသမသနဿ — " ရာဇပုတ္တော " စသော သမာသ်များ၌ ရာဇ နောင် သဝိဘတ်ကြောသဖြင့် သဒ္ဒါကျဉီးသွား၏၊ ထို့ကြောင့် " ရာဇပုတ္တော " ဟူသော သမာသ်၌ သဒ္ဒါချုံးခြင်းဖြစ်၏၊ "မင်းခြင်း+သားခြင်း" ဟု အနက် ၂ ပါး မရတော့ဘဲ " မင်းသားခြင်း " တနက်ထည်း ရသောကြောင့် အနက် ချုံးခြင်းလည်း ဖြစ်၏၊ သဒ္ဒါချုံးခြင်းကို သဒ္ဒသမာသ်,အနက်ချုံးခြင်းကို အတ္ထသမ သိဟုလည်း၊ ခါစမှတ်ပြုကြသည်၊ အနက်ပေးရာ၌လည်း မြန်မာ သမာသ်သံပါအောင် "ရာဇပုတ္တော-မင်းသား၊ဥပနဂရံ-

ချုံးခြင်းကိုသာ၊ (လန္တာတိ, ကဆ္ဆာ) ဝိဘတ္တိလောပါဘာဝတော-ဝိဘတ်ကြေမှုမရှိခြင်းကြောင့်တည်း၊ ဝါ-နတည်း၊ တတ္ထဒေဝိ-ထိုအလုတ္တသမာသ်၌လည်း၊ ဇကပဒတ္တ္ဂူပဂမနတော-တပုဒ်ထည်း အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်၊ ဒုဝိဓဗွိ- ၂ပါး အပြားရှိသော ချုံးခြင်းကိုလည်း၊ လန္တာတဝ-ရဒါပ်သည်သာ၊ ဟိ-မှန်၏၊ သမာသသ်-သမာသ်၏၊ ပယောဇနာနိ-အကျိုးတို့သည်၊ ဇကပဒတ္တံ-တပုဒ်ထည်း အဖြစ်ငင်း၊ ဇကဝိဘတ်တ္တုဒ္ဓ-တဝိဘတ်ထည်းရှိသည်၏ အဖြစ်ငင်း၊ ဣတိ-သို့၊ ဒွေ-၂ ပါးတို့တည်း။

မြို့အနှီး၊ မဟာပုရိသော – ယေးကျားမြတ်၊ ဘူမိဂတော – မြေသွားသူ ” စသည်ဖြင့် ပေးသင့်၏၊ ယခုကာလ၌ကား “မြေသို့ သွားသူ” ဟု ဝါကျနောက်အတိုင်း ပေးနေကြသဖြင့် သမာသ်ရည်ရွယ်ချက်နှင့် မထပ်မိဘဲ ရှိရသည်။]

တဒုဘယမ်ပိ၊ ပေ၊ လန္တာတဝေ— ရာဇပုတ္တော စသည်သည် ရာဇသော ရှေ့ပုဒ်ဝယ် ဝိဘတ်ကြေသောကြောင့် လုတ္တသမာသ် (ဝိဘတ် ကြေခြင်းရှိသော သမာသ်) မည်၏၊ “ဂဝံပတိ” စသည်ကား ဂဝံ၌နံဝိဘတ် မကြေသောကြောင့် အလုတ္တသမာသ် မည်၏၊ ထိုတွင် လုတ္တသမာသ်၌ (ဝိဘတ် ကြေသည့်အတွက်) သဒ္ဒါရုံးခြင်းလည်း ရနိုင်, တနက်ထည်း ဖြစ်သွားသည့် အတွက် အနက် ခုံးခြင်းလည်း ရနိုင်၏၊ အလုတ္တသမာသ်၌ကား ဝိဘတ် မကြေသည့်အတွက် သဒ္ဒါရုံးခြင်းကို မရ, အနက်ချုံးခြင်းသာရသည်၊ တနည်း– အလုတ္တသမာသ်၌ ဝိဘတ်မကြေသော်လည်း ဝါကျတုန်းကကဲ့သို့ ဂဝံတပုဒ် ပတိတပုဒ်ဟူ ၂ပုဒ်မကဲ့“ဂဝံပတိ”ဟု တပုဒ်ထည်းသားဖြစ်သောကြောင့် သဒ္ဒါကုံသွား၏၊ ထို့ကြောင့် အလုတ္တသမာသ်၌လည်း သဒ္ဒါချုံးခြင်း အနက်ချုံးခြင်း ၂ မျိုးလုံးပင် ရသည်။

ဒွေဟိ၊ ပေ၊ မေကဝိဘတ္တိတ္တုဒ္ဓါတိ— ဤစကားကား “ ဇကပဒတ္တ္ဂူပဂမနတော ”ကို ခုံ့ငြားအောင် ပြသော ဒဋ္ဌိကရဏဝါကျတည်း၊ “ရာဇပုတ္တော” စသည်ဖြင့် သမာသ်စပ်ရခြင်း၏ အကျိုးကား ရညောနှင့် ပုတ္တော ၂ပုဒ်တို့ တပုဒ်ထည်းဖြစ်ခြင်း– “ရညော+ပုတ္တော”ကဲ့သို့ ၂ ဝိဘတ် မရှိဘဲ “ ရာဇပုတ္တော ” ဟု တဝိဘတ်သာ ရှိခြင်းအားဖြင့် အကျိုး ၂ မျိုး ရှိသည်၊ ဤသို့ သမာသ် အကျိုး ၂ မျိုးပြရာဝယ် ဇကပဒတ္တ (တပုဒ်ထည်း ဖြစ်ရခြင်း) ဟူသော အကျိုးလည်း ပါဝင်ရကား “ဂဝံပတိ” စသော အလုတ္တ သမာသ်များလည်း “ ဂဝံ+နံ+ပတိ+သိ ” ဟု ဝိဘတ် ၂ မျိုး ရှိစေကာမူ ပုဒ်အားဖြင့် တပုဒ်ထည်းသာ ဖြစ်သောကြောင့် “ ဇကပဒတ္တ္ဂူပဂမနတော ” ဟု ရှေ့ဝါကျ၌ ပြခဲ့သော စကားသည် အမှန်ပင် ဖြစ်သည်-ဟူလို၊ [ဤ “ဒွေဟိ သမာသသ်” စသော စကားဖြင့် သမာသ်စပ်ရခြင်း၏ အကျိုး ၂ မျိုးကို မှတ်ပါ၊ ထိုတွင် ဂဝံပတိစသည်၌ အကျိုး တမျိုးသာ ရ၍ ရာဇပုတ္တော စသည်၌ အကျိုး ၂ မျိုးလုံးပင် ရသည်၊ ချသ်၌ကား သဓေသ်စပ်ရခြင်း အကျိုး ၆ မျိုးမျှ ပြ၏၊ ထို ၆ မျိုးကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

[သာရသ္ဓတဋီကာ] ဝိဘတ္တိ လုပျတေ ယတ္ထ, တဒတ္ထောတု ပတီယတေ။
ကေဒ္ဒံ ပဒါနံ၀, သ သမာသော၀ိဓီယတေ။

ယုတ္တော - ပေါင်းအပ် စပ်အပ်သော၊ အတ္ထော - အနက် တည်း၊ ယုတ္တတ္ထော-ပေါင်းအပ် စပ်အပ်သော အနက်၊ အထဝါ- တနည်းကား၊ ယသ-အကြင် ပုဒ်အပေါင်း၏၊ ယုတ္တော သင်္ဂီတော - ပေါင်းအပ်သော၊ [ဝါ-တနည်း၊ ယုတ္တောသမ္ဗန္ဓော-စပ်အပ်သော၊]အတ္ထော-အနက်သည်၊ အတ္ထိ - ရှိ၏၊ ဣတိ, သော-ထို ပုဒ်အပေါင်းသည်၊ ယုတ္တတ္ထော-မည်၏၊ သင်္ဂီတ္တတ္ထေန - သင်္ဂီတ အနက် ရှိသော၊ ဇေတေန ယုတ္တက္ကဝစနေန - ဤ ယုတ္တိထ သဒ္ဒ်ဖြင့်၊ ဘိန္နတ္ထေန - ကွဲပြားသော အနက်ရှိသော ရှေ့ပုဒ်

ယတ္ထ - အကြင် ပုဒ်အပေါင်း၌၊ ဝိဘတ္တိ - ဝိဘတ်ကို၊ လုပျတေ - ချေထားအပ်၏၊ စ္ဆ - ထိုသို့ ဝိဘတ်ကို ချေထားအပ်သော်သည်း၊ တဒတ္ထော - ထို ကြေလေပြီးသော ဝိဘတ်နက်ကို၊ ပတိယတေ - သိအပ် သိနိုင်၏၊ ပဒါနံ - ၂ ပုဒ် ၃ ပုဒ် စသည်တို့၏၊ ကေ ပဒုံစ - တပုဒ်ထည်း အဖြစ်သည်လည်း၊ ဟောတိ - ၏၊ သ - ထို ပုဒ်အပေါင်းကို၊ သမာ သော - ဟူ၍၊ အဘိဓိယတေ - ဆိုအပ်၏။

ယုတ္တော အတ္ထော ယုတ္တတ္ထော— ဤ ဝိဂြိုဟ်သည် သီဟိုဠ်မူဠ် မပါ, ချားသင်္ဃကား ရှိပေသည်၊ ဤ ဝိဂြိုဟ်အလို " နာမာနံ— နာမ်တို့၏၊ ယုတ္တတ္ထော- ပေါင်းစပ်အပ်သော အနက်သည်၊ သမာသော-သမာသ်မည်၏"ဟု သုတ်နက်ပေး၊ "ရာဇပုတ္တော-မင်းသား" ဟူရာ၌ မင်းခြင်္ဂနှင့် သားခြင်္ဂ ၂ ခု ပေါင်းထားသည်ကို" ယုတ္တတ္ထ - ပေါင်းစပ်အပ်သော အနက်"ဟု ဆိုသည်၊ ဤသို့ အနက်က သမာသ် ဖြစ်သော်လည်း" နာမာနံ သမာသော ယုတ္တတ္ထော " သုတ်သည် အနက်ကို သမားသ်မှည်လိုသော သုတ် မဟုတ်, ရာဇပုတ္တော ကဲ့သို့သော သဒ္ဒါကိုသာ သမားသ်မှည်သော သုတ်တည်း၊ ထို့ကြောင့် ယုတ္တတ္ထောအရ အနက်ကို ရသော်လည်း အနက်ကို အကြောင်းပြု၍ ရာဇပုတ္တော သဒ္ဒါလည်း ကာရကော ပစောရအားဖြင့် ယုတ္တတ္ထဖြစ်တော့သည်သာ၊ ဤသို့ယုတ္တတ္ထဖြစ်လျှင် သမာသ်အမည်လည်း ရတော့သည်သား။

အထဝါ၊ပေ၊ယုတ္တတ္ထော—ပဌမနည်း၌ ယုတ္တတ္ထအရ သဒ္ဒါကို တိုက်ရိုက်မရသော ကြောင့် သဒ္ဒါကို တိုက်ရိုက် ရအောင် တနည်း ပြလိုရကား အထဝါ စသည်ကို မိန့်၊ ဤနည်း၌လည်း"ယုတ္တော သင်္ဂီတော သမ္ဗန္ဓောဝါ ယသ"ဟု သီဟိုဠ်မူရှိ၏၊ မြန်မားမူ၌ "သမ္ဗန္ဓောဝါ" မပါ။ နောက်၌ "သမ္ဗန္ဓးတ္ထေန ယုတ္တတ္ထဂ္ဂဟဏေန"ဟု ဆိုလတံ့ ဖြစ်သော ကြောင့် "သမ္ဗန္ဓောဝါ" ပါသော မူသာ ရှေ့နောက်ညီသည်၊ ယုတ္တတ္ထောကို သင်္ဂီတော သမ္ဗန္ဓော ဟုလည်း ၂ နည်း ဖွင့်၏၊ ရာဇအရ မင်းခြင်္ဂ, ပုတ္တ အရ သားခြင်္ဂ, ဤ အနက် ၂ ခုကို ပေါင်း၍"မင်းသားခြင်္ဂ"ဟု တနက်ထည်းရသည့်ကဲ့"ယုတ္တော သင်္ဂီတော-ပေါင်းအပ်"ဟု ဆိုသည်၊ မင်းခြင်္ဂနှင့် သားခြင်္ဂ, အနက် ၂ ခုကို ဖက်စပ်၍ မင်းသားခြင်္ဂ တနက်ထည်းရသည့်ကို" ယုတ္တော သမ္ဗန္ဓော စပ်အပ်"ဟု ဆိုသည်၊ ဤအဖွင့်နှင့်ညီအောင် ယုတ္တတ္ထော - ပေါင်းအပ် , စပ်အပ်သော အနက်ရှိသော ပုဒ်အပေါင်းသည် " ဟု ဆိုတဲနက်ပေး။

နော်ပုဒ်တို့၏၊ ဧကတ္ထိဘာဝေါ-တခုသော အနက်ရှိသည့်၏ အဖြစ်သည့်၊ သမာသလက္ခဏ် - သမာသ် လက္ခဏာတည်း၊ ဣတိ-သို့၊ ဝုတ္တံ ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ။

စ-ဆက်၊ ဇ္ဈေ-ဤသုတ်၌၊ နာမာနန္တိဝစနေန-နာမာနံ ဟူသော သဒ္ဒါဖြင့်၊ ဒေဝဒတ္တော ပစတိ တျာဒိသု - အစရှိသော ပုဒ်တို့၌၊ အာချာတေန-သင်္ကေတကြောပစတိ တျာဒိသု - အစရှိသော ပုဒ်တို့၌၊ အာချာတေန-

သင်္ကေတဇ္ဈေန၊ ပေ၊ ဝုတ္တံ ဟောတိ—"ရညော+ပုရိသော" ဟူသော ဝါကျအခိုက်၌ "မင်းခြင်+ယောက်ျား ခြင်" ဟု အနက် ၂ မျိုးရသည်ကို "ဘိန္နတ္ထ-ကွဲပြားသော အနံက် ရှိသောပုဒ်များ" ဟု ဆိုသည်၊ ထိုသို့ဝါကျအခိုက်၌ ကွဲပြားသဖဲလည်း "ရာဇပုရိသော" ဟု သမာသ် ဖြစ်သည့်အခါ ၂ နက် မပြားတော့ဘဲ "မင်းချင်းယောက်ျား" ဟု တနက် ထည်းသာ ရှိခဲ့ကို "ဧကတ္ထ - တခုထည်းသော အနက်ရှိသော ပုဒ်အပေါင်း" ဟု ဆိုသည်၊ ဤသို့ နဂိုရ် ကွဲပြားနေရာမှ တနက်ထည်း ဖြစ်သွားခဲ့ခြင်းသည် အနက် ၂ ခုကို ပေါင်းလိုက်မှုကြောင့် ဖြစ်၏၊ ထို့ကြောင့် နာမာနံ သမာသော ယုတ္တာတ္ထောဉ် သင်္ကေတ အနက်ရှိသော ဤယုတ္တာတ္ထ သဒ္ဒါဖြင့် "နဂိုရ် ကွဲပြားသော ရှေးဒ် နောက်ပုဒ်တို့၏ တနက်ထည်း ဖြစ်သွားခြင်းသည် သမာသ်၏ အမှတ်လက္ခဏာ ဖြစ်သည်" ဟု အရှင် ကစ္စည်းထေရ် မိန့်တော်မူလိုရင်း ဖြစ်သည်။

သမာသ်လက္ခဏာ — လက္ခဏာ ဟူသည် အများနှင့် မဘူကွဲပြား ထူးခြားသော အမှတ်အသားတည်း၊ လူအများစုနေရာမှ "မျက်နှာ၌ အမာရွတ်ကြီးနှင့် လူကို ခေါ်ချေ" စသည်ဖြင့် ခိုင်းရာ၌ အမာရွတ်သည် အများနှင့် မတူသော အမှတ်လက္ခဏာ ဖြစ်သကဲ့သို့တည်း၊ "ဘိန္နဋ္ဌာနံ ဧကတ္ထိဘာဝေါ" အရ နဂိုရ်က အနက်အရချင်း မတူသော ရှေပုဒ် နောက်ပုဒ်တို့၏ တနက်ထည်း ဖြစ်ရခြင်းသည် တခြိုက်ခြင်းလည်း မရှိ - အာချာတ် ကိတ်တို့၌လည်း မရှိ, သမာသ်၌သာ ရှိသည်၊ ထို့ကြောင့် အနက်အရ မတူကြသော ("မဟန္တော=ပုရိသော" ကဲ့သို့ ဝိသေသန ဝိသေသျ၌သော်မှ မဟန္တော အရ အမြဲတ် ဂုဏ်ကို ပခေန ရ၍ ပုဒ်သော အရ ယောကျားခြင်းကို ရသဖြင့် အနက်ချင်း မတူကြသော) ပုဒ်တို့၏ "မဟာပုရိသော" စသည် ဖြစ်သောအခါ "ယောကျားမြတ်" တည်း ဟူသော တနက်ထည်း ရှိခြင်းသည် တခြိုတ် အာချာတ် ကိတ်တို့မှ ထူးခြားသော သမာသ်၏ အမှတ်အသား လက္ခဏာ ဖြစ်သည်။ [ဧကတ္ထသ - တခုသော အနက်ရှိသော ပုဒ်အပေါင်း၏၊ ဘာဝေါ - ဖြစ်ခြင်း ဖြစ်ရာ အနက် တခုသာ ရှိခဲ့သည်၊ ဧကတ္ထ ဘာဝေါ-မည်၏၊ သိဟိုဠ်မှာ၌ "ဧကတ္ထဘာဝေါ" ဟုပင် ရှိ၏၊ မြန်မာမှာကား တပါကဋ္ဌိ ကရဏ စသော ပုဒ်များကဲ့သို့ သကတ္ထဉ် ဤပစ္စည်းသက်၍ "ဧကတ္ထီဘာဝေါ" ဟု ရှိလေသည်၊ "ဧကသ္မိံ အတ္ထေ ဝုတ္တိ" ဟု ဋီကာဖွင့်ကို ဆောက်၍ ဧက အတ္ထက် တခု ဟူသော သန်္ဓာအနက်ကို ပေးလိုက်သည်၊ "သာဓာရဏတ္ထဘာ-ဆက်ဆံသော အနက် ရှိကုန်သည်၏ အဖြစ်" ဟု ဗွင့်သော မောဂ္ဂလ္လာန်ပဋိကာကို ထောက်လျှင် ဧကအတ္ထက် သဒိသ အနက် ယူ၍ "ဧကတ္ထဘာဝေါ - တူသော အနက် ရှိကုန်သည် အဖြစ်" ဟု ပေးသင့်သည်။]

အာချာတ်နှင့်၊ သမာသော နဟာတိ၊ ဣတိ - ဤအနက်ကို၊ ဒသေတိ၊ သမ္ဗန္ဓဇ္ဈန - စပ်ခြင်း အနက်ရှိသော၊ ယုဉ္ဘဇ္ဈဂဟဇ္ဈနေ ပန - ယုတ္တဇ္ဈန သဒ္ဒါဖြင့်ကား၊ ဘဒ္ဒေါ ရညော, ပုတ္တော ဒေဝဒတ္တသာတျာဒိသု-အစရှိကုန်သော၊ အညမညာနပေက္ခသု-အချင်းချင်းငဲ့ခြင်းမရှိသောပုဒ်တို့၌ဌင်း၊ ဒေဝတ္တသဒ ကဏ္ဌာဒန္တာတျာဒိသု - အစရှိကုန်သော၊ အညသာပေက္ခ

ဇွေစနာမာနန္တိ၊ ပေ၊ နဟာတိ — [နာမာနန္တိဝစနေနကို ဒဒသတိ၌စပ်။] နာမာနံ သမာသော ယုတ္တတ္ထော သုတ်၌ "နာမာနံ" သဒ္ဒါက "နာမ်ပုဒ်တို့၏ ယုတ္တတ္ထပုဒ်အပေါင်းသော သမာသ်ဖြစ်၏" ဟု ဆို၏၊ ထိုသို့ဆိုသဖြင့် "ဒေဝဒဇ္ဈာ+ပစတိ" ပြယုဂ်၌ ပစတိ အာချာတ်ပုဒ်နှင့် ဒေဝဒတ္တော နာမ်ပုဒ်သည် "ဒေဝဒတ္တပစတိ" ဟု သမာသ်မဖြစ်ဟူသော အနက် အဓိပ္ပါယ်ကိုလည်း အဝုတ္တသိဒ္ဓိ (မပြောဘဲပြီးသော) နည်းဖြင့် ထိုနာမာနံပုဒ်ကပင် ပြသည်၊ [ကစ္စည်းဝုတ္တိလာ "နာမာနန္တိ ကိမတ္ထံ" စသော ဝါကျနှင့် သဘောတူဖြစ်၍ မှတ်ဘွယ်များကို ထိုဋီကာ၌ ပြထား၏။]

သမ္ဗဇ္ဈန၊ ပေ၊ ဒီပေတိ — [ယုတ္တတ္ထဂဟဇ္ဈနကို ဒီပေတိ၌စပ်။] ယုတ္တတ္ထော ပုဒ်ဘို့ ဝိဂြိဟ်ပြုစဉ်က "ယုတ္တော သင်္ဂတော သမ္ဗန္ဓော၀ါ အတ္ထော" ဟု ၂ နက် ပြခဲ့၏၊ ထိုတွင် သင်္ဂတအနက်ဖြင့် ဆိုလိုသော အနက်အဓိပ္ပါယ်ကို ရှေ့၌ ပြခဲ့ပြီး၍ သမ္ဗန္ဓအနက်ရှိသော ယုတ္တတ္ထသဒ္ဒါဖြင့် ရအပ်သော အဓိပ္ပါယ်ကို ပြလိုရကား "သမ္ဗန္ဓဇ္ဈန" စသည်ကို မိန့်၊ ၁-"ဘဒ္ဒေါ ရညော ပုတ္တော ဒေဝဒတ္တသ" စသော အခွင်းချင်း လုံးလုံးမငဲ့သော ပုဒ်တို့၌ဌင်း, ၂-"ဒေဝဒတ္တသ ကဏ္ဌာ ဒန္တာ" စသော အခြားပုဒ် တပါးကို ငဲ့လျက်ရှိသော ပုဒ်တို့၌ဌင်း ယုဉ္ဇတ္ထ မဟုတ်သည့်အတွက် သမာသ်မဖြစ် ဟူသော အဓိပ္ပါယ် ၂ရပ်ကို ပြသည်၊ ခဲ့ခဲ့ဲ့—အချင်းချင်း အနက်အဓိပ္ပါယ် ဆက်သွယ်နေခြင်း (စပ်ရှုရခြင်း)ကို "ငဲ့" ဟု ခေါ်သည်၊ (၁)ရညော-မင်း၏၊ ဘဒ္ဒေါ-အစေအပါး (ကျေးကျွန်)၊ ဒေဝဒတ္တသ့-၏၊ ပုတ္တော-သား၊ ဤပြယုဂ်တို့၌ ရညောသည် ပုတ္တောကိုမငဲ့, ဘဒ္ဒေါကို ငဲ့၏၊ "မင်း၏+အစေအပါး" ဟု ရညောနှင့် ဘဒ္ဒေါတို့ စပ်လျက် ရှိကြသည်-ပမှုလို၊ ပုတ္တောသည် ရညောကို မငဲ့, ဒေဝဒတ္တသကို ငဲ့၏၊ "ဒေဝဒတ်၏သား" ဟူလို၊ ဤသို့လျှင် "ဘဒ္ဒေါ ရညော, ပုတ္တော ဒေဝဒတ္တသ" တို့၌ ရညောနှင့် ပုတ္တောသည် သဒ္ဒါနှစ်နိုးကပ်သော်လည်း အနက်ချင်း အလျဉ်း (လုံးလုံး) မစပ်ခဲ့၊ သမ္ဗန္ဓအနက်ရှိသော ယုတ္တတ္ထသဒ္ဒါကလည်း "အချင်းချင်း စပ်အပ်သော အနက်ရှိသော ပုဒ်အပေါင်းသော သမာသ်မည်သည်" ဟု ဆိုထား၏၊ ထို့ကြောင့် "ရာဇပုတ္တော" ဟု သမာသ် မဖြစ်၊ "ဘဒ္ဒေါ ရာဇပုတ္တော ဒေဝဒတ္တသ" ဟု ပါဠိမစိန်နိုင်-ဟူလို။ ["ဗောဓိသတ္တော ရညော ပုတ္တော အဟောသိ=ဘုရားအလောင်းသည် မင်း၏ သားတော် ဖြစ်လေပြီ" ဟူသော နေရာမျိုးဌင်ကား ရညောနှင့် ပုတ္တောတို့ အချင်းချင်း ငဲ့သောကြောင့် "ဗောဓိသတ္တော ရာဇပုတ္တော အဟောသိ" ဟု ပါဠိစိန်နိုင်ပါသည်။]

၂။ ဒေဝဒတ္တသ-၏၊ ကဏ္ဌာ-မည်းနက်ကုန်သော၊ ဒန္တာ-သွားတို့။ ["ဖြဟ္မဏသ သုက္ကာ(ဖြူကုန်သော)ဒန္တာ" ဟူသော မောဂ္ဂလ္လာန်ကို မှီ၍ အနက်ပေးသည်။]

သစ-အခြားပုဒ်ကိုင့်ခြင်းရှိသော ပုဒ်တို့ခွဲဂုင်း၊ အယူထွာထွတာယ-စပ်သင့်သော အနက် မရှိသည်၏ အဖြစ်ကြောင့်၊ သမာသော နဟောဘိ ဏှာဘိ ဒီပေတိ။

(၃၃၁) အထွဝသာ-အနက်၏ အစွမ်းဖြင့်၊ ဝိဘတ္တိ ဝိပရိဏာမော-ဝိဘတ်ပြောင်းလွဲခြင်းသည်၊ (ဟောဘိ-၏) ဏှာဘိ-ဤသို့ ပရိဘာသာလာသောကြောင့်၊ ဝိပရိဏာမေန-ဝိဘတ် ပြောင်းလွဲသဖြင့်၊ ယုတ္တာထွာနဒ်္ဓီ-ယုတ္တာထွာနံ ဟူသော ပုဒ်သည်၊ ဝတ္တာတေ-လိုက်၏။ [တေသံနှင့်

ကဏှာ သဒ္ဒါသည် "ဒေဒတ်၏+အမည်း အနက်" ဟု ဒေဒတ္တသဒ္ဒါကို ငံ့ရာကား "ဒေဒတ္တကဏှာ" ဟု သမာသ်မဖြစ်သင့်ပါသော-ဟု မေးဘွယ်ရှိ၏၊ ကဏှာသဒ္ဒါသည် ဒေဝဒတ္တသဒ္ဒါကို ငံ့သော်လည်း, ဒေဝဒတ္တ သဒ္ဒါအဖြင် ဒန္တာကိုလည်း " မည်းနက်ကုန်သော+သွားဘို့" ဟု ငံ့နေသေးသောကြောင့် (အညသာပေက္ခ-သမာသ်စပ်ရမည့် ပုဒ်မှတပါး အခြားပုဒ်ကို ငံ့သည့်အတွက်) "ဒေဝဒတ္တသဒ္ဒါ ကဏှာ-ဒေဒတ္တ ကဏှာ" ဟု သမာသ်မဖြစ်၊— ဤကား "ကေ သုက္ကာ (အဖြူတို့ ဟူသည် အဘယ်နည်း၊), ဒန္တာ (သွားတို့တည်း၊) ဏှာ အပေက္ခမာနသာ (ဤသို့ ဒန္တာပုဒ် တပါးကို ငံ့နေသော သုက္ကာပုဒ်၏) ဆဋ္ဌိယန္တေန (ဖြဟ္မဏသာ ဟူသော ဆဋ္ဌိယန္တပုဒ်နှင့်) သဟ ကေဟိ ယမနုဘဝိတုံ သာမတ္ထိယံ နတ္ထိ" ဟူသော မောဂ္ဂလ္လာန်ပဋိဂ္ဂါကို မှီသော အဓိပ္ပါယ်တည်း၊ ဤအဓိပ္ပါယ်သာ ရှေးသဒ္ဒါကျမ်းများ၏ အလိုကျဖြစ်၏၊ ["ဖြဟ္မဏသာ သုက္ကာ၊ ယဒါ ပကရဏာဒိနာ ဒန္တာတိ ဝိသေသျံ ဉာတံ၊ တဒေဒ·မုဒါဟရဏံ" — သိဒ္ဓန္တကောမုဒိ။]

နာနာဝါဒ။ ။"ဒန္တာသဒ္ဒေါ အတ္တနာ သဟ သမသိတပုတော ကဏှာပဒတော အညံ ဒေဝဒတ္တပဒံ အဝေက္ခတိ" ဟူသော ဘေဒစိန္တာဒီပနီ အလိုအားဖြင့် ဒန္တာသဒ္ဒါသည်· ကဏှာမှတပါး ဒေဝဒတ္တကို ငံ့နေသောကြောင့် "ကဏှာစ မတာ ဒန္တာ စာတိ ကဏှဒန္တာ" ဟု ကမ္မဓာရဲသမာသ် မဖြစ်၊ "ဒေဝဒတ္တသဒ္ဒါ" ဟု သမာသ်မဖြစ်နိုင်မှုကား သာပေက္ခ (ပုဒ်တပါးကို ငံ့သောကြောင့်) မဟုတ်၊ ကဏှာဟု ပုဒ်တပါး အလယ် ခြားနေသောကြောင့် မဖြစ်ခြင်း တည်း၊ ထို့ကြောင့် "ကဏှာဒိသဒ္ဒသာပေက္ခတာယ ဒေဝဒတ္တဒန္တာတိ သမာသော နဟောတိ" ဟု တွေ့ရသော ရူပသိဒ္ဓိဋီကာပါဠိကို စဉ်းစားပါလေ၊— "ဖြဟ္မဏသာ ဒန္တာ-ဖြဟ္မဏဒန္တာတိ သမသိ ဘာဝသာ (သမာသ်အဖြစ်ကို) အန္တရာ ဌိတော ကဏှာသဒ္ဒေါ ဗာဓကာ-ဗာလာဝတာရဋီကာ၊ "ဒေဝဒတ္တသ·၏၊ ကဏှာ-ကဏှာ မည်သော မယား၊ ဒန္တာ-ဒန္တာမည်သော မယား" ဟု အနက်ပေးရှိ အဓိပ္ပါယ် တမျိုး ပြောကြသေး၏၊ ဤ အနက် အဓိပ္ပါယ်ကိုကား သုတ္တနိဒ္ဒေသ ပယ်ရှားလေပြီ။

(၃၃၁) ဇုဓာဒေပါယုတ္တာထွာနဝမ— "ပဒန္တရေန ဓေတ္ထိဘူတာ "ဖြင့် "ရညော+ပုရိဒသာ" ကဲ့သို့ သမာသ် စပဲထိုက်သော ပုဒ်ချင်း ယုတ္တာထွ မည်ပုံကို ပြ၏၊ " တဒ္ဓိတ

ကိုက်အောင်"ယုတ္တာဇ္ဇော"ပုဒ်က ယုဇ္ဈတ္တာနံ ဟု ဆဋ္ဌီဝိဘတ် ပြောင်း၍ လိုက်သည်-ဟူလို။]

တေသံ ၊ပေ၊ လောပါစ ။ ၃၁၇ ။ ဣဝ ဤသုတ်၌ ပဒန္တရေနဝါ-ပုဒ်တပါးနှင့် သော်၎င်း၊ တဒ္ဓိတပစ္စယေဟိဝါ - တဒ္ဓိတ် ပစ္စည်း တို့နှင့် သော်၎င်း၊ အာယာဒိပစ္စယေဟိဝါ - အာယ အစရှိသော ပစ္စည်းတို့နှင့် သော်၎င်း၊ ဇကတ္ထိဘူတာ-တရားသည်းသော အနက်ရှိသည်ဖြစ်၍ ဖြစ်ကုန်သော ပုဒ်တို့သည်၊ ယုတ္တာဿနာမ-ယုတ္တာတ္ထတို့မည်၏၊ တေန-ထို့ကြောင့်၊ ယုဇ္ဈတ္ထေနံ-ပေါင်းအပ် စပ်အပ်သော အနက်ရှိကုန်သော၊ တေသံ သမာသာနံ-ထို သမာသ်ပုဒ်တို့၏၎င်း၊ တေသံ တဒ္ဓိတာယာဒိ ပစ္စယာနဉ္စ-ထို တဒ္ဓိတ်ပစ္စည်း အာဆုံးရှိသော ပုဒ်,အာယ အစရှိသော ပစ္စည်းအာဆုံးရှိသော ပုဒ်တို့၏၎င်း၊ ဝိဘတ္တိယော - ဝိဘတ်တို့သည်၊ လောပနိဿာ - ချအပ်ကုန်သည်၊ ဟောန္တိ၊ဣတိအတ္ထော-၍ အနက်ကို၊ (ဒဠ္ဍဇ္ဇော-မှတ်ထိုက်၏၊) ဝါ-တနည်း၊ သမာသဝုတ္တိဟာဇာဝိကာရေ-သမာသသဒ္ဒါလိုက်ခြင်းသည်၊ ပစ္စယေတိ ဇကတ္ထိဘူတာ" ဖြင့် " ဝသိဋ္ဌသ+ဏ " ကဲ့သို့ တဒ္ဓိတ်ပစ္စည်းနှင့် ဝသိဋ္ဌသ စသော နာမ်ပုဒ်တို့ ယုတ္တာတ္ထ ဖြစ်ပုံကို ပြ၏၊ " အာယာဒိပစ္စယေဟိ ဇကတ္ထိဘူတာ " ဖြင့် ပဠတာယတိ စသည်၌ အာယ စသော ဓာတုပစ္စယတို့နှင့် ပဠတော်၁ စသော နာမ်ပုဒ်တို့ ယုတ္တာတ္ထ ဖြစ်ပုံကို ပြ၏၊ မှန်၏ - ရည်ရွယ် ပုရိသောတို့ သမာသ် စပ်လိုက်သည့် အခါ ဇကတ္ထိဘူတ (တနက်ထည်း) ဖြစ်ကြသကဲ့သို့ ဝသိဋ္ဌနှင့် ဏ - ပဠတောနှင့် အာယ သည်တို့လည်း ဇကတ္ထိဘူဘ ဖြစ်ကြသည်၊ ထိုသို့ ဇကတ္ထိဘူတ ဖြစ်သော သမာသ်, တဒ္ဓိတပစ္စယန္တပုဒ် , အာယာဒိပစ္စယန္တပုဒ် , ဤ ၃ မျိုးလုံးပင် ဤ တေသံ ဝိဘတ္တိယော လောပါစ သုတ်၌ ယုတ္တာတ္ထ အမည်ရကြသည်၊ ဤ ဖွင့်ပုံအရ ရှေ့သုတ်မှ ယုတ္တဇ္ဇော တပုဒ်သာ လိုက်၍ သမာသော်ပုဒ် မလိုက် ဟု သတ်ပြဲခဲ့ပါ။

တေနတေသံ ၊ပေ၊ဟောန္တိတိ အတ္ထော— [မြန်မာမှုတ်၌ ဟောန္တိနောင် " ဇကတိ အတ္ထော"ဟု မပါသော်လည်း တေန၏ စပ်ဘို့ရာ " ဇကတိ အဇ္ဈတ္ထော"ပါသော သိဟိုဠ်မူသာ ကောင်းသည်၊ " ထိုကဲ့သို့ ယုတ္တာတ္ထ ၃ မျိုး ရှိသောကြောင့် ဇကတိ အဇ္ဈတ္ထော - ၍အနက်ကို မှတ်ထိုက်သည်"ဟူလို။] သမာသာနံ တဒ္ဓိတာယာဒိ ပစ္စယန္တာနံတို့သည် ပကၠိပနဝုတ္တိ (တနည်း တေသံ၏ စွဲရာ အနက်ကို ပြသောကြောင့် သုတ္တဝုတ္တိပင်), လောပနိယာကား လောပါကို ဖွင့်သော သုတ္တဝုတ္တိ၊ ဤ အဖွင့်အရ " လုပ္ပန္တေ - ချေအပ် ချေဆိုက်ကုန်၏၊ ဇကတိ,ဧလောပါ"ဟု ဝိဂ္ဂဟပ္ပါ၊"လုပ္ပနံ လောပေါ"ဟု ဘာဝသာဓနဝိဂ္ဂြိဟ် မပြုနှင့်- ဟူလို။ [တဒ္ဓိတာယာဒိ ပစ္စယန္တဉ္စ တဒ္ဓိတ ပစ္စယန္တ-အာယာဒိ၂ပစ္စယန္တ ဟု ၂ မျိုးခွဲပါ၊ ထို တဒ္ဓိတာယာဒိ ပစ္စယန္တ ပုဒ်တို့၏ ဝိဘတ်ခချုပ်ကို တဒ္ဓိတ်နှင့် အာချာတ် ဓာတု ပစ္စယဓာတ်းတို့၌ တွေ့ရလတံ့။]

သတိပန - ရှိခေသ်ကား၊ တေသံ ဂဟဏေန-တေသံသဒ္ဒါဖြင့်၊ တဒ္ဓိတာ ယာဒိပစ္စယန္တ ဝိဘတ္တိလောပေါ-တဒ္ဓိတ်ပစ္စယန္တ ပုဒ်, အာယာဒိပစ္စယန္တ ပုဒ်တို့၏ ဝိဘတ်ကြေခြင်းသ ည်၊(ဟောတိ)စဂ္ဂဟဏံ-သည်၊ ပဘဂ်ရော တျာဒိသု-ပဘဂ်ရော အစရှိသောပြယုဂ်ဘို့၌၊ လောပနိဂ္ဂဟနတ္ထံ-ဝိဘတ် ကြေခြင်းကို နစ်စေရခြင်း အကျိုးရှိ၏၊ [တပ္ပုရိသ် အဆုံးနား၌ ဤရုပ် ပြီးပုံကို ထွေ့ရလတ့ံ။

(၃၃၂) ဝိပရိဏာဝမေန-ဖြင့်၊ လုတ္တာသူတိ, ဝိဘတ္တိသူတိ, ဝတ္တာတေ၊ ယုတ္တာထဂဟဏာဒ္ဓ - ယုတ္တာထ သဒ္ဒါသ ည်လည်း၊ ဝတ္တာတေ၊ [“ တေသံ ဝိဘဇ်ဘွယော လောပါစ”သုတ်မှ လောပါ ဝိဘတ္တိယောတို့သည် သတ္တမီ ဝိဘတ် ပြောင်းလွဲ၍“လုတ္တာသု ဝိဘတ္တိသု”ဟု လိုက်သည်။]

ပကတိ စသဒ္ဒ သဒ္ဒရန်သဒ္ဒ ။ ဒုဒဂ ။ ဝိဘတ္တိသု - တို့ကို၊ လုတ္တာသု - ချေအပ်ကုန်သော်၊ သဒ္ဒရန်သဒ္ဒ - သော၊ ယုတ္တာထဘူတသဒ္ဒ- ပေါင်းအပ် စပ်အပ်သော အနုက်ရှိသည်ဖြစ်၍ ဖြစ်သော၊ တံဝိဓသဒ္ဒဝိ-ဒုပါးအပြား ရှိသည်လည်း ဖြစ်သော၊ အသလိင်္ဂသ - ထို လိင်္ဂ၏၊ ပကတိဘာဝေါ

သမာသဂ္ဂဟဏာဒ၊ ပေ၊ ဝိဘတ္တိလောပါ— ယုတ္တာထ-သမာသ ၂ ပုဒ်လုံး အလိုက် ခံသော ကစ္စည်းဝတ္တိုနည်းကို ပြုပြန်လိုသောကြောင့် “ သမာသဂ္ဂဟဏာဓိကာရေ ပန ” စသည်ကို ဆိုန့်၊ ထို ကစ္စည်းဝတ္တိ အလိုအားဖြင့် “ ယုတ္တာထာနံ-ကုန်သော၊ သမာသာနံ-တို့၏၊ ဝိဘတ္တိဒယော-တို့ကို၊ လောပါ-ချေအပ်ကုန်၏”ဟု သုတ်နက်ပေးနိုင်သောကြောင့် တေသံ သဒ္ဒါဝိုဒ်၏၊ “ သမာသ် ဝိဘတ်တို့ကို သုတ်ရင်းဖြင့်ချေ၍, တဒ္ဓိတာယာဒိပစ္စယန္တ ပုဒ်တို့၏ ဝိဘတ်များကို ထို တေသံသဒ္ဒါဝိုဖြင့်ချေ ဟု ဤဒုတိယနည်းအလို မှတ်။

မှတ်ချက် ။ ။ ပဌမနည်းသည် “ တတ် ဩာ ဝိဘတ္တိယော လောပျာ ဟောန္တိ — ယုတ္တာထသဒ္ဒါ အပေါင်းမျှ်စ တည်ကုန်သော ဝိတတ်တို့ ချေအင်ကုန်၏”- နိုလုပ္ပလ, ရာဇပုရိသော(သမာသ်), ရာဇတာ(တဒ္ဓိတ်) ပုတ္ထိယတိ (အာယာဒိပစ္စယန္တ) ၊ ဤသို့ ပုံစံထုတ်သော ကာလာဝုတ္တိနှင့် ညီ၏၊ ဒုတိယနည်းကား ကစ္စည်းဝုတ္တိ အတိုင်း ဟုတ်သေ်လည်း ကစ္စည်းဝုတ္တိက် မှိဟန်တူသည်၊ ဤ ရူပသိဒ္ဓိ၌ ကစ္စည်းဝုတ္တိကဲ့ဤ ပစ္စည်း, ပုဒ်, အကွရာ, အာဂုံမျာ်း ချေပုံကို မပြ၊ ထို့ကြောင့် ထို အားလုံးကို ချေခွင့်ကြုံလျင် “ဝုတ္တဝုတ္တာနမပ္ပယောဂေါ ပရုဘာသာအရ ချေသည်။

(၃၃၂) လုတ္တာသု၊ ပေ၊ ပကတိဘာဝေါ— ဥပနောင် သိကို အစကပင် ချေခဲ့ပြီး၊ နာရသဒ္ဒါ သကိုကား တေသံဝိဘတ္တိယောလောပါစ သုတ်ဖြင့်ချေ၊[သကို ချေလိုက်သည့် အခါ သအာဂုံ တလုံမှာ အလိုလို ပျောက်သည်ဟု အယူရှိ၍ အထူးဆိုပြီ၊ ကစ္စည်း ဝတ္တိ အလိုမူ တေသံသဒ္ဒါဖြင့် သအာဂုံကို ချေ၊] ဤသို့သော ဒုစိန္တေယျဖွင့် သမာသ် စိဘတ်များကို ချေအံ့ပြီးသော် ဤသုတ်ဖြင့် ပကတိပြု၊ “ ပကတ်ပြု ” ဟူသည် နဂိုရှိ

ဟောတိ၊ စသဒ္ဒေန, ကိံသမုဒယ ဣဒပ္ပစ္စယဘာဒိသု-ကိံသမုဒယ, ဣဒပ္ပစ္စယဘာ အစရိသော ပြယုဂ်တို့ခဲ့၊ နိဂ္ဂဟီတန္တ သဒ်-နိဂ္ဂဟိတ် အဆုံး

ရွတ်တည့်စကအတိုင်း ပြန်၍ တည်ရှိအောင် ပြုခြင်းပင်တည်း၊ ထို့ကြောင့် " ဥပနဂရကို ဥပနဂရ ဟု ပကတိပြု " ဟု တပေါင်းထည့်း မဆိုဘဲ " ဥပကို ဥပဟုဂုင်း-နဂရကို နဂရ ဟုဂုင်း ပကတိပြု " ဟု ခွဲ၍ဆို၊ [တ်ဝိဓဿပိ လိဂ်ဿင္ဒ တိဝိဓလိဂ် ဟူသည် သမာသ်, တဒ္ဓိတ် ပစ္စယန္တ. အာယာဒိစ္စယန္တတို့တည်း။

စသဒ္ဒေန၊ ပေ၊ နိဂ္ဂဟီတန္တ သဒ်ဝိ — သုတ်၌ "သရန္တသ" ဟု ဆိုသောကြောင့် သုတ်ရင်းဖြင့် ဥပကဲ့သို့ သရအဆုံးရှိသော လိန်ကိုသာ ပကတ်ပြုသည်၊ စသဒ္ဒဖြင့်ကား ကိ်-ဣဒံတို့ကဲ့သို့ နိဂ္ဂဟိတ် ဗျည်းဆုံးသော လိန်များကိုလည်း ပကတိပြုဘို့ရန် ဆည်းယူသည်၊ ဤစကားအရ "သရန္တသစ-သရ အဆုံးရှိသည့်လည်း ဖြစ်သော" ဟု သုတ်နက်ဆို၊ ခဲ့ပြုအံ့ – " အယံကာယော – ဤ ကိုယ်သည်၊ ကံ်သမုဒယော – အဘယ် အကြောင်း ရှိသနည်း၊ ကိ်နိဒါနော – အဘယ် နိဒါန်း ရှိသနည်း၊ ကိ်ပဘဝေါ – အဘယ် အမွန် ရှိသနည်း " စသော ပဒ်ဋ္ဌိ " ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေသု-ဤ သခ်ါရစသော အကျိုး တရားတို့၏ အကြောင်းဖြစ်သော ပဋိစ္စသမုပါဒ်တရားတို့၌၊ ကခ်ံတိ-ယုံမှားခ်၏ " စသော ပဒ်ဋ္ဌိတော်များ၌ " ကိ် + သမုဒယ + ယ " ဟု တည်၍ ဗဟုဗ္ဗီဟိ သမာသ် ထုံးစံအတိုင်း "ကော + သမုဒယော + ယသ" ဟု သမာသ်ဝါကျ ပြီး၍၊ သမာသ်စပ်, ဗဟုဗ္ဗီဟိမှည့်, သမာသ် မှည့်ပြီးနေဝံ ဝိဘတ်တို့ကိုဂုင်း ယကိုဂုင်း ချေပြီးသည့် အခါ "က + သမုဒယ" ဟု ကျန်၏၊ ဤသုတ် သုတ်ရင်းဖြင့် သမုဒယကို ပကတ်ပြုခြင့် စသဒ္ဒါဖြင့် ကကို က်ံ ဟု ပကတ်ပြုလိုက်မှ "က်ံ + သမုဒယ" ဟု မူလ တည်မြဲအတိုင်း ဖြစ်သည်။

ဣဒပ္ပစ္စယတာဒ်ဝိကား ကစ္စည်းကျမ်း ဒ၈လို "ဣမ" ဟုသာ ရှိ၍ 'ဣဒံ" ဟု ပကတ်လိန် မရှိ၊ ထိုသို့ မရှိခြင်းမှာ ဣဒံလိန်၏ နည်းပါးသည့် အတွက် ဧဆိုရောက်၍ ဧဆ်ခြင်း ဖြစ်သည်၊ အမွန်မှာ "ဣဒံ" ဟု ပကတ်လိန် မရှိ ဟု ကစ္စည်းကျမ်းက ဆိုလိုရင်း မဟုတ်၊ " ဣဒံ " ပကတ်လိန် ရှိရကြောင်းကိုလည်း " ဣဒပ္ပစ္စယတာ – ဣဒမတ္ထိကတာ " စသော ပဒ်ဋ္ဌိတော်များက သက်သေပြလျက် ရှိသည်၊ ထို့ကြောင့်ပင် သဒ္ဒနီတိ်ဆရင်း ကလာပ် ကျမ်းဆ်ဆရင်း " ဣဒံ " လိန်ကို ပကတိ ဟု ဆို၍ ဣဒံမှ အယံ – ဣမံ စသည် ပြစ်အောင် စီရင်လေသည်၊ ဣမေသံ - ဤ သခ်ါရ စသော အကျိုးတရားတို့၏၊ ပစ္စယာ - အကြောင်း ဖြစ်သော အဝိဇ္ဇာ စသော တရားတို့သည်၊ ဣဒပ္ပစ္စယာ-တို့ မည်၏၊ " ဣဒံ+ပစ္စယ" ဟု တည်, ဣဒံနောင် နံ ဝိဘတ်သက် "ယောအံနာဒိသုစ တေလိဂ်သိမောဝါ (ယောအံနာ စသော ဝိဘတ်တို့ကြောင့် လိန် ၃ ပါးဟ် ဖြစ်သော ဣဒံကို ဣမ ပြု) " ဟူသော သဒ္ဒနီတိ (နာ-မ်-၁၁၄)သုတ်ဖြင့် ဣဒံကို ဣမပြု, သဋ္ဌနာမာနံ နံမှိစသုတ်ဖြင့် ဣမ၏(အ)ကို ဧပြု၍ " ဧမေသံ " ဖြစ်၏၊ ပစ္စယာ ဖြစ်းအောင်ကား ယောဝိဘတ် သက်၍ စီရင်၊ ထို့နောက် သမာသ်စသည် စီရင်၍ ဝိဘတ်ချေပြီးသည့် အခါ "ဣမ+ပစ္စယ" ဟု ကျန်၏၊သုတ်ရင်းဖြင့် ပစ္စယကို ပကတိပြု၍ စသဒ္ဒါဖြင့် ဣမကို ဣဒံ ဟု ပကတိပြုလျှင် "ဣဒံ ပစ္စယ" ဟု ဖြစ်သည်၊ ထိုနောက် ပဒ္ဓဘော်လာ, နိဂ္ဂဟိတ် ချေ၍ " ဣဒပ္ပစ္စယ "၊ နာမ်ငံ့ ယောကို အာ ပြု၍

ရှိသော လိန်ဒိုလည်း၊ (ပကတိဘာဝေါ ဟောတိ၊) နိမိတ္တာဘာဝေ-နိမိတ် မရှိလတ်သော်၊ နေမိတ္တိကာဘာဝသ - နိမိတ်ကြောင့် ဖြစ်သော ဝိကာရ မရှိခြင်းဖြင့်၊ ဝါ-ကို၊ ဣဝ - ဤ အာရုဒ္ဓ၊ အနိစ္စိတတ္တာ-အလိုမရှိ အပ်သည်ဖြစ် အဖြစ်ကြောင့်၊အယံ အတိဒေသော-ဤငွေ့ညွှန်းသော သုတ်ကို၊ (ကတော-ပြုအပ်ပြီ)။

"ဇာဒပ္ပစ္စယာ"ဟု ဖြစ်၏၊ "ဇာဒပ္ပစ္စယာ ဧဝ ဇာဒပ္ပစ္စယတာ"ဟု သွတ္ထအနက်၌ တာ ပစ္စည်း သက်၍ ဇာဒပ္ပစ္စယတာ ပြီးသည်။

နိမိတ္တာဘာဝေ၊ ပေ၊ အတိဒေသော — တစုံတခု စိရင်ခြင်း၏ အကြောင်းကို "နိမိတ္တ" ဟု ခေါ်၏၊ ထိုနိမိတ်ကြောင့် ဖြစ်သော ရေခြင်း-တစုံတခု ပြုခြင်းသော ဝိကာရ (တံမျိုးတဖုံ ပြုအပ်သော အစီအရင်) ကို "နေမိတ္တိက" ဟု ခေါ်၏၊ [နိမိတ္တ တော - နိမိတ်ကြောင့် + ဇာတော- ဖြစ်သော ဝိကာရသည်၊ နေမိတ္တိကော. မည်၏၊] ဤသဒ္ဒ အရာ၌ အကြောင်း နိမိတ် ပျောက်ကွယ် သွားသော်လည်း အကျိုး နေမိတ္တိက ဝိကာရတို့ ပျောက်ကွယ်ခြင်း မရှိ၊ ဥပမာ-"ရာဇ+ပုရိသ"ဟု အကာရန္တဖြင့် တည်ပြီးနောဝိဘတ်သက်လျှင် "ရာဇသ+ပုရိသသိ" ဟု ဖြစ်၏၊ ထို၌ သ-သိတို့သည် နိမိတ်တည်း၊ ထို သဝိဘတ်ကြောင့် ဆိုင်ရာသုတ်ဖြင့် "ရဒ်ညာ" ဟု ဖြစ်ခြင်း, သိကို သြပြု၍ ထို သိမှ ဖြစ်သော သြကြောင့် ပုရိသ၌ အသရကြေခြင်းဟူသော ဝိကာရတို့ကား အကျိုးနေမိတ္တိက တို့တည်း၊ တေသံ ဝိဘတ္တိယော လောပါစ သုတ်ဖြင့် ဝိဘတ်တို့ကို ချေလိုက်သည့် အခါ ပုရိသော၌, သြ ဟူသော နိမိတ်ပျောက်သွား၏၊ အသရ ကြေခြင်း ဟူသော နေမိတ္တိက ဝိကာရကား မပျောက် , " ပုရိသ " ဟု ကျန်ရစ်ခဲ့သည်၊ ရညောန္တလည်း သ ဝိဘတ် နိမိတ်သာ ပျောက်၏၊ ရညော ဟု စိရင်ထားသော နေမိတ္တိက ဝိကာရကား မပျောက်ချေ၊ ဤသို့ နိမိတ် ပျောက်သည့် အခါ တစုံတရာသုတ်ဖြင့် မစိရင်ဘဲ သူ့ဘာသာသူ နေမိတ္တိက ဝိကာရတို့ ပျောက်ကွယ်ခြင်း ("ရာဇ+ပုရိသ" ဟု ပကတိတည်မြဲတိုင်း ပြန်၍ ဖြစ်ခြင်း) ကို အလို မရှိအံ့သောကြောင့် နာဂိရိက သရဆုံးလျှင် သရဆုံးသည့် အတိုင်း, ဗျည်းဆုံးလျှင် လည်း ဗျည်းဆုံးသည့် အတိုင်း ပြန်၍ဖြစ်ဘို့ရာ (ပျောက်နေသော သရဗျားလည်း ပြန်၍ ပေါ်လာဘို့ရာ) ဤ "ပကတိစသ သရန္တသ" ဟူသော (တံရူပတာ) အတိဒေသသုတ်ကို တည်ထားရလေသည်။

ဆက်ဥုးအုံ — မဟိရူဟနည်း , သူရိယကာန္တနည်း ဟု နည်း ၂ မျိုးရှိ၏၊ "မဟိယိ ရူဟတိ" အရ မြေ၌ပေါက်သော သစ်ပင်ကို "မဟိရူဟ"ဟု ခေါ်၏၊ အကြောင်းသစ်ပင် ရှိခိုက် အကျိုးသစ်ပင်ရိပ်ထွက်၍ သစ်ပင် မရှိလျှင် သစ်ပင်ရိပ် ပျောံရသကဲ့သို့ နိမိတ်ရှိခိုက် နေမိတ္တိက ဝိကာရရှိ၍ နိမိတ် မရှိလျှင် နေမိတ္တိကဝိကာရလည်း ပျောက်ကွယ် ရသော (နာဂိရ အတိုင်း သူ့ဘာသာ ပြန်၍ ဖြစ်ရသော) နည်းသည် မဟိရူဟနည်း မည်၏၊ ဤ မဟိရူဟနည်းကို ဤသဒ္ဒအရာ၌ အလိုမရှိအပ်၊ ဘာ့ကြောင့်နည်း-သတ္ထာ၌ "သတ္ထု + သိ" တည်, သိ နိမိတ်ကြောင့် ဥ ကို အာပြုထားသော နေမိတ္တိကဝိကာရသည် သိ ကို

ချေလိုက်သော်လည်း မပျောက်၊ အကယ်၍ ပျောံရမည် ဖြစ်လျှင် သိကို ချေလိုက်သည်နှင့် တပြိုင်နက် "သတ္ထု" ဟု ဖြန်၍ဖြစ်ဘွယ် ရှိသည်၊ ထို့ကြောင့် ဤမဟိရဟ နည်းကို ဤသဒ္ဒအရာ၌ အလိုမရှိအပ်၊ "သူရိယသ-နေရောင်၏၊ ဝါ-နေရောင်သည်၊ ကာန္တော-နှစ်သက်အပ်သော ကျောက်တည်း" ဟူသော ဝိဂြိုဟ်အရ နေရောင်နှင့်တွဲလျှင် မီးထွက်သောကြောင့် နေရောင် ကြိုက်နှစ်သက်အပ်သော ကျောက်တမျိုးသည် "သူရိယကာန္တ" မည်၏၊ ထိုကျောက်ကြောင့် ဖြစ်သော မီး-ထိုမီးကြောင့် မြေကြီးများ သွေ့ခြောက်ခြင်းစသော ဝိကာရတို့သည် ထို သူရိကာန္တကျောက် မရှိသော်လည်း မပျောက်မကွယ်ဘဲ မီးအမြဲ ရှိ-မြေခြောက်မြဲ ခြောက်သကဲ့သို့ ထို့အတူ အကြောင်းနိမိတ် ပျောက်သော်လည်း အကျိုးနေမိတ္တိကဝိကာရတို့ မပျောက်ဘဲ ရှိမြဲ ရှိနေသောနည်းသည် သူရိယကာန္တနည်း မည်၏၊ ဤနည်းကို ဤအရာ၌ အလိုရှိအပ်သည်။ [လရောင်နှင့်တွဲလျှင် ရေထွက်၍ လရောင်နှစ်သက်အပ်သော ဓန္ဓြကာန္တ ကျောက်နည်းလည်း ဤအတိုင်းပင်။]

အချုပ်။ ။ဤပြခဲ့သော သူရိယကာန္တ - ဓန္ဓြကာန္တနည်းများအရ နိမိတ်ဝိဘတ်ကို ချေလိုက်သည့်အခါ နေမိတ္တိကဝိကာရတို့ မပျောက်ကွယ်ဘဲ (စိရင်ထားသည့်အတိုင်း) တည်နေသောကြောင့် "ပုရိသ" ၌ ပျောက်နေသော အသရကို ပြန်၍ ပေါ်လာစေခြင်း-ကို "သမုဒယဝယ် "က်" ၌ သရရော ဗျည်းပါ ပျောက်နေရာ ထိုသရဗျည်းတို့ ပြန်၍ ပေါ်လာစေခြင်း-ရည်ရောတို့ကဲ့သို့ တမျိုးတဖုံ စိရင်ထားခဲ့သည်လည်း ရာဇ ဟု ပကတိအတိုင်း ပြန်၍ ဖြစ်စေခြင်း-စက္ခု သောတံ စသည်၌ စက္ခုကဲ့သို့ နဂိုရိုးကပင် သရ မပျောက်ရာ၌ "မြာသံပတ်" ဆိုသကဲ့သို့ ပဇ္ဇုန္န ဂတိက နည်းအားဖြင့် စက္ခုအတိုင်း ပကတိပြုခြင်းအကျိုးငှါ ပကတိစသ သရန္တသ သုတ်ကို ကစွဉ်းဆရာတော် ထုတ်ပေါ် မိန့်မြွက်ရေးသတည်း။ [မိုဃ်းရွာရာ၌ ရေမရှိရာဝယ် ရေရှိအောင်သာ ရွာသည် မဟုတ်သေး, ရေရှိပြီး သမုဒ္ဒြာစသည်၌သည်း ရွာသကဲ့သို့, သရဗျည်းမရှိရာ၌သာ သရဗျည်းတို့ ပေါ်လာရအောင်ပကတိပြုသည် မဟုတ်သေး, ရှိပြီးသား၌လည်း ခိုင်မြဲအောင် ပကတိပြုသောကြောင့် ဤသုတ်ကို ပဇ္ဇုန္န ဂတိက (မိုဃ်းရွာနည်း) ဟု ဆိုသည်။]

[ဆောင်] ပျောက်သည့် သရ, ဗျည်းဟူသမျှ၌, မူလ အနေ, ပြန်ပေါ်စေ၍, တးထွ ထူးခြား, စိရင်များလည်း, မခြား နဂိုရ, တည်စေသို့၏၊ နဂိုရတိုင်းတုံ, တည်လျက်ကြိုသော်, ပဇ္ဇုန္နနည်း, မြဲအောင်တည်းသို့, ကစွဉ်း စာဓတော် , သုတ်ညွှန်း ဖေါ်သည် , ရှုမြော် ပကတိတွေတိုင်းတည်း။

ကလာပ်ဒီကာ။ ။ကသာပ်ဒီကာဒ်ကား မဟိရဟနည်းအတိုင်း သမာသ်၏ဝိဘတ်ကို ချေလိုက်သည့်အခါ နေမိတ္တိက ဝိကာရတို့ အလိုလိုပျောက်၍ နဂိုရ်ပကတိ အတိုင်း ပြန်၍ ဖြစ်ခြင်းကို အလိုရှိကြသည်၊ ပကာ်စသ သရန္တသ သုတ်ကိုလည်း နဂိုရ်အတိုင်း ပြန်၍ ဖြစ်နေကြောင်းကို သိဘို့ရာ ဆိုရသည်ဟု ယူလိုဟန် တူသည်၊ မောဂ္ဂလ္လာန်စသော သဒ္ဒါကျမ်းဘို့၌ကား ပကတိပြုသော သုတ်ပင် မပါ၊ ပျံကွယ်နေသော သရဗျည်းတို့ မဟိရဟနည်းအရ အလိုလို ပေါ်လာရမည်ဟု ယူကြလေသည်။

(၃၃၃) သကတ္ထဝိရဟေန - မိမိအနက်မှ ကင်းခြင်းကြောင့်၊ ဆုဓ-ဤအာရာဒ္ဓ၊ သမာသာသစ - သမာသ်၏သည်း၊ လိင်္ဂဘာဝါဘာဝါ-လိန်အဖြစ် မရှိခြင်းကြောင့်၊ ဝိဘတ္တုပ္ပတ္တိယံ - ဝိဘတ် သက်ခြင်းသည့်၊ အာသမ္ဘတ္တာယံ - မရောက်လာသော်၊ နာမဗျပဒေသာဘိဒေသံ - နာမ် အမည်ကို ငဲ့ညွှန်းသောသုတ်ကို၊ အာဟာ။

တဒ္ဓိတသမာသ ၊ ပေ ၊ ဒီသုစ။ ၆၀ ။ တဝေထုနတ္တာနတ္တာဒိပစ္စယ ၎ကဲ့ - တဝေ, ထုန, တ္တာန, တ္တာ အစရှိသော ပဒဉ်းအဆုံးရှိသော သဒ္ဒါတို့ကို၊ ဝဇ္ဇေတွင်-ကြဉ်၍၊ တဒ္ဓိတန္တာ-တဒ္ဓိတ်ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကိုဂုဏ်း၊ ကိတန္တာ-ကိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါဘို့ကိုဂုဏ်း၊ သမာသသာစ - သမာသ်တို့ကိုဂုဏ်း၊ နာမမိဝ - နာမ်ကိုကဲ့သို့၊ ဓဒ္ဒဗ္ဗာ-ဖွတ်ထိုက်ကုန်၏၊ စဂ္ဂဟာဏံ-သည်၊ ကိစ္စပစ္စယ အာ ဤ ဣနီ ဤထိပစ္စယန္တာဒီသပိ-

(၃၃၃) သကတ္ထ ၊ ပေ ၊ တိဒေသမာဟ — ဘာ့ကြောင့် နာမ်ငဲ့ရသနည်း၊ .... "လိင်္ဂဘာဝါဘာဝါ ဝိဘတ္တုပ္ပတ္တိယံ အသမ္ဘဏ္ဏာယံ" — "တတောစ ဝိဘတ္တိယော" သုတ်နှင့် အညီ လိန်ဒုနောင် နာမ်နောင်၌သာ ဝိဘတ်သက်ခွင့်ရ၏၊ သမာသ်ကလည်း လိန်မဟုတဲ့ နာမ်မဟုတ်သောကြောင့် သမဒ်သနောင် ဝိဘတ်သက်ခွင့် မရနိုင်၊ ထို့ကြောင့် ဝိဘတ် သက်ခွင့် ရအောင် "နာမ်"ဟု ငဲ့ညွှန်းရသည်၊ နာမ်ငဲ့လိုက်သည့် အခါ "လိင်္ဂံ နာမံ သမံ"နှင့်အညီ နာမ်နှင့် လိန်မှာ သဘောတူပင် ဖြစ်သောကြောင့် "လိန်" လည်းမည်တော့၏၊ "ဘာ့ကြောင့် သမာသ်သည် လိန် မည် သနည်း" ဟု ထ၍ မေးဘွယ်ရှိသောကြောင့် "သကတ္ထ ဝိရဟေန"ဟု မိန့်၊ ဤ "သကတ္ထဝိရဟေန"သည် "လိင်္ဂဘာဝါဘာဝါ"ဟူသော မူလဟိဘ်၏ အကူအညီဟိတ်တည်း၊ ထို့ကြောင့် သကတ္ထဝိရဟေနကို လိင်္ဂဘာဝါဘာဝါ၌ စပ်၊ "မိမိအနက်မှ ကင်းခြင်းကြောင့် လိန် အမည်မရ" ဟူလို။

ချဲ့ဦးအံ့ — "ရာဇပုရိသ"၌ ရာဇသဒ္ဒါသည် နာမ်အခိုက်၌ မင်းခြင်္ဂါကို ဟောသော်လည်း သမာသ်ဘွင်းသို့ ရောသည့်အခါ မင်းခြင်္ဂါတည်းဟူသော မိမိအနက်ကို စွန့်လွှတ်၍ ယောကျ်းနှင့် စပ်သွယ်မှု ဟူသော သမ္ဗန် အနက်ကိုသာ ဟောရတော့၏၊ ထို့ကြောင့် ရာဇသဒ္ဒါ၌ သကတ္ထ (မင်း-တည်းဟူသော မိမိ မူလအနက်) မရှိတော့ပြီ၊ ပုရိသ သဒ္ဒါလည်း နာမ်အခိုက်၌ ယောကျ်းဟူသမျှကို ဟော၏၊ "ရာဇပုရိသ" ဟု သမာသ် ဖြစ်သည့် အခါ၌ကား မင်းနှင့် စပ်သော ယောကျ်း (မင်းချင်းယောကျ်း) ဟူသော ယောကျ်းအထူးကို ဟောသောကြောင့် သကတ္ထ (မူလဟာရင်းဖြစ်သော ယောကျ်း သာမည်ဟူသော အနက်) မရှိတော့ချေ၊ "ဓာတုပစ္စယ ဝိဘတ္တိ ဝဇ္ဇိတ မတ္ထဝံ လိင်္ဂံ" နှင့် အညီ အနက်ရှိမှ လိန်မည်၏၊ အနက်မရှိလျှင် လိန် မမည်၊ လိန်မမည်လျှင် ဝိဘတ် မသက်နိုင်၊ ဝိဘတ် မပါလျှင်လည်း ပဒရာမဝင်ချေ၊ ထို့ကြောင့် "ရာဇပုရိသ သဒ္ဒါသည် မင်းချင်းယောကျ်း တည်းဟူသော အနက်သစ်ကို ဟောသော် နာမ်ဘဂ္ဂိုးဖြစ်၏" ဟု "နာမ်"ဟူသော နာမည်သစ်ကို ညွှန်ပြဘို့ရာ ဤအဘိဒေသသုတ်ကို မိန့်တော်မူသည်။

ကိစ္စပစ္စည်း အဆုံးရှိသော သဒ္ဒါ, အာ ဤ ဏ္ဍနီဟူသော ဏ္ဍထြိပစ္စည်းအဆုံး ရှိသော သဒ္ဒါအင်္ဂ ရှိ သည်ဖြစ်လည်း၊ နာမဗျာဒေသ ထွံ-နာမ်ငဲ့ရခြင်းအကျိုး ရှိ၏ ဏ္ဍ-ဤသုတ်၌၊ သမာသဝုဟာဏံ-သမာသ သဒ္ဒါသည်၊ အတ္ထဝတံ-အနက်ရှိကုန်သော၊ သမုဒါယာနံ-ပုဒ်အပေါင်းဝှိကို၊ နာမဗျပဒေသော-

တဒ္ဓိတန္တာ၊ပေ၊ဒဒ္ဒဇာ — "ဒဇ္ဇာါစကံ နာမံ" နှင့်အညီ ဒြဗ်နက်ကို ဟောမှ နာမ် အမည် ရ၏၊ ဏ စသော တဒ္ဓိတ်ပစ္စည်း ကျွန်စသော ကိတ် ပစ္စည်းတို့ကား ကံ ကတ္တား စသော သတ္တိနက်ကိုသာ ဟော၍ ဒြဗ်နက်ကို မဟောသောကြောင့် နာမ်=လိန် အမည် မရကြချေ၊ "ဓာတုလိင်္ဂံဟိ ပရာ ပစ္စယာ" နှင့် အညီ လိန်နောင် ဓာတ်နောင်သာ ပစ္စည်းများ သက်ကြသဖြင့်လည်း ထိုပစ္စည်းများ၏ လိန် မဟုတ်ကြောင်း ထင်ရှား၏၊ ဤသို့လျှင် ဝါသိဋ္ဌ - ကာရက စသော တဒ္ဓိတ်ပစ္စယန္တ ကိတ်ပစ္စယန္တ သဒ္ဒါတို့သည် "လိန်=နာမ်" မမည်ကြသောကြောင့် လိန်နာမ် အမည် ရဘို့ရန် "နာမ်" ငဲ့ရပေသည်၊ "ငဲ့" ဆိုသည်ကား "နာမ်" ဟု နာမည်ပေးခြင်းပင်တည်း။

တဝေတုန၊ပေ၊ဝဇ္ဇောတ္တာ — ဤကား "အတဝေတုနာဒိသု စ" ၏ အဖွင့်တည်း၊ "အတဝေတုနာဒိသု-တဝေတုနစသော ပစ္စည်း မနှောင်းကုန်လတ်သော်" ဟု ဆိုသဖြင့် "တဝေတုန စသော ပစ္စည်းကို ကြဉ်၍" ဟု ဆိုရာရောက်သည်၊ ထို့ကြောင့် "တဝေတုနတ္တာနတ္တာဒိပစ္စယန္တေ ဝဇ္ဇေတွာ" ဟု ဖွင့်သည်၊ ဤအတဝေတုနာဒိသုသည် ကိတကကို ငဲ့သော နိမိတ်တည်း၊ မှန်၏— တဝေတုနတ္တာနတ္တာ စသော ပစ္စည်းများသည် ကိတ်ဖြစ်သာ ပါ၏၊ ထို့ကြောင့် ကိတကအရ တဝေတုန စသော ပစ္စယန္တကိတ်တို့ပါ (နာမ်ငဲ့ရာ၌) ယူရမည်လော ဟု ဘွဲ့းတောဘွယ်ရှိ၍ "အတဝေတုနာဒိသု စ" ဟုမိန့်သည်၊ တဝေတုနတ္တာနတ္တာ ပစ္စည်း ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည် နဂိရ်ကပင် နိပါတ်တွင် ပါဝင်ပြီးဖြစ်၍ ထို သဒ္ဒါများနောင် နာမဒိဘတ်သက်နိုင်ရကား နာမ်ငဲ့ဘွယ် မလို-ဟူလို၊ ထိုသို့ နိပါတ်တွင်း၌ ဝင်ပြီးဖြစ်သောကြောင့် တတော စ ဝိဘတ္တိယော သုတ်၌ "စဂ္ဂဟဏေန တဝေတုနာဒိ ပစ္စယန္တနိပါတတောပိ" ဟု ဖွင့်ပြလေသည်၊ တုနာဒိ၌ အာဒိဖြင့် တ္တာန, တ္တာ, တုံပစ္စည်းများကို ယူ။

စဂ္ဂဟဏံ၊ပေ၊နာမဗျပဒေသတ္ထံ — ["ပစ္စယန္တာဒိသ္မိပိ" ဟု အချို့စာရှိ၏ "ဏ္ဍထြိပစ္စယန္တသ" စသည်ဖြင့် ဋီကာဖွင့်ပုံကို ထောက်၍ "ပစ္စယန္တာဒိသ္မိပိ" ဟု ရှိသော သိဟိုဠ်မူသာ ကောင်းသည်။] တဝေတုနာဒိသုစ၌ စ သဒ္ဒါဖြင့် ကိစ္စပစ္စယန္တသဒ္ဒါ အာ ဤ ဏ္ဍနီ ဏ္ဍထြိ ပစ္စယန္တသဒ္ဒါစုကို ဆည်းသည်၊ စ သဒ္ဒါဖြင့် ထို သဒ္ဒါစုကို နာမ်ငဲ့ ရမည် - ဟူလို၊ ကိတ အရ၌ ကိတ ပစ္စည်းဆုံးသော သဒ္ဒါများကိုသာ ရသောကြောင့် တဒ္ဓအနိယ စသော ကိစ္စ ပစ္စယန္တတို့ကို စသဒ္ဒါဖြင့် ယူရသည်၊ ထို ပစ္စယန္တသဒ္ဒါတို့၌ နာမ်ငဲ့ရခြင်း၏ အကြောင်းမှာ အခြား ကိဘပစ္စယန္တအဘိုင်းငင်တည်း၊ "ဓာတုလိင်္ဂံဟိ ပရာ ပစ္စယာ" နှင့် အညီ လိန်၏ နောက်၌ သက်ရသော ဏ္ဍထြိ ပစ္စည်းများလည်း လိန် မဟုတ်ကြ၊ ထို့ကြောင့် ဏ္ဍထြိ ပစ္စယန္တသဒ္ဒါစုကိုလည်း နာမ်ငဲ့ရသည်၊ ပစ္စယန္တာဒိသ္မိ အာဒိဖြင့် "ခ စသော ဓာတု ပစ္စယန္တသဒ္ဒါများကို ယူ" ဟု ဋီကာဖွင့်၏။

နာမ်ငဲ့ခြင်းသည်၊ သမာ သဿေသ၀-သမာသ်၏အတွက် သာ၊(ဟောတိ-၏၊) ဣဘိ-သို့၊ နိယမတ္ထံ-သတ်မှတ်ရခြင်း အကျိုးရှိ၏၊ ဣတိ-၍သို့၊ အာရေ-အစြားသော ဗျာကရဏ်း ဆရာတို့ သည်၊ (၀ဒန္တိ)။

(၃၃၄) အဗျယီဘာ၀ေါတိ ၀တ္တ၀ေ။

သေသ နပုံသကလိင်္ဂေါ ။ ၃၂၀ ။ သေသ အဗျယီဘာ၀ သမာသေသ-ကို၊ နပုံသကလိင်္ဂေါ၀ - နပုံလိန် ရှိ၏၊ ဟူ၍ သာ၊ ဒဠ္ဍဗ္ဗော-မှတ်ဆိုက်၏၊ ဣတိ - ၍သတ်ဖြင့်၊ နပုံသကလိင်္ဂံ-နပုံလိန် အဖြစ် သည်၊ (ဟောတိ)၊ ဟိ-ဆက်၊ ဇ္ဇေ - ၍သတ်သည်၊ လိင်္ဂါတိဓေသေ-လိန်ကို ငဲ့ညွှန်းသော

ဣဓ သမာသဂ္ဂဟဏံ၊ ဧပ၊ နိယမတ္ထံတိ အပရေ — သမာသ် ဟူသည် နာမ်ပုဒ် ၂၂ ခု စသည်ကို စပ်သောကြောင့် နဂိုရ ကပင် နာမ်သဒ္ဒာ မပျက်ခဲ့၊ နာမ် သဒ္ဒာ မပျက်လျှင် နာမ်ငဲ့ဘွယ်လည်း မလို၊ သို့ပါလျက် အဘယ့်ကြောင့် ၍သတ်၌ သမာသ သဒ္ဒါကို ထည့်ရပါသနည်း — ဟု မေး၊ အဖြေကား — ဩဇ်နက်ကို ဟောသော ပုဒ် အပေါင်းသည် "ရညော ပုရိဒသာ" စသည်ကဲ့သို့ ၀ါကျလည်း ရှိ၏, "ရာဇပုရိသော" စသည်ကဲ့သို့ သမာသ်လည်း ရှိ၏၊ ထိုဘွင် "နာမ" ဟူသောအမည် သည် "ရာဇပုရိသော" ကဲ့သို့သော သမာသ်၏ အမည်သာ ဖြစ်သည်, "ရညော + ပုရိဒသာ" ကဲ့သို့သော ၀ါကျ၏အမည် မဟုတ်-ဟု သတ်မှတ်ခြင်းအကျိုးငှါ သမာသ သဒ္ဒါကို ထည့်၍ဆိုရသည်၊ "သိဒ္ဓေ သဘံ၀ိ အာရမ္ဘော နိယမာယ၀ါ ဟောတိ အတ္ထန္တရ၀ိညာပနာယ" ဟူသော နိယမ - အတ္ထန္တရ၀ိညာပန အကျိုး ၂ မျိုးတွင် ၍သတ်၌ သမာသ သဒ္ဒါသည် နိယမ အကျိုးရှိသည်-ဟူလို။

မှတ်ချက်။ ၊၍ဗျာကရဏ်းကျမ်းဆရာတို့၏ အဆိုသည် "သကတ္ထ၀ိရဓေဟန ၊ ပေ ၊ ၀ိဘတ္တျုပ္ပတ္တိယံ အသမ္ဘ၀ာယံ" ဟု ပဌမ ပြုခဲ့သော နည်းမှ တနည်းဖြစ်၏၊ ရှေးနည်း အလို-မိမိတို့ မူလအနက်များမှ ကင်းလွတ်သဖြင့် လိန်အမည် မရှိ၍ ၀ိဘတ်သက်ခွင့် မရသောကြောင့် နာမ်မငဲ့လျှင် မဖြစ်သည့်အတွက် သမာသ်ကို နာမ်ငဲ့ဘို့ရာ သမာသ သဒ္ဒါကို ထည့်ရသည်၊ ဗျာကရဏ်းဆရာတို့ အလိုအား — နာမ်ပုဒ်အပေါင်း ဖြစ်၍ နာမ်ငဲ့ဘွယ် မလို, နာမ်မငဲ့ဘဲပင် ၀ိဘတ်သက်နိုင်၏၊ သို့သော် ပုဒ်အပေါင်းကို နာမဟု အမည်ပေးရာ၌ ၀ါကျကို မပေးရ, သမာသ် ဖြစ်မှ "နာမ" ဟု အမည်ပေးရသည် ဟု သတ်မှတ်ခြင်း အကျိုးငှါ "သမာသ" သဒ္ဒါကို ထည့်ရသည် - ဟု ဆိုလိုသည်။ [၍ ၀ါကျ၌ အ၀ဏ္ဏ၀တ်၏ အဓိပ္ပါယ်မှာ ဓာတုပစ္စယ၀ိဘတ္တိ ၀ဇ္ဇိတ မတ္ထ၀ံ လိင်္ဂံ (ပရသမညာ ပဒယောဂေသုတ်)၌ ပြုခဲ့သော "အတ္ထ၀ံ" ၏ အဓိပ္ပါယ် အတိုင်း တည်း။]

(၃၃၄) နပုံသကလိင်္ဂါ၀ — ["နပုံသကံ လိင်္ဂံ" ဧတဿဘဿ နပုံသကလိင်္ဂါ ဧ၀"-ဋီကာ၊] နဂိုရက ဣတ္ထီ ကုမာရိဟု ဣတ္ထိလိန်ရှိ၊ ဃာ ပုဒ်များသည်၎င်း၊ ဒဓထာနံ + အာဘာ၀ေါ စသော နဂိုရက ပုလ္လိန် ရှိသော ပုဒ်များသည်၎င်း အဗျယီဘာ သမာသ်

သုတ် သည်၊ သဘိဝိ - ဖြစ်သော်လည်း၊ ဝါ-ဖြစ်စေကာမူ၊ အဓိပညံတျာဒိသု-အာဓိပညံ အစရှိသော ဖြယုဂ်ဘို်၌၊ အဓိဉာဏံဘျာဒိ ရူပပ္ပသင်္ဂါ-အာဓိဉာဏံ အစရှိသော ရုပ်၏ ကပ်ငြို ထျဉ်းပါးဘွယ်သည်၊ နဝေါတိ-မဖြစ်၊ (ကသ္မာ-နည်း၊) တ်ပညံတျာဒိသုဝိယ-တိပညံ အစရှိသော ဖြယုဂ် တို်၌ ကဲ့သို့၊ သဒ္ဒါနံ့ရတ္တာ - သဒ္ဒါတမျိုး၏ အဖြစ်ကြောင့်တည်း၊ ဆိုတိ, တွင်းသို့ ရောက်သည့် အခါ"အဓိတ္ထိ အဓိကုမာရိ, နိဒ္ဒရထံ"စသည်ဖြင့် နပုလိုန် ရှိသော ပဒ်များ ဖြစ်ကြရသည်-ဟူလို၊ နဂိုရိက နပုလိုန်ရှိနေသော"ဥပနဂရံ"စသည်တို့ နပုလိုန် ရှိရကြောင်းမှာ အထူးပြောဘွယ် မလို၊ ပဋ္ဌာန္နဂတိက နည်းအားဖြင့် နပုလိုန်ရှိပြီး ပဒ်များ ကိုလည်း နပုလိုန်ရှိစေ-ဟုဆင် ထပ်၍ ဆိုရမည်။

ဆျာသဆိုပုံ။ ။ဤသုတ်ကို "လိင်္ဂါတိဒေသ မဟုတ်, ကာရိယာတိဒေသသုတ်" ဟု ဆို၍ လိင်္ဂါတိဒေသသုတ်ဖြစ်လျှင် နပုလိုန် မငဲ့မိုက "အဓိပညာ" ဟု ဣတ္ထိလိန် ရှိသော ရုပ်သည် ဤသုတ်ဖြင့် နပုလိုန် ငဲ့လိုက်က "အဓိဉာဏံ" ဟု နပုလိုန်ရုပ် ဖြစ်သွားဘွယ် ရှိသည်၊ ထို့ကြောင့် ဤသုတ်သည် လိင်္ဂါတိဒေသသုတ် မဟုတ်, သေသေသန္တေဝသုတ် ကဲ့သို့ ကာရိယာတိဒေသ သုတ်တည်း၊ သရော ရသော နပုံသကော " စသော သုတ်ဖြင့် နပုလိုန် အရာ၌ ရသ စိရင်သကဲ့သို့ " အဓိပညာ အဓိတ္ထိ " စသည်၌လည်း နပုလိုန်လို သဘောထား၍ ရသ စိ၊ရင်ပါ၊လေ"ဟု ငဲ့သွန်းသည်-ဟူလို၊ ဤကား ဆျာသအဆိုတည်း။

ဇ္ဈေဟိ၊ ဧပေ၊ ပတိပညံတျာဒိသုဝိယ—ထိုဆျာသ အဆိုကို လိုက်၍ ရှင်းလင်းပယ်ချ လိုသောကြောင့် "ဇ္ဈေဟိ"စသည်ကို မိန့်သည်၌၊ မှန်၏-"ဇ္ဈေဟိ၊ ပေ၊ တိပညံတျာဒိသု ဝိယာတိ ဒဋ္ဌဗ္ဗံ" ဟူသော ဝါကျသည် ဆျာသ အဆိုကို ရှင်းလင်းစေသော စကား ဖြစ်၍ "နစာယံ၊ ပေ၊ ဒုဒဿနတော" ကား ဆျာသ အဆိုကို ပယ်ချသောစကား ဖြစ်သည်၊ ဤသုတ်သည် လိင်္ဂါတိဒေသသုတ် ဖြစ်စေကာမူ အဓိပညံရုပ်က အဓိဉာဏံ မဖြစ်နိုင်၊ ဘာ့ကြောင့်နည်း — အဓိဉာဏံသည် အဓိပညံနှင့် သဒ္ဒါချင်း မဟူ - သဒ္ဒါတမျိုး ဖြစ်သောကြောင့်တည်း၊ ဥပမာ — " တိသော - ဒုမျိုးကုန်သော+ပညာယော - ဗဟု တို်တည်း၊ တိပညံ-ဒုမျိုးသော ပညာ"ဟူသော ဒိဂုဏသမာသ်၌ ဒိဂုဏသကတ္တံ သုတ်ဖြင့် နပုလိုန် ငဲ့လိုက်သည့်အခါ တိပညာ ဟူသော နဂိုရိဣတ္ထိလိန် သဒ္ဒါသည် "တိဉာဏံ"ဟု သဒ္ဒါတမျိုး ပြောင်း၍ မသွားသကဲ့သို့တည်း၊ ထို့ကြောင့် ဤသုတ်သည် လိင်္ဂါတိဒေသ ဖြစ်စေကာမူ အဓိပညံမှ အဓိဉာဏံ ဖြစ်သွားလိမ့်မည်လား ဟု (ဆျာသ ပြသလို) ယုံမှားဘွယ် မရှိပါ-ဟူသို၊ [ဤစကားဖြင့် ဤသုတ်ကို "လိင်္ဂါတိဒေသ" ဟု ရူပသိဒ္ဓိက ဆိုလိုသည် မဟုတ်, အကယ်၍ လိင်္ဂါတိဒေသသုတ် ဖြစ်စေကာမူ ဆျာသပြသော လျဉ်းပါး (ယုံမှား) ဘွယ်မျိုး ရှိနိုင် ဟု ရှင်းလင်းပြခြင်းသာ ဖြစ်သည်၊ "တိပညံ"၌ အတိပညံ ဟု ပါဠိပျက်နေသည်၊ "တ်ဿော ပညာ သမာဟာရော" စသော ဋီကာဖွင့်ထောက်၍ "တိပညံ" ဟု သိဟိုဠ်မူ အတိုင်း ပါဠိမှန် ရှိစေ၊ ဇ္ဈေသည်း လိင်္ဂါတိဒေသ ဟူသော လက္ခဏဝန်ကတ္တားနှင့် အရတူ ဖြစ်သောကြောင့် "ဤသုတ်သည် " ဟု လက္ခဏဝန် ကတ္တားနက်ပင် ပေးသည်။]

ဒဋ္ဌဗ္ဗံ၊ စ-စင်စစ်ကား၊ အယံ-ဤသုတ်သည်၊ နအာတိဒေသေး-အာတိဒေသ သုတ် မဟုတ်၊ (ကသ္မာ - အဘယ့်ကြောင့် သိနိုင်သနည်း၊) သုတ္တေ - သုတ်၌၊ အတိဒေသ လိင်္ဂသ - အာတိဒေသ၏ အမှတ်အသား ဖြစ်သော၊ ဏ္ဍဝသဒ္ဒဿ - ဏ္ဍဝသဒ္ဒါကို၊ အဒဿနတော-မမြင်ရခြင်းကြောင့်တည်း၊ ပုရေဝိယ သျာဒျုပ္ပတ္တိ။

(၃၃၅) ကွစိတိ ဝတ္တတေ၊ [" အာကာရန္တော+အဗျယီဘာဝါ " တိဆေဒေါ-ဟု ဋီကာဖွင့်သောကြောင့် " မကာရန္တော ဗျယီဘာဝါ " ဟု သန္ဓိစပ်လျက် ရှေးပါဠိရှိကြောင်း သိပါ။]

အံဝိဘတ္တိန မကာရန္တေးဗျယီဘာဝါ။ ၃၄၁ ။အာကာရန္တော-သော၊ တာသ္မာ အဗျယီဘာဝါ - မှ၊ ပေ၊ ဟောတိ၊ သေသံ-ကို၊ နေယျံ - သိနိုင်လောက်၏၊ [အံ ပြုပြီးနောက်, ဆွင်း, ဆျ, ကပ်- ဟူသော အစိအရင်များ သိနိုင်လေးက်ပြီ - ဟူလို။] တံ ဥပနဂရံ - ထို မြို့အနီး၊ နဂရသ - မြို့၏၊

နစာယံ၊ ပေ၊ အဒဿနတော-အမှန်အားဖြင့် ဤသုတ်သည် ကာရိယာတိဒေသ-လိင်္ဂါတိဒေသ ၂ မျိုးပင် မဟုတ်၊ ခဲ့ပြီးအံ့ - " သေသေသန္တေဝ " စသော အခြားအတိဒေသ သုတ်များ၌ ငဲ့ညွှန်းပုံကို ပြသည့် အတိဒေသ အမှတ်အသား ဖြစ်သော " ဏ္ဍဝ " သဒ္ဒါပါ၏။ [တထာ ကတ္တာရိစ သုတ်၌လည်း " တထာ " သဒ္ဒါ ပါ၏၊ အနုပဒိဋ္ဌာနံ ဝုတ္တာယောဂတောသုတ်၌ကား ဏ္ဍဝ တထာတို့ထက်ပင် သေချာသော " ဝုတ္တာယောဂတော " သဒ္ဒါ မပါ၏၊] ဤသုတ်ကား ထိုကဲ့သို့ အတိဒေသ အမှတ်အသား မပါသောကြောင့် အတိပဒသသုတ် မဟုတ်၊ အဗျယီဘော သမာသ်သည် ဥပသဂ်ရနိုပါတ် အနက် ပြဋ္ဌာန်းလျက်ရှိသောကြောင့် ဥပသာရနိုပါတ် ထုံးစံအတိုင်း " အလိန် (လိန်အထူး ၎ရှိ) " ဟု မှတ်ရမည်လား ဟု ယုံးမှားဘွယ် ရှိသောကြောင့်ဂုဏ်း " ဒွန်တပ္ပုရိသ်ကဲ့သို့ နောက်ပုဒ် ဣလိန် လိုက်၍ ၃ လိန် ဆက်ဆံ၍လသလား " ဟု ယုံးမှားဘွယ် ရှိသောကြောင့်ဂုဏ်း " နပုလ္လိန်ရှိသည် " ဟု စိရင်သော ဝိမိသုတ် တမျိုးဖြစ်သည်၊ [သရော ၎သော နပုံသကော သုတ်ဖြင့် စိရင်ဘို့ရာ အစိအရင်ကို သိစေသော ငိဂျုဂ် ပရိဘာသာ သုတ် ဟူလည်း ဆိုကြ၏။]

မှတ်ချက်။ ။ဤသို့ အတိဒေသသုတ် မဟုတ်သောကြောင့် " နပုံသကလိင်္ဂါဝ " ဥ " လိင်္ဂါ+ဏ္ဍဝ " ဟု ပုဒ်မဖြတ်ဘဲ " လိင်္ဂါ + ဧဝ " ဟု ပုဒ်ဖြတ်ရ၏သည်၊ ကလာပ်ဝုတ္တိဋ္ဌကား " အဗျယီဘာဝသမာသော နပုံသကလိင်္ဂ သျာဘ် " ဟု " ဝ " မပါဘဲငဲ့ဆွဲ၏၊ ထို့ကြောင့် ကလာပ်အလိုလည်း အတိဒေသသုတ် မဟုတ်-ဟု မှတ်။ [" ယထာ ပရိသာယ-အကြင် အကြင် ပရိသတ်၌၊ ယထာသမ်ာဒိဋ္ဌာယ - အကြင် အကြင် ညွှန်ပြအပ်တိုင်းကို၊ ယထာပဋိညာယ-အကြင် အကြင် ဝန်ခံခြင်းဖြင့် " စသည်၌ နပုံလိန်မဟုတ်သောကြောင့် ဤသုတ်အစိအရင်မျိုးကို မောင်လွှာန်၌ ဝိကပ် ဟု ဆိုသည်၊]

သဓိပ်-အနီးသည်၊ တိဋ္ဌတိ-တည်၏၊ ဣတိ အာဇ္ဈော-နက်၊ "နဂရသ သဓိပ်"ဟု ဖွင့်၍ ဥပနဂရံဒွိ ပဌမာသိဝိဘတ် ဆုံးသော ပုဒ်မှန်း ထင်ရှား အောင်"တိဋ္ဌတိ"ဟု အာပိထည်သည်။ တာနိ ဥပနဂရံ - ထိုမြို့အနီးဘို့၊ အာလပနေဝိ- အားလုပ်ခဲ့လည်း၊ ဇဝံ - ဤ အတူတည်း၊ တံဥပနဂရံ-ကို၊ ပဿ-ရှုလော၊ [ဒုဘိယာဝိဘတ်ဖြစ်ကြောင်း ထင်ရှားဘို့ရာ "ပဿ"ဟု စပ်ပုဒ်ကြိယာကို ထည့်သည်။]တာနိ ဥပနဂရံ-ထိုမြို့အနီးတို့ကို၊[ဇကဝုစ် ဗဟုဝုစ် ကွဲပြားအောင်"တံ-တာနိ"ဟု ထည့်သည်။]

ကွစိတိ-ကွစိသဒ္ဒါဖြစ်၊ အဓိကာရတော- လိုက်ခြင်းကြောင့်၊ ပဋ္ဌမျာ-ပဋ္ဌမိဝိဘတ်ဖြစ်၊ အဃံအံဘာဝေါ-ဤ အံအဖြစ်သည်၊ နု-မဖြစ်၊ တတိယာ သတ္တမီ ဆဋ္ဌီနံတု - တတိယာ , သတ္တမီ, ဆဋ္ဌီ ဝိဘတ်တို့ဖြစ်ကား၊ အယံ အံဘာဝေါ-သည်၊ ဝိကပ္ပတော-ဝိကပ်အားဖြင့်၊ ဟောတိ-ဖြစ်၏။

တေန ဥပနဂရံ - ထိုမြို့အနီးသည်၊ ကတံ-ပြုအပ်၏၊ ဥပနဂရေနဝေါ-"ဥပနဂရေန"ဟုလည်း ဂ်ိဖြစ်၊ တေဟိ ဥပနဂရံ-တို့သည်၊ ဥပနဂရေဟိဝေါ-လည်း ဂ်ိဖြစ်၊ တာသ ဥပနဂရံ-အား၊ ဒေဟိ-ပေးလော၊ (ဥပနဂရသ်ဝေါ-လည်း ဂ်ိဖြစ်၊) တေသံ ဥပနဂရံ - တို့အား၊ (ဥပနဂရာနံဝေါ-ဖြစ်) [စတုတ္ထိ-"ဥပနဂရသ-ဥပနဂရာနံ"ရုပ်တို့ သိဟိုင်္ဂမ္ဟ၌ မပါ။] ဥပနဂရာ, ဥပနဂရ မှာ, ဥပနဂရဆ္မာ-မှ၊ အာနယ - ဆောင်ယူခဲ့လော၊ ဥပနဂရေဟိ-တို့မှ၊ ဥပနဂရံ- ဖြစ်၊ သန္တိကံ-ဥစ္စာ၊ ဥပနဂရသ်ဝေါ-ဖြစ်၊ တေသံဥပနဂရံ- တို့ဖြစ်၊ ဥပနဂရနံဝေါ- လည်း ဂ်ိဖြစ်၊ ဥပနဂရံ- ၌၊ နိဒေဟိ- သိုဒ်းလော၊ ဥပနဂရေ, ဥပနဂရမှိ,ဥပနဂရေသ္မိံဝေါ လည်း ဂ်ိဖြစ်၊ ဥပနဂရံ-တို့၌၊ဥပနဂရေသုဝေါ- လည်း ဂ်ိဖြစ်၊ ဇပံ-ဤ အတူ၊ ဥပကုဏ္ဍံ- အိုးဖျိုအနီး၊ ["ကုဏ္ဍသ+သဓိပ် ဥပကုဏ္ဍံ"ဟု ဝိဂြိုဟ်ပြုပါ-ဟူလို။]

(၃၃၅) နပဋ္ဌမျာ၊ ပေ၊ ဝိကပ္ပတော — ကွစိသမာသန္တစသော သဒ်မှ လိုက်လာသော ကွစိသဒ္ဒါကြောင့် " နပဋ္ဌမျာ-ပဋ္ဌမိဝိဘက်ကို အံ မပြုရ " ဆို့ကြောင့် ပဋ္ဌမိရုပ်၌ " ဥပနဂရာ, မှာ, သ္မာ၊ ဥပနဂရေဟိ"ဟုသာ ပြယုဂ်ထုတ်၍"ဥပနဂရံ"ဟု မထုတ်၊ တတိယာ သတ္တမီ ဆဋ္ဌီဝိဘတ်တို့ကိုကား ဝိကပ်အားဖြင့် အံ ပြုသည်၊ ထို့ကြောင့် တတိယာ၌ ဥပနဂရံ အပြင် "ဥပနဂရေန ဥပနာရေဟိ"ဟုလည်း ထုတ်၏၊ သတ္တမီ ဆဋ္ဌီရုပ်များ၌လည်း နည်းဘူ၊ စတုတ္ထီဝိဘတ် အုတ္တက် ဂါထာ၌ အထူးဆိုချက် မပါ၊ မြန်မာမှာယ် စတုတ္ထီ၌ " တသ ဥပနဂရံ ဒေဟိ, ဥပနာရသ်ဝေါ၊ တေသံ ဥပနပရံ, ဥပနဂရာနံဝေါ"ဟု ဝိကပ်ရုပ်ကို ပြထားသော်လည်း သိဟိုင်္ဂမ္ဟ၌ ဝိကပ်ရုပ်ကို မပြချေ၊ မြန်မာဆရာတော်တို့က

အဘာဝေ-မရှိခြင်း အနက်၌၊ (ဥဒါဟရဏ်-ကား၊ နောက်၌လည်း ဤနည်းအတိုင်းထည့်၊) ဒရထာနံ-ကိလေသာ ပူပန်မှုတို့၏၊ အဘာဝေါ-မရှိခြင်းတည်း၊ နိဒ္ဒရထံ - ခြင်း၊ နိမ္မသကံ -ခြင် မရှိခြင်း၊ ပဆ္ဆာအထြေ-ပဆ္ဆာအနက်၌၊ ရထသ-ရထား၏၊ ပဆ္ဆာ - နောက်တည်း၊ အနုရထံ-စတုတ္ထီနှင့် ဆင်ခြင်ရပ်မှာ သဘောတူပင် ဖြစ်၍ ဆင်ခြင်ပိကပ် ဖြစ်လျှင် စတုတ္ထီလည်း ပိကပ်ဖြစ်ရမည်" ဟု အယူရှိကြဟန် တူ၏၊ သို့သော် ဂါထာ၌ပင် ဆင်ခြင်ကိုသာ ဆိုထားခဲသာကြောင့် စတုတ္ထီ၌ ပိကပ်ရပ် မပြသော သိဟိုဠ်မူသာ အလိုက်မည် ထင်သည်။ [ကွစိသဒ္ဒါကို ဝဝတ္ထိတရိဘာသာ အနက် ရှိ၏ ဟု ကြံ၍ " ပဆ္ဆမိဠ္ဟ အသန္တာဝိမိ , တတိယာသမ္ဘာမိ ဆင်ခြင်ရ နိစ္စဝိမိ, ကြင်းဝိဘတ်၌ အနိစ္စဝိမိ" ဟု ခဲ့ကြသေး၏၊ သို့သော် " ကွစိတိကွစိ သမာသန္တကဏ္ဍာဒိတော အနုဝတ္တတေ, ကတ္ထစိ အမာဒေသနိဝတ္တနတ္ထံ " ဟု ဋီကာမှင့်သောကြောင့် ကွစိသဒ္ဒါသည် ကွစိ အနက်ပင် ရှိ၏-ဟု မှတ်။]

ဆက်ဦးအံ့ — ဤ " နပဆ္ဆမျာယ မံဘာဝေါ " ဂါထာသည် ကလာပ်ကာရကာရိယာလားသော " အဗျယီဘာဝါ အကာရန္တာ ဝိဘတ္တိနံ အံ အပဆ္ဆမျာ..... ဝါ တတိယာသတ္တမိနံ"ဟူသော ၂ သုတ်ကို မှီးသော ဂါထာ ဖြစ်သည်၊ ထို ကလာပ်၌ ဆင်ခြင်ဝိဘတ်အတွက်ပင် အထူး မဆို၊ ထို့ကြောင့် ကလာပ်အလို " ဆင်ခြင်ဝိဘတ်လည်း အံ အပ္ပိုမြဲသည် " ဟုပင် မှတ်ယူရမည်၊ ရှေးဆရာတို့ကမူ " အဇ္ဈတ္တာဓမ္မာ " (ပဌမာယော)၊ "အဇ္ဈတ္တောဓမ္မော အဇ္ဈတ္တသ" (သိ-သ) တို့၌ အံ မပြုသော ရုပ်ကို မြင်ရသောကြောင့် ပဌမာ စတုတ္ထီ ရပ်များ၌ အံ အပ္ပိုမမြဲ - ဟုဆင်း, " အဇ္ဈတ္တံ - အဇ္ဈတ္တခန္ဓာကို၊ အဘိနိဝိသိတွာ - နှလုံးသွင်း၍၊ အဇ္ဈတ္တံ - မှ၊ ဝုဋ္ဌာတိ " ဟူရာ၌ ပဌမီ ဝိဘတ်ဖြင့် အဇ္ဈတ္တံ ဟူ အံပ္ပြုလျက် ရှိသောကြောင့်ဂင်း, အခြား ဝိဘတ်များ၌လည်း ဆို့အတူပင် " အံပ္ပြု-မပ္ပြု" ၂ ခု ရှိသင့်ရကား ဝိဘတ်အားလုံး၌ပင် အံ အပ္ပြု မမြဲဟု ဆိုးဖြတ်တော်မူကြသည်၊]

အဘာဝေ— အဘာဝအနက်၌ သမာသ်ဖြစ်သောကြောင့် "အဘာဝေ" ဟု ဆိုသည်၊ နိဒ္ဒရထံ၌ နိသဒ္ဒါသည် အဘာဝ အနက်ကို ဟောင်း၏၊ ထို အဘာဝသည် အတ္ထာဘာဝါ၊ ဇာတိဘာဝ, ပဓံသဘာဝ, ဥပဘောဂဘာဝ ဟု ၎မျိုးရှိ၏၊ ထိုတွင် ဝတ္ထုဗြဟ်က "အတ္ထ" ဟု ခေါ်၏၊ ထို ဝတ္ထုဗြဟ်၏ မရှိခြင်းသည် "အတ္ထာဘာဝ" မည်၏၊ နိမ္မက္ခိကံ-ယင်ကောင်မရှိခြင်း, နိမ္မသကံ-ခြင်မရှိခြင်း, စသည်တည်း၊ ဤ၌ "ယင်ကောင်-ခြင်" ဟူသော ဝတ္ထုဗြဟ်၏ မရှိခြင်းဖြစ်သည်၊ နိဒ္ဒရထံ၌လည်း "ကိလေသာအပူ" ဟူသော ပရုမတ္ထ အထည် ဝတ္ထု၏ မရှိခြင်းဖြစ်၍ " အတ္ထာဘာဝ " ပင်တည်း၊ ပြည့်စုံခြင်းကို " ဇာဒ္ဓ " ဟု ခေါ်၏၊ ထိုပြဲ့ခ်ဳံမှု၏ မရှိခြင်းသည် "ဇာဒ္ဓါဘာဝ" မည်၏၊ ဒုယျောနံ-ယဝနတိုင်း(ယောနတိုင်း)၏ (ပြည့်စုံမှု) မရှိခြင်း၊ ဒုတ္တိက္ခံ-ထမင်း၏ မရှိခြင်း, စသည်တည်း၊ ဤ၌ထမင်းဖြစ် လုံးဝ မရှိခြင်းကို မဆိုလို, မပြည့်စုံ မလုံခလောက်ခြင်းကို " အဘာဝ " ဟု ဆိုသည်၊ ပျက်စီးခြင်းကို "ပဓံသ"ဟု ခေါ်၏၊ ထိုပျက်စီးခြင်းသည်ပင် မရှိခြင်းဖြစ်သောကြောင့် "ပဓံသာဘာဝ" မည်၏၊ အတိသိတံ - အဓိ၏ ကုန်လွန်ခြင်း၊ အတိဝဿံ - ဝဿနှုတ် ကုန်လွန်ခြင်း, စသည်တည်း၊ ဤ၌ အဓိဥတု-ဝဿနှုတ်တို့ ပျောက်ကွယ်ကုန်လွန်ခြင်းသည်

ရထား-နောက်၊ အနုဝါတံ - လေ့နောက်၊ ဝါ - လေ-အောက်, လေ-ရုန်၊ ယောဂ္ဂတာယံ - လျောက်ပတ်သည်၏ အဖြစ် ဟူသော အနက်၌၊ ယထာသရူပံ-သရုပ်အား-လျော်သည်၊ အနုရူပံ - အဆင်း-အား-လျော်သည်၊ ဝါ-သဘော-အား လျော်သည်၊ ရူပယောဂ်ံ - အဆင်း-အား လျော်သည်၊ ဝါ-သည်၊ ဇာတိ-အ-ဇ္ဈာ-နက်၊ ဝိနိစ္ဆာယံ-ဝိနိစ္ဆာ အနက်၌၊ အတ္တာနံ အတ္တာနံ ပတိ-ပိမိ ပိမိ၌၊ ပဋိဂ်ံ - ပြုပြုပိမိ၌၊ အဒ္ဓမာသံ အဒ္ဓမာသံ အနု - လခွဲ လခွဲ

ပဓံသာဘာဝ မည်၏၊ သုံးဆောင်ခြင်းကို " ဥပဘောဂ " ဟု ခေါ်၏၊ ထို ဥပဘောဂကာလ၏ မရှိခြင်း-သည် "ဥပဘောဂါဘာဝ" မည်၏၊ အတိ-ယောဗ္ဗနံ-ပျိုရွယ်သူ-အဖြစ်၏ မသုံးဆောင်ရာ ကာလ၊ အတိကမ္မလံ-ကမ္မလာ၏ မသုံးဆောင်ရာကာလ၊ ဤ၌ "မသုံးဆောင်ရာ ကာလ" ဟူသည် သုံးရာကာလ မဟုတ်ခြင်းတည်း၊ ထို့ကြောင့် "ဥပဘောဂါဘာဝ" ဟု ဆိုသည်၊ [" ဒရထာနံ+အဘာဝေါ " ဟု နိ၏ ပရိယာယ် အဘာဝပုဒ်ဖြင့် ဝိဂြိုဟ်ပြုရသော်လည်း ရုပ်တွက်သည့်အခါ၌ "နဲ+ဒရထ" တည့်၊ "နဲ-သိ+ဒထရထ-နံ" ဟု ဖြစ်, သိချေ, ဒရထာနံ ဖြစ်အောင် စီရင်၊ သမာသ်စသည် စီရင်၍ " နဲ+ဒရထ " ပကတိဖြစ်၊ ဒ ဒွေဘော်လာ, စသည်ဖြင့် ဥပနဂရံ အတိုင်းတွက်၊ "မသကာနံ အဘာဝေါ နိမ္မသကံ" လည်း နည်းတူ။]

ယောဂ္ဂတာယံ — ယောဂ္ဂ သဒ္ဒါသည် ယုတ္တ သဒ္ဒါနှင့် အနက်တူ၏၊ ယောဂ္ဂ-သင့်လျော်+တာ-အဖြစ်၊ (သင့်လျော်ခြင်း) ၊ ထို ယောဂ္ဂတာ အနက်၌ "ယထာ+သရူပ, အနု+ရူပ" တို့ သမာသ်ဖြစ်ကြသည်၊ "ရူပယောဂ္ဂန္တိ အတ္ထော" ဟု သိဟိုင်းမူ ရှိ၏ ဤ ရူပယောဂ္ဂသည် အနုရူပံ၏ အနက်ပြတည်း၊ မူဒ္ဓဗောဓ၌ " ရူပဿ+ယောဂ်ံ—အနုရူပံ "ဟုပင် ဝိဂ္ဂဟပြုသည်။

ဝိနိစ္ဆာယံ — ပတိ နှင့် အတ္တသည့် ဝိနိစ္ဆာအနက်၌ သမာသ် ဖြစ်ကြသော ဝိနိစ္ဆတ္ထ အဏ္ဍယိဘောတည်း၊ ထို့ကြောင့် ဝိဂြိုဟ်၌ ဝိနိစ္ဆာအနက် ထင်ရှားအောင် " အတ္တာနံ အတ္တာနံ " ဟု ၂ ပုဒ် ပြသည်၊ ဤ၌ " အတ္တာနံ အတ္တာနံ ပတိ " ဟု ပကတိဝုဒ်ရင်းဖြင့် ဝိဂြိုဟ်ပြုထားသောကြောင့် " အဏ္ဍယိဘော၌ အသပဒဝိဂ္ဂဟ ပြုရမည် " ဟူသော ရှေးစကား၏ မြေကြောင်းကို သိပါ၊ ရုပ်တွက်သည့်အခါ "ပတိ+အတ္တ"ဟု တည်၊ ပတိနောင် သိသက်, ချေ၊ ပရသမညော ပယောဂေ ဂ သုတ်ဖြင့် ပတိကို ဂ မမ္မပ္ပဝစနီယ မှည့်၍ ဂမ္မပ္ပ စနီယ ယုတ္တော သုတ်ဖြင့် အတ္တနောင် ဒုတိယာ အံ သက်, အတ္တာနံ ပြီးအောင် စီရင်၊ "ပတိ အတ္တာနံ" ဟု ဝါကျရုပ် ပြီး၏၊ အတ္တာနံ အတ္တာနံ+ပတိ-ဒ်မိ မိမိ၌၊ ဇာတိအဏ္ဍော-ဒ်၊ သမာသ်စသည် စီရင်၍ " ပတိ+အတ္တ " ဟု ပကတ်ပြု, သဗ္ဗောစံတိဖြင့် တိကို စပြု, ဒွေဘော်လည်း လာ၍ " ပစ္စတ္တ " နောင်ငဲ့ - နဲ့လိန် စီရင်, သို့သက်၍ အံပြု ပစ္စတ္တံ ပြီး၏။

ဆက်ဥုံးအံ့— "အတ္တာနံ ဒုတ္တာနံ+ပတိ" ဝါကျ၌လည်း ပတိ ဟူသော ကမ္မပ္ပစနီယနှင့် ယှဉ်သောကြောင့် ဒုတိယာပင် သက်ရ၏၊ " အတ္တံ အတ္တံ+ပတိ—ပစ္စတ္တံ= အနုက် တိုင်၌၊ [ပတိသဒ္ဒသ ဝိနိစ္ဆာယံ ကမ္မပ္ပဝစနီယ သညောဒိဓာန သာမတ္ထိယာ

တိုင်းဒွိ၊ အန္တဒ္ဓမးသံ - လခွဲ လခွဲဘိုင်းဒွိ၊ အာနုပုဗ္ဗိယံ - အစဉ် အတိုင်း ဟူသော အနက်ဒွိ၊ ဇေဋ္ဌာနံ - ကြီးသူဘို့၏၊ အနုပုးဗ္ဗာ - အစဉ် တည်း၊ အနုဇေဋ္ဌံ - ကြီးသူဘို့ အစဉ်၊ ဝါ - ကြီးငယ် စဉ်လိုက်၊ ပဋိလောမေ - ဆန့်ကျင်ဘက်ဟူသောအနက်ဒွိ၊ သောတသ-ရေအာယဉ်၏၊ပဋိလောမံ-ဆန့်ကျင်ဘက်တည်း၊ ပဋိသောတံ - ရေညာ၊ ပဋိပထံ - ခရီး၏ ဆန့်ကျင်ဘက်၊ ဝါ ခရီးရင်ဆိုင်၊ ပဋိဝါတံ-လေညာ၊ အတ္တာနံ-အတ္တကို၊ အဓိဘိစ္စ-စွဲမှီ၍၊ ပဝတ္တံ-ဖြစ်သော တရားဘည်း၊ အဇ္ဈာဘံ- အတ္တကို စွဲမှီ၍ ဖြစ်သော

တံယောဂေ ဒုတိယာဂဇ္ဈံဝါကျမိ=ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် "အတ္တံ အတ္တဲ" ဟု ဒုတိယာအတွင်းဝင်သော ဝါကျလည်းရှိ၏၊-သိဒ္ဓန္တနယကာမုဒိ၊] "ပစ္စတ္တံ"ဟု သမာသ်ပြီးသည့်အခါ၌ကား အနက်အားလျော်စွာ ဆိုင်ရာဝိဘာဝ်သက်၍ အံပြူ မှန်၏၊-"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-အတ္တာနိ အတ္တာနိ ဝေဒိတဗ္ဗော"ဝိသုဒ္ဓိမဂ်ဒွိ သို့သက်၊ "ပစ္စတ္တညေဝ (သယမေဝ=အတ္တနာယေဝ) နိဗ္ဗုတိ ဝေဒိတဗ္ဗာ"ဗြဟ္မဇာလသုတ်ဒွိ နာဝိဘတ်သက်၊ "ပစ္စတ္တညေဝ (အတ္တာနိယေဝ) ဥပဂဒ္ဓန်" ပဋ္ဌာဂုတ္တရ အဋ္ဌကထာဒွိလည်း သို့ပင်၊ နောက် ၂ မျိုးကား ဝိစ္ဆတ္ထအဗျယီဘာဝ မဟုတ်၊ ဝိဘတ်အနက်ကို ဟောသော ဝိဘတ္တျတ္ထ အဗျယီဘောတည်း၊ "အတ္တနာတိ ပစ္စတ္တံ၊ အတ္တာနိတိ ပစ္စတ္တံ"ဟု ဝိဂြိဟ်ပြု၊ တချို့နေရာ၌ "အတ္တနောတိ ပစ္စတ္တံ" ဟုလည်း ပြုကြဒေသး၏။

အန္တဒ္ဓမာသံ—ဤ၌ အနုသဒ္ဒါသည် ဝိစ္ဆာအနက်ကို ဟောသောကြောင့် "အဒ္ဓမာသံ အဒ္ဓမာသံ+အနု"ဟု ဝိဂြိဟ်ပြုသည်၊ ပါစိတ် မောဟနသိက္ခာပုဒ်၌ကား "အနုသဒ္ဒါဝိစ္ဆာ အနက်နှင့် တကွ အစဉ်အတိုင်း အနက်ကိုလည်း တပြိုင်နက် ဟော၏" ဟု ယူဆ၍ "အနုပဋိပါဋိယာ အဒ္ဓမာသေ အဒ္ဓမာဒသ"ဖွင့်သည်။ [ကမ္မပ္ပဝစနီယခဏ်းနှင့် စပ်ကြည့်ပါ။]

အာနုပုဗ္ဗိယံ — ပုဗ္ဗံ-ရှေသို့၊ အနုဂတံ-အစဉ်လိုက်သည်တည်း၊ အနုပုဗ္ဗံ-ရှေသို့ အစဉ်လိုက်သည်၊ "ရှေသို့ အစဉ်လိုက်သောအနက်" ဟူသည် အစဉ်အတိုင်း ဖြစ်သော အနက်တည်း၊ အနုပုဗ္ဗသ-ရှေသို့ အစဉ်လိုက်သော အနက်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ၊ (အစဉ်အတိုင်း ဖြစ်ခြင်း ကြိယာ) သည်၊ အာနုပုဗ္ဗီ-မည်၏၊ ဘာဝအနက်၌ ဏပစ္စည်းသက်၍ "အာနုပုဗ္ဗ"ဖြစ်ပြီးနောက် (ဣ) ပစ္စည်းသက်၍ "အာနုပုဗ္ဗီ"ဟု ဣတ္ထိကဲ့သို့ ပြီးသည်၊ ထို့နောက် သို့ကဲ့ယံပြု၍ "အာနုပုဗ္ဗိယံ" ဟု ဖြစ်၏၊ မောဂ္ဂလ္လာန်၌ကား "အနုပုဗ္ဗသ + ဘာဝေါ အာနုပုဗ္ဗိယံ" ဟု ဣသရိယံ ကဲ့သို့ ဏ ပစ္စည်း, အကို ဣပြု ထားသည်၊ ထိုအလို "အာနုပုဗ္ဗိဝေယ"ဟုလည်း ရှိ၏မည်၊ "အနုဇေဋ္ဌံ-ကြီးသူတို့၏ အစဉ်" ဟူသည် ဒနံ၂တ် ကြီးသူနောက် ၂ နံပါတ် ကြီးသူလိုက်, ထိုနောက် ၃ နံ၂တ် ကြီးသူလိုက်, ဤသို့ အစဉ်အတိုင်း ဖြစ်ခြင်းတည်း၊ "ကြီးစဉ် ငယ်လိုက်" ဟု ခေါ်ကြသည်၊ [ပဋိလောမဆွဲ၌"ပဋိသဒ္ဒံ"ဟုမြန်မာမူ ရှိခဲသော်လည်း "ပဋိဝါတံ"ဟု ရှိသော သိဟိုဠ်မူသာ ကျမ်းကန်၌ အတွေ့များသော ပါဌ်ဖြစ်သည်၊ "ပဘဿ + ပဋိလောမံ, ဝါတဿ + ပဋိလောမံ"ဟု ဝိဂြိဟ်ပြု။]

တရား၊ မရိယာဒါဘိဝိဓိသု - မရိယာဒ အနက် , အတိဒိဝိ အနက်တို့ရှိ၍၊ အာ+ပါဏကောဋိယာ - အသက် ဆုံးသည့် တိုင်အောင်၊ အာပါဏကောဋိကံ-အောင်၊ ကွဗိသမာသန္တံ ဂတာန မကာရန္တောတိ-သတ်ဖြင့်၊

အတ္တာနံ ၊ ပေ ၊ အဗ္ဗယတ္တံ — ပဋိလောမတ္ထ သမာသ်မဟုတ်၊ အဗ္ဗယတ္တကို "အဓိ+အတ္တ"ဟု ခွဲ၊ အဓိသဒ္ဒါသည် သမာသ်အရာ၌ အဓိကာရအနက် ပဝတ္တိအနက် ၂ချက်ကို ဟောစေ၊ထို့ကြောင့်"အဓိကိစ္စ ပဘုတ္ထ အဗျယီဘော"ဟုမှတ်၊ ["အဓိသဒ္ဒေါ သမာသဓိသယေ အဓိကာရတ္ထေ ပဝတ္တိအတ္ထေဒ္ဓ ဂဟောတ္တာ ပဝတ္တတိတိ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿ ပဝတ္တာ အဗ္ဗယတ္တာ"-အဗ္ဗယတ္တတ်က် မူသဒ္ဒီကာ၊] "အဓိ-သိ+အတ္တ-အံ" ဟုဖြစ်စေ၍ "အဓိ+ဒဇတ္တာနံ"ဟု ဝါကျရုပ် ပြီးစေ။

အတ္တာနံ အဓိကိစ္စ၏ အဓိပ္ပါယ် ။ ။ ဤအဗ္ဗယတ္တံ့ အရ (မာတိကာ အကောက် အတိုင်း)မိမိ သန္တာန်၌ဖြစ်သော စိတ် စေတသိက် ရူပအားလုံးကို ရ၏၊ သတ္တဝါတို့သည် မိမိ သန္တာန်၌ဖြစ်သော တရားစုကို "အတ္တ" ဟု စွဲလမ်းကြ၏၊ ထို တရားတို့ကလည်း "အတ္တ" ဟု အစွဲအလမ်းခံတို့ရာ ရည်ရွယ်ချက် မရှိသော်လည်း ရည်ရွယ်ချက် ရှိသကဲ့သို့ မိမိ သန္တာန်၌ ဖြစ်ကြသည်၊ ["ဧဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာတိ ဇာမိနာဝိယ အမိပ္ပါယေန အတ္တာနံ အဓိကာရံ ကတ္ဝာ ပဝတ္တာ" - အဋ္ဌသာလိနီ။] "အတ္တာနံ - အတ္တကို၊ အဓိကိစ္စ-စွမ်ိ ရည်စူး၍ ပဝတ္တံ့-ဖြစ်သော တရားတည်း" ဟု အနက်ပေး၊ [ဋီကာ၌ကား-"အတ္တာတိ စိတ္တံ ဝုစ္စတိ, အဗ္ဗယတ္တံတိ စက္ခာဒိ"ဟု အတ္တအရ စိတ်ကိုဖွင့်၍ အဗ္ဗယတ္တံ့ အရကိုလည်း စက္ခုစသော အဗ္ဗယတ္တိကာယတန ၆ ပါးကိုသာ ဖွင့်၏၊ "အတ္တာနံ အဓိကိစ္စ ပဝတ္တံ" ဟု ကေဝစ် ဝိဂြိဟ်၌လည်း "ပဝတ္တာ" ဟု ဗဟုဝစ်ရှိလျှင် အဋ္ဌကထာတို့နှင့် သာ၍ ညီသည်၊ အဗ္ဗယတ္တံ့ ဟု ပုဒ်ပြီးသည့် အခါ၌ကား ဝိဂြိဟ်အလိုက် ကေဝစ် ဗဟုဝစ်(သိ-ယော) ၂ မျိုးလုံးကဲ့ပင် အံ ပြုနိုင်သည်သာ။]

ဝိဂြိဟ် တမျိုး ကြံပုံ ။ ။ "အဗ္ဗယံ့ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ" (သတိပဋ္ဌာန်) စသည်၌ အဗ္ဗယတ္တံ့ကို အတ္တနော"ဟု ဖွင့်၏၊ "အဗ္ဗယတ္တံ့တိ ဝါ အတ္တနော တိ ဝါ ကေဝံ အတ္ထံ, ဗျဉ္ဇနမေဝ နာနံ" ဟု မူလပဏ္ဏာသ အာကခ်ေယျသုတ် ဋီကာလည်း ဖွင့်၏၊ ထို အလို "အဗ္ဗယတ္တံ့-မိမိ၏" ဟု ပေး၊ "အဗ္ဗယတ္တန္တိ နိယကဗ္ဗယတ္တံ့ (မိမိကို မှီ၍ ဖြစ်သော အဗ္ဗယဟ္ဆ), အတ္တနော သန္တာနေ ဥပ္ပဇ္ဇန္တီတိ အတ္ထော"ဟု ဖွင့်သော ကောသလ သံယုတ် အဋ္ဌကထာဋီကား "အဗ္ဗယတ္တံ့ - မိမိ၌" ဟုပေး၊ ထို အဗ္ဗယတ္တံ့ကို "အတ္တနောတိ အဗ္ဗယတ္တံ့, အတ္တနိတိ အဗ္ဗယတ္တံ့ (အချို့အရာ၌ အတ္တနောကို အဗ္ဗယတ္တံ့)" ဟု ပစ္စတ္တံ့ ပုဒ်ကဲ့သို့ ဝိဘတ္တိထွက် အဗျယီဘော သမာသ် ပြုရမည် ဟု ဆရာတို့ ကြံစတော်မူကြသေး၏၊ သို့သော် "အတ္တာနံ အဓိကိစ္စပဝတ္တံ" ဟူသော ဝိဂြိဟ်အရ "အတ္တကို ရည်စူး၍ ဖြစ်သော တရား အပေါင်း"ဟူသည် မိမိ ဟု ခေါ်ရသော ခန္ဓာငါးပါးပင် ဖြစ်သောကြောင့်ဂုဏ်း, အဗ္ဗယတ္တံ့ ၌လည်း ဆဋ္ဌီ သတ္တမီ ၂ မျိုးလုံးကိုပင် အံ ပြုနိုင်သောကြောင့်ဂုဏ်း " အတ္တ နံ အဓိကိစ္စ ပဝတ္တံ"ဟူသော ဝိဂြိဟဖြင့်ပင် 'အတ္တနော အတ္တနော သန္တာနေ" ဟူသော ထို အနက် အားလုံး ပေးနိုင်ပြီ-ဟု ထင်သည်။

ကပစ္စယော၊ ကစ္စာယနသ - ကစ္စည်းထေရ်၏၊ ယသော-ကျော်စော ခြင်းသည်၊ အာ+ကုမာရေဟိ-သတ္ထိသား၏ဘိုင်အောင်၊(ဝတ္ထုတော-ဖြစ်၏၊ ဝါ-ပြန်နှံ့၏၊)အာကုမာရံ-သတ္ထိသား၌ တိုင်အောင်။

(၃၃၆) သမိဒ္ဓိယံ-ပြည့်စုံခြင်း အနက်၌၊ ဘိက္ခာယ-ထမင်း၏၊ သမိဒ္ဓိ-ပြည့်စုံခြင်း၊ ဣတိ အတ္ထေ - ၌၊ သမာသေ-ကိုဂုင်း၊ နပုံသကလိင်္ဂတ္တေစ-ကိုဂုင်း၊ ကတေ-သော်၊ သမာသသာတိ အနွာဘိစ ဝတ္ထုတော၊ "ဝတ္ထုမာနေ" ဟု သိမှ၌၏၊ "ဝတ္ထုမာနေ - သော် အယံဝိဓိ-၌ အစီအရင်ကို၊ ဝုစ္စတိ-၏"ဟု စပ်ပုဒ်ထည့်၍ ဖွင့်သော ဒိကာနှင့် ညီးပသည်။]

